စိတ်ကူးချိုချိုအနုပညာ

# တန်ခိုးကြီးသော ဂမုန်းပင်များ

(ပ+၃)

ဆရာကာ

ပြုစုသည်။

နှစ်တွဲပေါင်းပထမအကြိမ်

လွန်ခဲ့သော သုံးနှစ်ကျော်က စပြီးလျှင်

ဂမုန်းပင်များကို စတင်စိုက်ပျိုးပြုစုလာခဲ့ရာ

စိတ်နှလုံး တည်ငြိမ်မှုရရှိလျက် အလုပ်ချိန်မှ လွဲလျှင်

ဂမုန်းပင်များကို ပြုစုယုယခြင်းဖြင့်သာ အချိန်ကို ကုန်စေပြီး

ကိုယ်ရော စိတ်ပါ ကျန်းမာရွှင်လန်းခြင်း၊

အလုပ်အကိုင် အကြံအစည် ချောမော ပြေပြစ်ခြင်း၊

အခက်အခဲတွေက ကြံကြံဖန်ဖန် ချောင်လည်ခြင်း၊

ကူညီမ.စ စောင့်ရှောက်မည့်သူတို့

အလိုလို ပေါ်ပေါက်လာတတ်ခြင်း

အကျိုးတို့ ခံစားရပါသည်။

llt0020

2500.00 Ks

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ ၁၉၆၂ မေမဂ္ဂဇင်းတိုက်ထုတ် ပထမအကြိမ်နှစ်တွဲမှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်
၈၀၈
တန်ခိုးကြီးသောဂမုန်းပင်များ
ဆရာက - ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၁၁၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) တန်ခိုးကြီးသောဂမုန်းပင်များ

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တန်ခိုးကြီးသော ဂမုန်းပင်များ

ပ+ဒု

ဆရာက

နှစ်တွဲပေါင်းပထမအကြိမ်

## မာတိကာ

### ပထမတွဲ


– တန်ခိုးကြီးသောဂမုန်းပင်များ ၃
၁။ အိမ်တွင်းမင်္ဂလာဂမုန်း ၉
၂။ ရှင်သူငယ်အဝါဂမုန်း ၁၃
၃။ ငှက်ပျောရှင်သူငယ်ဂမုန်း ၁၆
၄။ ငှက်ပျောရှင်သူငယ်ဂမုန်း(အကြီး) ၁၈
၅။ ရှင်သူငယ်အနီဂမုန်း ၂၄
၆။ ပြည်လုံးချမ်းသာဂမုန်း ၃၁
၇။ ရတနာဂမုန်း ၃၉
၈။ ဒေါင်းဂမုန်း ၄၈
၉။ ကွင်းထိုးဂမုန်း ၅၅
၁၀။ ဇော်ဂျီမုတ်ဆိတ်ဂမုန်း ၆၂
၁၁။ ဘောဂကြီးဂမုန်း ၇၃
၁၂။ အင်းဂမုန်း ၈၂
၁၃။ လဝန်းဂမုန်း အဖို အမ ၉၃
၁၄။ ပတ္တမြားဂမုန်း ၉၈
၁၅။ ကိုယ်ရံကြီးဂမုန်း ၁၀၅

၁၆။ စီးပွားဂမုန်း အဖို အမ ၁၁၁
၁၇။ နန်းထိုင်ဂမုန်း ၁၁၆
၁၈။ ဆင်ဂမုန်း ၁၂၈
၁၉။ ဂမုတ်ကြာဂမုန်း ၁၃၅
၂၀။ ဇော်မဂမုန်း ၁၄၂
၂၁။ မြွေဂမုန်း ၁၄၅
– ဂမုန်းစိုက်ပျိုးသူတို့လိုက်နာရန် ၁၄၈

## ဒုတိယတွဲ

– တန်ခိုးကြီးသော ဂမုန်းပင်များ(ပထမတွဲ)
သတင်းစာဂျာနယ်များ၏အဆို ၁၅၅
– တန်ခိုးကြီးသောဂမုန်းပင်များ ၁၅၈

**စိုက်သင့်သောဂမုန်းပင်များ**

၁။ ဟသ်ာဂမုန်း (အဖို–အမ) ၁၆၂
၂။ ချိုးဂမုန်း ၁၇၄
၃။ ငုံးဂမုန်း ၁၇၈
၄။ သူတော်ကြီးဂမုန်း ၁၈၁
၅။ ဂမုန်းပလ္လင်ဆင့် (အဖြူ–အနီ) ၁၈၉
၆။ ဂမုန်းနီ ၁၉၈
၇။ ဂမုန်းနက် ၂၀၁
၈။ ချမ်းသာကြီးဂမုန်း ၂၀၇
၉။ သူကြွယ်ဂမုန်း ၂၁၇
၁၀။ သူရဿတီဂမုန်း ၂၂၄

၁၁။ ဂမုန်းစေတီ ၂၃၀
၁၂။ ဆရာကြီးဂမုန်း ၂၄၄
၁၃။ ဆရာမကြီးဂမုန်း ၂၄၉
၁၄။ ရှင်ပျံဂမုန်း ၂၅၃
၁၅။ ရှင်သီဝလိဂမုန်း ၂၅၉
၁၆။ မယ်တော်ကြီးဂမုန်း ၂၆၅
၁၇။ ခတ္တာဖြူဂမုန်း ၂၆၉
၁၈။ ကျီးဂမုန်း (အဖို–အမ) ၂၇၂
၁၉။ ဣစ္ဆာသယကျီးမင်းဂမုန်း ၂၈၄

**မစိုက်သင့်သော ဂမုန်းပင်များ**

၂၀။ ဗေဒါဂမုန်း ၂၉၆
၂၁။ ဆင်စွယ်ဂမုန်း ၃၀၃
– စာဖတ်သူများသို့ ၃၀၇

# ပထမတွဲ

စိန်ဝဇီရာ၊ မြနီလာနှင့်၊ သန္တာပုလဲ၊ ဂေါမုတ်ရွဲကို
စွန့်ကြဲပဏ္ဏာ၊ ပေးဆက်မှာထက်၊ ပျံ့ဖြာထုံလျှမ်း၊
'စာပေ' ပန်းကို၊ ပင့်ကမ်းနှုတ်ချွေ၊ လက်ဆောင်စေက၊
နှုန်းဖွေကင်းလပ်၊ လွန်မြင့်မြတ်၏။

## တန်ခိုးကြီးသော ဂမုန်းပင်များ

ကျွန်တော်သည် ငယ်ရွယ်စဉ်အချိန် ကျောင်းသားဘဝကပင် ဂမုန်းနှင့် ပတ်သက်၍ ရေးသားထားသော ဂမုန်းကျမ်းများကို ဖတ်ရှုခဲ့ဖူးပါသည်။

ထိုဂမုန်းကျမ်းများတွင် ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းဖြူ၊ ဂမုန်းဝတိုင်၊ ဂမုန်းကြက်ညွတ်၊ ဂမုန်းဝက်လာ၊ ဂမုန်းလိပ်မသွား စသည်ဖြင့် ဂမုန်း တစ်မျိုးစီ၏အရောင်အဆင်း၊ ပုံသဏ္ဍာန်၊ အနံ့အရသာ၊ တန်ခိုးသတ္တိ ထူးများနှင့် ၎င်းတို့အား အသုံးပြုပုံတို့ကို ဖော်ပြရေးသားထားကြပါ သည်။

ဥပမာ– ဂမုန်းနီသည် အရွက်၊ အရိုး၊ အမြစ်၊ အပွင့် အားလုံး ဟင်္သာပြဒါးကဲ့သို့ နီလျက် လေညာကပွင့်လျှင် လေအောက် တဥသဘ အကွာ ခရီးကပင် မွှေးကြိုင်သည်။

ဂမုန်းနီတစ်ရွှေးသားခန့်လောက် ဆန်တစ်ပြည်ထမင်းတွင် ထည့်၍ နပ်လျှင်ထမင်းအားလုံးနီလျက် အစိမ်း၊ တစ္ဆေ၊ ဘီလူးတို့ကိုနိုင်ပြီး အမြစ် ဥကို ဂဝံရုပ်ထု၍ ဆောင်ထားပါမူ ရှိန်းဆာယာပိုမောက် ကိုယ်ပျောက် ၏၊ စသည်တို့ဖြင့် အလွန်အားကျဖွယ်ရာ ရေးသားထားကြပါသည်။

လွန်ခဲ့သောနှစ်မကြာမီက ကျွန်တော်ကိုယ်တိုင် ဂမုန်းပင်များကို ရှာဖွေ၍ စိုက်ပျိုးပြုစုလျက် ကိုယ်တွေ့လေ့လာခဲ့ပါသည်။

စာအုပ်များတွင် ဖတ်ရှုခဲ့သော ဂမုန်းအမည်များကို မတွေ့၊ စီးပွားတိုး၊ ဥစ္စာတိုး၊ ချမ်းသာကြီး၊ မယ်တော်ကြီး၊ မင်္ဂလာ၊ ရတနာ၊ ပြည်လုံးချမ်းသာ၊ မင်းသားကြီး၊ ဓောတိက၊ ဘောဂကြီး၊ ဣစ္ဆာသယ စသည်ဖြင့် ကောင်းနိုးရာရာအမည်များကို မှည့်ခေါ်၍ စိုက်ပျိုးနေကြသည်တို့ကိုသာ တွေ့ရှိရပါသည်။

ဂမုန်းပင်တို့ကို စိုက်ပျိုးပြုစုခြင်းဖြင့် စီးပွားဥစ္စာ အလုပ်အကိုင် အကြံအစည် တိုးတက်အောင်မြင်သည်။ မတိုးတက် မအောင်မြင်ဟု သေချာစွာ အတပ်မပြောနိုင်ပါ။ သို့သော် ကျွန်တော် တွေ့ရှိမှတ်သား သတိထားမိသလောက်မူ အများအားဖြင့် ဂမုန်းပင်များ ဝေဝေဆာဆာ စည်စည်ကားကား ရွှန်းရွှန်းဝေဝေ စိုစိုပြည်ပြည်နှင့် တွေ့ကြုံရသော အိမ်ရှင်များမှာ တစ်နည်းမဟုတ်တစ်နည်းဆိုသလို စိတ်နှလုံး ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ အေးမြချမ်းသာစွာ အလုပ်အကိုင် အကြံအစည် အရေးအခွင့်တည့်နေသူက များပါသည်။

တချို့သူများက ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေထိုင်ကြသောသူများ၏ နေအိမ်၌ ဂမုန်းပင်များကို တွေ့ကြုံသောအခါ "ဂမုန်းပင်ရှိလျက်နှင့် ဘာလို့ မချမ်းသာရသလဲ၊ အလကားပါ အယုံအကြည်မရှိပါဘူး" ဟု ပြောကြပြီးလျှင် ယုံကြည်သူများကို လှောင်ပြောင် သရော်တတ်ကြပါသည်။

"အမျိုးအလျောက် အထောက်တော်သင့် ဘုန်းတန်းပွင့်" ဆိုသကဲ့သို့ မင်းညီမင်းသားမှာ ရတနာပုံဆိုက်သောအခါ မင်းဖြစ်နိုင်သော်လည်း ရေထမ်းသမားမှာ ရတနာပုံဆိုက်လျှင် ရေများများထမ်းရ၍ ကုန်သည်များမှာ ရတနာပုံဆိုက်မူ ကုန်များများရောင်းရပြီး အလုပ်သမားမှာ ရတနာ

ပုံဆိုက်လျှင် အလုပ်သမားအကြီးအကဲမျှသာ ဖြစ်နိုင်ပါမည်။ အဆင့်အတန်းတူသောသူချင်း ယှဉ်ပြိုင်သုံးသပ်ကြည့်ပါမှ ဂမုန်းပင်ရှိသောသူက မရှိသောသူများထက် စိတ်နှလုံး ချမ်းသာမှု၊ ကြည်လင်ရွှင်ပျမှု ပိုမိုသည်တို့ကို တွေ့ရှိရပါသည်။

စိတ်နှလုံးချမ်းသာမှု ရှိနေ၍သာ ဂမုန်းပင်များကို ရှာဖွေခြင်း၊ စိုက်ပျိုးပြုစုခြင်း၊ ရေလောင်းခြင်း၊ မြေဆွခြင်း စသော ဂမုန်းပင်နှင့်ဆိုင်ရာ ကိစ္စအဝဝတို့ကို မပျင်းမရိ စိတ်ရောကိုယ်ပါ ပြုလုပ်၍နေနိုင်ခြင်းပင် ဖြစ်ပါသည်။

အကယ်၍ စိတ်နှလုံးကြည်လင်မှု မရှိသဖြင့် မပြုစု မယုယနိုင်လျှင် ဂမုန်းပင်များ လှလှပပ ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း ရှိတော့မည်မဟုတ်ပါ။ စိတ်နှလုံးပူပန်စရာ ရှိနေသောသူများမှာ ဂမုန်းပင်ထက် အရေးကြီးသည့်ကိစ္စများကိုပင် မဆောင်ရွက်နိုင်၊ ဂရုမစိုက်နိုင်၊ ဥပေက္ခာပြု လျစ်လျူရှုနေတတ်ကြသည်တို့ကို အများသိရှိပြီးပင်ဖြစ်ကြပါသည်။

စိတ်နှလုံးကြည်လင်မှု ရှိနေသောကြောင့် ဂမုန်းပင်များကို မကြာခဏ ပြုစုယုယနိုင်ကြလျက် ဂမုန်းပင်များကို ပြုစုယုယသဖြင့် စိတ်နှလုံး ကြည်လင်ရွှင်ပျခြင်းကို ရရှိပြီး အပြန်အလှန် ကျေးဇူးပြုနေကြသည်ဟု ထင်မှတ်ယူဆရန်ပင်ရှိပါသည်။

တချို့သော ဂမုန်းပင်များမှာ အရွက်ကလေးတစ်ရွက်မျှ ထွက်ပေါ်လာရန် အတော်ကြာအောင်ပင် တယုတယ တရိတသေပြုစုကြရလျက် အင်းဂမုန်းကဲ့သို့ ရှားပါး၍ အဖိုးတန် အမွှန်အမြတ်ထားသော ဂမုန်းပင်ဖြစ်လေ စိုက်ပျိုးပြုစုရာတွင် ခဲခဲယဉ်းယဉ်း ခက်ခက်ခဲခဲ ပြုစုရလေဖြစ်ပြီးလျှင် တစ်နှစ်ကျော်ကြာ၍ တစ်ရွက်နှစ်ရွက်မျှပင် ရှိနေပါသည်။

ကျွန်တော်သည် ဂမုန်းပင်များကို မစိုက်ပျိုးမီ အချိန်က သွားလို

ရာသွား၊ နေလိုရာနေ၊ စားလိုရာစား၊ ပြောလိုရာပြော၊ လုပ်လိုရာလုပ် တည်ငြိမ်မှုမရှိ၊ တစ်နည်းမဟုတ်လျှင် တစ်နည်းနှင့်ဆိုသလို စိတ်ရှုပ်စရာ၊ စိတ်ပူပန်စရာ၊ စိတ်မချမ်းသာစရာ၊ ကြောင့်ကြစရာတို့ ပြတ်လှသည်မရှိ၊ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ တွေ့ကြုံရတတ်ပါသည်။

လွန်ခဲ့သော သုံးနှစ်ကျော်ကစပြီးလျှင် ဂမုန်းပင်များကို ဝတင်စိုက်ပျိုးပြုစုလာခဲ့ရာ စိတ်နှလုံး တည်ငြိမ်မှုရရှိလျက် အလုပ်ချိန်မှလွဲလျှင် ဂမုန်းပင်များကို ပြုစုယုယခြင်းဖြင့်သာ အချိန်ကိုကုန်စေပြီး ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းခြင်း အလုပ်အကိုင် အကြံအစည် ချောမောပြေပြစ်ခြင်း၊ အခက်အခဲတွေ့က ကြံကြံဖန်ဖန်ချောင်လည်ခြင်း၊ ကူညီမ, စ စောင့်ရှောက်မည့်သူတို့ အလိုလိုပေါ်ပေါက်လာတတ်ခြင်း အကျိုးတို့ ခံစားရပါသည်။

အထူးသဖြင့် ကျွန်တော် အမြတ်တနိုး ယုဆထားသည့် ဂမုန်းပင်များ ဝေဝေဆာဆာ ဖူးပွင့်လာသည်တို့ကို တွေ့ရသောအခါ ပိုမို၍ကြည်လင်ရွှင်လန်းပြီး ချက်ချင်းပင် သူဌေးဖြစ်ရတော့မည်လို တက်ကြွ၍ လာပါသည်။

စိတ်ကြည်လင် ရွှင်ပျမှုရရှိလာသောအခါ အလုပ်အကိုင်အကြံအစည် ထမြောက်အောင်မြင်လာတတ်သည်ကိုတော့ အထူးဖော်ပြရန်ပင်မလိုပါ။ ဘုရားဟောကျမ်းဂန်များ၊ ဝတ္ထုနိပါတ်ရာဇဝင်များမှာ တွေ့ရှိနိုင်သည့်အပြင် ကိုယ်တိုင်တွေ့ဖူးကြပြီး ဖြစ်ကြပါသည်။

ဂမုန်းပင် ဝါသနာပါရ၊ စိုက်ပျိုးပြုစုရ၊ ရှာဖွေရသော အလုပ်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ ရှေးဦးစွာ ဂမုန်းပင်စိုက်ပျိုးရန် ဂမုန်းပင်အိုးများထားရန် နေရာရရှိရန် လိုအပ်လှပါသည်။

ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများ၌ အိမ်ငှားနေထိုင်ရသူများမှာ မြေပိုနေရာ ပိုရှိခဲလျက် အိမ်အပေါ်ထပ်မှနေပြီး ဂမုန်းပင်များကို ရေ

လောင်းတိုင်း အောက်ထပ်ကလူများနှင့် ရန်ဖြစ်ရတတ်သဖြင့် ရေခံ၍ထားရန် တာဝန်ပို၍ လာပြန်ပါသည်။

ဝင်းနှင့်ခြံနှင့် နေထိုင်သောသူများမှ ဂမုန်းပင်စိုက်ပျိုးရန်နေရာအတွက် လုံလုံလောက်လောက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ဂမုန်းပင်စိုက်ပျိုးရန် နေရာရှိပြီးလျှင် ဂမုန်းပင်မျိုးကို ရှာဖွေရပါမည်။ ၎င်းကလည်း မလွယ်ကူလှပါ။ တချို့သောလူများက မိမိအိမ်မှာမည်မျှပင်ပွားများ၍နေစေကာမူ သူတစ်ပါးတို့ကို မပေးလိုကြ။ စီးပွားဂမုန်းပင်ကို ခွဲ၍ပေးလျှင် မိမိအိမ်မှာ စီးပွားဥစ္စာ ယုတ်လျော့၍ သွားတတ်ကြောင်း အမိပ္ပာယ်မရှိသည်ကို ယုံကြည်ယူဆပြောဆို၍ နေကြသည်တို့ကို တွေ့ကြုံရတတ်ပါသည်။

တချို့ဂမုန်းပင်များကို တောင်း၍မရ၊ ဝယ်၍မရ၊ ခိုးယူမှရတတ်ပါသည်။ တချို့မှာ အလွန်ရင်းနှီး၍ နိုင်လိုမင်းထက်အားနာရမည့် မိတ်ဆွေများဖြစ်နေလျှင် မပေးချင်ပေးချင်နှင့် နှမြောလျက်ပင် ပေးလိုက်ရတတ်ပါသည်။

မရင်းနှီးလှသော မိတ်ဆွေများကိုတော့ ပွားတော့ပေးပါမည်။ ယခုထိ ပွင့်နေသေး၍ မပေးနိုင်သေးပါ။ ဂမုန်းပင်စောင့်က ပေးလျှင်မကြိုက်၊ ကျန်ရှိသည့်အပင်များ သေကုန်မည် စသည်ဖြင့် ထမင်းရေပူလာ လျှာလွှဲပြောလွှတ်တတ်ပါသည်။

တချို့မိတ်ဆွေများက တကယ်ပြုစုစိုက်ပျိုးလို၍ တောင်းသဖြင့်ပေးရသည်မှာ အရေးမကြီးလှ။ တချို့မိတ်ဆွေများမှာ လွယ်လွယ်ရ၍တောင်းယူသွားပြီး ဂရုတမူမစိုက်ပျိုး။ တော်သလို–လျော်သလို လုပ်တတ်ကြရာ မပေးလိုသူများကို အဆိုးမဆိုနိုင်အောင် ရှိပါသည်။

တောင်းသောသူကို မုန်းသည်ဟု နိပါတ်တော်တွင် လာရှိသည့်အတိုင်း မိမိ ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး စိုက်ပျိုးပြုစုယုယထား

သော ဂမုန်းပင်ကို လာတောင်းသူကို လွယ်လွယ်ကူကူနှင့်ပေးရန် အလွန်ခဲယဉ်းလှပါသည်။

●



အိမ်တွင်းမင်္ဂလာဂမုန်း

## (၁) အိမ်တွင်းမင်္ဂလာ

အိမ်တွင်းမင်္ဂလာခေါ်သော ဂမုန်းပင်မှာ ရှမ်းပြည်၊ စော်ဘွားကြီး တစ်ဦး၏ အိမ်ဘေးမှာ စိုက်ပျိုးထားသည်ကို ဗမာရဲမင်းကြီးတစ်ဦးက တွေ့မြင်၍ အနည်းငယ်ပေးပါရန် တောင်းဆိုသောအခါ စော်ဘွားကြီးက "ကျွန်တော်၏မယားကို လိုချင်လျှင်ယူသွားပါ၊ ဂမုန်းပင်ကိုတော့ မပေးနိုင်" ဟုပြောကြောင်း သိရပါသည်။

တချို့က ၎င်းဂမုန်းပင်ကို စော်ဘွား၏ ဟော်နန်းအတွင်းမှာ စိုက်ပျိုးထားသော ဂမုန်းဖြစ်၍ 'ဟော်နန်း စီးပွားတိုး' ဟုခေါ်ကြလျက် ရိုးရိုး စီးပွား ဂမုန်းမျိုးမှာ အရွက်ပြောက်ကျားကလေးပင် ကွဲပြားပါသည်။

ဗမာရဲမင်းကြီးက မလျှော့ပါ။ မပေးချင်သော ပစ္စည်းဝတ္ထုတို့ကို ပိုမို၍ လိုချင်မှုပြင်းထန်တတ်သည့် သဘောတရားအတိုင်း မရလျှင် မနေနိုင်အောင်ဖြစ်၍နေပါသည်။

စော်ဘွားကြီး၏ အိပ်ဖန်စောင့်ကို ဂမုန်းပင်တစ်ကိုင်းရလျှင် ငွေ တစ်ရာပေးမည်ပြော၍ အခိုးခိုင်းရာ စော်ဘွားကြီးအလစ်တွင် အိပ်ဖန် စောင့်က ခိုးပြီး လာရောက်ပေးသဖြင့် ငွေတစ်ရာပေးလိုက်ရသည်ဟု

ဆိုပါသည်။ ထိုခေတ်က ငွေတစ်ရာမှာ အလွန်တန်ဖိုးရှိချိန်ဖြစ်ပါသည်။

ရဲမင်းကြီး ပင်စင်ယူသောအခါ ၎င်းအိမ်တွင်း မင်္ဂလာဂမုန်းပင်ကို ရှမ်းစော်ဘွားကြီး၏နည်းတူ အိမ်အတွင်းအိပ်ရာဘေးမှာပင် တရိုတသေစိုက်ပျိုး၍ ထားသည်ဟု ဆိုပါသည်။

ဂမုန်းပင်ကို ပြုစုယုယသဖြင့် ပွားများစည်ကား၍နေသော်လည်း မိတ်ဆွေများက တောင်းဆိုကြသောအခါ စော်ဘွားကြီး၏နည်းအတိုင်း မယားကို လိုချင်လျှင်ယူကြပါ၊ ဂမုန်းပင်ကိုတော့ မပေးနိုင်ဟု ပြောနေပါသည်။

လူအများပင် လွယ်လွယ်ကူကူနှင့်ရရှိသော ပစ္စည်းဝတ္ထုတို့ကို ဂရုမစိုက်၊ မနမြောတတ်ကြသော်လည်း ခဲခဲယဉ်းယဉ်းနှင့် မရလျှင် ရအောင် ဖွဲ့ကောင်းကောင်းဖြင့် ကြံစည်ရယူထားရသော ပစ္စည်းဝတ္ထုတို့ကို လွယ်လွယ်ကူကူ မပေးလို။ တွန့်တိုတတ်မြဲပင်ဖြစ်ပါသည်။

ဂမုန်းဝါသနာပါရှိသူ ဆေးဆရာ ဗေဒင်ဆရာတစ်ယောက်သည် ၎င်းရဲမင်းကြီးနှင့် မိတ်ဆွေဖြစ်အောင်၊ ရင်းနှီးအောင်၊ အရောဝင်အောင် ပေါင်းသင်းပြီး ဗေဒင်ဟောပေးခြင်း၊ ကလေးတွေကို ဆေးကုပေးခြင်းဖြင့် ၎င်းအိမ်တွင်းမင်္ဂလာ ဂမုန်းပင်ကို ရဲမင်းကြီးထံမှ ရအောင် အတင်းတောင်းလာပါသည်။

၎င်းဆရာကြီးထံမှ တောင်း၍သော်လည်းကောင်း၊ ဝယ်၍သော်လည်းကောင်း စိုက်ပျိုးကြရာ ကျွန်တော်တို့ရပ်ကွက်ရှိ ဂမုန်းမိတ်ဆွေများအိမ်တို့တွင် ပွားများစည်ကားလျက်ရှိနေပါသည်။

၎င်းဂမုန်းပင် စိုက်ပျိုးသူ ဂမုန်းမိတ်ဆွေများ၏ ပြောပြချက်အရ ၎င်းအိမ်တွင်းမင်္ဂလာဂမုန်းပင်မှာ အလွန်စည်ကားခဲ့ကြောင်း ၎င်းဂမုန်းပင် မစည်ကား မပွားများသေးလျှင် အလုပ်အကိုင်အကြံအစည်များ ထင်သလောက် ဟန်မကျတတ်ကြောင်း၊ ၎င်းအိမ်တွင်းမင်္ဂလာ အနည်းငယ်

စည်ကားလာလျှင် အနည်းငယ်ဟန်ကျတတ်၍ များစွာစည်ကားလာချိန်တွင် များစွာဟန်ကျတတ်ကြောင်း ပြောကြပါသည်။

ကျွန်တော်၏အိမ်မှာ လွန်ခဲ့သောသုံးနှစ်လောက်ကစ၍ စိုက်ပျိုးခဲ့လျက် ယခုတိုင် သေလည်းမသေ၊ ပွားလည်းမပွား မှန်တန်းပင်ရှိနေ၍ အကျိုးပေးမှန်တန်းပင် ဖြစ်နေပုံပေါ်ပါသည်။

အံ့ဩဖွယ်တော့ကောင်းပါသည်။ ကျွန်တော် သေချာစွာ ပြုစုလျက် မပွားများ၊ ကျွန်တော့်လောက် မပြုစုသူမှာ ပွားများပြီး ငင်းလူမှာ အတော်ကြီးပွားချမ်း၍နေပါသည်။

●



ငှက်ပျောရှင်သူငယ်ဂမုန်းပင်

## ဂမုန်းရှင်သူငယ်

ဂမုန်းရှင်သူငယ်မှာ လွန်စွာအမျိုးများလှ၍ ရှင်ဖြူ၊ ရှင်ဝါ၊ ရှင်ညို၊ ရှင်နီ၊ ရှင်သူငယ်အကျား၊ ငှက်ပျောရှင်သူငယ်အကြီး၊ ငှက်ပျောရှင်သူငယ် အသေး စသည်ဖြင့် ကျွန်တော်၏ အိမ်မှာပင် ခုနစ်မျိုးရှိပါသည်။

တန်ခိုးသတ္တိထက်မြက်၍ စီးပွားဥစ္စာ လာဘ်လာဘ တိုးတက် လျက် အလုပ်အကိုင်အကြံအစည်တို့ ထမြောက်အောင်မြင်တတ်သည် ဟု လူအယုံကြည် လွန်စွာများပြီး စိုက်ပျိုးပြုစုသူ အလွန်များသော ဂမုန်း မျိုးဖြစ်ပါသည်။

ရှင်သူငယ်ဂမုန်းမှာ အလွန်စည်ကားပွားများလွယ်လျက် အလွန် လှပ အလွန်ကျက်သရေရှိပြီးလျှင် တော်ရုံတန်ရုံ နေပူခံနိုင်၍ နေပူသော အခါ အသွေးအရောင် ပိုမိုလှပတောက်ပြောင်လာတတ်ပါသည်။

## (၂) ရှင်သူငယ်အဝါ

မိတ်ဆွေတစ်ဦး၏ ပြောပြချက်မှာ အလွန်ခွေးကိုက်တတ်၍ အလွန်လုံခြုံသော ခြံတစ်ခု၏အတွင်းမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော လူကုံထံတစ်ဦးနေထိုင်လျက် ညဥ့်အချိန် ဝင်းတံခါးကို လုံခြုံစွာ ပိတ်ထားသည်ဟု ဆိုပါသည်။

အဆိုပါခြံနှင့် ကပ်လျက်နေသော အိမ်မှာ လူတစ်ယောက်မှာ တစ်နေ့သော လပြည့်နေ့ ညဥ့်သန်းခေါင်အချိန်တွင် ဘုရားဝတ်တက်ပြီး အိပ်မပျော်သဖြင့် အိပ်ရာမှထ၍ လသာသာ အိမ်အတွင်း လမ်းလျှောက်နေပါသည်။

အမှတ်မထင် တစ်ဖက်မှ ခြံအတွင်း လှမ်းမျှော်၍ကြည့်လိုက်မိရာ ခြံအတွင်း၌ ကိုရင်ငယ်တစ်ပါး မလှုပ်မရှား ငြိမ်သက်စွာ ထိုင်နေသည်ကို မယုံကြည်နိုင်လောက်အောင် တွေ့ရှိရသောကြောင့် အတန်ကြာ ငေးမောကြည့်ရှုနေမိသည်ဟု ဆိုပါသည်။

ထိုသူမှာ တစ်ညဥ့်လုံးပင် "ဒီကိုယ်ရင်ငယ်ကလေး ဒီခြံထဲ ဘာလာလုပ်နေသလဲ၊ ဘာစိတ်ကူးနှင့် မလှုပ်မရှား ငြိမ်သက်စွာ ထိုင်နေ



ကိုရင်ကလေး ထိုင်နေသည်ထင်ရသော ရှင်သူငယ်ဂမုန်းပင်

ရသလဲ။ ဒါလောက် လုံခြုံလှတဲ့ ခြံထဲကို ဘယ်အပေါက်က ဝင်လာသလဲ"စသည်ဖြင့် တွေရာလေးပါး စဉ်းစားလျက် တစ်ညဥ့်လုံး အိပ်မပျော်တော့ဟု ဆိုပါသည်။

မိုးလင်း၍ ခြံရှင်များ တံခါးဖွင့်ကြသောအခါ ခြံရှင်ထံကို ခွင့်တောင်းလျက် ခြံအတွင်းသို့ ဝင်ရောက်ပြီးလျှင် ကိုရင် ငယ်ထိုင်နေသောနေရာတွင် ကြည့်ရှုရှာဖွေရာ အရွက်ဝါဝါနှင့် ရှင်သူငယ်အဝါဂမုန်းပင်ကိုသာ တွေ့ရှိရသဖြင့် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်ရသည်ဟုဆိုပါသည်။

ခြံဝင်းနှင့် အိမ်ရှင်၏ထံမှ ရှင်သူငယ်ဂမုန်းပင် အဝါအနည်းငယ်ကို တောင်းယူခဲ့လျက် ကောင်းမွန်စွာ စိုက်ပျိုးပြုစုပြီး အိမ်ဦးခန်းမှာ တင်ထားသည်ဟု ဆိုပါသည်။

ထိုသူမှာ ထိုဂမုန်းပင်ကို စိုက်ပျိုးပြုစုသည့်အချိန်မှစ၍ စိတ်နှလုံး ကြည်လင်ရွှင်လန်း ပေါ့ပါးပြီး အလုပ်အကိုင်အကြံအစည်များ တိုးတက်အောင်မြင်လျက် ထီငါးသောင်းဆုပေါက်၍ ချမ်းသာသွားသည်ဟု ဆိုပါသည်။

ရေးရေး ဂမုန်းကျမ်းများ၌ ဂမုန်းရှင်သူငယ်ကား ငှက်ပျောရွက်ကဲ့သို့ရှိ၍ မောင်ရင်သူငယ် သင်္ကန်းအသွေးကဲ့သို့ အရွက်ဝါလျက် အိမ်ခေါင်းရင်းတွင် သန့်ပြန့်စွာ စိုက်ပျိုးပြုစုလျှင် လာဘ်သပ်ပကာ တိုးတက်၏ ဆိုသောစကားများနှင့် ညီညွတ်ပါသည်။

တချို့သောအိမ်များတွင် ရှင်သူငယ် ဂမုန်းပင်များ ခြံစည်းရိုးမှာ စိုက်ထားတတ်လျက် ခွေးနင်းကြောင်ကျော် တွေ့ရတတ်သဖြင့် အကျိုးမပေးသည်မှာ အဆန်းမဟုတ်။ ဘေးဒုက္ခပင် တွေ့တတ်သောကြောင့် ရှိရှိသေသေ သန့်သန့်ပြန့်ပြန့် စိုက်ပျိုးပြုစုကြရန် အရေးကြီးလှပါသည်။

●

# (၃) ငှက်ပျောရှင်သူငယ်

ငှက်ပျောရှင်သူငယ်မှာ အပင်ကြီးမျိုး အပင်အငယ်မျိုးဟုရှိရာ ယခုရေးမည့် အငယ်မျိုးမှာ ပုံသဏ္ဌာန်အားဖြင့် ငှက်ပျောပင်အငယ်စားကလေးပင်ဖြစ်၍ နှစ်ပေထက်မကြီး အရွက်တွင် အညိုကြောင်းကလေးပါပါသည်။

တောမြို့တစ်မြို့မှ မြို့ပိုင်တစ်ယောက် တောတက်သွားစဉ် ဩဇာအာဏာကောင်းသော သူကြီးတစ်ယောက်အိမ်၌ တည်းခိုရာ အဆိုပါငှက်ပျောရှင်သူငယ်ပင်ကလေးကို သူကြီးအိမ်၌ တွေ့ရှိသည်ဟု ဆိုပါသည်။

မြို့ပိုင်မင်းက "ဒီအပင် ဘာပင်လဲ" ဟု သူကြီးကို မေးမြန်းရာ ရှင်သူငယ်ဂမုန်းဟုခေါ်ကြောင်း၊ ဒီဂမုန်းပင် မစိုက်ခင်က ယခုလောက်စီးပွားဥစ္စာ မတောင့်တင်း ဩဇာအာဏာမကောင်း၊ ရပ်ရွာမှ လူအများကမကြာခဏ ကလန်ကဆန် အလုပ်ခံရကြောင်း၊ ဒီဂမုန်းပင်စိုက်ပြီးမှထူးထူးခြားခြား စီးပွားဥစ္စာတိုးတက်ကြောင်း ဩဇာအာဏာရှိလာကြောင်း သူကြီးက ပြန်ပြောသည်ဟုဆိုပါသည်။



ငှက်ပျောပင်သဏ္ဍာန် ရှင်သူငယ်ဂမုန်းငယ်

သူကြီးမင်း၏စကားများကို စိတ်ဝင်စားလာသဖြင့် မြို့ပိုင်မင်းက သူကြီးထံမှ ၎င်းငှက်ပျောရှင်သူငယ် ပင် အငယ်ကလေးကို အနည်းငယ် တောင်းယူ၍ ယူခဲ့သည်ဟုဆိုပါ သည်။

မြို့ပိုင်မင်းမြို့သို့ ပြန်လည်ရောက်ရှိသောအခါ ယုံယုံကြည်ကြည်လေးလေးစားစား မြတ်မြတ်နိုးနိုးနှင့်ပင် သူကြီးထံမှ တောင်း၍ရခဲ့သည့် ငှက်ပျောရှင်သူငယ်ဂမုန်းပင်ကလေးကို စိုက်ပျိုးပြုစု ရွှေရည်ငွေရည်များ လောင်းထည့်ပြီးလျှင် သက်န်းဆီးပေးထားသည်ဟု ဆိုပါသည်။

ဂမုန်းပင်စိုက်ပြီး၍ ၇ ရက်အတွင်းမှာပင် မျှော်လင့်ချက်လုံးဝမရှိ၊ သတင်းတစ်စုံတစ်ရာမကြားရဘဲ မြို့ပိုင်ရာထူးမှ နယ်ပိုင်ဝန်ထောက်ရာထူးကို တိုးတက်ခန့်ထားသောအမိန့်ကို ရရှိသည်ဟု ဆိုပါသည်။

မြို့ပိုင်မင်းမှာ တိုက်တိုက်ဆိုင်ဆိုင် ဂမုန်းပင်စိုက်ပျိုးပြုစုချိန်နှင့် ရာထူးတိုးတက်ချိန် ကိုက်ညီနေသဖြင့် ၎င်းငှက်ပျောရှင်သူငယ်ဂမုန်းပင်ကလေး၏ တန်ခိုးသတ္တိကြောင့် နယ်ပိုင်ဝန်ထောက်ဖြစ်ရသည်ဟု ယူဆယုံကြည်လျက် အမြတ်တနိုး တရိုတသေ အရိပ်တကြည့်ကြည့် အထူးဂရုစိုက်နေသည်ဟု ဆိုပါသည်။

●

## (၄) ငှက်ပျောရှင်သူငယ်(အကြီး)

ငှက်ပျောရှင်သူငယ်အကြီးမျိုးမှာ အငယ်၏ ပုံသဏ္ဍာန်အတိုင်း အပင်အရွက်ကြီး၍ ရိုးရိုးငှက်ပျောပင်လောက်ရှိပြီး မြေကောင်းလျှင် ကောင်းသလောက် ကြီးပါသည်။

ဂမုန်းမိတ်ဆွေတစ်ဦး၏ အိမ်၌ ၎င်းငှက်ပျောရှင်သူငယ်ပင်များကို တွေ့ရှိသော်လည်း စိတ်မဝင်စားလှ။ ၎င်း၏ တန်ခိုးသတ္တိထူးများကို အရိပ်အမြွက်မျှ မကြားမသိသေးဘူးသဖြင့် အမှုမဲ့အမှတ်မဲ့ပင် နေမိပါသည်။

တစ်နေ့တွင် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးမှုရှိလှသည့် မိတ်ဆွေတစ်ယောက်နှင့် စကားစပ်မိကြသဖြင့် ၎င်းမိတ်ဆွေက သူ၏ မိခင်ကြီး မကျန်းမမာဖြစ်၍ ဆရာကြီးတစ်ယောက်ထံ သွားရောက်ပြရာ ထိုဆရာကြီးက ကုသပေးသောကြောင့် ရောဂါဝေဒနာ ပျောက်ကင်းကျန်းမာလာကြောင်း ပြောပြပါသည်။

ကျွန်တော်သည် ၎င်း၏ မိခင်ကြီး ဝေဒနာမှာ မသေးငယ်လှ၊ ပန်းနာရင်ကျပ် အမော ရင်တုန်ဖြစ်ပြီး အလွန်ပျောက်ခဲသောရောဂါမျိုးဖြစ်ကြောင်းကို အစကသိထားပြီးဖြစ်သောကြောင့် ကုသပုံကုသနည်းများ

ကို မေးမိပါသည်။

ကျွန်တော်၏မိတ်ဆွေက "ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ဆရာကြီး၏အိမ်မှာ စိုက်ပျိုးထားတဲ့ ငှက်ပျောရှင်သူငယ်ပင်အဖူးမှ ကွာကျတဲ့အဖတ်တွေကို ပျားရည်နှင့်ဖျော်တိုက်လို့ ပျောက်တာပဲ" ဟုပြောပြပါသည်။

ကျွန်တော်သည် ငှက်ပျောရှင်သူငယ်၏အကြောင်းကို စိတ်ဝင်စားလာသဖြင့် "မဟုတ်နိုင်ပါဘူး၊ ဒီငှက်ပျောဖူးမှ အခွံဖတ်တွေကို ဘယ်လိုလုပ်ပြီး ပျားရည်နဲ့ ဖျော်သလဲ၊ တခြားဆေးတွေ မပါဘူးလား" ဟု မေးမိပါသည်။

"ဆရာကလည်း တယ်ပြီး စကားအကျကောက်တာကိုး။ ငှက်ပျောဖူးကအခွံတွေကို ဒီအတိုင်း ပျားရည်နဲ့ဖျော်လို့ ဘယ်ရမလဲ။ အခြောက်လှမ်းပြာချပြီးမှ ပျားရည်နဲ့ ဖျော်တိုက်တာ ဆရာရဲ့။ အဲဒီဆရာ ကြီးကိုယ်တိုင်က ငါ့မှာ တခြားဆေးမရှိဘူး။ ဒီငှက်ပျောရှင်သူငယ်ပင် နားမှာ ဝတ်ဖြူဝတ် သီလကို ဆောက်တည် သမထ ဝိပဿနာ ဘာဝနာများကိုပွား၊ ဂုဏ်တော်ကို ပုတီးစိတ်ပရိတ်တော်ကို နေ့စဉ် ရွတ်ဖတ်နေတော့ ဂုဏ်တော်တွေ၊ ပရိတ်တော်တွေရဲ့ တန်ခိုးအာနိသင်တွေဟာ ဒီဂမုန်းပင်ကို ဓာတ်



ငှက်ပျောရှင်သူငယ်ဂမုန်းပင်ကို အဝေးမှမြင်ရပုံ

ကူးပြီးနေတယ်လို့ ထင်တာပဲ။ တစ်ခါတလေ လပြည့်နေ့ ညဥ့်များမှာ ဒီဂမုန်းပင်က နီနီဝါဝါအရောင်တွေ ထွက်နေတာကို အိပ်ရာကထတဲ့ လူတွေ မြင်ကြရသတဲ့။

"ဆရာထံကို ယုံကြည်လို့ လာကြတဲ့သူတိုင်း မကျန်းမာတဲ့လူ ရော၊ ကျန်းမာသူကိုပါ ဒီငှက်ပျောရှင်သူငယ်ပြာကို ပေးတာပဲ။ မကျန်းမာ သူ ကျန်းမာလာပြီး ကျန်းမာသူလည်း အနာရောဂါကင်းရှင်း အသက် ရှည်ရှည်နဲ့ စီးပွားဥစ္စာ လာဘ်လာဘတိုးတက်တာပေါ့ကွယ်။ "ဣဒ္ဓိယာ ပါဒေါ-ဣဒ္ဓိပါဒေါ" ဆိုသည့်အတိုင်း မြတ်စွာဘုရားသခင်၏ ဂုဏ်တော် -ပရိတ်တော်တွေရဲ့ ဣဒ္ဓိပါတ်တွေဟာ လိုအပ်သောအကျိုးကို ပြီးစေနိုင် တယ်လို့ ကျမ်းဂန်များမှာရှိတယ်။ ကိုယ်ကျင့်တရားကောင်းအောင်လည်း မမေ့မလျော့ မပေါ့မဆ အပ္ပမာဒတရားနဲ့ နေထိုင်ကြ" ဟု ဩဝါဒပေး ဆုံးမလိုက်ကြောင်းကို မိတ်ဆွေကတစ်ဆင့် ပြောပြပါသည်။

နေ့တစ်နေ့တွင် အလုပ်အကိုင်အကြံအစည် စီးပွားလမ်း အတော် ဖြောင့်ဖြူးနေသူ ကျွန်တော်၏ဦးလေး ဆရာတစ်ဦးအိမ်သို့ အလည် အပတ် ရောက်ရှိ၍သွားပါသည်။

ဘုရားစင်အနီး၌ ငှက်ပျောရှင်သူငယ်ပင်များ အတော်များများ တွေ့ရှိရသဖြင့် "ဦးလေးအိမ်မှာ ငှက်ပျောရှင်သူငယ်ပင်တွေ များလှပါ လား။ ဘယ်လိုများ ထူးထူးခြားခြား အကျိုးခံစားရပါသလဲ" ဟု ကျွန် တော်က မေးမြန်းပါသည်။

ဦးလေးဆရာက "ထူးခြားပါသော်ကော ငါ့တူရာ။ ငါ့တူကို ဦးလေးတိုတိုပဲပြောမယ်။ ဦးလေးအိမ်မှာ အဲဒီငှက်ပျောရှင်သူငယ်ပင်တွေ မစိုက်ပျိုးခင် အချိန်အခါက တစ်နေ့တွက် ပျမ်းမျှကြေး ငွေ ၂၅ မျှရရှိခဲ့ တယ်။ ဒီငှက်ပျောရှင်သူငယ်ဂမုန်းပင် စိုက်ပြီးမှ တစ်နေ့အတွက် ပျမ်းမျှ ငွေ ၅၀ လောက်ရလာတော့ ငှက်ပျောရှင်သူငယ်ဂမုန်းတန်ခိုးနဲ့ နှစ်ဆတိုး

တယ် ဆိုရမှာပေါ့ကွာ" ဟု ပြုံးကာရယ်ကာ အားရဝမ်းသာစွာဖြင့် ပြောပြပါသည်။

"ဦးလေးမှာ အပင်တွေများသားပဲ။ ကျွန်တော့်ကို တစ်ပင်ပေးပါ" ဟု တောင်းကြည့်မိပါသည်။ တောင်းပင်တောင်းသော်လည်း မရလျှင်တော့ အရေးမကြီးလှပါ။ ကျွန်တော်၏ ဂမုန်းမိတ်ဆွေထံသို့ သွား၍ယူက မည်သည့်အချိန်မဆို လိုသလောက်ရရှိနိုင်မည်ဖြစ်ကြောင်း သိထားပြီးဖြစ်ပါသည်။

"ငါ အခုပဲ နှစ်ပင်ရောင်းလိုက်တယ်။ ဂမုန်းပင်ကိုရောင်းစားတာ ယုံကြည်မှုမရှိလို့တော့ မဟုတ်ဘူး။ စိုက်ကတည်းက ယုံကြည်မှုရှိလို့ စိုက်ထားတာပဲ။ ပွားလာပြီး ပိုနေပြန်တော့ တခြားလူတွေလည်း ငါ့လို ဟန်ကျပါစေဆိုတဲ့ စေတနာအရင်းခံနဲ့ ရောင်းလိုက်တာပဲ။ ဦးလေး အလကားပေးချင်ပါတယ်။ ရတဲ့လူက အလကားရတော့ အဖိုးတန်တယ် မထင်လို့ ဂရုမစိုက်ကြတော့ဘူး။ ငွေပေး၍ဝယ်ရမှ အဖိုးတန်မှန်းသိပြီး ဂရုတစိုက် ပြုစုယုယကြတယ်" ဟု ဦးလေးက ပြောပါသည်။

"ဘယ်လောက်နဲ့ ရောင်းလိုက်သလဲ ဦးလေး" ဟု ကျွန်တော်က မေးမြန်းရာ "တရုတ်သူဌေးတွေကို ဒါလောက်နဲ့ပဲ ရောင်းလိုက်တယ်" ဟု လက်နှစ်ချောင်းကို ထောင်ပြပါသည်။

"ဦးလေး လက်နှစ်ချောင်းက ၂ လား၊ ၂၀လား" ဟုမေးမြန်းရာ "၂ မဟုတ်၊ ၂၀ လည်းမဟုတ်၊ တစ်ပင်လျှင် ၂၀၀ ရတယ်ကွ။ ဦးလေးက ဘယ်လောက်ပေးပါလို့ အဖိုးဈေးနှုန်းကို မပြောပါဘူး။ ဂမုန်းပင်ရဲ့ တန်ခိုးအစွမ်းကို ပြောပြလိုက်တာနဲ့ သူတို့ဟာသူတို့ စိတ်ဝင်စားသွားပြီး ခဲယယတောင်းတောင်းပန်ပန် ကျေးဇူးတင်စွာနဲ့ပဲ ငွေပေးသွားကြတာပါပဲကွာ" ဟု အားရပါးရ ပြောပြပါသည်။

ဦးလေး၏ဇနီးဖြစ်သူ ဆရာကတော်က "ဟုတ်တယ် ငါ့တူရေ။

အဲဒီငှက်ပျောရှင်သူငယ်ဂမုန်းပင်ကို ရောင်းတာ ငွေ ၄၀၀၀ ကျော်ရနေပြီ” ဟု ဝင်ပြောပါသည်။

ကျွန်တော်သည် ငှက်ပျောရှင်သူငယ်ဂမုန်းကို အများကြီး စိတ်ဝင်စားလာလျက် ဦးလေးအိမ်ကအပြန် ဂမုန်းမိတ်ဆွေ အိမ်သွားပြီး ငှက်ပျောရှင်သူငယ်ဂမုန်းတစ်ပင် တောင်းယူလျက် ကျကျနန သေသေချာချာ စိုက်လိုက်ပါသည်။

မိုးဦးမကျခင် ကျွန်တော်၏ ငှက်ပျောရှင်သူငယ်ပင်မှာ အဖူးထွက်လာ၍ မိုးပြင်းလေပြင်းကျသောကြောင့် အောက်သို့ အဖူးကွေးညွတ်လျက် ဖောက်ထိုးကျသွားပါသည်။

တစ်ဖန်အားယူ၍ ပြန်ထောင်လာပြီးလျှင် လေးလ၊ ငါးလကြာအထိ အဖူးမှာ ထွက်မြဲ အခွံဖတ်များ ကွာကျမြဲပင်ရှိပါသည်။

ကျွန်တော်၏နေအိမ်သို့ အင်္ဂရတ်ဆရာကြီးတစ်ယောက် လာရောက်သဖြင့် ထိုငှက်ပျောရှင်သူငယ်ပင်မှ အဖူးအပွင့်နှင့် အသီးများကို ပြသလျက် မည်ကဲ့သို့အသုံးပြုရမည့်အကြောင်းကို မေးမိပါသည်။

အဲဒီငှက်ပျောရှင်သူငယ်အဖူးမှ ကွာကျသည့် အခွံအဖတ်များ အသီးများကို အခြောက်လှမ်းမီးရှို့ ပြာချ၊ ပျားရည်စစ်စစ်နှင့် ဖျော်၊ ဝတ်ဖြူစင်ကြယ်ဝတ်၊ သက်သတ်လွတ်စား၊ နဝင်္ဂသီလကို ဆောက်တည်ပြီးလျှင် သိရသို့မ်မေ ဗုဒ္ဓသေဌ္ဌော စသော ရှင်သူငယ်ပရိတ်ဖြင့် ဘုရားရှေ့မှာ ၁၀၀၀ ပြည့်အောင် မန်း၍ မနက်တစ်ဇွန်း ညတစ်ဇွန်းစားပါက သိဒ္ဓိသုံးပါးပြီးလိမ့်မည်ဟု အင်္ဂရတ် ဆရာကြီးက ပြောကြားသည်ကို မှတ်ထားလိုက်ပါသည်။

သိဒ္ဓိသုံးပါးပြီးမယ်ဆိုတာ ဘာသိဒ္ဓိတွေလည်းဟု မမေးမိလိုက်ပါ။ “သိရသို့မ်မေ ဗုဒ္ဓသေဌ္ဌော သာရိပုတ္တောစ ဒက္ခိဏေ ဝါမအံသေ မောဂ္ဂ လာနော ပုရတော ပိဋကတ္တယံ ပစ္ဆိမေ မမအာနန္ဒော စတုဒ္ဓိသာခိ

ဏာသဝါ သမန္တာလောကပါလာစ ဣန္ဒာဒေဝါသဗြဟ္မကာ ဧတေသံ အာနုဘာဝေန သဗ္ဗေဘယာဥပဒ္ဒဝါ အနေကအန္တရာယံ ဝိနဿန္တု အသေ သတော"ဟူသောဂါထာကိုတော့ ကျွန်တော် ကလေးအရွယ် ကျောင်း သားဘဝကပင် ပါဠိရော အနက်ပါ အမြဲမပြတ် ရွတ်ဖတ်ခဲ့သည့် ဂါထာ တစ်ပုဒ်ပင်ဖြစ်ပါသည်။

အထက်ပါဂါထာမှာ သဘောအဓိပ္ပာယ်အလွန်ကောင်းမွန်လျက် အလွန်တန်ခိုးအာနိသင်ရှိသော ဂါထာတစ်ပုဒ်ဖြစ်ကြောင်းကိုလည်း ယုံ ကြည်ခဲ့ပြီးဖြစ်ပါသည်။

၎င်းဂါထာကို ရှင်သူငယ်ပရိတ်ခေါ်ကြောင်း ကြားပင် မကြား ဖူးခဲ့ပါ။ အဂ္ဂိရတ်ဆရာကြီးပြောမှ သိရသို့မေဂါထာကို ရှင်သူငယ်ပရိတ် ခေါ်ကြောင်း ကြားဖူးနားဝ ဗဟုသုတရရှိလိုက်ပါသည်။

သိရသို့မေဂါထာ ၁၀၀၀ ရွတ်ပြီးစားလျှင် သိဒ္ဓိသုံးပါးမက သိဒ္ဓိ ပေါင်းများစွာ ပြီးစီးမှာပဲဟု လေးစားယုံကြည်မိပါတော့သည်။

●

# (၅) ရှင်သူငယ်အနီ

လွန်ခဲ့သောနှစ်ပေါင်း အတော်ကြာကာလကပင် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေထိုင်ခဲ့ကြသည့် စားအိမ်သောက်အိမ် မိတ်ဆွေနှစ်ဦး ကျွန်တော့်မှာရှိခဲ့ပါသည်။

ထိုမိတ်ဆွေနှစ်ဦးမှာ ဂမုန်းပင်နှင့်ပတ်သက်၍ ခင်မင်သော ဂမုန်း မိတ်ဆွေများ မဟုတ်ကြပါ။ ဂမုန်းဝါသနာမပါခင် ငယ်စဉ်အရွယ်က စတင် ခင်မင်လာကြသူများ ဖြစ်ကြပါသည်။

ထိုမိတ်ဆွေနှစ်ဦးလုံးမှာပင် စားနိုင်သောက်နိုင် အလယ်အလတ် တန်းမျှ ကြွယ်ဝချမ်းသာကြသူများဖြစ်ကြလျက် ၎င်းတို့အချင်းချင်းမှာ လည်း ခင်မင်ကြသူများ ဖြစ်ကြပါသည်။

ခင်မင်ကြသောမိတ်ဆွေများ ဖြစ်ကြသော်လည်း အလုပ်အကိုင် အကြံအစည်၊ ဥစ္စာပစ္စည်း သားသမီးအရေးမှစ၍ အရာရာတိုင်းပင် ဂုဏ် တုဂုဏ်ပြိုင် သဘောကလေးများ ရှိကြပါသည်။

ဂမုန်းမိတ်ဆွေများပင် မဟုတ်ကြသော်လည်း မိတ်ဆွေတစ်ဦး၏ အိမ်၌ စီးပွားဂမုန်း၊ ဒေါင်းဂမုန်း၊ လဝန်းဂမုန်း၊ ရှင်သူငယ်ဂမုန်း စသော



ရှင်သူငယ်ကို အနီးကပ်မြင်ရပုံ

အများးစိုက်ရိုးစိုက်စဉ် လေးပင် ငါးပင် မျှရှိပါသည်။

ကျွန်မိတ်ဆွေတစ်ဦး၏ အိမ်မှာမူ ရှင်သူငယ်ဂမုန်းအနီတစ်ပင်သာ ရှိပြီး သဲခင်း ရာဇမတ်ကာ အမွှေးနံ့သာများ ပက်ဖျန်းလျက် တရိုတသေ ပြုစုထားသည်ကို တွေ့မြင်ရပါသည်။

၎င်းတို့နှစ်ဦး အကျိုးပေးချင်း တူကြပုံမှာ နှစ်ဦးလုံးမှာပင် သမီး ငါးယောက်စီရှိကြလျက် သားယောကျ်ား မထွန်းကားကြခြင်းဖြစ်ပါသည်။

ထပ်မံ၍ အကျိုးပေးချင်း တူကြပြန်သည်မှာ ဂမုန်းလေးပင် ငါးပင် ရှိသော အဒေါ်ကြီး၌ သမီးအကြီး မသန်းမြ အိမ်ထောင်ကျပြီးချိန် အသက် ၄၅ နှစ်ရှိမှ မောင်မြင့်မောင်ဆိုသော သားယောကျ်ားတစ်ဦး ထွန်းကားရရှိလျက် ရှင်သူငယ်အနီဂမုန်းတစ်ပင်သာရှိသော မိတ်ဆွေ အဒေါ်ကြီးမှာလည်း သမီးအကြီး မခင်လှ အိမ်ထောင်ကျ၍ မြေးဦး ကလေးရသည့်အချိန် အသက် ၄၇ နှစ်ရှိမှ မောင်မြင့်အောင်ဆိုသည့် သားထွေးတစ်ယောက် ရရှိခြင်းပင်ဖြစ်ပါသည်။

တစ်နေ့တွင် ရှင်သူငယ်အနီ ဂမုန်းတစ်ပင်သာ စိုက်ပျိုးပြုစုထားသည့် မိတ်ဆွေအဒေါ်ကြီးထံသို့ အလည်အပတ်ရောက်ရှိသွားသဖြင့် ကျွန်တော်က "ဒေါ်ဒေါ်တို့နှစ်အိမ်ဟာ အကျိုးပေးပုံချင်း အတော်တူကြ တယ်။ ကံတူအကျိုးပေးဆိုသလို တစ်ဦးမှာ သမီး ၅ ယောက်ရှိတယ်။ ကျန်တစ်ဦးမှာလည်း သမီး ၅ ယောက်ပင်ရှိတယ်။ တစ်ဦးမှာ သား အထွေးတစ်ယောက်ရတော့ ကျန်တစ်ဦးမှာလည်း သားထွေးတစ်ယောက်

ရတယ်။ စီးပွားရေးမှာလည်း ကျွန်တော် သိသမျှ တစ်ဦးလိုင်စင်ရလျှင် တစ်ဦးလည်း လိုင်စင်ရတယ်" ဟု ပြောဆိုမိပါသည်။

ရှင်သူငယ်အနီ ဂမုန်းတစ်ပင်ထဲသာရှိသော မိတ်ဆွေအဒေါ်ကြီးက "အကျိုးပေးပုံချင်းတူမှာပေါ့ ဆရာရဲ့။ သူတို့အိမ်မှာ ဂမုန်းပင်လေးပင် ငါးပင်ရှိတဲ့အနက် ရှင်သူငယ်အနီဂမုန်းပင်ကို ထူးထူးခြားခြား သက်န်းဆီး၊ ဆွမ်းတော်တင် အဓိဋ္ဌာန်ပြုပြီး သားယောကျ်ားတစ်ယောက်ပေးရန် ဆုတောင်းတာနဲ့ မောင်မြင့်မောင်ကို ရရှိလာတယ်လို့ ဒေါ်ဒေါ်သိလာတာနဲ့ သူ့လိုပဲ အဲဒီရှင်သူငယ်အနီဂမုန်းပင်ကို မရအရရှာဖွေပြီး စိုက်ပျိုးပြုစု သက်န်းဆီး၊ ဆွမ်းတော်တင် အဓိဋ္ဌာန်ပြုသားဆုတောင်းလိုက်တော့ မကြာခင် မောင်မြင့်အောင် ကလေးရလာတာပဲ" ဟု အားရဝမ်းသာ စိတ်ပါကိုယ်ရော ပြောပြပါသည်။

ထိုသို့ အဒေါ်ကြီး၏စကားကို ကြားရသောအခါ ကျွန်တော်၏ စိတ်ထဲမှာ ငယ်စဉ်က ကျက်မှတ်ရရှိခဲ့ဖူးသည့် "မိမာတာကြာတိုက်ခန်း က ပန်းဥတုရာသီ၊ ပွင့်ဆဲစခါဆီ တူယှဉ်မှီ ပျော်ပါး၊ ကိန်းထိုက်သည့် ထိုသသူ၊ ထင်ရှေးရှုစုတေခိုက်ငြား၊ ဤအင်္ဂါစုံစေ့မှ ဘုံဓလေ့ ဤလူ့ ပြည်၊ တည်သန္ဓေအများ" ဆိုသော မန်လည်ဆရာတော်ဘုရားကြီး၏ စာကို သတိရလျက် အဖန်ဖန်အထပ်ထပ် ပြန်လည်စဉ်းစားမိပါသည်။

မန်လည်ဆရာတော်ဘုရားကြီး၏ စာအလိုကတော့ သားသမီး ရရန် အင်္ဂါတွေစုံညီဖို့ အတော်ပင် ခဲယဉ်းပေသည်။ ၎င်းအင်္ဂါတွေ စုံညီ သည့်အခါနှင့် ၎င်းအဒေါ်ကြီးတွေ ၎င်းရှင်သူငယ်အနီဂမုန်းပင် စိုက်ပျိုး ၍ ဆုတောင်းချိန်၊ မောင်မြင့်မောင်၊ မောင်မြင့်အောင်တို့ရရှိသည့်အချိန် တိုက်ဆိုင်လှပုံတို့ကို အံ့ဩမိပါသည်။

မကြာသေးမီအချိန်က ဂမုန်းမိတ်ဆွေတစ်ယောက် လာရောက် လည်ပတ်ပါသည်။ ထိုဂမုန်းမိတ်ဆွေမှာ ကျွန်တော် သင့်ဘာဝမဂ္ဂဇင်း

တွင် ဂမုန်းဆောင်းပါးများ စတင်ပြီးရေးစက တစ်ခါလာဖူးပါသည်။

ဂမုန်းဝါသနာပါ၍ ဂမုန်းပင် အများစိုက်ထားကြောင်း၊ ထူးထူး ခြားခြား ကောင်းကျိုးမခံစားရသေးကြောင်း ပြောပြသဖြင့် ကျွန်တော်က ထူးခြားလာပါလိမ့်မည်။ ဝီရိယလည်းထူ၊ ကံလည်းကူ နွားချေးလည်းချ ငါလည်းမ၊ ဆိုသည့်စကားပုံလို ဂမုန်းပင်များကိုလည်း စိုက်ပျိုးပြုစု အလုပ်အကိုင်ကိုလည်း ကြိုးစားလုပ် ပရိတ်တော်ကိုလည်း နာနာရွတ် ဖတ်ပေးပါဟု ပြောပြလိုက်ဖူးသူဖြစ်ပါသည်။

ယခုအကြိမ် ထိုဂမုန်းမိတ်ဆွေ ပေါ်ပေါက်ရောက်ရှိလာသောအခါ ၌ ၎င်း၏မျက်နှာကို မြင်ကာမျှဖြင့် တစ်နည်းမဟုတ်တစ်နည်း ထူးထူး ခြားခြား ကောင်းကျိုးချမ်းသာ ခံစားရရှိလာပြီဖြစ်ကြောင်းကို ရိပ်မိပါ သည်။

ကျွန်တော်က စတင်၍ ဂမုန်းအကြောင်းကို မမေးမြန်းသေးဘဲ ကွမ်းစားပါ၊ ဆေးလိပ်သောက်ပါ၊ နေထိုင်ကောင်းကြရဲ့လား စသည်ဖြင့် လောကွတ်ပြုလျက် သူ၏အပြောကို စောင့်နေပါသည်။

အရင်တစ်ခေါက်က ဆရာမှာကြားလိုက်သည့်အတိုင်း ဂမုန်းပင် များကို ပြုစုအလုပ်ကိုလည်း ကြိုးစား ပရိတ်တော်ကို နာနာရွတ် ပုတီး အမြဲစိတ်လိုက်တာ ထူးထူးခြားခြား အလုပ်အကိုင် ရာထူးလခရော စီးပွား ဉစ္စာပါ ကျွန်တော် မျှော်လင့်ထားသည်ထက် ပိုမိုတိုးတက်ရရှိကြောင်း ပြောပြပါသည်။

"ဆရာ့ကို ပြောပြရဦးမယ်။ ကျွန်တော့်အိမ်မှာ ရှင်သူငယ်ဂမုန်း အညိုရောင်ရယ်၊ အဖြူရောင်ရယ်၊ အနီရောင်ရယ် သုံးပင်တန်းစီပြီး စိုက် ပျိုးပြုစုထားတာရှိတယ်။

"ရှင်ဖြူပင်နဲ့ ရှင်ညိုပင်ဟာ အရွက်တွေဘေးကားပြီး ကျန်တာနဲ့ စုပြီး ကြိုးနဲ့စည်းထားလိုက်တယ်။ ဆရာသိတဲ့အတိုင်း ရှင်နီပင်ကတော့

အရွက်တွေ အပေါ်ထောင်နေတဲ့ အမျိုးမို့ ကြိုးစည်းရန် မလိုဟု အောက်မေ့ပြီး မစည်းဘဲ ချန်ထားခဲ့မိတယ်။

"ညကျတော့ အိပ်မက်လိုလို တကယ်လိုလို ဘုန်းတော်ကြီးတစ်ပါးကြွလာပြီး 'ဒကာကြီး ကျုပ်မှာ ခါးပန်းကြိုးမရှိဘူး။ ဝယ်ပေးပါ။ ရှော့ငွေငါးကျပ်" ဟုပြောပြီး ပျောက်ကွယ်သွားတယ်။

ကျုပ်စိတ်ထဲမှာ စဉ်းစားလို့မရဘူး။ ဒီအိပ်မက်ထူးဆန်းပါတယ်လို့တွေးတောပြီး အိပ်၍မပျော်တော့ဘဲ မနက်မိုးလင်းလို့ ရေလောင်းတော့မှ ရှင်သူငယ်အနီပင်မှာ ကြိုးမစည်းဘဲထားတာ တွေ့ရတော့မှ အိပ်မက်အကြောင်းကို ဘွားခနဲ သတိရလာတယ်။

ကျွန်တော်၏ဇနီးကိုခေါ်ယူ၍ အိပ်မက်၏အကြောင်းကို ပြောပြပြီး အိမ်မှာ အဆင်သင့်ရှိနေတဲ့ ချည်ကြိုးကလေးတစ်ချောင်းကိုယူလျက် ရှင်သူငယ်အနီပင်ကို စည်းပေးလိုက်တယ်။

နောက်ညကျတော့ ကျွန်တော့်ကို အိပ်မက်မပေးတော့ဘဲ ကျွန်တော်၏ဇနီးကို ဘုန်းတော်ကြီးတစ်ပါးက 'ဒကာမကြီး ကျုပ်မှာ ခါးပန်းကြိုးရပြီ။ ဒကာမကြီးတို့ လိုအင်ဆန္ဒ ပြည့်ဝတော့မယ်' လို့ပြောလျက် ပျောက်ကွယ်သွားသတဲ့။

ကျွန်တော်ဟာ အခု အသက် ၄၀ ရှိပါပြီ။ အသက် ၂၀ ကျော်အရွယ်ကပင် ကျွန်တော့်ဇနီးနှင့် အကြောင်းပါခဲ့ပြီး အနှစ် ၂၀ အတွင်း သားသမီးတစ်ယောက်မှ မထွန်းကား မပေါ်ပေါက်လို့ ဂျင်မခါနာဆေးရုံသို့သွားလျက် အမျိုးမျိုးစမ်းသပ်ရတာနဲ့ ဂျင်မခါနာမှ ဆရာဝန်တွေ ဆရာဝန်မတွေနှင့် မိတ်ဆွေတွေဖြစ်နေကြပါတယ်။ သားသမီးတစ်ယောက်မှ မထွန်းကား မရရှိခဲ့ပါဘူး။

"ဆရာ့ကိုတော့ အရင်းအချာလို သဘောထားလို့ ပြောကြားရဦးမယ်။ ယခု ကျွန်တော့်ဇနီးမှာ သားယောကျ်ားလား၊ သမီးမိန်းမလား ခွဲ

ခြားပြီးမှ မသိရသေး။ ကိုယ်ဝန် ၃ လရှိနေပြီ။ ဆရာဆောင်းပါး ရေးချင်ရင်လည်း ရေးပါ။ နာမည်တော့မထည့်လိုက်ပါနဲ့။ ကျွန်တော်၏စိတ်ထဲမှာ ရတနာဂမုန်းပင်ကို စိုက်ပျိုးပြုစုလို့ သားသမီးရတနာရတာပဲလားလို့လည်း အောက်မေ့မိတယ်" ဟု ရယ်ကာမောကာ ဝမ်းသာအားရ ပြောပြပါသည်။

ထိုဂမုန်းမိတ်ဆွေ ပြောပြသော စိတ်ဝင်စားဖွယ်ရာ စကားများကို ကြားရသောအခါ ကျွန်တော်၏စိတ်ထဲတွင် ယခင်မိတ်ဆွေနှစ်ဦးတို့၌ သားရတနာတစ်ယောက်စီ ရရှိကြသည်တို့ကို သတိရ၍လာပါသည်။

"ခင်ဗျားမှာ သားယောကျ်ား ရတနာရရှိမှာ သေချာပါတယ်ဗျာ။ မင်္ဂလာဂမုန်းကို စိုက်ပျိုးလျှင် မင်္ဂလသုတ်ပရိတ်တော်ကို နာနာရွတ်ဖတ်၊ ရတနာဂမုန်းကို စိုက်ပျိုးလျှင် ရတနသုတ်ပရိတ်တော်ကို နာနာရွတ်ပေးပါ။ မင်္ဂလသုတ်ပရိတ်တော်ဟာ လောကရော သံသရာမှာပါ ကောင်းကျိုး ချမ်းသာပွားများနိုင်ကြောင်း လူတိုင်းသိရှိ ယုံကြည်ကြပြီး ဖြစ်ကြပါတယ်"

"ရတနသုတ်ပရိတ်တော်မှာလည်း ဧတေန သစ္စေန သုဝတ္ထိ ဟောတုဆိုတဲ့ သစ္စာပြုတွေ သစ္စာတိုင်တည်ချက်တွေ ပါရှိပါတယ်။ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာကြီးမှာ မင်းမှာသစ္စာ လူမှာကတိ ဆိုရိုးရှိတိုင်း မြဲဘိဘယ်ခါ မချွတ်ရာဘူး အကုသိုလ်မှာ မုသာဝါဒ ကုသိုလ်မှာကား သစ္စဝါစာ လေးဆုံးသာတည့် သစ္စာဖောက်ပြန် မတော်လှန်က ဘေးဒဏ်များစွာ ထိတတ်ရာ၏။ သစ္စာနှုတ်သီး မန္တန်ကြီးကား သေပြီးသော်မှ ပြန်ရှင်ရ၏တဲ့။ ကတိသစ္စာတည်သောခါလျှင် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့" ဟု တတ်သမျှ မှတ်သမျှ ရွတ်ဖတ်ပြောပြရာ ထိုဂမုန်းမိတ်ဆွေက အမြဲရွတ်ဖတ်ပါမည်ဟု ပြောဆိုဝန်ခံ၍သွားပါသည်။

ကျွန်တော် ယခုရေးသားဖော်ပြခဲ့သည့် မိတ်ဆွေတွေဟာ ရှင်သူငယ်ဂမုန်းအနီပင်ကို သက်န်းဆီး ဆွမ်းတော်တင် သားဆုတောင်းကြသဖြင့် ၎င်းတို့မှာ ၎င်းတို့အလိုဆန္ဒပြင်းပြလှတဲ့ သားသမီးရတနာကို ရရှိကြသည်ဟု ကျွန်တော်က တထစ်ချ မရေးသားပါ။ သူတို့ဆုတောင်းကြချိန်နှင့် သားသမီးရရှိကြသောအချိန် တိုက်ဆိုင်ကြပုံတို့ကို ဖော်ပြခြင်းဖြစ်ပါသည်။

သို့သော် ဂမုန်းရှင်သူငယ်အနီပင်ကို သက်န်းဆီး ဆွမ်းတော်တင်ရာမှ အကြောင်းဆက်လျက် ၎င်းတို့၏ဆန္ဒကို ပြင်းပြင်းပြပြ သစ္စာအဓိဋ္ဌာန်ပြု၍ တောင်းဆိုသည်တို့ကို မရနိုင်ဟုတော့ မယူဆရဲပါ။

ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝိမံသာဓိပတိ ဆိုတဲ့ အဓိပတိလေးပါးတို့မှာ ဆန္ဒာဓိပတိက ရှေ့ဆုံးကပါ၍နေပါသည်။

'မနုဿတ္တံ လိင်္ဂသမ္ပတ္တိ' စသော မြတ်စွာဘုရားလောင်းတို့ကို ဘုရားဖြစ်မည်ဟု နိယတဗျာဒိတ်ပေးသည့် အင်္ဂါရှစ်ပါးအဆုံးတွင်လည်း 'အဓိကာရောစ ဆန္ဒတာ' ဟု ဆန္ဒအလွန်ပြင်းပြရမည်ဟု ပါရှိနေပါသည်။

ထိုဂမုန်းမိတ်ဆွေ ပြန်သွားသောအခါ ကျွန်တော်နှင့် ဂမုန်းမိတ်ဆွေတို့ ပြောဆိုကြသောစကားများကို အစအဆုံး နားထောင်နေသူ ကျွန်တော်၏သား မောင်မေအောင်က ၎င်း၏မိခင်ထံသို့ သွားရောက်ပြီး

"မေမေ အဲဒီရှင်သူငယ်ဂမုန်းအနီပင်ကို ခါးပန်းကြိုး ဝယ်စည်းပေးပါ။ ကျွန်တော် ကလေးချီချင်တယ်" ဟုပူဆာ၍နေပါတော့သတည်း။

●

# (၆) ပြည်လုံးချမ်းသာ

ကျွန်တော်တို့ရပ်ကွက် ကျွန်တော်တို့လမ်းတွင် နေထိုင်လျက်ရှိသော ကုန်သည်အိမ်တစ်အိမ်သည် မကြာသေးမီနှစ်အတွင်းမှစ၍ အိမ်အသစ်ဆောက်လုပ်ခြင်း၊ မော်တော်ကားဝယ်ခြင်း၊ နောက်ထပ် တိုးတက်ကောင်းမွန်သော မော်တော်ကားကိုဝယ်ခြင်း၊ ထို့အပြင် အလှူအတန်းကိုလည်း မကြာမကြာ ပြုလုပ်လှူဒါန်းသည်။

မျက်စိအောက်တွင်ပင် မယုံကြည်နိုင်လောက်အောင် စီးပွားဥစ္စာတိုးတက်မှု လျင်မြန်လှသည်တို့ကို အံ့သြဖွယ်တွေ့မြင်ရပါသည်။

ထိုသူတို့နှင့် နီးစပ်မှုရှိသူ အဒေါ်ကြီးတစ်ဦးအား ၎င်းတို့၏ ကြီးပွားတိုးတက်မှု လျင်မြန်လှပုံကို မေးမြန်း၍ကြည့်မိပါသည်။

အဒေါ်ကြီးက ထိုသူတို့၏အိမ်၌ ဂမုန်းပင်တစ်ပင်ရှိကြောင်း၊ အပင်ငယ်ငယ်ကလေးတစ်ပင်ကို ငွေ ၃ဝိ ပေး၍ ဝယ်ယူစိုက်ပျိုးထားကြောင်း၊ ၎င်းဂမုန်းပင် စည်ကားလာချိန်မှစ၍ အလုပ်အကိုင် အကြံအစည်များ သိသိသာသာ တိုးတက်အောင်မြင်ကြောင်း၊ ထီပေါက်ကြောင်း၊ အရောင်းအဝယ်ကောင်းမွန်ကြောင်းတို့ကို အားရပါးရ ပြောပြ

ပါသည်။

ထိုအဒေါ်ကြီးပြောပြသောစကားအရ သွားရင်းလာရင်းနှင့် ထိုသူတို့၏အိမ်ကို ဂရုပြု၍ကြည့်ရှုမိရာ အိမ်၏ဧည့်ခန်းတွင် သစ်သားစည်ပိုင်းတစ်ခု၌ သေချာစွာ စိုက်ပျိုးပြုစုထားလျက် ငွေမင်ရောင်ပြောင်လက်နေအောင် သုတ်လိမ်းထားသည့် အရွက်စိမ်းစိမ်း ပြားပြားရှည်ရှည် ပြောင်ပြောင်လက်လက် ဂမုန်းပင်တစ်ပင် တွေ့မြင်ရပါသည်။



ပြည်လုံးချမ်းသာဂမုန်းပင်

ထိုဂမုန်းပင်ကို တွေ့မြင်ရသည့်အချိန်မှစ၍ ကျွန်တော်၏ စိတ်ထဲတွင် ထိုဂမုန်းပင်မျိုးကို စိုက်ပျိုးပြုစုလိုသော စိတ်ဆန္ဒလွန်မင်းစွာ ပြင်းပြထက်သန်လျက်နေပါသည်။

သွားလေရာ ရောက်လေရာအရပ်တိုင်းမှာ ဂမုန်းပင်စိုက်ပျိုးထားသောအိမ်တွေ့ရှိတိုင်း ထိုဂမုန်းပင်မျိုးရှိသည် မရှိသည်တို့ကို ကြည့်ရှုလေ့ရှိလျက် အလွန်အတွေ့အကြုံနည်းသော ဂမုန်းမျိုးဖြစ်ပါသည်။

တခြားအိမ်တစ်အိမ်တွင် ကျွန်တော် အလွန်လိုချင်နေသည့် ဂမုန်းပင်ကို ဝေဝေဆာဆာ လှလှပပ တွေ့မြင်ရပြန်ပါသည်။

ထိုအိမ်ရှင်မှာလည်း နှစ်မကြာသေးမီအတွင်း အိမ်ဆောက် တိုက်ဆောက် မော်တော်ကားကို တစ်စီးပြီးတစ်စီးဝယ်၊ စီးပွားဥစ္စာတိုးတက်မကြာခဏ အလှူအတန်းပြုလုပ်နေသော အိမ်ပင်ဖြစ်နေပြန်ပါသည်။

၎င်းအိမ်များမှာ ငွေနှင့်ဝယ်၍ ရောင်းမည့်အိမ်များမဟုတ်၊ တောင်း၍ယူရလောက်အောင်လည်း ခင်မင်ရင်းနှီးမှုမရှိလှသဖြင့် အခက်အခဲကြုံလျက် ကျွန်တော့်မှာ ၎င်းအမျိုးအမည် မသိရသေးသော ဂမုန်းပင်အတွက် စိတ်အနှောင့်အယှက် တောင့်တမှုဆင်းရဲကို ခံ၍နေရပါသည်။

နာမည်အလွန်ကြီး၍ အလွန်အရောင်းရသွက်သော ဆိုင်တစ်ဆိုင်တွင် ထိုဂမုန်းပင်ကို တွေ့ရှိပြန်သဖြင့် ထိုဆိုင်ရှင်အား ၎င်းဂမုန်းပင်၏အကြောင်းကို စုံစမ်းမေးမြန်းမိပါသည်။

ထိုဆိုင်ရှင်က ထိုဂမုန်းပင်မှာ နာမည်အတော်များကြောင်း၊ ချမ်းသာကြီး၊ သူဌေးကြီး၊ မယ်တော်ကြီး၊ မင်းသားကြီးဟု အမျိုးမျိုး ခေါ်ဝေါ်ကြကြောင်း၊ တစ်ပင်လျှင် ၂၅–၃၀–၅၀–၁၀၀ အထိပေး၍ ဝယ်ယူကြကြောင်း၊ ထိုဂမုန်းပင်ကို စိုက်ပျိုးပြီးမကြာခင် ဝင်ငွေအထူးများလာကြောင်း၊ ထီပေါက်ကြောင်း၊ မြင်းနိုင်ကြောင်း၊ ဈေးရောင်း၍ အလွန်ကောင်းကြောင်း၊ အလှူန်ယုံကြည်မှုရှိကြောင်းတို့ကို မစားရဝခမန်း ပြောပြ

နေသောကြောင့် ယခင်ကရှိခဲ့သည့် တောင့်တခြင်း၊ ဆင်းရဲခြင်းမှာ ပိုမို ပြင်းထန်လာပါသည်။

နေ့တစ်နေ့တွင် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးမှုရှိလှသော မိတ်ဆွေတစ်ဦး၏နေအိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိ၍သွားရာ ထိုမိတ်ဆွေအိမ်ရှိ ဂမုန်းပင်များ၏အကြား၌ ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့်ဖြင့် ကျွန်တော် အလွန်လိုချင်တောင့်တနေသော ဂမုန်းပင်ကို တွေ့မြင်ရပါသည်။

အချို့ရှာ သကာတွေ့ အပျို့ရှာ ကညာတွေ့ဆိုသကဲ့သို့ အလွန်ကြည်နူးနှစ်သိမ့်မှု ပီတိတွေဖြာလျက် ဒီဂမုန်းပင် တယ်လှပါကလား၊ ကျက်သရေရှိလိုက်တာ၊ နာမည်ဘယ်လိုခေါ်သလဲ၊ ရောင်းချင်လည်းရောင်း၊ မရောင်းချင်လည်းပေး၊ မပေးချင်လည်း အတင်းယူရမှာပဲ ဟု မေးမေးပြောပြော ဝယ်ဝယ်တောင်းတောင်း လိုရင်းသို့ရောက်အောင် ခပ်တိုတိုနဲ့ နိုင်လိုမင်းထက်ပြုလိုက်မိပါသည်။

ကျွန်တော်၏မိတ်ဆွေမှာ ခင်မင်ရင်းနှီးသူဖြစ်သည့်အတိုင်း ဒီဂမုန်းပင်ကို ပြည်လုံးချမ်းသာလို့ ခေါ်ပါတယ်။ နာမည်ကောင်းမွန်သလောက် နာမည်နဲ့ လိုက်လျောအောင် အကျိုးပေးလည်း ထူးခြားပါတယ်။ ဘယ်သူ့ကိုမှ ရောင်းလည်း မရောင်း၊ ပေးလည်းမပေးဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ဆရာ့ကိုတော့ မပေးမဖြစ်တဲ့လူဖြစ်နေလို့ ကျွန်တော်၏ဆုံးဖြတ်ချက်ကို ဖျက်ပြီးပေးရတော့မှာပေါ့။ မရောင်းပါဘူး၊ ဆရာ့အိမ်မှာ ပွားလာရင်သာ သူတစ်ပါးကို မပေးလိုက်ပါနဲ့ဟုပြောပြီး အပင်ငယ်တစ်ပင် ပေးလိုက်ပါတယ်။

ကျွန်တော် မည်မျှဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်ကိုတော့ ရေး၍ မပြနိုင်ပါ။ ခင်ဗျားမှာ ဒီတစ်ပင်ထဲရှိလျှင်တော့ ကျွန်တော် မယူရက်ပါဘူး။ နောက်ပွားတော့မှသာပေးပါ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။

အားနာလို့ မပေးမဖြစ်လို့ပေးရတာကိုတော့ မယူလိုပါဘူးဟု ကိုယ့်စိတ်ကို ချိုးနှိမ်ပြီး ပြန်လည်ပြောပြမိပါသည်။

"ဟာ ဆရာကလည်း ဒီတစ်ပင်ထဲရှိလျှင် ဆရာ့ကို ပေးပါ့မလား။ ဟိုမှာ အပင်ကြီးရှိတယ်။ ဒီအပင်လေးက ခွဲစိုက်ထားတာပါ။ အားမနာပါနဲ့ဆရာ။ လွယ်လွယ်နဲ့ရသွားလျှင် လေးလေးစားစား မြတ်မြတ်နိုးနိုး မရှိမှာစိုးလို့ ခဲရာခဲဆစ်သဘောမျိုးကို ပြောပြနေတာပါ" ဟု ဆိုသောကြောင့် မိတ်ဆွေပြရာ အကြိုအကြားထဲကို လှမ်းကြည့်လိုက်ရာ အလွန်ကြီးထွားလှပသော ဂမုန်းပင်ကြီးကို တွေ့မြင်ရပါသည်။

"ဟာ လွယ်လွယ်ရပေမယ့် ပေါ့ပေါ့ဆဆ မအောက်မေ့ပါဘူး။ ကျွန်တော် ဒီဂမုန်းပင်ကို စွဲလမ်းတောင့်တနေတာကြာပါပြီ။ ဒီဂမုန်းပင်ပေးတဲ့အတွက် ကျေးဇူးတွေအများကြီး အစုလိုက် အပုံလိုက် အူထဲအသည်းနှလုံးထဲ ကျောက်ကပ်ထဲက တင်ပါတယ်ခင်ဗျား" ဟု ပြောပြီး ယူခဲ့လျက် စိုက်ထားလိုက်ပါသည်။

ထိုဂမုန်းပင်ပေးလိုက်သော မိတ်ဆွေမှာလည်း စီးပွားဥစ္စာပြည့်စုံသူ၊ ဩဇာအာဏာကြီးသူ၊ အခြွေအရံပေါများသူ၊ ထီနှစ်ခါပေါက်ဖူးသူ၊ အိမ်ငယ်ကလေးမှ အိမ်ကြီးကြီး ဆောက်လုပ်နေထိုင်သူတစ်ယောက်ပင် ဖြစ်ပါသည်။

ထိုဂမုန်းပင်ကို ကျွန်တော်၏အိမ်တွင် စိုက်ပျိုးထား၍ ဝေဝေဆာဆာ လှလှပပဖြစ်လာသောအခါ ရင်းနှီးသူမိတ်ဆွေများက တောင်းဆိုကြပါသည်။

ကျွန်တော်၏အပင်မှာ မပွားသေးသောကြောင့် တခြားမှ တစ်ပင်လျှင် အနည်းဆုံး ၂၅၊ ၃၀၊ ၅၀၊ ၁၀၀၊ အပင်အကြီးအငယ် အရွယ်အစားအလိုက် ဝယ်ယူ၍ပေးခဲ့ရပါသည်။

ထိုဂမုန်းပင်ကို စိုက်ပျိုးပြုစုသူတိုင်းလိုလိုပင် အလုပ်အကိုင်အကြ

အစည် စီးပွားဥစ္စာတိုးတက်သည်ဟု ယုံကြည်ကြောင်း၊ ဂမုန်းပင်ရှာ၍ ဝယ်ပေးသဖြင့် ဆရာ့ကို ကျေးဇူးတင်ကြောင်း အသီးသီးပြောကြားကြပါသည်။

ကျွန်တော် ရှာဖွေ၍ ဝယ်ပေးလိုက်သူများအနက် တစ်ပင်လျှင် ၅ဝိ နှင့်ဝယ်၍ပေးလိုက်ရသော ဈေးသည်တစ်ဦးမှာ ထူးထူးခြားခြား ကောင်းကျိုးခံစားရသူဖြစ်၍ အလွန်ဈေးရောင်းကောင်းပြီး အလွန်စီးပွားတိုးတက်လေသည်။

ညဦးအခါ ခွေးဟောင်လျှင် ပစ္စည်းဥစ္စာကို ခိုးယူခံရမှာထက် ဂမုန်းပင်ခိုးယူခံရမှာကို ပိုမိုကြောင့်ကြ စိုးရိမ်လျက် ဓားကိုထမ်းကာ ဂမုန်းပင် အနားတွင် မအိပ်ဘဲ စောင့်နေသည်ဟု ပြောပါသည်။

၎င်း၏စိတ်ထဲမှာ ဂမုန်းပင်ရှိနေလျှင် စီးပွားဥစ္စာ ရှာဖွေ၍ ရလွယ်သည်ဟု ယုံကြည်စွဲလမ်းနေကြောင်းကို ပြောပါသည်။

ထိုဂမုန်းပင်မျိုးမှာ အလွန်အတက်အခက် ပွားများခဲ့ပြီး တစ်ပင်ထဲ စည်ကားဝေဆာလှပ၍နေတတ်သောမျိုးဖြစ်ပါသည်။

တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော်၏ ထိုဂမုန်းပင်တွင် ပင်ခြေကရော အပင်ဘေးကပါ အတက်များစွာ ထွက်၍လာသဖြင့် ကျွန်တော့်ကို ဂမုန်းပေးလိုက်သော မိတ်ဆွေက ပင်ခြေမှအတက်များကို ခွဲလိုက ခွဲပါ။ ဘေးကပေါက်သော အတက်များကို မခွဲပါနဲ့။ ကျွန်တော် စိုက်လာတာ အတော်ကြာပြီ။ ဘေးက မပေါက်ဖူးဘူး။ ပင်ခြေကသာ ပေါက်လေ့ရှိတယ်။ ဆရာ့အပင်မှာ ဘေးကအတက်တွေ ပေါက်လာတာဟာ ထူးခြားလှပါတယ်ဟု ပြောဆိုပါတယ်။

ကျွန်တော်သည် မိတ်ဆွေခင်ပွန်းပေါများသူ အလွန်အားနာတတ်သူ၊ ပေးချင်တတ်သူတစ်ယောက်ဖြစ်၍ ကျွန်တော့်အား ဂမုန်းပေးသူ မိတ်ဆွေတစ်ယောက်က ပွားလျှင် သူတစ်ပါးကို မပေးလိုက်ပါနဲ့ဟု

မှာကြားလိုက်သောစကားကို မနာယူနိုင်တော့ဘဲ ပထမ ပင်ခြေမှအတက်များကိုပေးပါသည်။ နောက်တော့ ဘေးကပေါက်သော အတက်များကိုပေးပါသည်။ ခွဲစိုက်ထားသော အတက်နှစ်ခုသာကျန်ရှိပြီး ပင်မကြီးမှာ အငုတ်သာ ကျန်ရှိပါတော့သည်။

နောက်ထပ်၍ ငုံးတိဖြစ်နေသော အပင်မှ အတက်များပေါက်လာလျှင် မရသေးသော မိတ်ဆွေများကို ပေးရပါဦးမည်။ မကြာခဏ အတက်များ ပေါက်နေမည်ဟု ထင်ရပါသည်။

ဂမုန်းစိုက်ပျိုးသောအခါ အများအားဖြင့် ရွှေရည်ငွေရည်ကို လောင်း၍ ကျောက်သံပတ္တမြားများခံ၍ စိုက်ကြပါသည်။ ဆရာကြီးတစ်ယောက်က ကြေးပြား ၉ ပြားခံ၍စိုက်ရမည်ဟု ကြေးဖလားနှင့် နွားနို့လှူ၍ အမြစ်ကိုလောင်းထည့်ရမည်ဟု ပြောပါသည်။

အမွေးတိုင်များထွန်းညှိလျက် အမွှေးနံ့သာရည်များ လောင်းပြီးလျှင် ဥပုသ်နေ့မှာ တရော်ကင်မွန်းတို့ဖြင့် အရွက်ကို ဆေးကြောသုတ်သင်ကြပါသည်။

၎င်းဂမုန်းပင်၏ ထူးခြားချက်များမှာ ဂမုန်းပင်အများရှိသည့်အထဲတွင် အပင်နေပုံ၊ အရွက်ထွက်ပုံ၊ အရွက်ပြောင်လက် တောက်ပပုံများမှာ လွန်စွာကျက်သရေရှိလျက် မြင်သူတိုင်းပင် လိုချင်စဖွယ် စိုက်ချင်စဖွယ် အားရပါးရရှိလောက်အောင် သန်မာထွားကြိုင်းလှပါသည်။

ညဥ့်ခုနစ်နာရီလောက်အချိန်ကျလျှင် အရွက်အဖျားများမှ ရေပေါက်များထွက်လျက် စီးကျပြီး စိုပြည်နေတတ်ပါသည်။

အပင်ကိုဂရုစိုက်ပြီး သန့်သန့်ပြန့်ပြန့် စင်နှင့်တင်ထားရန် အရေးကြီးပါသည်။ နေပူခံရလွန်းလျှင် အရွက်များ ခြောက်လိုက်မည်။ အိမ်တွင်းမှာထား၍ လင်းမိနေလျှင်လည်း အရွက်များရှည်ပြီး နွယ်တက်နေတတ်ပါသည်။

မည်သည့်ဂမုန်းမျိုးမဆို နေပူမိမှာကိုတော့ ကြောက်ကြပါသည်။ နံနက်ပိုင်းတွင် နေရောင်ခံ၍ မွန်းတည့်ကလွန်လျှင် အရိပ်ရဖို့ အရေးကြီးပါသည်။ နေပူတစ်ဝက် အရိပ်တစ်ဝက်ဆိုလျှင် သင့်လျော်ပါသည်။

ရေမနိုင်လျှင် မသန်စွမ်းတတ်ပါ။ ရေလောင်း၍တော့ မည်မျှပင် လောင်းနေစေကာမူ ပုပ်သွားခဲပါသည်။ ရေများများလောင်း၍ ပေးနိုင်လေ များများစည်ကားလှပလေလေ ပွားများလေလေဖြစ်တတ်ပါသည်။

မိတ်ဆွေများက ဆရာတော့ ဂမုန်းပင်တွေစိုက်လို့ စိတ်ချမ်းနေရောပေါ့။ ထီဘာယ်နှခါပေါက်ဖူးပြီလဲ။ ဈေးရောင်းကောင်းရဲ့လား၊ မြင်းနိုင်ရဲ့လားဟု မေးကြပါသည်။

ထီတော့မပေါက်သေးပါ၊ မြင်းလည်းမနိုင်သေးပါ၊ ဈေးလည်း မရောင်းကောင်းသေးပါ၊ ချမ်းသာတော့ ချမ်းသာပါရဲ့လို့ ဖြေရပါသည်။

ဝါသနာမပါ၍ ထီလည်းမထိုး၊ မြင်းလည်းမလောင်း၊ ဈေးလည်း မရောင်းသောကြောင့် ပစ္စည်းဥစ္စာ အစုလိုက် အပုံလိုက် မရှိသော်လည်း စိတ်မပျက်တတ်သူဖြစ်၍ စိတ်တော့ အတော်ချမ်းသာပါသည်။

တိုက်ဆိုင်၍လားတော့ မပြောနိုင်။ ဗေဒင်ဟောစာတမ်းတစ်စောင် လျှင် ၁၀-၂၀ မျှရနေကျကို ပြည်လုံးချမ်းသာဂမုန်းပင် စိုက်သည့်နေ့မှစ၍ ဗေဒင်ဟောစာတမ်းတစ်စောင်ကို ၁၀၀ တိတိပေးသူ အတော်များများ တွေ့ရတာကတော့ မေးမြန်းကြသူများ အကြံအစည်ဟန်ကျသွားကြသောကြောင့် ပေးကြခြင်းဖြစ်သော်လည်း ပြည်လုံးချမ်းသာ ဂမုန်းပင်ကို စိုက်ပျိုးပြုစုခြင်းကြောင့်ပေလောဟု မှတ်ထင်တွေးတောမိပါတော့ သတည်း။

●


## (၇) ရတနာဂမုန်း

တစ်နေ့တွင် ကျွန်တော်နှင့် လွန်စွာခင်မင်ရင်းနှီးမှု ရှိလှသော ဂမုန်းမိတ်ဆွေတစ်ယောက်၏နေအိမ်သို့ အကြောင်းကိစ္စတစ်ခုဖြင့် ရောက်ရှိသွားပါသည်။

ထိုဂမုန်းမိတ်ဆွေနှင့် စပ်မိစပ်ရာစကားများကို ပြောကြားကြရင်း ဂမုန်းပင်များ၏အကြောင်းကို ရောက်ရှိသွားပါသည်။

"ခင်ဗျား၏အိမ်မှာရှိတဲ့ ဂမုန်းပင်များစွာအထဲမှ အထူးခြားဆုံး၊ အယုံကြည်ဆုံး၊ အမြတ်နိုးဆုံး၊ အပြုစုအယုယဆုံး ဂမုန်းပင်တစ်မျိုးကို ပြောပြစမ်းပါ" ဟု ကျွန်တော်က မေးမြန်းမိပါသည်။

ထိုအခါ ဂမုန်းမိတ်ဆွေက "ကျွန်တော်၏အိမ်တွင် စိုက်ပျိုးပြုစုထားသော ဂမုန်းပင်အမျိုးပေါင်း ၁၀၀ ကျော်ရှိသည့်အထဲမှ ကျွန်တော်အားအကိုးဆုံး အကျိုးပေး ထက်သန်သည်ဟု အယုံကြည်ဆုံးဖြစ်၍ ကျွန်တော်၏အိမ်ရှိ ဂမုန်းပင်များစွာတွင် ထိပ်ဆုံးမှာတင်ထားသော ဂမုန်းပင်မှာ ကျွန်တော် ခဲရာခဲဆစ် ရှာဖွေရယူခဲ့ရသည့် ရတနာဂမုန်းပင် ဖြစ်ကြောင်း" ပြောပြပါသည်။



ရတနာဂမုန်း

ကျွန်တော်က ထိုဂမုန်းမိတ်ဆွေအား ၎င်းရတနာဂမုန်းပင်ကို မည်သည့်အရပ်မှ မည်ကဲ့သို့ရရှိကြောင်း၊ မည်ကဲ့သို့အကျိုးပေးပုံ ထူးခြားကြောင်း၊ မည်သည့်အတွက် ဂမုန်းပင်အများရှိလျက် ၎င်းရတနာဂမုန်းပင်ကိုမှ အယုံကြည်ဆုံးဟု စွဲမှတ်နေကြောင်း၊ မည်သည့်အတွက် ဂမုန်းပင်များ၏ ထိပ်ဆုံးမှာထားရကြောင်းတို့ကို အသေးစိတ်ပြောပြရန် တောင်းပန်သဖြင့် ကျွန်တော်၏ဂမုန်းမိတ်ဆွေက အောက်ပါအတိုင်း ပြောပြပါသည်။

ကျွန်တော်၏အိမ်မှာ တခြားဂမုန်းပင်များ မစိုက်ပျိုးမီ၊ ဂမုန်းဝါသနာမပါသေးမီ၊ အရင်ဆုံးစိုက်ပျိုးခဲ့တဲ့ ဂမုန်းဟာ အဲဒီရတနာဂမုန်းပင်ဖြစ်၍ ဂမုန်းဝါသနာစပြီးပါခဲ့တာ အဲဒီရတနာဂမုန်းပဲဖြစ်ပါတယ်။

ကျွန်တော်ဟာ နေမကောင်း ထိုင်မသာ ရောဂါဝေဒနာစွဲကပ်လျက် မကျန်းမမာဖြစ်ပြီး အလုပ်အကိုင် မလုပ်ကိုင်နိုင်သဖြင့် ကိုယ်ရောစိတ်ပါ၊ ပစ္စည်းဥစ္စာပါ အလွန်ဆင်းရဲနွမ်းနယ်လျက်ရှိနေ၍ မကြံတတ် မစည်တတ် ကြံရာမရ ဖြစ်နေခဲ့ဖူးတယ်။

အဲဒီအချိန်မှာ ကျွန်တော်၏မိဘများရှိစဉ်က ကျန်ရှိခဲ့သောအိမ်ကို ငှားရမ်းပြီး အိမ်၏နံဘေးတွင် အဖီကလေးချကာနေထိုင်ခဲ့လျက် အိမ်မှရသော အိမ်လခကလေးနှင့် မလောက်မင မှုမှုတတ ကျပ်တည်းလှစွာ ချွေချွေတာတာ သုံးစွဲနေထိုင်ခဲ့ရပါတယ်။

ကျွန်တော်၏ ချို့တဲ့ချို့ယွင်းမှု၊ ပင်ပန်းဆင်းရဲမှုတို့ကို ကျွန်တော်၏နောင်တော်ကြီးအရင်းက မရှုစိမ့် မမြင်ရက်သဖြင့် ပဲခူးနယ်ရှိ ရွာတစ်ရွာတွင် ဆရာတော်ကြီးတစ်ပါးရှိကြောင်း၊ ၎င်းဆရာတော်ကြီး၏ ကျောင်းတွင် ရတနာခေါ်သော ဂမုန်းပင်ရှိကြောင်း၊ ၎င်းရတနာဂမုန်းပင်ကို စိုက်ပျိုးပြုစုသူများမှာ အလုပ်အကိုင် အကြံအစည် နေရာကျတတ်သည်ဟု ယုံကြည်ကိုးစား အားထားသူအတော်များကြောင်း၊ မင်းလည်း

အဲဒီရတနာဂမုန်းပင်ကို သွားရောက်တောင်းယူပြီး စိုက်ပျိုးပြုစုကြည့်ရန် သင့်ကြောင်းနှင့် သွားရောက်ရမည့် ရွာကိုပါ ညွှန်ကြားပြောဆိုလိုက်သည်။

ကျွန်တော်လည်း နောင်တော်ကြီး ပြောပြချက်အတိုင်း အနည်းငယ် ကျန်းမာလာလျှင် ပဲခူးနယ်ရှိ ရွာတစ်ရွာမှ ဆရာတော်ဘုရားကြီး၏ ကျောင်းသို့ လှူဖွယ်ဝတ္ထုအနည်းငယ်ကို ယူ၍သွားရောက်ခဲ့ပါတယ်။

ဆရာတော်ကြီး၏ ကျောင်းသို့ရောက်ရှိ၍ မယောင်မလည်နှင့် ဂမုန်းပင်များကို ကြည့်ရှုသောအခါ တခြားသော စီးပွားဂမုန်းပင်များ ရိုးရိုးတို့၏အကြားတွင် ခပ်ဖုံးဖုံး ခပ်ကွယ်ကွယ်နှင့် စိုက်ပျိုးထားတဲ့ ရတနာဂမုန်းပင်ကို တွေ့မြင်ရပါတော့တယ်။

ဆရာတော်ဘုရားကြီးရှိရာသို့ သွားရောက်၍ အသင့်ပါလာသော ငါးသေတ္တာ၊ နို့ဆီဘူးတို့ကို လှူဒါန်းပြီးလျှင် 'တပည့်တော် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ကပါဘုရား။ ပစ္စည်းလေးပါးဒကာတစ်ယောက်၊ တပည့်ရင်းတစ်ယောက်ဟု မှတ်တော်မူပါဘုရား။ ဆရာတော်ဘုရားကြီး အလိုရှိသည့် ဝတ္ထုပစ္စည်းတို့ကို အချိန်မရွေး အလှူခံတော်မူပါဘုရား။ တပည့်တော်ကိုလည်း ရတနာဂမုန်းပင် အနည်းငယ်ပေးသနားတော်မူပါဘုရား" ဟု တတ်သမျှ မှတ်သမျှ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကို လျှောက်ထားလိုက်တယ်။

ဆရာတော်ဘုရားကြီးမှာ ရတနာဂမုန်းကို ပေးလိုပုံမရ။ ရပ်ဝေးမှ တကူးတက စရိတ်ကုန် လူပန်း အလုပ်ပျက်ခံပြီး လာရောက်တောင်းဆိုသည်ကို အနည်းငယ်မျှ မပေးလိုက်ဘဲ လက်ချည်းပြန်လွှတ်လိုက်ရမှာကိုလည်း အားနာ သနားတော်မူဟန်ဖြင့် ဂမုန်းပင်၏အတက်ကလေးတစ်ခုကို ပေးတော်မူလိုက်ရှာတယ်။

ထိုအချိန်က ကျွန်တော်၏အိမ်တွင် ပန်းအိုးမရှိသဖြင့် တာအိုး

ကလေးတစ်လုံးကို ဖင်မှာအပေါက်ဖောက်၍ ရွှေရည်ငွေရည်လောင်း လျက်စိုက်ပျိုးပြုစုပြီး အိမ်ဦးခန်းမှာ အမွှေးတိုင်များ ထွန်းညှိ၊ အမွှေး နံ့သာများ ပက်ဖျန်းပြီးလျှင် ရိုသေစွာဆုတောင်းလိုက်တယ်။

ရောဂါဝေဒနာ လုံးဝပျောက်ကင်းသွားတယ်။ ဂမုန်းပင်ကလေး ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း စည်စည်ကားကားဖြစ်လာသည့် အချိန်မှစ၍ အလုပ်အကိုင်အကြံအစည်များမှာလည်း တစ်နေ့တခြား ဒီရေလားသို့ တိုးတက်အောင်မြင်လျက် ပစ္စည်းဥစ္စာ စုပြီး ပုံပြီး မမျှော် လင့်ဘဲ ရရှိလာတာကို တွေ့ရတယ်။

ကျွန်တော်နေထိုင်သည့် အဖီကလေးကိုဖျက်၍ တစ်ထပ်အိမ် တစ်လုံးဆောက်တယ်။ ထီဆုငွေကလည်း ငါးသောင်းတစ်ခါ၊ ငါးထောင် တစ်ခါ ပေါက်ပြန်တော့ တစ်ထပ်အိမ်ကလေးကိုဖျက်ပြီး နှစ်ထပ်အိမ် ဆောက်တယ်။

အခြားဂမုန်းပင်များ တစ်ပင်မှမရှိသေးဘဲ အဲဒီရတနာဂမုန်းပင် တစ်မျိုးပဲရှိသေးတော့ ကျွန်တော် အကျိုးပေးသမျှဟာ ရတနာဂမုန်း ကြောင့်ပဲလို့ စွဲစွဲမြဲမြဲယုံကြည်ပြီး တရိုတသေ တယုတယ မြတ်မြတ်နိုး နိုး ပြုစုထားတယ်။

အလုပ်အကိုင် အကြံအစည်ကလည်း လျော့သွားသည်မရှိ။ တိုး တက်ကောင်းမွန်မြဲ တိုးတက်ကောင်းမွန်လျက်နေသဖြင့် တခြားသော ကောင်းနိုးရာရာ ဂမုန်းပင်များကို တစ်ပင်လျှင် ၂၅–၃၀–၅၀–၁၀၀ အထိ ပေး၍ ဝယ်ယူစိုက်ပျိုးခဲ့လို့ ယခုအခါ ဂမုန်းအမျိုးပေါင်း ၁၀၀ ကျော် ရှိပါပြီ။ ထူးခြားဆန်းကြယ်တဲ့ ဂမုန်းမျိုးရှိတယ်လို့ သတင်းကြားလျှင် ဘယ်လောက်ပင် ဝေးကွာ ဝေးကွာ လေယာဉ်ပျံနဲ့ပင် သွားရောက်ရှာဖွေ ခဲ့တယ်။

"ထီပေါက်ဖူးတဲ့လူဟာ ထီထိုးရမှာကို မနေမြောသလို ဂမုန်းပင်နဲ့

အကျိုးပေးဖူးတဲ့လူဆိုတော့ ဂမုန်းပင်ရှာရမှာ၊ ဝယ်ရမှာ ဝန်မလေးတော့ဘူးပေါ့ဗျာ။

နောက်ထပ် ရှာဖွေရရှိတဲ့ ဂမုန်းပင်များရဲ့ ထူးခြားဆန်းကြယ်ပုံများကိုလည်း လူအများကိုပြောပြလျှင် မယုံကြည်နိုင်လောက်အောင် မပြောပြရဲ၊ မပြောပြရက်၊ မပြောပြဝံ့လောက်အောင် ခပ်များများ တွေ့ရပါတယ်။

ကျွန်တော်တော့ အလုပ်အကိုင် အနည်းငယ် ထိုင်းသွားလျှင် ဂမုန်းပင်ကို ရေလောင်းပြုစု၍ ဂမုန်းပင်ဖြင့် ပျော်မွေ့လျက်နေတတ်ရာ ဂမုန်းပင်ကို ယုယုယယလုပ်လိုက်သောအခါ အလုပ်အကိုင်အကြံအစည်တို့ဟာလည်း ကြံကြံဖန်ဖန် ပြန်လည်ကောင်းမွန်၍ လာတတ်ပါတော့တယ်။

ကျွန်တော်၏ထံမှ တောင်းယူ၍ စိုက်ပျိုးပြုစုသောမိတ်ဆွေတစ်ဦးမှာလည်း အလုပ်အကိုင်အကြံအစည်များ တိုးတက်အောင်မြင်သဖြင့် အိမ်နှစ်လုံးသုံးလုံး တိုက်နှစ်လုံး သုံးလုံး မော်တော်ကား သုံးစီးလေးစီးတို့ဖြင့် သူဌေးအခေါ်ခံနေတာကို တွေ့မြင်ရပါတယ်။

ကျွန်တော်၏အစ်မဝမ်းကွဲတစ်ယောက်မှာလည်း ကျွန်တော်ကဲ့သို့ပင် ဆင်းရဲနွမ်းပါးနေချိန် ကျွန်တော့်ကို ညွှန်ကြားသော ကျွန်တော်၏ နောင်တော်ကြီးက ညွှန်ကြားသဖြင့် ကျွန်တော် သွားရောက် တောင်းဆိုသော ပဲခူးနယ်ရှိ ဆရာတော်ကြီးထံမှ သွားရောက်တောင်းယူ စိုက်ပျိုးတယ်။

အလုပ်အကိုင် အရောင်းအဝယ်များ ဖွံ့ဖြိုးတိုးတက်လှသဖြင့် အိမ်အသစ်နှစ်လုံးသုံးလုံး ဆောက်လုပ်ပြီးလျှင် ၎င်းတို့နေထိုင်သော ရပ်ကွက်၌ ခနရှင်ပေါက်စ ဖြစ်၍နေပါပြီ။

ထိုဂမုန်းမိတ်ဆွေပြောပြ၍နေစဉ် ကျွန်တော်က ကြားဖြတ်လျက်

"နေပါဦးဗျ။ ကျွန်တော်တို့လမ်းထဲမှာ ဒီဂမုန်းပင်မျိုး အတော်များများ မြင်ဖူးတယ်ထင်ပါတယ်။ အဲဒီအိမ်တွေမှာ ပြောပြလောက်အောင် စီးပွား ဥစ္စာ မတိုးတက်ကြပါဘူး" ဟု ဝင်ရောက်ပြောဆိုမိပါသည်။

ဂမုန်းမိတ်ဆွေက "ဟာ ဆရာပြောတဲ့အိမ်တွေကို ကျွန်တော် အားလုံးသိပါတယ်။ ၎င်းတို့မှာ သူများယောင်လို့ ယောင် အမောင် တောင်မှန်းမြောက်မှန်းမသိ ဆိုသကဲ့သို့ သူများဂမုန်းပင် စိုက်တာမြင် တာနဲ့ သူတို့လည်း ရောယောင်စိုက်ကာ ဂမုန်းပင်ကို မရိုမသေ မပြုမစု ပစ်စလတ်ခတ် ခွေးကျော် ကြောင်ကျော် ထားတာကိုး။ ဘယ်မှာကြီးပွား ပါ့မလဲ။ ယုံကြည်မှုလည်းရှိမှ ရိုရိုသေသေလည်းပြုစုမှသာ ကြီးပွားတိုး တက်တတ်ပါတယ်" ဟု ပြောပြပါသည်။

ကျွန်တော်က ထပ်မံ၍ "ဟာ...ဒီလိုဆိုလျှင် ကျွန်တော် အလွန် ပြုစုပါတယ်။ ကျွန်တော်တော့ ဘာကြောင့် မကြီးပွား မချမ်းသာရသလဲ" ဟု ပြောဆိုမိပါသည်။

ဂမုန်းမိတ်ဆွေက "ဒါတော့လည်းဆရာ အလုပ်အကိုင်အကြံ အစည် ရှိသူတွေမှသာ အလုပ်အကိုင် အကြံအစည် အကြီးအငယ် အလိုက် အကျိုးခံစားရတတ်ပါတယ်။

ဆရာ့လို အလုပ်အကိုင်အကြံအစည် ကြီးကျယ်စွာ မကြံစည် မလုပ်ကိုင်ဘဲ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ပြီး အေးအေးချမ်းချမ်း နေထိုင် လိုသူအဖို့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ အေးအေးချမ်းချမ်းနေရတာ ဂမုန်းပင်၏ကျေးဇူးပေါ့" ဟုပြောပြပါသည်။

ကျွန်တော်၏အိမ်သို့ အင်္ဂရိတ်ဆရာကြီးတစ်ယောက် ရောက်ရှိ လာလျက် "ပဲခူးနယ်က ဆရာတော်ကြီးထံက ရတယ်ဆိုတဲ့ ရတနာ ဂမုန်းပင်ဟာ ဘယ်အပင်လဲ" ဟုမေးပါသည်။

ကျွန်တော်က "ဒီအပင်ပါပဲ" ဟု ရတနာဂမုန်းပင်ကို ပြ၍ ပြော

ရာ "ဟုတ်ပြီဗျို့။ အဲဒီဂမုန်းဥနည်းနည်းလောက်ပေးပါ။ ကျုပ်မှာ အင်မတန်ဆေးဖက်ဝင်နေလို့ပါ။ ဆေးဖော်ပြီးလျှင် လာပို့ပါ့မယ်" ဟုပြောပါသည်။

ထို့နောက် ဆရာကြီးက "ကျုပ်ကို အသက်ဘယ်လောက်ရှိပြီ ထင်ပါသလဲ" ဟုမေးသဖြင့် ကျွန်တော်က "ဆရာကြီးအသက် ၆၀ အနည်းအပါးရှိမှာပေါ့" ဟုပြောမိပါသည်။

ကျုပ်အသက် ၉၀ ကျော်ပြီ" ဟုပြော၍ ၎င်း၏ရုပ်လက္ခဏာ၊ ပြောပုံဆိုပုံ ပေါ့ပါးဖျတ်လတ်ပုံကိုကြည့်လျှင် ကျွန်တော် မှန်းထားသော ၆၀ ပင် ထင်ရပါသည်။

သို့သော် ကုန်ခဲ့သောအနှစ် ၃၀ ခန့်က ကျွန်တော် တွေ့ဖူးသော ဆရာ့နာမည်ဖြစ်နေ၍ မေးကြည့်ရာ ဟုတ်မှန်နေသဖြင့် ကျွန်တော်တွေ့ဖူးစဉ် အနှစ် ၃၀ ကပင် ၆၀ အရွယ်ကို မှတ်မိလျက် ၉၀ ကျော် မှန်ကြောင်း သိရပါသည်။

ဆရာကြီးတောင်းဆိုသော ရတနာဂမုန်းဥကို ဆရာကြီးသို့ပေးလိုက်ရာ မကြာခင်ရက်အတွင်းမှာပင် ဆေးဖော်ပြီးပြီဖြစ်၍ ပုလင်းငယ်ငယ်ကလေးနှင့် လာရောက်ပေးပို့ပါသည်။

"ပျားရည်တစ်ပုလင်းကို ၎င်းဆေးတစ်ရွေးခန့် ထည့်ထားပါ။ ညအိပ်ရာဝင် တစ်ဇွန်းသောက်အိပ်ပါ။ ခင်ဗျားခတ်ပုံရိုက်ထားပါ။ တစ်လလောက်စားမိလျှင် နုပျိုလာပါလိမ့်မယ်" ဟုပြောပါသည်။

ထပ်မံ၍ "ဉာဏ်ရှိသလိုသုံးပါ။ လေငန်းဖြတ်တဲ့လူတွေ့လျှင် သံပရာရည်၊ ရှောက်ရည်နဲ့ ဆေးနှစ်ရွေးခန့်ဖျော်၍တိုက်ပါ။ ကျုပ်ကိုလည်း စိုက်ထားဖို့ ရတနာဂမုန်းတစ်ပင်ပေးလိုက်ပါ" ဟုတောင်း၍သွားပါသည်။

၎င်းရတနာဂမုန်းပင်ရတာကို အလွန့်အလွန် ကျေးဇူးတင် ဝမ်း

မြောက်ကြောင်း၊ အရေးရှိက သူ့ထံလာလျှင် ကူညီမည့်အကြောင်းနှင့် နေရပ်ကိုပါ ပြောပြသွားပါသည်။

ကျွန်တော်သည် အညောင်းထိုင်၍ အလုပ်လုပ်ရသည်ဖြစ်၍ ဇက်ကြောတက် ညောင်းကိုက်တတ်သဖြင့် မကြာခဏ အနင်းအနှိပ်ခံရသူ တစ်ဦးဖြစ်လျက် ၎င်းရတနာဂမုန်းပါသောဆေးကို စားပြီးကတည်းက မညောင်းမကိုက် အကြောမတက်၊ အနှိပ်အနင်းမခံရ၊ ကိုယ့်ကိုယ်ကို နပျိုလေသလားတော့ မသိ။ လူရောစိတ်ပါ ပေါ့ပါးဖျတ်လတ်မှုရှိတာ တော့ အမှန်ပင်ဖြစ်ပါတော့သည်။

●

## (၈) ဒေါင်းဂမုန်း

ဂမုန်းပင် စိုက်ပျိုးသူတိုင်းတို့၏ အိမ်၌ တွေ့ရှိရတတ်သည့် စိုက်ပျိုးသူ အလွန်များလှသောဂမုန်းမှာ ဒေါင်းဂမုန်းပင်ဖြစ်ပါသည်။

၎င်းဒေါင်းဂမုန်းမှာ အရွက်တွင် နီနီအစင်းကြောင်းများ ရှိတတ်သည်ကတစ်မျိုး၊ အနီအကွက်များရှိသည်ကတစ်မျိုး၊ အဖို အမ ဟူ၍ နှစ်မျိုးရှိပါသည်။

တချို့သောသူများ ဒေါင်းဂမုန်းဟူ၍ ယူမှတ်စိုက်ပျိုးထားကြသည့် ဒေါင်းဂမုန်းပင်နှင့် ခပ်ဆင်ဆင်အပင်မျိုးများလည်း အတော်များများပင် တွေ့ကြုံရပါသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ယောက်ကို ကျွန်တော်က "ဒေါင်းဂမုန်းပင်များဟာ နေဝင်လျှင် အရွက်တွေထောင်ပြီး အရွက်ချင်းပူးကပ်၍ အိပ်သွားတယ်။ မနက်လင်းတော့ အရွက်တွေကားပြီး နိုးလာတယ်" ဟု ပြောမိရာ ထိုမိတ်ဆွေက "ဆရာပြောလို့ ကျွန်တော်လည်း ကျွန်တော်၏ အိမ်က ဒေါင်းဂမုန်းပင်တွေကို နေဝင်လျှင် အိပ်သလား မအိပ်လား



ဒေါင်းဂမုန်းပင်

စောင့်ကြည့်ပါတယ်။ အိပ်တာမတွေ့ရပါ။ နေ့ခင်းမှာလိုပါပဲ။ မထူးပါဘူး၊ မယုံလျှင် ကျွန်တော်တို့အိမ်ကို ဆရာလာကြည့်ပါ” ဟု ပြောပါသည်။

ကျွန်တော်က “ဒေါင်းဂမုန်းမှန်လျှင် ညမှာအိပ်ရမယ်၊ မအိပ်လျှင် ခင်ဗျားမှာ ဘေးရန်ရှိတယ်” ဟု ပြောမိပါသည်။

နောက်နေ့ညလည်း မအိပ်သဖြင့် ကျွန်တော့်ကို လာခေါ်၍ ပြသသဖြင့် ကျွန်တော်လိုက်သွားပြီး ကြည့်ရှုရာ ဒေါင်းဂမုန်းပင်မဟုတ်၊ ဒေါင်းဂမုန်းနှင့်ဆင်တူလျက် အစေ့ကျရာ ပေါက်ပွား၍နေတတ်သော ယစ်ဂမုန်းပင်များဖြစ်နေပါသည်။

ကျွန်တော်က “ခင်ဗျားရဲ့အပင်တွေဟာ ဒေါင်းဂမုန်းပင်မှ မဟုတ်ဘဲ။ ဘာအိပ်မလဲ။ ကျွန်တော်ပေးပါ့မယ်” ဟုပြောလျက် ဒေါင်းဂမုန်း အဖိုပင်နှင့် အမပင်ကို သွားရောက်စိုက်ပေးလိုက်ရပါသည်။

ထိုမိတ်ဆွေက “ဆရာရယ် ကျွန်တော့်မှာ ဒေါင်းဂမုန်းပင်မှတ်ပြီး မောရပရိတ်တော် ဥဒေတယံ အပေတယံ ဂါထာတွေ ရွတ်ရတာမောလို့” ဟုပြောသဖြင့် “ဒေါင်းဂမုန်းပင်မရှိလည်း ရွတ်နိုင်လျှင် ကောင်းတာပါပဲ။ ဂမုန်းရှိရှိ မရှိရှိ တခြားပရိတ်တော်တွေကိုလည်း များများသာရွတ်ပါ”

ဟု တိုက်တွန်းခဲ့ရပါသည်။

ကျွန်တော် ဒေါင်းဂမုန်း စတင်စိုက်ပျိုးစဉ်က မိတ်ဆွေ အဒေါ်ကြီး တစ်ယောက်က "ဆရာ ဒေါင်းဂမုန်းပင် မစိုက်ပါနဲ့။ ဒေါင်းဂမုန်းပင် စိုက်လျှင် ဒေါင်းတောက်အောင် စီးပွားရှာ အလုပ်လုပ်ရတတ်တယ်" ဟု ပြောဆိုဖူးပါသည်။

ကျွန်တော်က "အဒေါ်ကြီးပြောမှ ပိုပြီးစိုက်ချင်လာတယ်။ ကျွန်တော် အလုပ်မလုပ်ဘဲ ထီပေါက်လို့ရတဲ့ ပစ္စည်းကိုမလိုချင်ပါ။ ကိုယ့်အားကိုယ်ယုံ၊ ကိုယ့်ဂုဏ်ကိုယ်ကိုး၊ ကိုယ့်ထူးကိုယ်ချွန် ကိုယ်အလုပ်လုပ်လို့ရတဲ့ ပစ္စည်းမှ လိုချင်တယ်"ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။

အဒေါ်ကြီးစကား မှန်လေသလားမသိ၊ အရပ်ထဲမှ လူတွေကပင် "ဆရာဟာ အလကားနေတာ တစ်ခါမှမတွေ့ရဘူး။ တံမြက်စည်းလှဲ အမှိုက်ကျုံး ရေခပ် အဝတ်လျှော် သစ်ပင်ဆွ မြေတူး မြေဖို့ တလှုပ်လှုပ် တရွရွနဲ့ ဒေါင်းတောက်အောင် လုပ်နေတာပဲ" ဟုပြောကြသဖြင့် အဒေါ်ကြီး ပြောဆိုဖူးသောစကားကို သတိရမိပါသည်။

တချို့သောသူများက အရွက်တွင် အစင်းတွေရှိသော ဂမုန်းပင်ကို ဒေါင်းအဖို အနီကွက်တွေရှိသော ဂမုန်းပင်ကို ဒေါင်းအမဟု ပြောဆိုကြပါသည်။

တချို့သောသူများက အရွက်တွင် အနီကွက်ရှိသော ဂမုန်းပင်ကို ဒေါင်းအဖို အစင်းရှိသော ဂမုန်းပင်ကို ဒေါင်းအမဟု ပြောကြပါသည်။

ကျွန်တော် အမှတ်တမဲ့ ဂမုန်းပင်စိုက်သူများကို စုံစမ်းမေးမြန်းကြည့်၍ လူဦးရေအနည်းအများ မှတ်သားထားရာ အတူတူလိုပင် ဖြစ်၍ နေပါသည်။

ဒေါင်းဂမုန်း အဖို အမ အစင်းနှင့် အကွက်နှစ်မျိုးကို တစ်ချိန်တည်း တစ်အိုးတည်း ပူးတွဲ၍ စိုက်ပျိုးကြည့်ရာ အစင်းပါသောအပင်က

အပင်နှင့်အရွက်ပါသေးငယ်လျက် အနီကွက်ပါသောအပင်က အပင်နှင့် အရွက်ပါ ပိုမိုကြီးထွားသန်မာသည်ကို တွေ့မြင်ရပါသည်။

တကယ့်တိရစ္ဆာန်ဒေါင်း၏အတောင်မှာ အမက အစင်းသာရှိပြီး အဖိုက အကွက်များပါရှိသောကြောင့် တိရစ္ဆာန်ဒေါင်းနှင့်တူသော အရွက် ရှိသဖြင့် ဒေါင်းဂမုန်းပင်ဟု ခေါ်တွင်ကြဟန်ရှိပါသည်။

တိရစ္ဆာန်ဒေါင်းမှာ အဖိုကောင်တွင် အကွက်ရှိခြင်း ဒေါင်းဂမုန်း နှစ်ပင်တွဲ၍စိုက်လျှင် အကွက်ရှိသောအပင်အရွက်က ပိုမိုကြီးထွားခြင်း တို့ကြောင့် အရွက်တွင် အနီကွက်ရှိသော ဂမုန်းပင်ကို ဒေါင်းအဖိုပင်၊ အရွက်တွင်အစင်းပါသော ဂမုန်းပင်ကို ဒေါင်းအမပင်ဟု ကျွန်တော် ယူဆမိပါသည်။

နေဝင်လျှင် အရွက်များထောင်၍ တစ်ရွက်နှင့်တစ်ရွက် ပူးကပ်ပြီး အိပ်တတ်လျက် နေထွက်လျှင် အရွက်ချင်းခွာ၍ ကားလာတတ်ခြင်းမှာ ထူးခြားမှုတစ်ခုတော့ ဖြစ်ပါသည်။ ထို့ထက် ထူးခြားအံ့ဩဖွယ်ရာ ကောင်းသောအချက်ကို ဖော်ပြရလျှင် နေဝင်ချိန်၌ အရွက်ကိုစုပြီး အိပ် တတ်လျက် နေထွက်ချိန်တွင် အရွက်ကားပြီး နိုးတတ်သောအပင်မျိုး ဖြစ်လျက် တချို့သောညများမှာ မအိပ်ဘဲနေခြင်းပင်ဖြစ်ပါသည်။

မိုးအလွန်ရွာသောတစ်ညတွင် ကျွန်တော်၏ဒေါင်းဂမုန်းပင်များ မအိပ်ဘဲနေသဖြင့် မိုးရွာလွန်းလျှင်မအိပ်ဟု ယူဆမိပါသည်။

သို့သော် နောက်တစ်နေ့မှာ ယခင်နေ့ကလို မိုးအလွန်ရွာသွန်း လျက်ပင် ညရောက်လျှင် ဒေါင်းဂမုန်းပင်များ အိပ်သွားသဖြင့် မိုးရွာလွန်း လျှင် မအိပ်ဟူသော အယူအဆကို ဖျက်လိုက်ရပါသည်။

အထူးခြားဆုံးသော အချက်မှာ မည်မျှပြုစု၍ မည်မျှရေလောင်း သော်လည်း ပြောပလောက်အောင် လုပဝေဆာခြင်းမရှိလှ။ မောရပရိတ် တော် ဥဒေတယံ အပေတယံ ဂါထာများကို ည–နံနက် မှန်မှန်ရွတ်ပေး

လိုက်သောအခါ အချိန်အတူ မြေအတူ ပြုစုယုယမှုတူသော တခြားအိမ်ရှိ ဂမုန်းပင်များထက် ကျွန်တော်၏ဒေါင်းဂမုန်းပင်များက လှလှပပ ဝေဝေဆာဆာ စည်စည်ကားကား စိုစိုပြည်ပြည် ဖြစ်၍လာသည်မှာ ကျွန်တော်ကိုယ်တွေ့ ကျွန်တော်၏မိတ်ဆွေများအမြင်ပင် ဖြစ်ပါသည်။

ဒေါင်းဂမုန်းပင်ကို သန့်ပြန့်လျက် အလင်းရောင်ရော အရိပ်ပါရသောနေရာတွင် ထားရှိရန် အရေးကြီးလှပါသည်။

ဒေါင်းဂမုန်းပင်များမှာ အိပ်လိုသောညမှာ လာအိပ်၍ မအိပ်လိုသောညများမှာ မအိပ်ဘဲနေတတ်ကြောင်းကို ဂမုန်းမိတ်ဆွေတစ်ယောက်အားပြောပြရာ ထိုဂမုန်းမိတ်ဆွေက "ဒေါင်းဂမုန်းမအိပ်သောညများမှာ ဆရာ သတိထားနေပေတော့။ ဆရာ့ကို မကောင်းကြံစည်သူတို့ ဘေးရန်အန္တရာယ်တို့၊ ပစ္စည်းခိုးရန်ကြံစည်သူတို့ရှိနေပြီ။ ဒေါင်းဂမုန်းမအိပ်လျှင် ဆရာလည်း မအိပ်ပါနဲ့" ဟု ပြောပြပါသည်။

ထိုဂမုန်းမိတ်ဆွေက ဆက်လက်ပြောပြသည်မှာ "တောရွာတစ်ရွာမှာ သူကြီးတစ်ယောက်ဟာ အခွန်တော်ငွေများ ပေးသွင်းရန် မြို့သို့သွားမည်ဟု စီစဉ်လျက်ရှိနေစဉ် ညအခါ ဒေါင်းဂမုန်းပင်များ မအိပ်ဘဲနေသည်ကို တွေ့မြင်ရသဖြင့် ခြံဝင်းတံခါးကို ရန်သူလာလျှင် သိနိုင်ရန် သံပုံးအလွတ်များ ချည်ဆွဲပြီး မအိပ်ဘဲ စောင့်နေသတဲ့။

ညသန်းခေါင်အချိန်လောက်မှာပဲ ခွေးဟောင်သံများကြားရပြီး ဓားပြများလာရောက်၍ တံခါးကိုဖွင့်သဖြင့် သံပုံးများအသံကြောင့် အသာတိမ်းရှောင်နေလိုက်ရာ ဓားပြအတိုက်ခံရမည့်ဘေး အရိုက်ခံရမည့်ဘေး အခွန်တော်ငွေတွေ ပါသွားမည့်ဘေးတို့မှ ကင်းဝေးလွတ်မြောက်ရသတဲ့။

အဲဒီသူကြီးဟာ ဒေါင်းဂမုန်းပင်ကြောင့် ဘေးလွတ်ရသည်ဟု ယူဆပြီး ဒေါင်းဂမုန်းအပင်ကို အရိပ်တကြည့်ကြည့်နဲ့ ပြုစုနေကြောင်း" ကို ပြောပြပါသည်။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးလှသူ အသိမိတ်ဆွေမတစ်ယောက်ကလည်း "ကျွန်မတို့အိမ်မှာ ဒေါင်းဂမုန်းအဖို အမ စိုက်ထားတာရှိပါတယ်။ တစ်ညမှာ ဒေါင်းဂမုန်းပင်တွေဟာ အိပ်နေကျ မအိပ်လို့ ကျွန်မတို့ဖေဖေက ဒေါင်းဂမုန်းပင်တွေကိုကြည့်ပြီး ဒေါင်းဂမုန်းပင်တွေက သတိပေးနေတယ်။ ညကို ဂရုစိုက်ပြီး အိပ်ကြလို့ပြောတယ်။

ကျွန်မတို့လည်း အိမ်တံခါးတွေကို လုံခြုံစွာပိတ်၊ အတန်အတန်ကြည့်ရှုပြီးမှ အိပ်ကြတယ်။ မနက်လင်းတော့ မော်တော်ကားတာယာများ မရှိတော့ဘဲ သူခိုး ခိုးသွားတာတွေ့ရတယ်။

ကျွန်မတို့က အိမ်တွင်းပစ္စည်းတွေကို သတိထားနေလို့ အိမ်တွင်းကိုမဝင်နိုင်တာနဲ့ ရရာကို ခိုးယူသွားပုံရတယ်။ အိမ်တွင်းက ပစ္စည်းတွေ မပါသွားတာလည်း ဒေါင်းဂမုန်းသတိပေးလို့ ဒေါင်းဂမုန်းရဲ့ ကျေးဇူးပေါ့ရှင်" ဟု ပြောပြပါသည်။

ညတစ်ညတွင် ကျွန်တော် စိုက်ပျိုးထားသော ဂမုန်းပင်များ မအိပ်ဘဲနေသဖြင့် စမ်းသပ်ကြည့်ရှုရန်သဘောနှင့် ဒေါင်းဂမုန်း၏အနီးသို့သွားပြီး အရွက်များကို လက်နဲ့သပ်လျက်

"ဥဒေတယံ စက္ခုမာ ဧကရာဇာ ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော" စသော မောရပရိတ်တော်ကို အခေါက်ခေါက်အခါခါ မနားမနေ တတွတ်တွတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်၍ နေမိပါသည်။

ထိုသို့ ပရိတ်တော်များကို ရွတ်ဖတ်နေသည့် အတွင်းမှာပင် တဖြည်းဖြည်း အရွက်များထောင်လာပြီး အရွက်ချင်းပူးကပ်လျက် အိပ်သွားကြပါသည်။

ထူးခြားစွာ ဒေါင်းဂမုန်းများ အိပ်သွားကြပြီဖြစ်၍ ကျွန်တော်လည်း စိတ်ချလက်ချ အိပ်လိုက်ပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော် တရားတော် ပရိတ်တော်များကို

ယုံကြည်ကိုးစား အားထားသောစိတ်များ အထူးတိုးတက်ခိုင်မြဲလာပါတော့သည်။

●

## (၉) ကွင်းထိုးဂမုန်း

ရန်ကင်းမြို့မှ ကျွန်တော်၏မိတ်ဆွေအရင်းဖြစ်သူ ကျောင်းဆရာ တစ်ယောက်က "ရန်ကင်းမြို့ ကျွန်တော်၏အိမ်သို့ လာယူပါ။ ဆရာ့ကို ရည်းစားဟောင်း အိမ်ပေါ်တက်လာတဲ့ ဂမုန်းပင်မျိုး ပေးပါ့မယ်" ဟု ပြောပါသည်။

ကျွန်တော်က "ကျွန်တော့်မှာ အိမ်ပေါ်ကို တက်လာစရာ ရည်းစားဟောင်းမရှိပါဘူး။ ဒါပေမဲ့ ထူးခြားတဲ့ဂမုန်းပင်ဆိုလျှင် စိုက်ချင်ပါတယ်၊ လာယူပါ့မယ်" ဟုပြောပြီး တစ်နေ့တွင် ရန်ကင်းမြို့သို့ သွားပါသည်။

မိတ်ဆွေ၏အိမ်မှ မိတ်ဆွေပြသော ဂမုန်းပင်ကိုကြည့်ရှုရာ ကျွန်တော်နေထိုင်သည့် ကျွန်တော်တို့ရပ်ကွက်တွင် လွန်စွာပေါများသောဂမုန်း ဖြစ်၍နေပါသည်။

ထိုဂမုန်းပင်မှာ အရွက်များ တစ်ရွက်နှင့်တစ်ရွက် ကွင်းဖြစ်ပြီး တစ်ကွင်းထဲ တစ်ရွက်ထိုး အရွက်ချင်းလိမ်၍ ကွင်းကြီးဖြစ်နေတတ်သော ဂမုန်းကွင်းထိုးခေါ်သည့် ဂမုန်းပင်မျိုးဖြစ်နေပါသည်။

ထိုဂမုန်းပင်တွေ ကျွန်တော်တို့ရပ်ကွက်မှာ ပေါများနေသော်လည်း



ကွင်းထိုးဂမုန်းပင်

ဂမုန်းပင်၏အကျိုးကျေးဇူးကို တစ်စွန်းတစ်စမျှ မကြားဖူးသဖြင့် စိတ်မဝင်စားလှ၍ အမှတ်တမဲ့ မစိုက်ပျိုးဘဲ နေခဲ့မိပါသည်။

ဂမုန်းပင်တိုင်းလိုလို သူ့တန်ခိုးနဲ့သူ အထိုက်အလျောက်ရှိကြမည်ဖြစ်ပါသည်။ သို့သော် တစ်ယောက်ယောက်က ဘယ်လိုအကျိုးပေးတာပဲဟု ပြောပြမှ ၎င်းဂမုန်းပင်ကို စိုက်ပျိုးချင်လာတတ်ပါသည်။

ကျွန်တော်သည် သွားလက်စ ရောက်လက်စဖြင့် ၎င်းမိတ်ဆွေကျောင်းဆရာ၏ထံမှ ကွင်းထိုးဂမုန်း အတက်ကလေးနှစ်ခုကိုယူခဲ့လျက် ပူးတွဲ၍စိုက်ထားလိုက်ပါသည်။

တိုက်ဆိုင်၍လားတော့ မပြောတတ်ပါ။ ၎င်းကွင်းထိုးဂမုန်းပင် စိုက်ပျိုးပြီးသည့်လမှာ ရည်းစားဟောင်းတော့မရှိ၍ မလာပါ။ အသိမိတ်ဆွေ ရိုးရိုးခင်မင်သူတွေတော့ ယခင်လများကထက် ပိုမိုလာရောက်ကြပြီး ယခင်လများကထက် လာဘ်လာဘများ တိုးတက်ရရှိလာသည်ကိုတော့ သတိထားမိပါသည်။

၎င်းကွင်းထိုးဂမုန်းပင်၏ ထူးခြားဆန်းပြားပုံများမှာ အရွက်များမှာ လိမ်လာပြီး ကွင်းဖြစ်လျက် တစ်ကွင်းနှင့်တစ်ကွင်းထိုး၍ လိမ်ပွေနေကြခြင်း ဖြစ်ပါသည်။

ထို့ထက်ထူးခြား ဆန်းပြားသည်များမှာ ကွင်းထိုးဂမုန်းသည် သူ့သဘာဝအတိုင်း ထိုးတတ်တဲ့အမျိုးမို့ ထိုးတာပဲဟု ယူဆရမှာက သူထိုးချင်မှထိုးပြီး သူမထိုးချင်လျှင် မထိုးဘဲ နေတတ်ခြင်းပင်ဖြစ်ပါသည်။

အချိန်အတူတူ မြေအတူတူ ပြုစုယုယပုံအတူတူချင်း တစ်အိမ်မှာ ကွင်းထိုးပြီး တစ်အိမ်မှာမထိုးဘဲနေတတ်ပါသည်။

ကွင်းထိုးသောအိမ်မှာ အလုပ်အကိုင် အကြံအစည် စီးပွားဥစ္စာ အပေါက်အလမ်းတည့်၍ နေတတ်လျက် ကွင်းမထိုးသောအိမ်မှာ အလုပ်အကိုင်အကြံအစည် အပေါက်အလမ်းမတည့် တော့လွဲတော့လွဲဖြစ်၍ဖြစ်နေတတ်ပါသည်။

ထိုးထားပြီး ကွင်းများမှာလည်း ခွေးကျော် ကြောင်နင်း မသန့်မရှင်းဖြစ်ခဲ့လျှင် ကိုယ်ဝန်ဆောင်မိန်းမများ ကိုင်တွယ်မိလျှင် ကွင်းများပြုတ်ကုန်တတ်ပါသည်။

ကွင်းများပြုတ်ကုန်သောအခါတွင် အလုပ်အကိုင်အကြံအစည် စီး ပွားဥစ္စာ ဟန်မကျဘဲဖြစ်ရတတ်ပါသည်။

၎င်းကွင်းများ ပြုတ်ကုန်သောအခါ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ကင်ပွန်းတရော်ရည်များနှင့် ဆေးကြောခြင်း၊ အမွှေးတိုင်များ ထွန်း

ညှိခြင်းတို့ကို ပြုလုပ်ပေးပါက ဂွင်းများ ပြန်လည်၍ထိုးလာတတ်ပါသည်။

ကွင်းများ ပြန်လည်၍ ထိုးလာသောအခါတွင် အလုပ်အကိုင် အကြံအစည် စီးပွားဥစ္စာများ တိုးတက်ထွန်းကား၍ လာတတ်ပြန်ပါသည်။

ကျွန်တော်၏ ဂမုန်းမိတ်ဆွေတစ်ယောက် ပြောပြချက်မှာ ၎င်း၏ ဇနီးသည် ဂမုန်းပင်များစွာရှိသည့်အနက်မှ တခြားဂမုန်းပင်များကို ဂရုမထားဘဲ ၎င်းကွင်းထိုးဂမုန်းပင်ကိုသာ အရိပ်တကြည့်ကြည့်နေသည်ဟု ပြောပါသည်။

အကြောင်းမှာ ၎င်းဂမုန်းကွင်းထိုးပင် အထိုးနည်းလျှင် အလုပ်အကိုင်ဝင်ငွေ နည်းပါးတတ်လျက် ၎င်းဂမုန်းပင် ကွင်းများများထိုးသည်ကို တွေ့မြင်ရသောအခါ ပိုက်ဆံကြေးငွေများများရတော့မည်ဟု အလိုလိုဝမ်းသာအားရ ဖြစ်နေတတ်ကြောင်းကို ပြောပြပါသည်။

မိတ်ဆွေတစ်ယောက်က "ဂမုန်းကွင်းထိုးပင်ကို မစိုက်ပါနဲ့။ ဂမုန်းကွင်းထိုးပင်ဟာ ကွင်းထိုးနေတဲ့အခါမှာ စီးပွားဥစ္စာဖြစ်ထွန်းတတ်သော်လည်း ကွင်းများပြုတ်ကုန်လျှင် စီးပွားဥစ္စာပျက်စီးကုန်သည်ကို တွေ့ရပါသည်" ဟု ပြောဆိုတားမြစ်ဖူးပါသည်။

ကျွန်တော်က "ကွင်းတွေပြုတ်ကုန်လို့ စီးပွားဥစ္စာပျက်စီးတတ်လျှင် မပြုတ်ရန် ဂရုစိုက်နေမှာပေါ့" ဟု ပြန်လည်၍ပြောပြမိပါသည်။

ထိုမိတ်ဆွေက "ဘယ်သူပြုတ်ကုန်အောင် ပြုလုပ်မလဲ။ မပြုတ်အောင်တော့ ဂရုစိုက်ကြတာချည်းပဲ။ သူပြုတ်တာကို အတင်းအထိုးခိုင်းလို့ ရတာမဟုတ်ဘူးဆရာရဲ့။ စီးပွားပျက်စီးချင်ရင် အလိုလိုကို ပြုတ်ထွက်ကုန်တာပဲ။ မစိုက်ဘဲနေတာက ကောင်းပါတယ်ဆရာရယ်" ဟု ပြောပါသည်။

"ကွင်းထိုးဂမုန်းတွေ ပြုတ်ကုန်လို့ စီးပွားဥစ္စာပျက်စီးတာမှမဟုတ်ဘဲ။ စီးပွားဥစ္စာပျက်စီးချင်တဲ့အခါမှာ ကွင်းထိုးဂမုန်းပင်က ကွင်းတွေပြုတ်လာတာပဲ။ ကွင်းထိုးဂမုန်းပင် မစိုက်ဘဲနေလည်း စီးပွားဥစ္စာ ပျက်စီးမှာကတော့ ပျက်စီးမှာပဲ။ ကွင်းထိုးဂမုန်းပင်မရှိလို့ ပျက်စီးတော့မယ်ဆိုတာ တင်ကြိုပြီး မသိရတာတစ်ခုဘဲ ထူးခြားတာပါ။ စိုက်သင့်စိုက်ထိုက်ပါတယ်" ဟု ကျွန်တော်ကပြောပြမိပါသည်။

ထိုမိတ်ဆွေက မကျေနပ်သေးဘဲနှင့် ဆက်လက်၍ "ပျက်စီးမှာတင်ကြိုသိထားတော့ တင်ကြိုပြီး စိတ်ပူပန်ရတာပေါ့ ဆရာရဲ့။ ပျက်စီးကာမှသိတော့ ပျက်စီးမှ စိတ်ပူရတော့ တင်ကြိုပူပန်ရခဲ့တာတွေ သက်သာတာပေါ့" ဟု ပြောပါသည်။

"ကျွန်တော်တော့ ဒီလိုမယူဆဘူး။ ကွင်းထိုးဂမုန်းပင်ဟာ ကြီးပွားမယ်၊ ပျက်စီးမယ်လို့ နိမိတ်ပြတာ ခင်ဗျားပြောသလိုဆို ဗေဒင်မေးတဲ့လူတွေဟာ ဗေဒင်ဆရာက ညံ့တယ်လို့ဟောလိုက်တော့ ငါ ပျက်စီးတော့မယ်ဆိုပြီး ပူပန်ကုန်ကြမှာပေါ့။ ဘာလို့ ဗေဒင်မေးကြသလဲ။ ညံ့တာကောင်းတာ သိအောင်လို့ပဲ မေးကြရတယ်" ဟု ပြောပြမိပါသည်။

ထိုမိတ်ဆွေက မလျှော့သေးဘဲ "ဗေဒင်မေးတဲ့လူဟာ အကောင်းဟောတာကို ကြားချင်ကြလို့ မေးတာဆရာရဲ့။ ညံ့တာကို ဟောတာကဖွင်းတဲ့ဆရာတွေသာ ဟောကြတာ။ ညံ့တာတွေများများဟောတဲ့ ဆရာကို ဘယ်တော့မှ ထပ်ပြီးမမေးကြတော့ဘူး။ ညံ့တယ်ဟောတာ ကြားလည်းမကြားချင်ဘူး၊ ကြားလည်း စိတ်ညစ်ရတာပဲ။ ဘယ်တော့ထီပေါက်မယ်လို့သာ ကြားချင်ကြတာပါ။ ဆရာတွေကလည်း ကြားချင်တာ ဟောပေးနေကြတာပါပဲ" ဟု ရှည်ရှည်လျားလျား ပြောကြားပြန်ပါသည်။

"ခင်ဗျား ယူဆ ပြောဆိုနေတာတွေဟာ ဗေဒင်ဆရာတွေကို

လူညာတွေဖြစ်အောင် ပြောနေတာ" ဟု ကျွန်တော်က အစပျိုးလိုက်ရာ ထိုမိတ်ဆွေက "ဟုတ်တာပေါ့ဆရာရယ်။ ဆရာ့ကိုတော့ အားတော့နာပါရဲ့။ ဗေဒင်ဆရာတွေဟာ လူညာတွေပေါ့။ တကယ့်လူညာတွေပါ" ဟုပြောပြပါသည်။

"မဟုတ်သေးပါဘူး။ ခင်ဗျား ဥပမာ– အနောက်အရပ်ကိုသွားက ဘေးဖြစ်မယ်လို့ သိတော့ မသွားဘဲနေတော့ ဘေးလွတ်တာပေါ့"

ဂမုန်းကွင်းထိုးပင်က ကွင်းတွေပြုတ်နေမယ်၊ အလုပ်အကိုင် အကြံအစည်က ကြီးကြီးကျယ်ကျယ် ကြံစည်နေမယ်ဆိုလျှင် ကြီးကြီးကျယ်ကျယ်ပျက်စီးမှာပဲ အကြံအစည်ကို လျှော့လိုက်လျှင် အပျက်အစီးသက်သာသွားမှာပဲ။

ဂမုန်းပင်က ကွင်းတွေလိမ်နေအောင် ထိုးနေတဲ့အခါမှာ အကြံအစည်အလုပ်အကိုင် ကြီးကျယ်စွာမပြုလုပ်လျှင် အတော်အသင့် ပစ္စည်းဥစ္စာရမှာပဲ အလုပ်အကိုင် အကြံအစည် ကြီးကျယ်စွာပြုလုပ်လျှင် ကြီးကျယ်စွာခံစားရမှာပဲ။

သိထားတဲ့လူဟာ မသိတဲ့လူထက်တော့ သာတာပဲ။ ဆုံးမှန်းမသိလို့ နင်းတဲ့လူနဲ့ သိလို့ ရှောင်ရှားနင်းတဲ့လူဟာ သိတဲ့လူက သက်သာရမယ်။

ကြီးပွားစရာရှိလည်း ပိုပြီးကြီးပွားအောင် ဘေးတွေ့စရာရှိလည်း သက်သာအောင် ကြံစည်နိုင်တာပေါ့။ အဲဒီလို စီးပွားတက်မယ်၊ ပျက်မယ် သိရတာက ဒီကွင်းထိုးဂမုန်းပင်ကို ပိုပြီးစိုက်သင့်တယ်" ဟု ပြောပြမိပါသည်။

"အိမ်တစ်အိမ်မှာ ကွင်းထိုးဂမုန်းပင် စိုက်ထားပြီး တော်တော်နဲ့ ပွင်းမထိုးနိုင်လို့ အရိပ်တကြည့်ကြည့်နဲ့ နေလာရာ အရွက်ကလေးများ အဖျားကလိမ်လာပြီး ကွင်းထိုးတော့မယ့်ပုံတွေ့ရတော့ ဝမ်းသာနေသတဲ့။

နောက်တစ်နေ့ကျတော့ ဂမုန်းကွင်းထိုးပင်ကို ကြည့်လိုက်တဲ့အခါ အရွက်တွေပြတ်နေတာတွေ့ရတော့ စိတ်ပျက်ပြီး မာလီကုလားကို ခေါ်မေးတဲ့အခါ အရွက်တွေပိုးကျပြီး လိမ်နေလို့ သူဖြတ်ကြောင်း ပြောပြသတဲ့။

အဲဒီအိမ်မှာလည်း ပစ္စည်းဥစ္စာ ပျက်စီးတာပဲ။ မသိလို့ဖြတ်တာတောင် လိုက်၍ပျက်စီးတယ်။ ဒီဂမုန်းပင်ဟာ နတ်ကြီးတယ်ဆရာရဲ့" ဟု ဂမုန်းမိတ်ဆွေတစ်ယောက်က ပြောပြဖူးပါသည်။

တခြားဂမုန်းမိတ်ဆွေတစ်ယောက်က "ရည်းစားဟောင်းပြန်လာတယ်ဆိုတာ အမှန်ပဲဆရာ။ ကျွန်တော့်ရည်းစားနဲ့ စိတ်ဆိုးပြီး မခေါ်မပြောနေကြတာ ကွင်းထိုးဂမုန်းပင်ကိုစိုက်ပြီးတော့ သူကကို ပြန်လာပြီးခေါ်တာပဲဆရာ" ဟု ပြောပြပါသည်။

ရှေးရှေးဂမုန်းကျမ်းများမှာလည်း ဂမုန်းကွင်းထိုးစိုက်ပျိုးလျှင် မျက်နှာပွင့်လန်း၍ ချစ်ခင်သူပေါ်များလျက် လာဘ်လာဘပေါ်များတတ်သည်ဟု တွေ့ရပါသည်။

ထူးတော့ အတော်ပဲ ထူးပါသည်။ ကျွန်တော် ရန်ကင်းရှိ မိတ်ဆွေအိမ်မှာယူခဲ့သော အတက်နှစ်ခုကို ပူးတွဲ၍ စိုက်ပျိုးထားရာ တစ်ပင်ထဲလိုဖြစ်၍နေပါသည်။ အပင်ကို မျက်စိဖြင့်ကြည့်လျှင် အရွက်ချင်းကွင်းချင်း ရောထွေးလျက်နေသော်လည်း လက်နဲ့ ကိုင်၍ခွဲလိုက်လျှင် တခြားစီဖြစ်သွားပါသည်။

အတူပူးနေလျက် မှားပြီး တစ်ပင်ကအရွက်ကို တစ်ပင်က မထိုးမိ။ ကိုယ့်အပင်က ကိုယ့်အရွက် ကိုယ့်ကွင်းထဲသာ ကိုယ်ထိုးပြီး သူ့အပင်က သူ့အရွက် သူ့ကွင်းထဲသာ သူ ထိုးကြခြင်းတို့မှာ စည်းကမ်းရှိသော ဂမုန်းမျိုးဟု ခေါ်ဆိုထိုက်ပါပေသည်။

●

# (၁၀) ဇော်ဂျီမှတ်ဆိတ်

ကျွန်တော်သည် ဂမုန်းပင်များကို စိုက်ပျိုးပြုစုလျက် ကျွန်တော် စိုက်ပျိုးပြုစုထားသော ဂမုန်းပင်များမှ ထူးခြားသည့် ဂမုန်းပင်များ အကြောင်းကို ရံဖန်ရံခါ သင့်ဘဝမဂ္ဂဇင်းတွင် ဆောင်းပါးအဖြစ် ဖော်ပြခဲ့ပါသည်။

သင့်ဘဝမဂ္ဂဇင်းတွင် ဆောင်းပါးများရေးသည့်အချိန်မှစ၍ အမြို့မြို့အရွာရွာရှိ ဂမုန်းဝါသနာပါသူများ၏ထံမှ မေးမြန်းကြ စုံစမ်းကြ အကြံဉာဏ်ပေးကြသော စာပေါင်းများစွာတို့ကို ဆက်ကာဆက်ကာ ရရှိခဲ့ပါသည်။

မိတ်ဆွေတစ်ဦးထံမှ ဂမုန်းပင် ဓာတ်ပုံနှစ်ခုနှင့်အတူ ၎င်းဂမုန်းပင်ရရှိပုံအကြောင်း ရေးသားလိုက်သောစာကို ဖော်ပြလိုက်ပါသည်။

ဆရာက ယခုပို့လိုက်သော ဓာတ်ပုံနှစ်ပုံ၏ ဂမုန်းပင်အမည်ကို မသိရသည့်အတွက် ဘာဂမုန်းဆိုတာ အမည်မှည့်၍ ပေးစေချင်ပါသည်။

၎င်းဂမုန်းပင်ကို ရရှိခြင်း၏အကြောင်းမှာ ကျွန်တော်သည် တစ်ညသောအခါတွင် ဘုရားဝတ်ပြု ပရိတ်ရွတ် မေတ္တာပို့လျက် အတော်



ဇော်ဂျီမုဟ်ဆိတ်ဂမုန်းပင်

ညဥ့်နက်မှ အိပ်ပျော်သွားပြီးလျှင် မနက်မိုးလင်းခါနီးအချိန်ဝယ် အိပ်မက်အထူးတစ်ခု မြင်မက်ပါသည်။

အိပ်မက်ထဲတွင် ကျွန်တော်သည် တံခွန်တိုင်တစ်ခုပေါ်သို့ တက်ရောက်ပြီး တံခွန်တိုင်အထက်ရှိ ဟင်္သာရုပ်ပေါ်မှနေ၍ ဟိုဟိုဒီဒီကြည့်ရှုမိပါသည်။

ဂမုန်းပင်တစ်ပင်နှင့် ဘုန်းတော်ကြီးတစ်ပါးကို တွေ့မြင်ရပြီး အိပ်ရာကနိုးပါသည်။

ကျွန်တော် စိတ်ကူးမိသည်မှာ တံခွန်တိုင်ပေါ် တက်ရတယ်ဆိုတဲ့ အိပ်မက်ဟာ တံခွန်တိုင်ဆိုတော့ ကျိုက္ခမီခရိုင် မုဒုံမြို့အနီးရှိ တံခွန်တိုင်ရွာကို သတိရမိပါသည်။

သုံးဘီးကားကိုငှားပြီး တံခွန်တိုင်ရွာသို့ သွားပါသည်။ တံခွန်တိုင်ရွာသို့ရောက်လျှင် အိပ်မက်ထဲတွင် ဘုန်းတော်ကြီးတစ်ပါးကိုပါ တွေ့မြင်ရသည်ကို သတိရသဖြင့် ဘုန်းတော်ကြီး၏ကျောင်းသို့ ရောက်သွားပါသည်။

နို့ဆီဘူး၊ ငါးသေတ္တာ၊ ဆေးလိပ်များကို ဝယ်ယူပြီး ဘုန်းတော်

ကြီးအား လှူဒါန်းကန်တော့ပါသည်။

ဘုန်းတော်ကြီးက သူ တစ်ခါမှမမြင်ဖူးသော ဒါယကာအသစ်တစ်ယောက်ဖြစ်နေ၍ "ဘယ်အရပ်ကလဲ ဘာကိစ္စအထူးရှိလို့ လာရောက်သလဲ" ဟု မေးမြန်းပါသည်။

ကျွန်တော်က "တပည့်တော် ညက အိပ်မက်မက်လို့ အိပ်မက်ထဲမှာ တံခွန်တိုင်ရယ်၊ ဘုန်းတော်ကြီးရယ်၊ ဂမုန်းပင်ရယ် တွေ့မြင်ရသဖြင့် တံခွန်တိုင်ရှာ ဘုန်းတော်ကြီးထံသို့ လာရောက်ရပါသည်။ ဂမုန်းပင်များရှိလျှင်လည်း မ,စတော်မူပါ" ဟု လျှောက်မိပါသည်။

ဘုန်းတော်ကြီးက "ဒီလိုဆိုလျှင် ငါ့မှာ ကုသိုလ်ကံထူးတဲ့ ဂမုန်းတစ်မျိုးတော့ရှိတယ်။ ၎င်းဂမုန်းပင်ဟာ ဒကာကြီးနဲ့ထိုက်လို့ ဒကာကြီးအကျိုးပေးချင်လို့ အိပ်မက်မက်တာပဲ။ ဟောဒီအပင်ကိုယူသွား။ ရိုရိုသေသေ စိုက်ထားပေတော့" ဟုပြောဆိုလျက် ဂမုန်းပင်ကိုပေးလိုက်ပါသည်။

အိမ်ရောက်တော့ ၎င်းဂမုန်းပင်ကို ဂရုတစိုက် လေးလေးမြတ်မြတ်စိုက်ပျိုးထားလိုက်ပါသည်။

ယခုတော့ ၎င်းဂမုန်းပင်မှ လိပ်ပြာသဏ္ဌာန်ပန်းပွင့်များ ပွင့်လျက်နေသဖြင့် ဆရာကထံသို့ ဓာတ်ပုံနှင့်တကွ ပေးပို့လိုက်ပါသည်။

ဤဂမုန်းပင် စိုက်ပျိုးပြုစုသည့်အတွက် ဘယ်လိုအကျိုးခံစားရတတ်သည်ကို မိန့်ကြားစေလိုပါသည်။

၎င်းဂမုန်းပင်မျိုးကို ကျွန်တော် စိုက်ပျိုးပြုစုခဲ့သည်မှာ အတော်ကြာပါပြီ။ အပွင့်ပွင့်သောအခါ အပြာရောင်တစ်မျိုး၊ အနီရောင်တစ်မျိုး ရှိပါသည်။

အပြာရောင်မှာ လွန်စွာပေါများလျက် ဂမုန်းပင်စိုက်သည့် အိမ်တိုင်းလိုလိုပင်တွေ့မြင်ရတတ်၍ အနီရောင်မှာ လွန်စွာရှားပါးလှပါသည်။

ကျွန်တော်၏ အိမ်မှာပင် အပြာရောင်သာရှိ၍ အနီရောင်မရှိပါ။ အိမ်တစ်အိမ်မှာ တွေ့မြင်ဖူးသဖြင့် အနီရောင်ရှိမှန်း သိရပါသည်။ တောင်း၍ မရသေးဘဲရှိပါသည်။

အပြာရောင်တွင်လည်း အပွင့်ပွင့်သောအခါ အပွင့်၌ အသီးပါသော အမမျိုး၊ အပွင့်၌ အသီးမပါသော အဖိုမျိုးဟူ၍ နှစ်မျိုးရှိပါသည်။

အပွင့်တွင် အသီးပါရှိသော အမမျိုးမှာ အပင်ရော အပွင့်ပါ သေးငယ်တတ်လျက် အပွင့်တွင် အသီးမပါသော အဖိုမျိုးမှာ အပင်ရော၊ အပွင့်ပါ ကြီးထွားစည်ကား တတ်ကြောင်းကို တွေ့ရှိရလျက် အရွက်မှာ လွန်စွာ ပျော့ပျောင်းသဖြင့် နေအနည်းငယ်ပူလျှင် ခွေညိုး၍သွားတတ်ပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၃) ဂငယ်ပိုင်းတွင် အပင်နှင့် အပွင့်ပုံကိုဖော်ပြလျက် လိပ်ပြာသဏ္ဍာန်ပွင့်သော ဂမုန်းဟုသာ ပါရှိပါသည်။

လိပ်ပြာသဏ္ဍာန်အပွင့် ပွင့်သောကြောင့် တချို့က လိပ်ပြာဂမုန်း၊ တချို့က ဂမုန်းလိပ်ပြာဟု ခေါ်ဝေါ်ကြလျက် တချို့က အပွင့်မှာ မုတ်ဆိတ်မွေးကဲ့သို့ အမွေးများပါရှိသဖြင့် ဂမုန်းမုတ်ဆိတ်၊ တချို့က မုတ်ဆိတ်ဂမုန်းဟူ၍ ခေါ်ဝေါ်ကြပါသည်။

ဂမုန်းပင်များမှာ ဝိဇ္ဇာများ၊ ဇော်ဂျီများ စောင့်ရှောက်လျက်ရှိသည်။ မုတ်ဆိတ်မှာ ရိုးရိုးမုတ်ဆိတ်မဟုတ်၊ ဇော်ဂျီရုပ်များက မုတ်ဆိတ်နှင့်တူသည်ဟု တချို့က ဇော်ဂျီမုတ်ဆိတ်ဟု ခေါ်ဝေါ်ကြပါသည်။

ကျွန်တော် ၎င်းဇော်ဂျီမုတ်ဆိတ်ဂမုန်းကို စတင်ရရှိသည့် အိမ်မှ ဂမုန်းမိတ်ဆွေ၏ ပြောပြချက်မှာ စိန်ပွဲစားအဒေါ်ကြီးတစ်ယောက်သည် ၎င်းဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ကို အိမ်ဦးခန်းမှာတင်၍ ရိုသေစွာ စိုက်ပျိုးပြုစုလျက် နေ့စဉ်ဆွမ်း၊ ရေချမ်း၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ပ,သပြီး ဆုတောင်းလေ့ရှိသည်ဟု ဆိုပါသည်။

ငှင်းဇော်ဂျီမုတ်ဆိတ် ပွင့်သောအချိန်များမှာ အလွန်ရောင်းဝယ်၍ ကောင်းလျက် တစ်နေ့လျှင် နှစ်ထောင်၊ သုံးထောင်အထိပင် ဝင်ငွေရရှိခဲ့ဖူးသည်ဟု ဆိုပါသည်။

ငှင်းဇော်ဂျီ မုတ်ဆိတ်ဂမုန်းပင်မှာ အချိန်ရာသီမရွေး ပွင့်ချင်သော အချိန်တွင် ပွင့်တတ်၍ မပွင့်ချင်လျှင်လည်း တစ်နှစ်ပတ်လုံး မပွင့်ဘဲ နေတတ်ပါသည်။

ငှင်းဇော်ဂျီမုတ်ဆိတ်ပွင့်သောအချိန်တွင် ငှင်းဇော်ဂျီမုတ်ဆိတ်ကို ပြုစုသောသူမှာ အလုပ်အကိုင်အကြံအစည်အရောင်းအဝယ် တိုးတက်လျက် လာတတ်ပါသည်။

ငှင်းဇော်ဂျီမုတ်ဆိတ်ဂမုန်း မပွင့်ဘဲနေသောအခါ အလုပ်အကိုင် အကြံအစည် အရောင်းအဝယ် စီးပွားဉစ္စာ လာဘ်လာဘများ နှောင့်နှေး ကြန့်ကြာမှုရှိတတ်ပါသည်။

ထူးခြားမှုတစ်ခုမှာ ကျွန်တော်၏မိတ်ဆွေ ကုန်သည်တစ်ယောက် သည် ငှင်းဇော်ဂျီမုတ်ဆိတ်ဂမုန်း ဈေးရောင်းကောင်းကြောင်း သင့်ဘဝ မဂ္ဂဇင်းတွင် တွေ့ရှိသဖြင့် မရရအောင် ရှာဖွေဝယ်ယူလျက် စိုက်ပျိုးထား သည်ဟု ဆိုပါသည်။

မိတ်ဆွေကုန်သည်မှာ အရောင်းအဝယ်ကိစ္စနှင့် တစ်ရပ်တစ်ပါး သို့ သွားရောက်နေရသည်ကများလျက် အိမ်မှာနေရသည့်ရက်က နည်း ပါးသဖြင့် ဂမုန်းပင်ကို မပြုစုအားသောကြောင့် ငှင်းတို့၏အိမ်တွင် လာ ရောက်နေထိုင်သော ငှင်း၏နှမ မုဆိုးမတစ်ယောက်ကို ပြုစုရန် မှာကြား ထားရသည်ဟု ဆိုပါသည်။

မကြာမီပင် ငှင်းဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်မှ အပွင့်များ ပွင့်၍လာ သဖြင့် ဈေးရောင်းကောင်းတော့မည်ဟု ဝမ်းသာအားရ တက်ကြွလျက်ရှိ သည်ဟု ဆိုပါသည်။

ငှင်းဇော်ဂျီမုတ်ဆိတ်ပင် အပွင့်ကောင်းကောင်းဖြစ်ချိန်မှာ ထီ ၅၀၀ဝိ ဆု ပေါက်သည်ဟုဆိုပါသည်။

ထီ ၅၀၀ဝိ ဆုမှာ ကျွန်တော်၏ မိတ်ဆွေကုန်သည် ဂမုန်းပင် စိုက်ပျိုးသူမှာ ပေါက်သည်တော့မဟုတ်ပါ။ ငှင်းဇော်ဂျီမုတ်ဆိတ်ဂမုန်း ပင်ကို ပြုစုယုယသူ ငှင်း၏နမမှာ ပေါက်ခြင်းဖြစ်ပါသည်။

ဂမုန်းပင်စိုက်ပျိုးရုံစိုက်ပျိုးပြီး မပြုစုသူများ သတိထားသင့်ပါ သည်။ စိုက်ပျိုးသူကတော့ ထီမပေါက်၊ ပြုစုသူ ထီပေါက်ခြင်းကို သတိ ပြု၍ထားထိုက်ပါသည်။

သန့်သန့်ရှင်းရှင်းကိုတော့ အလွန်ကြိုက်နှစ်သက်တတ်သော ဂမုန်းမျိုးဖြစ်၍ မသန့်ရှင်းလျှင် မည်မျှရေလောင်းပြုစုသော်လည်း အပင် မသန်ဘဲ ရှိတတ်ပါသည်။

နေ့တစ်နေ့တွင် ဂမုန်းပင်များစွာတို့ကို စိုက်ပျိုးထားသော မိတ် ဆွေတစ်ယောက်သည် ကျွန်တော်၏ဂမုန်းပင်များကို လာရောက်ကြည့်ရှု ရာမှ စကားစပ်မိ၍ ကျွန်တော်က "အဲဒီဇော်ဂျီမုတ်ဆိတ်ဂမုန်းပွင့်လျှင် ဈေးရောင်း၍ကောင်းသတဲ့" ဟု အထက်ပါ စိန်ပွဲစားအဒေါ်ကြီး၏ အကြောင်းကို ပြန်ပြောင်းပြောပြမိပါသည်။

ထိုဂမုန်းမိတ်ဆွေဖြစ်သူက "ဟာ... အရောင်းအဝယ်ကောင်းတာ လောက်နဲ့တော့ ထည့်ပြောမနေပါနဲ့။ ကျွန်တော် ကိုယ်တွေ့က မျှော် လင့်ဘဲ ငွေတွေ အလကားရဖူးတယ်။ သူများတွေက ပေးကြ၊ ကမ်းကြ တာလည်းရှိတယ်။ ထီလည်း ပေါက်ဖူးတယ်။ မြင်းလည်း နိုင်ဖူးတယ်။ ဖဲလည်း နိုင်တယ်ဗျာ။ မယုံမရှိနဲ့။ ကျွန်တော်က လူစုံဗျ။ အကုန်လုံး စမ်းကြည့်ဖူးတယ်" ဟု အားရပါးရပြောပြပါသည်။

"ကျွန်တော်လည်း လက်တွေ့စမ်းသပ်ချင်တတ်တဲ့ ဝါသနာတော့ ရှိပါတယ်။ ဒါပေမဲ့ ဖဲနိုင်တာ၊ မြင်းနိုင်တာ၊ ထီပေါက်တာ၊ သူတစ်ပါး

ပေးတာ၊ အလကားရတာတွေတော့ လိုချင်တတ်တဲ့စိတ်မရှိဘူး။ အလုပ် အကိုင် အကြံအစည်ဟန်ကျပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာနေရရင် တော်လောက်ပါပြီ" ဟု ကျွန်တော်က ပြန်၍ပြောလိုက်ပါသည်။

ကျွန်တော်သည် ဂမုန်းခြံအတွင်းရှိ ဂမုန်းပင်များကို ပြုစုယုယ လျက် မြေဆွတန်ဆွ အရွက်ဟောင်းများကို ပယ်တန်ပယ်နှင့် ပြုလုပ်၍ နေစဉ် ခင်မင်ရင်းနှီးမှုရှိသူ ဂမုန်းမိတ်ဆွေတစ်ယောက် ရောက်ရှိလာပြန် ပါသည်။

"ဆရာ... တခြားဂမုန်းပင်တွေက အရွက်ဟောင်းတွေကို ဖြတ်ချင် ဖြတ်၊ ပယ်ချင်ပယ်။ ဟောဒီဇော်ဂျီမှတ်ဆိတ်ဂမုန်းပင်ကိုတော့ သွားမထိ ပါနဲ့။ အရွက်တွေ၊ အပွင့်တွေ ခြောက်နေလည်း သူ့အတိုင်းသာထားပါ။ အထူးသတိထားပါ" ဟု ပြောဆိုနေပါသည်။

ကျွန်တော်က "အပင်မှာ အရွက်ဟောင်းတွေရှုပ်နေလျှင် မကြည့် တတ်ဘူးဗျ။ ဖြတ်ချင်လို့ လက်ကိုယားနေတာပဲ" ဟု ပြောမိပါသည်။

"မဖြတ်ပါနဲ့ဆရာ။ အဲဒီဇော်ဂျီမှတ်ဆိတ်ဂမုန်းအရွက်ကို ဖြတ်မိ လျှင် ဆရာတို့ဇနီးမောင်နှံ ရန်ဖြစ်ကြမှာဧကန်ပဲ" ဟု ပြောဆိုပါသည်။

"ဟာ... ဒီလိုဆိုလျှင် ကျွန်တော် မကောင်းတဲ့အရွက်တွေကို ဖြတ် တောက်သုတ်သင်ရှင်းလင်းတော့မယ်၊ ရန်ဖြစ်ချင်လည်း ဖြစ်ပါစေ။ ကျွန်တော်တို့ဇနီးမောင်နှံ အိမ်ထောင်ကျတာ ၁၀ နှစ်ကျော်နေပြီ။ မှတ် မှတ်ရရ တစ်ခါမှ ရန်မဖြစ်သေးဘူးလို့၊ ပါးရိုက်ဖို့၊ ဆဲဖို့ မာန်မဲဖို့တော့ မပြောနဲ့။ စကားကို မာမာတောင် မပြောကြဘူး။ တစ်ယောက်နဲ့တစ် ယောက် ရိုရိုသေသေဆက်ဆံပြောဆိုနေကြတာ ဒီတစ်ခါ ရန်ဖြစ်ဖူးတယ် လို့ ရှိရောပေါ့ဗျာ။ ဖြတ်ဆို အခုပဲ ဖြတ်မယ်" ဟုပြောပြီး အရွက်တွေ ကို ဖြတ်လိုက်ပါသည်။

ကျွန်တော်၏ဝါသနာမှာ စာထဲတွေ့ရှုံ သူတစ်ပါးပြောရုံနှင့် ကျေ

နပ်လေ့မရှိဘဲ ကိုယ်တိုင်စမ်းသပ်၍ ဖြစ်နိုင်သောကိစ္စမှန်လျှင် ကိုယ်တိုင်စမ်းသပ်၍ ကြည့်ချင်တတ်သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ဇနီးမောင်နှံမှာ ရန်ဖြစ်လေ့ဖြစ်ထမရှိခဲ့ကြသဖြင့် ရန်တော့မဖြစ်ကြပါ။ မပြောပလောက်သော အကြောင်းကလေးဖြင့် စိတ်ကောက်ကြရပါသည်။

ကျွန်တော်၏စိတ်ထဲမှာ မသေချာသေး၍ သတိထားပြီး နောက်တစ်ဖန် ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ကို ရှင်းလင်းဖြတ်တောက်ပြန်ရာ နောက်တစ်ဖန် စိတ်ကောက်ကြရသည်နှင့် တိုက်ဆိုင်၍နေပြန်ပါသည်။

သုံးကြိမ် လေးကြိမ်မျှ သတိထားပြီး ရှင်းလင်းဖြတ်တောက်ရာ သုံးကြိမ် လေးကြိမ်ပင် စိတ်ကောက်ရသည်နှင့်သာ တိုက်ဆိုင်၍သာနေသဖြင့် နောင်တော့ ၎င်းအတိုင်း မပြုမပြင်ထားလိုက်ပါသည်။

လမ်းကြုံသဖြင့် ဂမုန်းမိတ်ဆွေတစ်ဦးအိမ်သို့ ရောက်ရှိသွားရာ ၎င်းဂမုန်းမိတ်ဆွေမှာ ဂမုန်းပင်အရွက်ဟောင်းများ ရှင်းလင်းဖြတ်တောက်နေသည်ကို တွေ့ရှိသောကြောင့် "ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ကိုတော့ အရွက်အပွင့်တွေ ခြောက်၍နေလည်း ၎င်းအတိုင်းသာ ထားလိုက်ပါ။ ယောင်မှားလို့ မဖြတ်လိုက်ပါနဲ့" လို့မှာထားခဲ့ပါသည်။

ကျွန်တော်က ဖြတ်တောက်လျှင် ဘာဖြစ်တတ်သည်ဟု မပြောခဲ့မိပါ။ နောက်တစ်နေ့ ၎င်းဂမုန်းမိတ်ဆွေ ကျွန်တော်၏အိမ်သို့ ပေါက်လာပါသည်။

မျက်စိပျက် မျက်နှာပျက်နှင့် "ဆရာ... ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်အရွက်အပွင့်အဟောင်းတွေကို မဖြတ်ပါနဲ့ ပြောသွားတာ ဘာဖြစ်လို့လဲ" ဟုမေးပါသည်။

"လင်မယားရန်ဖြစ်တတ်လို့ဗျို့" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ထိုဂမုန်းမိတ်ဆွေက "ဟာ... မပြောပါနဲ့ဆရာရယ်။ ဆရာက ဇော်ဂျီမုတ်ဆိတ်ပင်ကို ယောင်မှားလို့တောင် မဖြတ်ပါနဲ့လို့မှာသွားတယ်..."

"ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင် အရွက်တွေကလည်း စုတ်ပြဲပွဲပြတ်နေတာကို ဆရာရဲ့။ မျက်စိထဲမှာ အမြင်မတော်တာနဲ့ပဲ ဆရာပြောတာ သတိမထားမိ၊ ယောင်မှားပြီး ကတ်ကြေးနဲ့ ကိုက်ဖြတ်မိတယ်ဆရာ။ ကျွန်တော်တို့လင်မယားမှာလည်း ရန်ဖြစ်လိုက်ရတာ ကြောင်းဆန်သွားတာပါပဲ" ဟုပြောပါသည်။

တခြားဂမုန်းမိတ်ဆွေ အဘိုးကြီးတစ်ဦးမှာတော့ အိမ်ထောင်မရှိပါ။ သမီးတစ်ယောက်နဲ့အတူ နေထိုင်ပါသည်။

၎င်းဂမုန်းမိတ်ဆွေ အဘိုးကြီးကိုလည်း ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ကိုဖြတ်တောက်လျှင် ရန်ဖြစ်တတ်ကြောင်း သတိပေးထားပါသည်။

၎င်းအဘိုးကြီးက ကျွန်တော့်ထက်ပင် ဇွတ်လုပ်တတ်ပါသေးသည်။ တစ်ခါဖြတ် သားအဖချင်းရန်ဖြစ်၊ ထပ်ဖြတ် ထပ်ဖြစ်၊ ဖြတ်လိုက် ဖြစ်လိုက်နေပါသည်။

ကျွန်တော်က "ဒီဇော်ဂျီမုတ်ဆိတ် ဂမုန်းပင်ကို ဖြတ်တောက်လျှင် ရန်ဖြစ်တတ်မှန်းသိနေပေါ့။ မဖြတ်ဘဲနေအေးတာပေါ့ဗျာ" ဟု ပြောပြပါသည်။

အဘိုးကြီးက "ဒီဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ကို ဖြတ်လျှင် သားအဖချင်းရန်ဖြစ်တတ်မှန်းတော့ သိသားပဲ။ ရန်ဖြစ်ရတာ၊ ရန်မဖြစ်ရတာတွေ ဂရုစိုက်မနေပါဘူး။ ကျုပ်တို့ရှေးလူကြီးတွေက မျက်စိထဲမှာ အမြင်မတော်လျှင် ရှင်းလိုက်ရမှ ကျေနပ်တာ။ မရှင်းလိုက်ရလျှင် ရင်ထဲမှာကျပ်ပြီး ရန်ဖြစ်ရတာထက် အခံရခက်တယ်" ဟု ပြောပါသည်။

ဇော်ဂျီမုတ်ဆိတ်ဂမုန်းပင်ဟာ ထူးခြားသောဂမုန်းပင်တစ်မျိုးဟု

ယူဆပြီး ၎င်း၏အကြောင်းအရာများကို အခွင့်သင့်သောအခါ ဆောင်းပါးတစ်ပုဒ်ရေးမည်ဟု လေ့လာနေဆဲမှာ ၎င်းဂမုန်းပင်ကို အမည်မှည့်ပေးရန်နှင့် အကျိုးအပြစ်ကို ရေးပေးရန် ဓာတ်ပုံနှစ်ခုနှင့်အတူ ပေးပို့လိုက်သော ဂမုန်းမိတ်ဆွေကို အထူးကျေးဇူးတင်ရှိလျက် ဇော်ဂျီမုတ်ဆိတ်ဟု အမည်ပေးလိုက်ရပါသည်။

အရွက်အပွင့်တို့ကိုလည်း မဖြတ်မတောက် မရှင်းမလင်းရန်ကိုလည်း ထပ်မံ၍သတိပေးလိုပါသည်။

ဂမုန်းပင်တစ်ခုရဲ့အမည်မှာ "တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ပါဠိတစ်ချက်အနက်ဆယ်ထွေ" ဆိုသလို အရပ်ဒေသအလိုက် အမည်နာမအမျိုးမျိုး ခေါ်ဆို၍နေကြသည်မှာ များပြားလှပါသည်။

ကျွန်တော်တို့ရပ်ကွက် ကျွန်တော်တို့တစ်လမ်းထဲမှာပင် ကျွန်တော်က တစ်မျိုး၊ တခြားဂမုန်းမိတ်ဆွေများကတစ်မျိုး အမျိုးမျိုးခေါ်ဝေါ်လျက်ရှိကြပါသည်။

ဂမုန်းပင်၏ တန်ခိုးအာနိသင်များမှာ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံသမျှနှင့် ကျွန်တော် လက်လှမ်းမီရာ ကျွန်တော်၏မိတ်ဆွေခင်ပွန်းအပေါင်းအသင်းတို့၏ တွေ့ကြုံပြောကြားသမျှတွေကိုသာ ဖောက်သည်ချ၍ ရေးသားရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မတွေ့ကြုံ မသိရှိသေးသည့် တန်ခိုးအာနိသင်တွေများစွာရှိဦးမည်မှာ ယုံမှားစရာမရှိပါ။ ရှိဦးမည်အမှန်ပင်ဖြစ်ပါသည်။

၎င်းဇော်ဂျီမုတ်ဆိတ် အရွက်ကိုမဖြတ်ရ၊ ရန်ဖြစ်တတ်သည်ဟု ကျွန်တော် တွေ့ဖူးသည်ကို ကျွန်တော် ရေးခဲ့ပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေတစ်ဦးက ၎င်းဇော်ဂျီမုတ်ဆိတ်ဂမုန်းအရွက်ကို ကျောက်ပြင်ပေါ်မှာကြိတ်ပြီး အရည်ကို လက်ဖက်ရည်

အကြမ်းပန်းကန်တစ်ခုလောက် ၁၀ ရက်ခန့်ဆက်၍တိုက်လျှင် ချောင်းဆိုးသွေးပါ ရောဂါ ပျောက်ကင်းကြောင်း၊ တော်တော်များများ ပျောက်သည်ကို တွေ့ရကြောင်း ပြောပြဖူးသည်ကိုလည်း သတိရမိပါသည်။

တခြားဂမုန်းမိတ်ဆွေတစ်ဦးက ၎င်းဂမုန်းသည် သူ၏အပွင့်တွေက မျက်လုံးနှင့်တူကြောင်း၊ တစ်ခါပွင့်လျှင် နှစ်ပွင့် နှစ်ပွင့် တစ်ပြိုင်နက်ထဲ ပွင့်တတ်ကြောင်း၊ စူဠာသမ္မာ၀၊ မဟာသမ္မာ၀ ဂမုန်းခေါ်ကြောင်း၊ မျက်စိနာသူ မျက်စိတွင် တိမ်ရှိနေသူတွေကို ၎င်းဂမုန်းဥကို သွေး၍ခပ်လျှင် ပျောက်ကင်းနိုင်ကြောင်း၊ စူဠာသမ္မာ၀ မဟာသမ္မာ၀ မျက်စိမြင်အောင် ဘီလူးမက ကုပေးတာ။ ဒီဂမုန်းဥနဲ့ပင် ကုသပေးတာပဲဟု ဆရာတော်ကြီးတစ်ပါးက မိန့်ကြားဖူးကြောင်းနှင့် ပြောပြသည်ကို ယခုစာရေး၍နေခိုက်မှာပင် သတိရမိပါသည်။

ဂမုန်းပင်တွေအကြောင်းကို လေ့လာမှတ်သားလေ ထူးထူးခြားခြားတွေကို တွေ့ကြုံရလေဖြစ်၍နေပါတော့သည်။

●

# (၁၁) ဘောဂကြီး

ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးမှုရှိသူ ဂမုန်းမိတ်ဆွေတစ်ဦး၏အိမ်၌ အများစိုက်ပျိုးလေ့ရှိသော စီးပွားဂမုန်းပင်များထက် အရွက်အဝန်းကြီးလျက် စီးပွားဂမုန်းပင်နှင့် ခပ်ဆင်ဆင်တူသည့် ဂမုန်းပင်တစ်မျိုးကို တွေ့ရှိရပါသည်။

ကျွန်တော်သည် ထိုဂမုန်းပင်ကို သေချာစွာကြည့်ရှုလျက် "ဒီဂမုန်းပင်ဟာ စီးပွားဂမုန်းလည်း မဟုတ်ပါဘူး။ လှလည်း အတော်ကို လှပါတယ်။ ရုတ်ခနဲကြည့်လိုက်တော့ စီးပွားဂမုန်းလိုပဲ။ စီးပွားဂမုန်းရဲ့ ဆွေမျိုးသားချင်းထဲကနဲ့ တူတယ်။ ဘာဂမုန်းခေါ်သလဲဗျ" ဟု မေးမြန်းမိပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေက "ဒီဂမုန်းဟာ အလွန်နာမည်ကြီးနေတဲ့ဂမုန်းပေါ့။ ဂမုန်းဝါသနာရှင်တွေက မရမက လိုက်လံဝယ်ယူပြီး ဒီဂမုန်းပင်ကို အမြတ်တနိုးစိုက်ပျိုးနေကြတယ်။ သူ့ရဲ့နာမည်ရင်း ငယ်နာမည်တော့ မသိဘူး။ ကျွန်တော်တို့ အများခေါ်နေကြတာက ဘောဂကြီး ဂမုန်းတဲ့ဗျာ" ဟုပြောပြပါသည်။

ကျွန်တော်က ထပ်မံ၍ "ဒီလိုဆိုလျှင် ဒီဂမုန်းမှာ လူအများ ယုံကြည်စွဲလမ်းလောက်တဲ့ တန်ခိုးသတ္တိရှိမှာပဲ။ အကြောင်းမဲ့သက်သက်

တော့ ငွေနဲ့ ဝယ်စိုက်မှာမဟုတ်ပါဘူး။ ဘယ်လိုများ ယုံကြည်လောက်အောင် ထူးထူးခြားခြား အကျိုးပေးဖူးသူရှိလို့ ဒါလောက်တောင် မရမက လိုက်ဝယ်ပြီး တရိုတသေ လေးလေးစားစား စိုက်ပျိုးပြုစုနေကြတာလဲ" ဟု မေးမိပါသည်။

ဂမုန်းမိတ်ဆွေက "ဒီဂမုန်းပင်ဟာ အရင်တုန်းက ကျွန်တော်တို့ ရပ်ကွက်ထဲမှာ မရှိခဲ့ပါဘူး။ မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့မှ ကရင်သူပုန်



ဘောဂကြီးဂမုန်းပင်

ရန်ကြောင့် ရန်ကုန်မြို့ကို ပြေးလာ ပြောင်းရွှေ့လာတဲ့ ပန်းထိမ်ဆရာ တစ်ယောက်က ပါရှိလာခဲ့တဲ့ ဂမုန်းပါ" ဟု ပြောပြပါသည်။

ကျွန်တော်က "ဒီပန်းထိမ်ဆရာပါလာတာနဲ့တော့ ဒီဂမုန်းပင်ကို ဒါလောက်စွဲစွဲလမ်းလမ်း စိုက်သူ မများနိုင်ပါဘူး။ ကျွန်တော်သိချင်တာ က ဒီဂမုန်းပင်ကို စိုက်ချင်လာအောင် ဒီဂမုန်းပင်ရဲ့ ထူးခြားတဲ့အချက်ကို ဗျ" ဟု ပြောမိပါသည်။

ထူးခြားတဲ့အချက်တွေကတော့ ဒီပန်းထိမ်ဆရာဟာ ဒီဂမုန်းပင် ကို နေ့အခါတွင် ပန်းထိမ်လုပ်တဲ့အခန်းရဲ့ အပြင်ဘက် တံခါးပေါက် ဆားမှာထားပြီး အလုပ်သိမ်းချိန်ကျတော့ အလုပ်ခန်းထဲကိုသွင်းပြီးတော့ သော့ခတ်၍ထားလေ့ရှိတယ်။

ဒီပန်းထိမ်ဆရာဟာ လက်ရာလည်း ကောင်းသင့်သလောက် ကောင်း၍ အပေါင်းအသင်းလည်း ဆုံ၊ ကတိသစ္စာလည်း တည်ကြည် မှုရှိပါတယ်။

ဒါပေမဲ့ ဒီပန်းထိမ်ဆရာဟာ ရောက်လာလို့ မကြာခင်မှာပဲ မြို့ခံ နာမည်ကြီး ပန်းထိမ်ဆရာတွေထက် အလုပ်အပ်နှံသူ ပေါများ၊ တပည့် လက်သားတွေစုံလင်၊ စီးပွားဥစ္စာ တစ်နေ့တခြား တိုးတက်လာပုံက ထူးခြားနေတယ်။

ကျွန်တော်လည်း နောက်မှရောက်လာတဲ့ ပန်းထိမ်ဆရာက နာမည်ရှိပြီး ပန်းထိမ်ဆရာတွေထက် အကျိုးပေးသာနေတာဟာ ဒီဂမုန်း ပင်ကြောင့်ဖြစ်ရမယ်လို့ တွေးတောပြီး ဒီဂမုန်းပင်က ကိုင်းတစ်ခုကို မရရ အောင် တောင်း၍ စိုက်ထားမိတယ်။

ဆရာ သိတဲ့အတိုင်းပဲ။ ကျွန်တော်၏ အိမ်မှာက ဂမုန်းအမျိုးပေါင်း ၁၀၀ ကျော်ရှိနေတော့ ဘယ်ဂမုန်းပင်က ဘယ်လိုအကျိုးတွေပေးပြီး ဘယ်ဂမုန်းပင်က ဘယ်လိုအကျိုးပေးနေတယ်ဆိုတာ အတပ်မပြော

နိုင်တော့ဘူး။ ထူးထူးခြားခြား ဘယ်အခါကမှ မမျှော်လင့်ခဲ့တဲ့ အကျိုးကျေးဇူးတွေကို ခံစားရတာကတော့ အမှန်ပါပဲ။

ဒီလိုနဲ့ပဲ တစ်နေ့ကျတော့ အဲဒီပန်းထိမ်ဆရာဟာ အလုပ်တွေအလွန်များလွန်းလို့ အလုပ်သိမ်းတဲ့အချိန်မှာ သတိလစ်ပြီး ဂမုန်းပင်ကိုတောင် အလုပ်ခန်းထဲ မသွင်းခဲ့မိဘူး။ အပြင်မှာ ကျန်ရှိခဲ့တယ်။

နောက်နေ့ အလုပ်လုပ်ရန်လာတော့ ဂမုန်းပင် ပျောက်ဆုံးနေတာတွေ့ရတယ်။ လူခိုးခံရခြင်းဖြစ်တယ်။ အဲဒီဂမုန်းပင်မရှိတဲ့နောက်မှာ အဲဒီပန်းထိမ်ဆရာဟာ သိသိသာသာပဲ အလုပ်အပ်နှံသူ နည်းပါးသွားတယ်။ တပည့်လက်သားများစွာကိုလည်း မထားနိုင်။ စီးပွားဥစ္စာကလည်း ယိမ်းယိုင်ပျက်စီးလာတယ်။ အဲဒီပန်းထိမ်ဆရာဟာ အတော်စိတ်မချမ်းမသာတမှိုင်မှိုင်တထွေထွေ ပိန်ချုံးလာတာကို တွေ့ရတယ်။

ကျွန်တော်ကလည်း အမှတ်တမဲ့ပဲ သူ့ထံက ကျွန်တော် ယူစိုက်ထားတဲ့ ဂမုန်းပင် စည်ကားပွားများနေတာကို ပြန်ပေးရန် သတိမရဘဲဖြစ်နေခဲ့တယ်။

ဒီလိုနဲ့ ခြောက်လလောက်ကြာတဲ့အခါမှာ သူ ကံကောင်းလာပုံရတယ်။ ကျွန်တော့်ဆီကို သူပေးလိုက်ဖူးတာ သတိရပြီး ပြန်တောင်းလို့အကိုင်းတစ်ခုပေးလိုက်ရတယ်။

အရင်ကလိုပဲ ဘောဂကြီးဂမုန်းပင်ကို ပြန်စိုက်တယ်။ စစိုက်တဲ့လမှာပဲ အလုပ်အပ်နှံသူတွေ အလွန်များပြားလာလို့ အရင်ကလို တပည့်လက်သားတွေကိုခေါ် အရင်ကလို စီးပွားဥစ္စာ တိုးတက်မြဲ တိုးတက်လာတာကို တွေ့ရတယ်။

အဲဒီအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်ကြား တစ်ယောက်စကား တစ်ရာနား ဆိုသလို ဂမုန်းဝါသနာအိုးတွေက စတင်ကြားသိကြပြီး တောင်းယူစိုက်ပျိုးကြလို့ ဂမုန်းဝါသနာမပါခဲ့သူတွေပါ ဈေးရောင်း

ကောင်းချင်သူ၊ အလုပ်အကိုင်တိုးတက်ချင်သူ၊ ချမ်းသာချင်သူတွေ သူ့ထက်ငါ အလုအယက် မရမက တောင်းယူစိုက်ပျိုးကြတာပါပဲ။

ဂမုန်းပင်ပွားတာကနည်းနည်း စိုက်ပျိုးချင်သူတွေကများများ မမျှမတဖြစ်လာတော့ ငါးကျပ်စ တစ်ဆယ်စ ဆိုသလို အနည်းငယ်ပိုက်ဆံပေးပြီး ဝယ်ယူစိုက်ပျိုး၍လာကြတယ်။

လူ့သဘာဝ သူတစ်ပါးလုပ်သည်တို့ကို လိုက်၍ပြုလုပ်တတ်သည့်အတိုင်း တစ်ယောက် ဘောဂကြီးဂမုန်းစိုက်၍ အလုပ်အကိုင်ဟန်ကျသွားတဲ့ လူတွေ တွေ့မြင်တော့ ဒီဘောဂကြီးဂမုန်းကိုစိုက်လို့ ဒီလူကြီးပွားသွားတာပဲဟု ယူဆကြတယ်။

"ဆေးစာဖတ်ရာ နားထောင်ပါ သူနာပျောက်နိုးနိုး၊ သိုက်စာဖတ်ရာ နားထောင်ပါ ဥစ္စာရနိုးနိုး" ဆိုတာလို မစိုက်ရ မနေနိုင်ဖြစ်လာတော့ နှစ်ဆယ်၊ သုံးဆယ်၊ ငါးဆယ်၊ တစ်ရာ ပေးဝယ်၍ စိုက်ကြတော့တာပါပဲ။

ပိုက်ဆံပေးပြီး ဝယ်၍စိုက်ထားကြတဲ့လူတွေရဲ့ အိမ်မှာ ဂမုန်းပင်တွေ ပွားလာပြန်တော့လည်း အလကားမပေးချင်ကြတော့ဘူးပေါ့။ ဒီဂမုန်းပင်စိုက်တဲ့လူတိုင်းလိုလိုပဲ တိုက်ဆိုင်လို့လားတော့ မပြောတတ်။ တစ်နည်းမဟုတ်လျှင်တစ်နည်းနဲ့ ဟန်ကျတာတော့ များတယ် ဆရာရဲ့" ဟု ဂမုန်းမိတ်ဆွေက ပြောပြပါသည်။

ကျွန်တော်သည် ထိုဂမုန်းမိတ်ဆွေပြောပြသောစကားများကို ကြားနာမှတ်သားခဲ့လျက် ဘောဂကြီးဂမုန်းပင် အကိုင်းတစ်ခုကို တောင်းယူခဲ့ပါသည်။

ထိုဘောဂကြီးဂမုန်းပင်ကို ကျွန်တော်၏အိမ်မှာ စိုက်ပျိုးပြုစုထားသော်လည်း ကျွန်တော်၏အိမ်၌ ဂမုန်းပင်အတော်များများ ရှိနှင့်ပြီးဖြစ်နေ၍ ထူးခြားသည် မထူးခြားသည်ကို လေ့လာအကဲခတ်ရန် ခက်ခဲနေပါ

သည်။

ကျွန်တော်တို့မှာ စီးပွားဥစ္စာ ထူးထူးခြားခြား မတိုးတက် မချမ်းသာလှသော်လည်း ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်တော့ နေထိုင်ရပါသည်။

ဂမုန်းပင်တွေမရှိခင် ဝါသနာမပါခင် မစိုက်ပျိုး မပြုစုခင် လွန်ခဲ့သည့် အချိန်အခါများက အသုံးအစွဲများသွားသည့်လများတွင် လကုန်ခါနီး၌ အစိတ်စ ငါးဆယ်စမျှ မိတ်ဆွေအဒေါ်ကြီးတစ်ယောက်ထံမှ ချေးယူသုံးစွဲရတတ်လျက် တစ်လခြား နှစ်လခြားလောက်မှာ ချေးယူရတတ်ပါသည်။

ခဏခဏငွေချေးရသဖြင့် မိတ်ဆွေအဒေါ်ကြီးက လကုန်ခါနီးသွားလျှင် "အစိတ်လား ငါးဆယ်လား အားမနာပါနဲ့ ယူပါ" ဟု ဆီး၍ပြောတတ်ပါသည်။

ဂမုန်းပင်စိုက်ပျိုးခြင်းကို ဝါသနာပါ၍ စိုက်ပျိုးပြုစုသဖြင့် ဂမုန်းပင်များ ဝေဝေဆာဆာ စည်စည်ကားကားရှိလာချိန်မှစ၍ ငွေချေးယူသုံးစွဲခြင်း မပြုရတော့ပါ။

အသုံးအစွဲများသွားသောလများမှာ တစ်နည်းနည်းနှင့်တော့ ပိုမိုသုံးစွဲ၍ထားသည်နှင့် ကာမိအောင် ကြဲကြဲဖန်ဖန် ပေါက်ပေါက်ရှာရှာ ရလာတတ်ပါသည်။

ငွေချေးနေကျ အဒေါ်ကြီးက ပထမအခေါက်သွားသောအခါ ငွေချေးလာသည်ဟု မှတ်ထင်နေပါသေးသည်။ ငွေမချေးတာကြာသဖြင့် "ဆရာ အခုတစ်လော ငွေမချေးတာကြာပြီ။ ချမ်းသာနေပြီထင်တယ်" ဟု ပြောပါသည်။

"ချမ်းသာတော့ မချမ်းသာပါဘူး။ ဂမုန်းပင်တွေစိုက်ပြီးမှ ငွေပိုသုံးမိတဲ့လမှာ ကြဲကြဲဖန်ဖန်ရရလာတတ်တယ်" ဟု အမှန်အတိုင်း

ပြောပြမိပါသည်။

ငွေချေးနေသော အဒေါ်ကြီးလည်း ကျွန်တော် ပြောပြသည်ကို စိတ်ဝင်စားလာဟန်တူပါသည်။ ဂမုန်းပင်များကို မရမက ရှာဖွေဝယ်ယူပြီး စိုက်ပျိုးထားသည်ကို တွေ့ရပါသည်။

ကျွန်တော်က "ဒေါ်ဒေါ်တို့မှာ တစ်သက်မက ဆယ်သက်စားလို့မကုန်နိုင်အောင် ပစ္စည်းတွေပိုနေတာပဲ။ ဂမုန်းပင်စိုက်ဖို့မလိုပါဘူး" ဟု ပြောမိပါသည်။

အဒေါ်ကြီးက "ဟာ... ဆရာရယ် သူတစ်ပါးပြောကြသလို ဒီဘောဂကြီးဂမုန်းကိုစိုက်လို့ စီးပွားတိုးတက် မတိုးတက်တာ ယုံလို့ မယုံလို့ရယ်တော့ မဟုတ်ပါဘူး။ ငွေအစိတ်ငါးဆယ်ပေးပြီး ဝယ်ရတာတာဝန်လေးတာမှမဟုတ်ဘဲ။ သူတစ်ပါးတို့ပြောသလို စီးပွားဥစ္စာတိုးတက်တော့လည်း များများရ များများလှူရုံပေါ့။ မတိုးတက်တော့လည်း အပင်ဝေဝေဆာဆာ စည်စည်ကားကား စိမ်းစိမ်းစိုစို မြင်ရ ကြည့်ရတွေ့ရတာ စိတ်ကြည်လင်ရွှင်ပျမှု ရတာတော့ အမှန်ပဲ။ အရှုံးမရှိပါဘူး" ဟု ပြောပြပါသည်။

နေ့တစ်နေ့တွင် အကြောင်းကိစ္စတစ်ခုရှိ၍ နှစ်ပေါင်းအတော်ကြာကပင် ခင်မင်ရင်းနှီးခဲ့လျက် အရောက်အပေါက် လွန်စွာနည်းပါး၍နေသော မိတ်ဆွေဟောင်း တစ်ယောက်၏တိုက်သို့ ရောက်ရှိသွားပါသည်။

ကျွန်တော်နှင့်မတွေ့ရသည့် ၂ နှစ်၊ ၃ နှစ်လောက်အတွင်းမှာ အတော်တိုးတက်၍ အတော်ကြီးပွားနေပါသည်။

တိုက်အပေါ်ထပ် လသာခန်းမှာ ပန်းအိုးနှစ်လုံးနှင့် ပြည့်အောင်ပွားများစည်ကား၍နေသည့် ဘောဂကြီးဂမုန်းပင်များကို တွေ့မြင်ရပါသည်။

ကျွန်တော်က ဘောဂကြီးဂမုန်းပင်များကို သေချာစွာကြည့်ရှုလျက် "ဘယ့်နှယ် တခြားဂမုန်းပင်တွေလည်း မရှိဘဲနဲ့ ဒီဘောဂကြီးဂမုန်းတစ်မျိုးထဲကိုမှ တိုက်အပေါ်ထပ်မှာတင်ပြီး တရိုတသေ ဂရုတစိုက်စိုက်ပျိုးပြုစုထားပုံကိုကြည့်တော့ ခင်ဗျားဟာ ဒီဘောဂကြီးဂမုန်းပင်ကို အတော်ယုံကြည်နေပုံရတယ်" ဟု ပြောပြမိပါသည်။

ထိုမိတ်ဆွေ ကန်ထရိုက်တာက "ဆရာရယ် ယုံကြည်နေဆို ဆရာသိတဲ့အတိုင်း လွန်ခဲ့တဲ့လေးနှစ် ငါးနှစ်လောက်က အလုပ်အကိုင်ကဟန်မကျ၊ ရောဂါဘယကများနဲ့ အတော်ပဲ ကသီခဲ့တယ်မဟုတ်လား"

"အဲဒီတုန်းက အဖြစ်အပျက်တွေကိုတွေးမိရင် အတော်ကို တရားရမိတယ်။ ယခုနေထိုင်ရတဲ့ အခြေအနေမျိုးကိုတော့ မရောက်တော့ဘူးလို့ ထင်ခဲ့တယ်။ အတော်လည်း အားလျော့သွားတယ်"

"ကျွန်တော်က ကောင်းချိန်ရောက်လို့လားတော့ မပြောတတ်ဘူး။ ဆရာတောင် မှတ်မိချင်မှပဲ မှတ်မိမယ်။ အဲဒီအချိန်က ဆရာ့ထံ ကျွန်တော် တစ်ခေါက်ရောက်လာတော့ ဆရာ့အိမ်မှာ အဲဒီဘောဂကြီးဂမုန်းပင်ကို တွေ့မြင်ရတယ်။ ကျွန်တော်ရဲ့စိတ်ထဲမှာ အဲဒီဘောဂကြီးဂမုန်းပင်ကို စိုက်ပျိုးချင်စိတ်ပြင်းထန်လာတာနဲ့ ဆရာထံမှ အတက်ကလေးတစ်ခုကို အားနာနာနဲ့ တောင်းခဲ့ရတယ်။

"အဲဒီဘောဂကြီးဂမုန်းပင်ဟာ ကျွန်တော်နဲ့ တိုက်ဆိုင်ချင်တော့ စ,စိုက်တဲ့နေ့မှာပဲ အလုပ်တစ်ခုရလာတယ်။ အဲဒီအလုပ်ကလည်း လွယ်လွယ်ကူကူနဲ့ ငွေအတော်များများရလိုက်တယ်။

"ကျွန်တော့်ရဲ့စိတ်ထဲမှာ ဒီဂမုန်းပင်စိုက်လို့ အကျိုးပေးတာပဲလို့ စွဲစွဲမြဲမြဲ တထစ်ချ ယုံကြည်မိတယ်။

"ဒီလိုနဲ့ပဲ ဒီဂမုန်းကလည်း တစ်နေ့တခြား စည်ကားလာတယ်။ အလုပ်အကိုင်ကလည်း တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ

'တက်သစ်စ နေဝင်း ထွန်းသစ်စလ ပမာဏသို့' ဆိုတဲ့စာလို တစ်နေ့တခြား ဒီရေလားကဲ့သို့ တိုးပွားလာတာပါပဲ"

"တစ်နှစ်လောက်အကြာမှာ ကိုယ်ပိုင်တိုက်တစ်လုံးနဲ့ မော်တော်ကားတစ်စီး ဖြစ်လာတယ်။ ၂ နှစ်လောက်ကြာတော့ တိုက်နှစ်လုံးနဲ့ မော်တော်ကားနှစ်စီးဖြစ်လာတယ်။ ယခုလည်း အလုပ်အကိုင် အကြံအစည် ဟန်ကျလျက်ပါပဲ"

"ဆရာရဲ့ကျေးဇူးကိုတော့ ဘယ်တော့မှ မမေ့ပါဘူး။ တစ်ခုထူးတာက ကျွန်တော်၏အိမ်မှာ ပန်းအိုးနှစ်လုံးနဲ့ ပြည့်အောင် စည်ကားပွားများနေလို့ အလွန်ခင်မင်ရင်းနှီးတဲ့လူတွေကို ကျွန်တော့်လို ချမ်းသာပါစေဆိုတဲ့ စေတနာအရင်းခံနဲ့ ခွဲ၍ပေးခဲ့ပါတယ်"

"အဲဒီလူတွေဟာ အမျိုးမျိုးပြုစုကြတာပဲ။ ကျွန်တော့်ရဲ့အိမ်မှာလို မစည်ကား မပွားများကြဘူး။ ကျွန်တော့်လိုလည်း အလုပ်အကိုင် အကြံအစည် စီးပွားဥစ္စာ မတိုးတက်ကြဘူး"

"ဒီတော့ ဂမုန်းပင်များဟာ လူတိုင်း အကျိုးပေးတာမဟုတ်ဘူး။ အပ်စပ်တဲ့လူကိုမှ အကျိုးပေးတာပဲလို့ သဘောပေါက်မိတယ်" ဟု ရှင်လန်းဝမ်းသာ ပြောပြပါသည်။

ကျွန်တော်က "ဟုတ်တယ်ဗျ၊ ဘယ်ဂမုန်းမျိုးမဆို အကျိုးမပေးမယ့်အိမ်မှာ မစည်ကားတတ်ဘူး။ အကျိုးပေးချင်တဲ့အိမ်ကျတော့ အထူးဂရုမစိုက်ရဘဲနဲ့ အလိုလို စည်ကားလာတတ်တယ်။ ကျွန်တော်ဖြင့် ခင်ဗျား အဲဒီဘောဂကြီးဂမုန်းပင်ကို ယူသွားတာတောင် မေ့နေပြီဗျာ။ မမှတ်မိတော့ဘူး။ ဝမ်းသာပါတယ်ဗျာ" ဟုပြောလျက် ကျွန်တော်၏ စိတ်ထဲမှာ ဒီဘောဂကြီးဂမုန်းပင်ဟာ အလုပ်အကိုင် တိုးတက်ကောင်းမွန်သော ဂမုန်းဟု မှတ်ထင်ယူဆလိုက်မိပါတော့သည်။

●

## (၁၂) အင်းဂမုန်း

နေ့တစ်နေ့တွင် ကျွန်တော်၏အိမ်သို့ ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးလှသော ဂမုန်းမိတ်ဆွေတစ်ဦး ရောက်ရှိလာပြီး ကျွန်တော်၏ ဂမုန်းပင်များကိုကြည့်ရှုရာမှ "ဆရာ့အိမ်မှာ အင်းဂမုန်းပင် မရှိသေးဘူးလား" ဟုမေးမြန်းပါသည်။

ကျွန်တော်က "အင်းဂမုန်းပင်အကြောင်း ကြားတောင် မကြားဖူးသေးပါဘူး။ ဘယ်လိုနေသလဲ" ဟု ပြန်လည်မေးမြန်းရာ ဂမုန်းမိတ်ဆွေက "အရွက်မှာ အဖြူအကြောင်းတွေပါရှိပြီး အရွက်ဘေးက အဖြူအရစ်ကလေး ရစ်ထားတော့ အင်းကွက်တွေလိုဖြစ်နေတယ်။ အနားကို အတွန့်ကလေးတွေ တွန့်ထားပုံမှာလည်း အလွန်လှတယ်၊ အစွမ်းသတ္တိလည်း ထက်မြက်တယ်" ဟု ပြောပြပါသည်။

ကျွန်တော်က ထိုဂမုန်းမိတ်ဆွေအား "အဲဒီအင်းဂမုန်းပင် ဘယ်မှာရှိသလဲ၊ အဲဒီအိမ်က ဘယ်မှာလဲ၊ ဘယ်လိုသွားရသလဲ" ဟု စုံစေ့စွာ မေးမြန်းပြီးလျှင် ထိုဂမုန်းမိတ်ဆွေ၏ ညွှန်ကြားချက်အတိုင်း အင်းဂမုန်းရှိရာအိမ်သို့ ဂမုန်းပင် တောင်းရန်သွားပါသည်။



အင်းဂမုန်းပင်

အင်းဂမုန်းပင်ရှိသူ အမျိုးသမီး အဒေါ်ကြီးမှာ ဂုဏ်သိက္ခာကို လိုက်၍ အဒေါ်ကြီးဟုခေါ်ရသော်လည်း အသက် ၄၀ အရွယ်သာရှိသေး ၍ ထင်ရှားကျော်ကြားသူ စာပေကျွမ်းဂန်တတ်မြောက်ကျွမ်းကျင်သူ၊ အပြောအဟောကောင်းသူ၊ ရတနာသုံးပါးတို့ကို လွန်စွာရိုသေကိုင်းရှိုင်း သူ လွန်စွာပရိတ်ရွတ်သူတစ်ယောက်ဖြစ်ကြောင်းတို့ကို သိရှိရပါသည်။

ကျွန်တော်သည် ဂမုန်းပင်များကို သေချာစွာကြည့်ရှုနေစဉ်ပင် အဒေါ်ကြီး အိမ်ပေါ်မှ ဆင်းလာပါသည်။

ကျွန်တော်က "ဒေါ်ဒေါ်ရဲ့ နာမည်သတင်းကို ကြားဖူးနေသည်မှာ ကြာပါပြီ။ ဒေါ်ဒေါ့်ကို တစ်ခါမှ မတွေ့ဖူးသေးပေမယ့် ဒေါ်ဒေါ်ရဲ့ အကြောင်းကို ကြားဖူးစကပင် ကြည်ညိုလေးစားပြီးဖြစ်ပါတယ်။ ကျွန်

တော် အခုလာတာကတော့ ကျွန်တော်ဟာ ဂမုန်းပင်ဝါသနာပါသူတစ်ယောက်ဖြစ်၍ ဒေါ်ဒေါ့်ရဲ့အိမ်မှာရှိတဲ့ အင်းဂမုန်းပင်ကို အလွန်စိုက်ပျိုးပြုစုလိုသဖြင့် တောင်းယူရန်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်၏အိမ်မှာလည်း စိုက်ပျိုးထားသော ဂမုန်းပင်များ တော်တော်များများရှိပါတယ်။ ကျွန်တော်၏အိမ်မှာရှိတဲ့ ဂမုန်းပင်ထဲက ဒေါ်ဒေါ် လိုချင်တာရှိလည်း ပေးပါ့မယ်။ ကျွန်တော့်ကို အင်းဂမုန်းတစ်ပင်တော့ ပေးပါ" ဟု တောင်းဆိုပါသည်။

အင်းဂမုန်းရှိသူ အဒေါ်ကြီးက "ကျွန်မဟာ တခြားဂမုန်းပင်တွေကို များများမစိုက်ပါဘူး။ ဒီအင်းဂမုန်းပင်တစ်မျိုးထဲကိုပဲ ဂရုတစိုက်အလေးတမူ စိုက်ပျိုးထားပါတယ်။ ဒီအင်းဂမုန်းပင်ကို ရရှိတဲ့အချိန်ဟာ ကျွန်မ အိပ်မက်မက်တဲ့အချိန်နဲ့ တိုက်ဆိုင်နေလို့ အိပ်မက်နဲ့ရတဲ့ ဂမုန်းလို့ယူဆပြီး တရိုတသေ စိုက်ပျိုးထားခြင်းဖြစ်ပါတယ်" ဟုပြောပြပါသည်။

"ဒေါ်ဒေါ် ဘယ်လိုအိပ်မက်မက်တယ်၊ ဘယ်လိုဂမုန်းပင်ကို ရရှိတယ်၊ အိပ်မက်နဲ့ ဂမုန်းပင် ဘယ်လိုတိုက်ဆိုင်တယ်ဆိုတာကို ကျွန်တော်ဖြင့် အလွန်သိချင်ပါတယ်။

"ကျွန်တော်၏အိမ်မှာ စိုက်ပျိုးပြုစုထားတဲ့ ဂမုန်းပင်တိုင်းလိုလိုမှာပင် ထူးခြားချက်များရှိကြပါတယ်။ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ်စိုက်ပျိုးထားကြခြင်းဖြစ်ပါတယ်။ ဒေါ်ဒေါ်ရဲ့အိပ်မက်မှာ ဒေါ်ဒေါ့်ဂမုန်းပင်ထူးခြားချက်ဖြစ်လို့ မှတ်သားထားလိုပါတယ်။ အိပ်မက်အကြောင်းတော့ ပြောပြပါ ဒေါ်ဒေါ်ရယ်" ဟု မရမက မေးမိပါသည်။

"အမျိုးသမီး အဒေါ်ကြီးမှာ မပြောချင်ပြောချင်နှင့် ကျွန်မ ဘယ်သူ့ကိုမှ ဒီအိပ်မက်ရဲ့အကြောင်းကို မပြောပြခဲ့ပါဘူး။ ဒါလောက်သိချင်နေရင်တော့ ပြောပြရတော့မှာပေါ့" ဟု အေးဆေးစွာပြောပြပါသည်။

"လွန်ခဲ့တဲ့ ၁၉၅၁ ခုနှစ်က ကျွန်မဟာ ကံဇာတာခေနေခိုက် နေမကောင်း ထိုင်မသာ ရောဂါဝေဒနာထူပြောပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေပါတယ်။

ညတစ်ညမှာ ဝိတက်ဝိစာရများပြီး အိပ်မပျော် အိပ်မရဖြစ်နေတာနဲ့ စိတ်တည်ငြိမ်မှုရပါစေတော့လို့ ဘုရားဝတ်ပြု ပရိတ်ရွတ် မေတ္တာပို့ ဘာဝနာကမ္မဋ္ဌာန်းများ စီးဖြန်းရင်း နံနက်မိုးလင်းကာနီး ၃ နာရီကျော် အချိန်လောက်ကျမှ မှေးခနဲ အိပ်ပျော်သွားပါတယ်။

အိပ်မက်ထဲမှာ ရွှေတိဂုံစေတီတော်ကြီးက ရောင်ခြည်တော်တွေ လွှတ်နေတာကို တွေ့မြင်ရတယ်။ အဲဒီရောင်ခြည်တော်တွေဟာ လနဲ့ သောကြာကြယ်ဆီကို ရောက်သွားကြတယ်။ ကျွန်မဟာ ရောင်ခြည်တော်တွေကို ဝမ်းသာအားရ ဖူးမြော်ကန်တော့ရင်း လာကြပါ၊ ဖူးကြပါ ရွှေတိဂုံစေတီတော်ကြီးရဲ့ ရောင်ခြည်တော်တွေဟာ လနဲ့ သောကြာကြယ်ဆီကို ရောက်သွားကြတယ်လို့ အော်မိပါတယ်။

အိပ်မက်ထဲတွင် ကျွန်မရဲ့စိတ်ဟာ လွန်စွာကြည်နူးပြီး ဖူးမြော်ကန်တော့လို့ အားမရ တင်းမတိမ်ဘဲ ရောင်ခြည်တော်တွေကိုသာ စိုက်ပြီးကြည့်နေမိတယ်။

ရွှေတိဂုံစေတီတော်ကြီးမှ ထွက်လာတဲ့ ရောင်ခြည်တော်တွေ အတွင်းက ထူးဆန်းစွာ လက်ကြီးတစ်ခု ခွဲထွက်လာတယ်။ အဲဒီလက်ကြီးထဲမှာ ကျောက်စိမ်းသေတ္တာကလေးတစ်ခုပါလာပြီး ကျွန်မကို ပေးတယ်။

"ကျွန်မလည်း အိပ်မက်ထဲမှာ ဝမ်းသာအားရနဲ့ ကျောက်စိမ်းသေတ္တာကလေးကို ဖွင့်လိုက်တော့ မြသေတ္တာကလေးတစ်ခု ထွက်ပေါ်လာတယ်။ မြအစစ် ဟုတ် မဟုတ် သိရအောင် မှန်ကို ခြစ်ကြည့်တော့ မှန်မှာ သေတ္တာကလေး ကပ်ပြီးနေတာကို တွေ့မြင်ရတယ်။

"မြသေတ္တာကလေးကို ဖွင့်ထုတ်လိုက်တော့ အထဲမှာ ဥကလေး တစ်လုံးတွေ့ရတယ်။ ကျွန်မ ဥကလေးကို ကိုင်တွယ်ကြည့်ရှုနေစဉ် ကျွန်မရဲ့နားထဲမှာ ဒီဥကို ဘယ်ဆေး ဘယ်ဝါး ဘယ်စုန်း ဘယ်နတ်ကမှ မနိုင်နိုင်ဘူးလို့ လက်ကြီးရဲ့နောက်က ပြောသံကိုကြားရတယ်။

"ကျွန်မလည်း အိပ်မက်ထဲတွင် ဥကလေးကို တရိုတသေ ခေါင်းအုံးအောက်မှာ သိမ်းဆည်းထားလိုက်ပြီး အိပ်ရာကနိုးလာတယ်။ အိပ်ရာကနိုးလျှင်နိုးချင်း ခေါင်းအုံးရဲ့အောက်ကို လှန်လှောပြီး ရှာဖွေနေမိတယ်။

"ကျွန်မရဲ့ခင်ပွန်းက 'ဘာရှာနေတာလဲ' လို့မေးတော့ 'ဥရှာတာပါ' လို့ပြောမိတယ်။ 'ဘာဥလဲ၊ ဘယ်ကဥလဲ' လို့ သူက ထပ်မံမေးမြန်းတော့မှ ကျွန်မရဲ့အိပ်မက်အကြောင်းကို ပြောပြလိုက်တယ်။

"ကျွန်မရဲ့ခင်ပွန်းက 'အိပ်မက်ထဲကဥကို တကယ်ရှာနေလို့ ဘယ်မှာ တွေ့ပါ့မလဲ။ မင်းမှာ သားသမီးရတနာရရှိချင်လို့ ဥကလေးရတယ်လို့ အိပ်မက် မက်တာဖြစ်တော့မပေါ့' ဟု ပြောဆိုပါတယ်။

"ကျွန်မအိပ်မက်မက်ပြီး မကြာခင်မှာပဲ အိမ်ရှေ့မှာ စိုက်ပျိုးထားတဲ့ သဇင်ပန်းပင်ပေါ်မှာ ဥကလေးတစ်ခု ထူးထူးဆန်းဆန်း မြင်တွေ့ရပါတယ်။

"ကျွန်မဟာ ဥကလေးကို မြင်လိုက်ရင်ပဲ အိပ်မက်ထဲက ဥကလေးကို သတိရ၍ မျက်စိထဲမှာ မြင်ယောင်လာတယ်။ 'ဘယ်ဆေး ဘယ်ဝါးမှ မနိုင်ဘူး' လို့ ကြားတဲ့စကားကိုလည်း သတိရလာတယ်။

"သောက်ရေအိုးက ရေတစ်ဖလားကို ခပ်ယူပြီး ဥကလေးကို ရေစိမ်၍ မျက်နှာသစ်လိုက်မိတယ်။ စိတ်ရောကိုယ်ပါ လန်းဆန်းရွှင်ကြည်ပြီး တစ်ခဏချင်းအတွင်းမှာ ရောဂါဝေဒနာတွေ ပျောက်ကင်းလျက်နေလို့ထိုင်လို့ ပေါ့ပါးဖျတ်လတ်မှုရှိလာတာကို ထူးခြားစွာတွေ့ကြုံရတယ်။

“ဥကလေးကိုကိုင်တွယ်ပြီး သေသေချာချာ လှည့်ပတ်ကြည့်လိုက်တော့ ဥကလေးရဲ့တစ်နေရာမှာ အစို့ကလေးပေါ်လာတာကို တွေ့ရလို့စိုက်ထားလျှင် အပင်ပေါက်မှာပဲလို့ အောက်မေ့ပြီး ပန်းအိုးတစ်ခုနဲ့စိုက်ထားလိုက်တယ်။

“ရက်မကြာလှပါဘူး။ အဲဒီအင်းဂမုန်းပင်ကို ပေါက်လာတာပါပဲ။ ကျွန်မတော့ နေထိုင်မကောင်းတဲ့အခါ၊ စိတ်မကြည်မလင် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်လာတဲ့အခါများမှာ အဲဒီအင်းဂမုန်းပင်အိုးနားသွားပြီး အရွက်နဲ့ မျက်နှာ ကပ်ထားလိုက်တာပဲ။

“တစ်ခဏအတွင်းမှာ စိတ်နှလုံးကြည်လင် ရွှင်လန်းလာပြီး ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ်နဲ့ နေလို့ထိုင်လို့ သွားလို့လာလို့ ပြောလို့ဆိုလို့ ကြံလို့ဖန်လို့ စားလို့သောက်လို့ ကောင်းသွားတာပဲ” ဟု ပြောပြပါသည်။

ကျွန်တော်က “ဟိုဘက်က နှစ်အိမ်ကျော်လောက်မှာလည်း အဲဒီဂမုန်းပင်မျိုး တွေ့မြင်ခဲ့မိတယ်” ဟု ပြောမိပါသည်။

အမျိုးသမီးအဒေါ်ကြီးက “ဟုတ်တယ်၊ အဲဒါ ကျွန်မတို့အိမ်ကအပင်ပဲ။ သူတို့နေထိုင်မကောင်းကြလို့ ငှားသွားကြတယ်။ အခု သူတို့အိမ်မှာ နေကောင်းသွားကြပါပြီ။ ပြန်ပြီးယူထားရဦးမယ်” ဟု ပြောပြပါသည်။

အင်းဂမုန်းရှင် အဒေါ်ကြီးက “အိုးတစ်လုံးကို မြေကြီးထည့်ပြီး ယူလာခဲ့ပါ။ ကျွန်မ စိုက်ထားလိုက်ပါ့မယ်” ဟုပြော၍ ကျွန်တော်က “ဒေါ်ဒေါ့မှာ အင်းဂမုန်းပင်တွေ အများကြီးပဲ။ အပင်ကလေးတစ်ပင်ကျွန်တော့်ကို ပေးလိုက်ပါ။ ကျွန်တော် ရှင်အောင် စိုက်ယူပါ့မယ်” ဟု ပြောဆို၍ကြည့်မိပါသေးသည်။

အဒေါ်ကြီးက “ကျွန်မ တစ်ခါတည်း မပေးလိုက်နိုင်ပါဘူး။

ပေးသင့် မပေးသင့်၊ ပေးရမယ် မပေးရဘူးဆိုတာကို အမိန့်ခံပြုပြီး အိပ်မက်မက်ကြည့်ဦးမယ်။

"ဒါပေမဲ့ ဆရာ့ကိုတော့ ပေးသင့်တယ်လို့ အိပ်မက်မက်မှာပဲလို့ ယုံကြည်ပြီးမို့ အိုးယူခဲ့ဖို့ပြောတာပါ။ စိတ်ချနေပါ၊ ရပါလိမ့်မယ်။ ကျွန်မက အပင်ကိုနုတ်ပြီး အလွယ်တကူနဲ့ ရွှေ့ယူသွားလို့ ဘယ်သူ့ကိုမှ ပေးလေ့မရှိပါဘူး" ဟု ပြောပြပါသည်။

ကျွန်တော် နောက်ထပ်မပြောရဲတော့ပါ။ နောက်တစ်နေ့ ပန်းအိုးကလေးတစ်လုံးကို မြေကြီးထည့်၍ ဆိုက်ကားပေါ်တင်ပြီး တော်သလင်းလပြည့်နေ့မှာ သွားရောက်ပေးပို့ရာ တစ်လခွာလျက် သီတင်းကျွတ်လပြည့်နေ့တွင် လာယူရန်ပြောလိုက်ပါသည်။

အဒေါ်ကြီးအိမ်မှာ အင်းဂမုန်းတွေ ကိုးပင် ဆယ်ပင်မျှ စည်ကားဝေဆာနေလျက် ဂမုန်းပင်အငယ်ကလေးတစ်ပင်ပေးဖို့အတွက် အတော်ခဲရာခဲဆစ်နိုင်လှပါသည်။

နောက်ထပ်တောင်းသူများမှာ ကျွန်တော်တောင်းယူတုန်းကထက်ပင် ခက်ခက်ခဲခဲတောင်းရကြောင်း သိရပါသည်။

ကျွန်တော်၏အိမ်မှာ မည်မျှအဖိုးတန်သည့် ဂမုန်းပင်ဖြစ်စေ၊ တစ်ပင်က နှစ်ပင်ဖြစ်လာလျှင် တောင်းသူရှိက ခွဲ၍ပေးလိုက်တတ်သဖြင့် သုံးပင်ရှိသော ဂမုန်းပင်ရယ်လို့ မရှိအောင် ရှားလှပါသည်။

ပေးမှာအတူတူ လွယ်လွယ်နဲ့ပေးလိုက်ရောပေါ့ဟု အောက်မေ့လျက် ရက်ချိန်းမစေ့ခင် သွားရောက်မျှော်မိပါသည်။ ယူချင်ယူသွားတော့ စိုက်ထားပြီးပါပြီဟု ပြောသော်ပြောငြား သွားခြင်းပင်ဖြစ်ပါသည်။

ဂမုန်းပင်ကလေး အိုးထဲမှာစိုက်ထားပြီး တွေ့ရရက်နှင့် ယူသွားဟုမပြောပါ။ ကြည့်၍သာပြန်ခဲ့ရလျက် ရက်ချိန်းစေ့သည့် သီတင်းကျွတ်လပြည့်နေ့မှသာ ပေးလိုက်ပါသည်။ လွယ်လွယ်နဲ့ မပေးတတ်သည့်အိမ်

မို့ ဒါလောက် ဂမုန်းပင်တွေများနေတာပဲဟု အောက်မေ့မိပါသည်။

ကျွန်တော်၏ ဂမုန်းမိတ်ဆွေတစ်ဦး၏အိမ်မှာလည်း အင်းဂမုန်းပင်တစ်ပင်တွေ့၍ "ဘယ်ကရသလဲ" ဟုမေးကြည့်ရာ ဒီလိုပဲ ခဲခဲယဉ်းယဉ်းယူထားရကြောင်း ဂမုန်းပင်တောင်းရတာ စိတ်ပင်ပျက်ကြောင်း ပြောပြပါသည်။

နောက်တစ်ခေါက် ၎င်းဂမုန်းမိတ်ဆွေ၏အိမ်သို့ သွားရောက်သောအခါ ၎င်းအင်းဂမုန်းပင်ကိုမမြင်သဖြင့် ဘယ်ရောက်သွားသလဲဟု မေးမြန်းရာ မိတ်ဆွေတစ်ယောက်က မရမကငှားယူသွားကြောင်း၊ ခုနစ်ရက်ကြာလျှင် ပြန်၍ပို့မည်ဟု ပြောသွားကြောင်း၊ အားနာရမယ့်လူမို့ ငှားလိုက်ရကြောင်း ပြောပြပါသည်။

ကျွန်တော်က "ဟာ... ဒီလိုဆိုရင် နေထိုင်မကောင်းလို့ ငှားသွားတာဖြစ်လိမ့်မယ်။ အဲဒီဂမုန်း စရှိတဲ့ အမျိုးသမီးအဒေါ်ကြီးရဲ့အိမ်မှာလည်း နေထိုင်မကောင်းတဲ့လူတွေက ဒီလိုပဲ ငှားကြသတဲ့" ဟုပြောမိသည်။

နောက်တစ်ခေါက် ထိုဂမုန်းမိတ်ဆွေ၏အိမ်ကို ရောက်ရှိသောအခါ ယခင်ဂမုန်းပင် ငှားသွားသောသူက ရောဂါပျောက်ကင်းသည်ဆို၍ ငွေတစ်ရာပေးပြီး အတင်းဝယ်သွားကြောင်း၊ အပင်ကလေးတစ်ပင်ထပ်မံရှာဖွေ၍ စိုက်ပျိုးထားရကြောင်း ပြောပါသည်။

နောက်တစ်ခေါက်ရောက်တော့ ထပ်စိုက်ထားသည့်အပင်ကလေးပါ မိတ်ဆွေတစ်ယောက်က အတင်းဝယ်သွားကြောင်း ပြောပြပါသည်။

တိုက်ဆိုင်နေ၍လော မပြောတတ်ပါ။ ထိုအင်းဂမုန်းပင် ကျွန်တော်၏အိမ်သို့ ရောက်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်တို့အိမ်ရှိလူများမှာ နေမကောင်းထိုင်မသာ ရောဂါဝေဒနာမရှိသလောက် ကျန်းမာကြပါသည်။

ထူးခြားစွာတိုက်ဆိုင်ပုံမှာ ကျွန်တော်၏မိတ်ဆွေအများပင် မြင်ကြသိကြသည့်အတိုင်း အလွန်ပိန်လှသော ကျွန်တော်၏ဇနီးဆရာမသည် အင်းဂမုန်းစိုက်ပြီး တစ်နှစ်အတွင်း သိသိသာသာဖျက်၍လုပ်လိုက်သလို ဝ၍ လှ၍ နေထိုင်စားသောက်ကောင်း၍ လာခြင်းပင်ဖြစ်ပါသည်။

ရင်းနှီးခင်မင်သူ မိတ်ဆွေအများတို့က တအံ့တသြနှင့် "ဆရာမ တသွေးတမွေး ဝလှချည်လား။ ဆေးကောင်းရှိရင် ပေးပါ" ဟု ပြောင်သလို ပြောဆိုကြသဖြင့် ကျွန်တော်ကလည်း ပြောင်သလိုနဲ့ပဲ "ဆေးကောင်းတော့ မရှိပါဘူး။ လှူဝတဲ့ ဂမုန်းရှိလို့" ဟု ပြောမိပါသည်။

အထူးရင်းနှီးလှတဲ့ မိတ်ဆွေတစ်ယောက်က "ကျုပ်သမီး ပိန်လွန်းလို့ ဆရာမလို ဝလာစေချင်ပါတယ်။ ဆရာမ ဝလာတဲ့ဂမုန်းကို ပေးပါ" ဟုတောင်းဆိုနေသဖြင့် "မပွားသေးပါဘူးဗျာ၊ ပွားရင် ပေးပါ့မယ်" ဟုပြောထားရပါသည်။

ထိုအထူးရင်းနှီးခင်မင်သူမိတ်ဆွေမှာ ကျွန်တော်၏ဂမုန်းပင်မှ ပွားလာအောင် မစောင့်နိုင်ဘဲ အင်းဂမုန်းပင်ကို စိုက်ပျိုးပြုစုလိုသောဆန္ဒပြင်းထန်၍လာသဖြင့် အင်းဂမုန်းပင်ရှိသည့် အိမ်တစ်အိမ်မှ မရမကဝယ်ယူ၍ စိုက်ပါသည်။

၎င်းမိတ်ဆွေ၏သမီးမှာလည်း အတော်အသင့်ဝ၍ စိုစိုပြည်ပြည် လှလှပပဖြစ်၍လာသည်ကို တွေ့မြင်ရပါသည်။

ထိုမိတ်ဆွေကိုယ်တိုင်မှာမူ အင်းဂမုန်းပင်စိုက်စက ချိန်၍ကြည့်ထားရာ ၃၅ ပိဿာရှိသည်ဆိုပါသည်။

အင်းဂမုန်းပင်စိုက်ပြီး ၂ လလောက်အကြာ ချိန်ကြည့်ပြန်ရာ ၃၆ ပိဿာရှိနေပြီး နောက် ၂ လလောက်အကြာတွင် ၃၇ ပိဿာ၊ နောက် ၂ လလောက်အကြာတွင် ၃၈ ပိဿာ၊ နောက် ၂ လလောက်အကြာတွင် ၃၉ ပိဿာ ၂၅ ကျပ်သား ဖြစ်၍လာသည်ဟုပြောပါသည်။

ဝလွန်း၍ သွေးချိန်ကြည့်ရာ ကျန်းမာလျက်ပင်ရှိကြောင်း၊ စားသောက်ကောင်းကြောင်းတို့ကို ပြောပြပါသည်။

ငင်းအင်းဂမုန်းပင် စတင်ရရှိသော အဒေါ်ကြီးကလည်း နောက်ထပ်ပြီး လွယ်လွယ်နှင့် မပေးတော့ပါ။ ယခင်ပေးထားပြီးသူများကလည်း ငွေများများရ၍ ရောင်းစားကြသဖြင့် လက်ကျန်မရှိကြတော့ပါ။ ယခုအခါတွင် အင်းဂမုန်းပင်ကို တစ်ရာ ကိုးဆယ်ပေး၍ဝယ်သည်ကိုပင် မရအောင်ရှားနေပါသည်။

တစ်ပိဿာ တစ်ပိဿာ တိုး၍ဝနေသော အိမ်မှ အင်းဂမုန်းပင်ကိုလည်း လူခိုးသွားသဖြင့် အပင်ကလေးတစ်ပင်သာ ကျန်ခဲ့ပါသည်။

ဂမုန်းပင်ခိုးသူများကလည်း ညတိုင်းလိုလို အဆက်မပြတ် လိုက်၍ခိုးနေကြပါသည်။

ကျွန်တော် သင့်ဘဝမဂ္ဂဇင်းတွင် ဂမုန်းပင်ဆောင်းပါးများရေးစဉ်က မင်္ဂလာဂမုန်းပင်စိုက်လျှင် မင်္ဂလသုတ်အမြဲရွတ်ရမည်။ ရတနာဂမုန်းကိုစိုက်လျှင် ရတနသုတ်ပရိတ်ကို အမြဲရွတ်ရမည်။ ဒေါင်းဂမုန်းပင်ကိုစိုက်လျှင် မောရသုတ်ကို အမြဲရွတ်ရမည်။ ရှင်သူငယ်ဂမုန်းကိုစိုက်လျှင် သီရသို့ မေ ဂါထာတော်ကို အမြဲရွတ်ရမည်ဟု ရေးခဲ့ပါသည်။

ဂမုန်းပင်ဝါသနာပါ၍ ကျွန်တော်၏ဂမုန်းပင်များကို လာကြည့်သူများကိုလည်း ဂမုန်းပင်ကိုလည်း စိုက်ပျိုးပြုစု၊ အလုပ်ကိုလည်း ကြိုးစားလုပ်၊ ပရိတ်တော်ကိုလည်း နာနာရွတ်ဖို့ နှိုးဆော်တိုက်တွန်းခဲ့ပါသည်။ ဂမုန်းပင်ကို ခိုးရောင်းသူက ခိုးရောင်းမှန်းသိလျက်နဲ့ ဝယ်စိုက်သူကစိုက်၊ ပေါ့စေလိုလို့ ကြောင်ရပ်ထိုး၊ ဆေးအတွက်လေးဆိုသည့်စကားပုံအတိုင်း ဂမုန်းစိုက်သည့်အတွက် အကျိုးကျေးဇူးမခံစားရဘဲ အကျိုးဆုတ်ယုတ်မည်အမှန် ဖြစ်နေပါသည်။

ငင်းအင်းဂမုန်းပင်ကို စတင်တွေ့ရှိသည့် အဒေါ်ကြီးအိမ်မှာ အင်း

ဂမုန်းတွေ အလွန်ပွားလျက် သမ္ဘုဒ္ဓေဖြင့် ရေကိုမန်းပြီး လောင်းသည်ဟု ပြောပါသည်။ တစ်ပိသာ တစ်ပိသာတိုး၍ဝသောအိမ်မှာလည်း အတော်ပွားပါသည်။ ဓာရဏပရိတ်ကိုမွန်း၍ ရေလောင်းသည်ဟု ပြောပါသည်။

တခြားအင်းဂမုန်းပင်ရှိသော သူတို့အိမ်မှာ အလွန်ပွားခဲ့ပါသည်။ ကျွန်တော်၏အိမ်မှ အပင်ကိုလည်း "ပွားရင်ပေးပါ့မယ်" ပြောထားသူ မိတ်ဆွေများ မကြာခဏလာ၍ကြည့်ကြပါသည်။ ယနေ့တိုင် တစ်ပင်မှ မပွားသေးဘဲ ဖြစ်၍နေပါသည်။

ကျွန်တော်၏အိမ်သို့ ဂမုန်းအကြောင်းကို လွန်စွာနားလည်သိရှိသော အင်္ဂရတ်ဆရာကြီးတစ်ယောက်လာသဖြင့်

ကျွန်တော်က အင်းဂမုန်းပင်အကြောင်း အင်းဂမုန်းပင် စတင်ရရှိတဲ့ အဒေါ်ကြီးရဲ့အိပ်မက်ထဲမှာ ဘယ်ဆေး ဘယ်ဝါး ဘယ်စုန်း ဘယ်နတ်ကမှ မနိုင်ဟူသောပြောစကားအရ ဆေးကောင်းလျှင် အင်းစောင်းသလောက်ဆိုသော စကားပုံအတိုင်း အရွက်မှာ အင်းကွက်တွေပါနေ၍ အစွမ်းသတ္တိတွေ ထက်မြက်နေရော့သလားဟု ယူဆမိကြောင်း ပြောပြပါသည်။

ထိုအင်္ဂရတ်ဆရာကြီးက "ဒီဂမုန်းပင်ဟာ ဟိုအရင်တုန်းကပဲ ရှိပါတယ်။ မင်းပြောတဲ့ အဒေါ်ကြီးရဲ့ သဇင်ပန်းအိုးထဲကို အလိုလို ရောက်နေတယ်ဆိုတာတော့ ဆန်းပါတယ်။ ဆရာတို့ အရပ်လေးမျက်နှာလည်ပတ်စဉ်အခါက အလောင်းတော်ကဿပမှာ တွေ့ဖူးတယ်။

ဆရာတို့ရဲ့ ဆရာကြီးက အဲဒီဂမုန်းပင်ကို အေရာကြီးဂမုန်းခေါ်တယ်။ အပါး ၃၀ ပြီးတယ်လို့ မိန့်ကြားဖူးတယ်" ဟုပြောဆိုသည်ကို မှတ်သားထားလိုက်ပါသည်။

●

## (၁၃) လဝန်းဂမုန်း အဖို အမ

လဝန်းဂမုန်းမှာ ဂမုန်းဝါသနာပါသူရော ဂမုန်းဝါသနာမပါသူပါ အလွန်စိုက်ပျိုးသူများပြီး အလွန်အတွေ့ရ အမြင်ရများသော ဂမုန်းဖြစ်ပါသည်။

အပွင့်ပွင့်သောအခါ ဖြူဖြူဖွေးဖွေး စက္ကူထီးကလေးလိုပွင့်တတ်၍ အလွန်လှပသဖြင့် တချို့ဂမုန်းဝါသနာမပါသူများက ပန်းပင်သဘောထား၍ စိုက်ပျိုးပြုစုထားကြပါသည်။

ဥမှာ ကြက်သွန်နီသဘောမျိုး ပုံသဏ္ဍာန်မျိုးဖြစ်၍ ပင်လုံး ပင်စည်မရှိ ဥမှ အရွက်များထွက်ပြီး ရိုးတံကလေးထွက်လာလျက် ပွင့်တတ်ပါသည်။

အပင် မကြီးကျယ် မစည်ကားလှပါ။ များသောအားဖြင့် ဥရှိသော ဂမုန်းများမှာ နွေရာသီတွင် အရွက်ကျသွားပြီး မိုးဦးကျမှ ပြန်၍ပေါက်တတ်သော်လည်း လဝန်းဂမုန်းမှာ ရေလောင်းလျှင် နွေရာသီပါမကျဘဲ ရှင်သန်လျက်နေတတ်ပါသည်။

အပွင့်ပွင့်သော အချိန်ရာသီမရှိ။ သူ ပွင့်ချင်သောအချိန်မှာ ပွင့်



ဝဲ-လဝန်းဂမုန်းအဖို၊ ယာ-လဝန်းဂမုန်းအမ

တတ်လျက် ပွင့်သောအခါမှာ အလုပ်အကိုင်အကြံအစည် ဟန်ကျတတ်ပါသည်။

အရွက်ဝိုင်းဝိုင်းကို အမပင်ဟု အများခေါ်ကြလျက် အရွက်ရှည်ရှည်အပင်ကို အဖိုပင်ဟု ခေါ်ကြပါသည်။

တချို့သော အရွက်ဝိုင်းဝိုင်းဂမုန်းပင်ကို လဝန်းဂမုန်း၊ အရွက်ရှည်ရှည်ဂမုန်းပင်ကို နေဝန်းဂမုန်းဟု ခေါ်ဝေါ်ကြသည်ကို တွေ့ဖူးပါသည်။

အရွက်ဝိုင်းဝိုင်းနှင့် အရွက်ရှည်ရှည်သာ ကွာခြားလျက် အပင်အရွယ်အစား၊ အပွင့်ပွင့်ပုံ၊ ဥအရွယ်အစားတို့မှာ အားလုံးအတူတူပင်ဖြစ်ပါသည်။

အပွင့်ပွင့်သောအခါမှာလည်း ၎င်းနှစ်မျိုးမှာ ဘယ်အပင်ကပဲ ပွင့်ပွင့် အနည်းအများ အလုပ်အကိုင်အကြံအစည် လာဘ်လာဘတို့ ရရှိတတ်ပုံချင်းမှာ တူညီပါသည်။

ကျွန်တော်၏ ဂမုန်းမိတ်ဆွေတစ်ယောက်က "လဝန်းဂမုန်းပင်များ ပွင့်တဲ့အခါမှာ ကျွန်တော်တော့ မြင်းလောင်းတာပဲ။ အနည်းနဲ့အများ နိုင်တတ်တယ်" ဟု ပြောပါသည်။

ကျွန်တော်၏မိတ်ဆွေတစ်ယောက်ကမူ "ကျွန်တော်တို့အဖေ စိုက်ထားတဲ့ လဝန်းဂမုန်း အမနဲ့အဖို တစ်ပြိုင်တည်းပွင့်တဲ့အချိန်မှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အရေးကြီးတဲ့စာမေးပွဲတစ်ခုမှာ အမှတ်အများဆုံးနဲ့ အောင်ကြဖူးလို့ ကျွန်တော်တော့ ဂမုန်းပင်ဆိုလျှင် လဝန်းဂမုန်းပဲစိုက်တယ်။ အယုံကြည် အမြတ်နိုးဆုံးဂမုန်းပင်ပါပဲ" ဟုပြောပြပါသည်။

ရှေးရေးဂမုန်းကျမ်းများမှာလည်း လဝန်းဂမုန်းအဖို အမကို အိမ်လေ့ကား လက်ဝဲလက်ယာမှ စိုက်ပျိုးထားလျှင် အလုပ်အကိုင် အကြံအစည်အောင်မြင်၍ လာဘ်လာဘများတတ်ကြောင်းကို တွေ့ရှိမှတ်သားဖူးပါသည်။

ကျွန်တော်ကိုယ်တွေ့မှာလည်း ကျွန်တော်၏အိမ်ရှိ လဝန်းဂမုန်းပင် အဖို အမ တစ်ပင်ပင် ပွင့်သောအခါ တစ်နည်းနည်းဖြင့် လာဘ်လာဘရရှိတတ်သည်ဟု မှတ်မိပါသည်။

ဥမှပေါက်သောအပင်ဖြစ်လျက် ဥကိုစိုက်သော်လည်း အပင်ပေါက်ချင်မှ ပေါက်တတ်သဖြင့် စိုက်ပျိုးရာမှာ ခဲရာခဲဆစ်ကြုံရပါသည်။

ကျွန်တော့်မှာ အပင်ရော ဥပါတောင်းပြီး စိုက်ရသည်မှာ သေသေသွား၍ လေးခါ ငါးခါထက် မနည်းတော့ပါ။ ယခုမှ နှစ်ပင်စလုံး ရှင်နေပါသည်။

ငင်းလဝန်းဂမုန်းဥမှာ နူးညံ့ပျော့ပျောင်းသဖြင့် စိုက်ပျိုးသူက ဝီရိယလွန်ပြီး အမြစ်မထွက်ခင် ရေကို မကြာခဏလောင်းပေးတတ်သဖြင့် ရေများပြီး ပုပ်သွားတတ်သည်ကို စိုက်ပျိုးစရှိလာမှ လက်တွေ့နားလည်မှု ရရှိလာပါတော့သည်။

ကျွန်တော်၏ဝါသနာမှာ အလုပ်တစ်ခုခုကို စွဲစွဲလမ်းလမ်းလုပ်လေ့ရှိ၍ ဂမုန်းပင်များကို နေ့စဉ်နှင့်အမျှ တူးဆွ၍ပေးလေ့ရှိပါသည်။

တူးဆွလွန်းအားကြီးသောအခါ အမြစ်များ မတွယ်နိုင် ပြတ်တတ်ကုန်သဖြင့် အပင်များအားနည်းပြီး တချို့သောအပင်များ သေကုန်ကြပါသည်။

ဆွပေး၍ ပျော့ရည်ဝင်ပြီး အပင်များ သန်လာတတ်သည်မှာ မှန်ကန်သော်လည်း နေ့စဉ်နှင့်အမျှ အမြစ်မတွယ်နိုင်အောင် အမြစ်တွေပြတ်ကုန်အောင်ဆွလျှင် သေကုန်တတ်ပါသည်။

မည်သည့်ဂမုန်းပင်မဆို ရေလောင်းလိုက်၍ အောက်သို့ ရေမထွက်ဘဲ ရေအကြာကြီး အိုင်နေ တင်နေလျှင် မသေစေကာမူ မပွားများတော့ပါ။ ထိုအခါမှာ ဆွပေးရန်သင့်ပါသည်။

မြေကြီးမှာ ကျပ်ခဲနေတတ်သော မြေကြီးမျိုးမဖြစ်ရန် အလွန်အရေးကြီးလှပါသည်။

မြေကြီးတွင် နွားချေးရောလျှင် ကောင်းပါသည်။ နွားချေးမှာ ဖွယ်နေသောမြေကို တွဲသွားစေလျက် ကျပ်နေသောမြေကို ဖွယ်သွားစေပါသည်။

တချို့က ဂမုန်းပင်မှာ အသန့်အပြန့်ကြိုက်နှစ်သက်သဖြင့် နွားချေးကို မထည့်သင့်ဟုယူဆပြီး သစ်ရွက် မြေဆွေးများနှင့်သာ စိုက်ကြပါသည်။

နွားချေးထည့်သည့် အပင်လောက် မသန်စွမ်းတတ်ပါ။ နွားချေး

ကို ထည့်သော်လည်း အပင်ကို သန့်သန့်ပြန့်ပြန့် ရှိရှိသေသေထားလျှင် မထိခိုက်ဟုယူဆလျက် နွားချေးကိုထည့်ပါသည်။

မိတ်ဆွေတစ်ယောက်က အိုးတိုက်ဖွဲပြာထည့်လျှင် အပင်သန်သည်ဟု ပြော၍ အလွန်အကျွံထည့်မိရာ တချို့အပင်များ သေကြပါသည်။

အလုံအမှိုက်ပုံမှမြေများ အပင်သန်စွမ်းစည်ကားတတ်ပါသည်။

ခဏခဏမဆွမိအောင် အပင်အမြစ်လည်းအေးအောင် အုန်းဆံဖတ်များကို အပင်ရင်းမှ ဖုံးထားမှ အပင်တွေ ပိုမိုစည်ကားလာသည်ကို တွေ့ရပါသည်။

●

## (၁၄) ပတ္တမြားဂမုန်း

ကျွန်တော်နှင့် အလွန်ခင်မင်သော ဂမုန်းမိတ်ဆွေတစ်ဦး၏အိမ်တွင် နာနတ်ပင်နှင့်ပုံသဏ္ဌာန်တူသည့် အပင်တစ်ခုကို တွေ့ရှိသဖြင့် "ဘာပင်လဲ" ဟုမေးမြန်းကြည့်ရာ ပတ္တမြားဂမုန်းပင်ဟု ပြောပါသည်။

"နာမည်တယ်ကောင်းပါလား။ ဘာဖြစ်လို့ ပတ္တမြားဂမုန်းလို့ ခေါ်တာလဲ။ အပင်ကြည့်တော့လည်း နာနတ်ပင်ပါပဲ။ နာနတ်ဂမုန်းခေါ်လျှင်ပိုပြီးယုတ္တိရှိမယ်" ဟု ပြောပြမိပါသည်။

"ခေါ်နိုင်ပါတယ်ဆရာ။ တချို့လည်း နာနတ်ဂမုန်းလို့ ခေါ်ကြတာပါပဲ။ အပင်ကြည့်တော့ နာနတ်ပင်နဲ့တူတယ်။ အပွင့်ပွင့်လာတော့မှ နီနီရဲရဲ ပတ္တမြားလုံးရဲ့ပုံသဏ္ဌာန်နဲ့ တူတယ်။ ပတ္တမြားနဲ့တူတဲ့အပွင့်ရှိလို့ ပတ္တမြားဂမုန်းရယ်လို့ ခေါ်ကြတာပါ" ဟု ဂမုန်းမိတ်ဆွေက ပြောပြပါသည်။

"ခင်ဗျားအပင်ဟာ ဂမုန်းပင်မှန်လျှင် တန်ခိုးသတ္တိတစ်ခုခုတော့ ရှိမှာပါပဲ။ ပန်းပင်ဆိုလျှင်တော့ အကျိုးထူးမယ်မဟုတ်ဘူး။ ကျွန်တော်စိုက်မယ်၊ တစ်ပင်ပေးပါ" ဟု အပင်တစ်ပင်တောင်းယူခဲ့ပါသည်။



ပတ္တမြားဂမုန်း

ကျွန်တော်၏အိမ်မှာ တခြားဂမုန်းပင်များနှင့်အတူ ရောစွဲစိုက်ထားရာ အပင်တွေသာ ပွားနေပြီး တစ်နှစ်ကျော်သော်လည်း အပွင့်တစ်ခါမှ မပွင့်ဘဲနေပါသည်။

ဂမုန်းပင်များကို လာရောက်ကြည့်ရှုကြသည့် မိတ်ဆွေများက ဂမုန်းပင်တွေထဲမှာ နာနတ်ပင်ပါ ရောစိုက်ထားသည်ဟုပင် ပြောကြပါသည်။

ကျွန်တော်၏ဇနီးဆရာမကလည်း "ဒီနာနတ်ပင်က လှလည်းမလှဘဲနဲ့ နေရာကျဉ်းကျဉ်းကျပ်ကျပ်ထဲ ဒီပြင်ဂမုန်းပင်တွေပါ အရှပ်ဆိုးပါတယ်။ ကျောင်းသွားပို့ပါ" ဟုပင် ပြောဆိုပါသည်။

၎င်းဂမုန်းပင်မှာ နာနတ်ပင်လို အရွက်အမာမျိုးဖြစ်ပြီး ရေလောင်းလျှင် အရွက်အခေါင်းတွေထဲမှာ ရေတွေတင်နေသဖြင့် အတော်အသင့် နေပူခံနိုင်သော ဂမုန်းပင်ဖြစ်ပါသည်။

မိုးတွင်းအခါ တခြားဂမုန်းပင်တွေ စည်ကား၍နေချိန် ချောင်တစ်ခုခုမှာထိုးထားလျက် နွေအခါ တခြားဂမုန်းပင်များ အရွက်တွေကျကုန်ချိန်ရောက်မှ ၎င်းဂမုန်းပင်ကို လူမြင်ကွင်းသို့ ထုတ်ပါသည်။

တစ်နေ့တွင် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးသော ဂမုန်းမိတ်

ဆွေတစ်ယောက် ကိစ္စတစ်ခုရှိ၍ ကျွန်တော်၏အိမ်သို့ လာရောက်ပါသည်။

ထိုဂမုန်းမိတ်ဆွေက ထိုအပင်တစ်ပင်ပေးရန် တောင်းဆိုသဖြင့် "ခင်ဗျားတစ်ယောက်ပဲ ဒီဂမုန်းပင်ကို လိုလိုချင်ချင် တောင်းမည့်သူရှိတယ်။ ယူသွားပါ" ဟုပြော၍ အပင်တစ်ပင် ပေးလိုက်ပါသည်။

"ကျွန်တော့်စိတ်ထဲမှာ ဆရာ့အိမ်က အလွန်ရှားပါးပြီး အဖိုးတန်တဲ့ဂမုန်းတွေကို မြင်နေရပေမယ့် ဒီနာနတ်ပင်နဲ့တူတဲ့အပင်ကိုသာ စွဲလမ်းပြီး မရမနေနိုင်အောင် လိုချင်နေတယ်" ဟုပြောပါသည်။

တစ်ပတ်ခန့်ကြာသောအခါ ရုံးကို တယ်လီဖုန်းဆက်ပြီး "ဆရာ့ထံကယူသွားတဲ့ ဂမုန်းပင် အပွင့်ပွင့်နေပြီ။ နီနီရဲရဲ အလွန်လှပါတယ်။ လာကြည့်စမ်းပါ။ ကျွန်တော်က ဒီအချိန်လောက်နဲ့ မပွင့်သေးဘူးထင်လို့ ဘာများကပ်နေတာပါလိမ့်မလဲလို့ ရေနဲ့ဆေးချနေတယ်။ နောက်တော့မှ တစ်နေ့တခြားကြီးလာတယ်" ဟု ဝမ်းသာအားရ ပြောပြပါသည်။

ရုံးကပြန်သောအခါ ဆရာမကိုပြောပြလျက် ညစာစားသောက်ပြီးလျှင် ဆရာမနှင့်အတူ ဂမုန်းပွင့်နေသောအိမ်သို့ သွားရောက်ကြည့်ရှုကြပါသည်။

အပွင့်မှာ အလွန်လှပသဖြင့် ကျွန်တော်၏ဇနီး ဆရာမက အတော်သဘောကျပြီး "ဒီအပွင့်တစ်ပတ်အတွင်း ပွင့်တာဟာ ဒီကျမှ အပွင့်ဖြစ်ပေမယ့် ကျွန်မတို့အိမ်မှာထဲက သန္ဓေတည်လာတာဖြစ်ရမယ်" ဟု ပြောပြပါသေးသည်။

အပွင့်လှသည်ကို မြင်ပြီးသည့်အချိန်ကစပြီး ကျွန်တော်၏ ဇနီး ဆရာမသည် ၎င်းဂမုန်းပင်အပေါ်တွင် ရေစက်နီးလာသည်ကို တွေ့ရပါသည်။

တစ်လခန့်ကြာသောအခါ သတိရ၍ ဂမုန်းပွင့်သောအိမ်သို့

ဆရာမနှင့် သွားရောက်လည်ပတ်ကြရာ ဂမုန်းမိတ်ဆွေကိုမတွေ့။ ၎င်း၏ တူမကလေးနှင့်သာတွေ့ရှိပြီး "ဦးလေးတို့ ယခုပြီးခဲ့တဲ့အပတ် ထီပေါက်လို့ အထက်မြန်မာပြည်ကို ဘုရားဖူးသွားကြတယ်" ဟုပြောပြပါသည်။

အိမ်ကိုပြန်ရောက်သောအခါ ကျွန်တော်၏ဇနီးဆရာမက "ထီပေါက်မယ့်လူဆီ အပွင့်ပွင့်မယ့်အပင် ရောက်သွားတာတော့ တိုက်ဆိုင်လိုက်တာ" ဟုပြောပါသည်။

"တိုက်ဆိုင်တာကိုလည်းမပြောနဲ့။ ဒီအပင်ကို ငါယူလာတုန်းကလည်း မယူချင့်ယူချင်ယူလာခဲ့တာ။ မြတ်မြတ်နိုးနိုးမရှိလှဘူး။ အိမ်ရောက်တော့လည်း မလှလို့ မင်းက ဘုန်းကြီးကျောင်းသွားပို့ဖို့ပြောနေတော့ သူလည်း အနေရအထိုင်ရခက်ပြီး တစ်နှစ်ကျော်ကြာအောင် မပွင့်ဘဲနေတာပေါ့။ မြတ်မြတ်နိုးနိုး နှစ်နှစ်သက်သက်နဲ့ယူသွားပြီး ပြုစုတဲ့လူတွေ့တော့ သူလည်း ပျော်ရွှင်ချမ်းမြေ့ပြီး အပွင့်ပွင့်တာဖြစ်မှာပေါ့။ မင်းလည်း ဒီအပင်ကို ရိုရိုသေသေ လေးလေးစားစား ပြုစုကြည့်စမ်းပါလား။ ပွင့်ပါလိမ့်မယ်" ဟုပြောပြမိပါသည်။

ဆရာမကလည်းပြုစု၊ ကျွန်တော်ကိုယ်တိုင်ကလည်း ချောင်ထိုးမထားတော့ဘဲ အခွင့်အရေး နေရာကောင်းပေးပြီး ပြုစုယုယ အလေးအမြတ်ထားပါတော့သည်။ ကျွန်တော် ပြုစု၍ တစ်လခန့်ကြာသောအခါ ပတ္တမြားဂမုန်းပွင့်လာပါသည်။

ထီတော့မပေါက်ပါ။ မမျှော်လင့်သောငွေတော့ ကြံကြံဖန်ဖန်ရရှိလာသည်ကို အမှတ်ထားမိပါသည်။

ရေယုန်ပေါက်သည်ကို ပျောက်ကင်းအောင် မန်းမှုတ်၍ပေးတတ်သောလူတစ်ယောက်သည် ၎င်းထံသွား၍ အကူခိုင်းလျှင် "ကျွန်တော်၏ရေယုန်ကို ပျောက်အောင်ကုပေးပါ" ဟု ရှိခိုးပြီးပြောလျှင် ၎င်းက မန်းပေးလိုက်က မကြာခင်ပျောက်ကင်းသွားကြောင်း–

လူမျိုးကွဲများ ဗမာစကားမတတ်လျှင် ၎င်းတို့ဘာသာနှင့် ရှိခိုးပြီး ခိုင်းလျှင်လည်း ပျောက်ကင်းကြောင်း–

ဘုန်းတော်ကြီးတစ်ပါးတွင် ရေယုန်ပေါက်နေ၍ "တပည့်တော်ရဲ့ ဂါထာအညွှန်းက ရှိခိုးပြီးခိုင်းရမယ်ဆိုတယ်။ အရှင်ဘုရား ဘုန်းကြီးဖြစ်နေတော့ ရှိခိုး၍မဖြစ်။ ဒကာ ငါ့ရေယုန်ကို ပျောက်အောင်ကုပါဟု ရိုးရိုးပဲခိုင်းပါ" ဟုပြောပြီး ရိုးရိုးခိုင်း၍ကုသပေးရာ ပျောက်ကင်းကြောင်း ဂါထာမန္တန်များ အရှိအသေကြိုက်နှစ်သက်ကြောင်းတို့ကို သတိရမိပါသည်။

ဂမုန်းပင်များမှာလည်း ဂါထာမန္တန်၏ သဘောအတိုင်း မရိုမသေ ကပြစ်ကညစ် ပေါ့ပေါ့ဆဆထားသူတို့ကို အကျိုးပေးလေ့မရှိဘဲ ယုံယုံကြည်ကြည် လေးလေးစားစား ပြုစုပျိုးထောင်လေ့ရှိသူများသာ အကျိုးခံစားရတတ်ပါသည်။

ကျွန်တော်နှင့် စိတ်သဘောချင်း အယူအဆချင်း တိုက်ဆိုင်သည်ကများသဖြင့် အလွန်ခင်မင်ရင်းနှီးလှသော မိတ်ဆွေ လူပျိုကြီးတစ်ယောက် ကျွန်တော်၏အိမ်သို့ စကားပြောရန် ရောက်ရှိလာပါသည်။

တစ်နေ့လုံးလိုလိုပင် အာလာပသလ္လာပ စကားများကို ပြောကြားကြပြီးလျှင် ပြန်ခါနီးတွင် "ဆရာ့အိမ်မှာရှိတဲ့ ဂမုန်းပင်တွေထဲက ဆရာ့ရဲ့စေတနာအလျောက် ဆရာပေးချင်တဲ့ဂမုန်းပင်တစ်ပင်ပေးပါ။ ရိုရိုသေသေစိုက်ပါမည်" ဟုတောင်းပါသည်။

ပတ္တမြားဂမုန်းပင်တစ်ပင်ကို ပေးလိုက်ပြီးလျှင် "ခင်ဗျား ရိုရိုသေသေ ယုံယုံကြည်ကြည်နဲ့သာပြုစုပါ။ အဲဒီအပင်အပွင့်ပွင့်လာအောင် စောင့်ကြည့်ပွင့်လာလျှင် ထူးထူးခြားခြားအကျိုးပေးပါလိမ့်မယ်" ဟု ပြောလိုက်ပါသည်။

ထိုမိတ်ဆွေနေသောနေရာနှင့် ကျွန်တော်နေသောနေရာမှာ

အတော်အလှမ်းဝေးသဖြင့် အရောက်ပေါက်နည်းလှပြီး တကူးတကလာမှသာ ရောက်ရှိပါသည်။

ဂမုန်းပင်ယူသွား၍ ၂ လမျှကြာသောအခါ ထိုမိတ်ဆွေ ပေါက်လာပါသည်။ တစ်ယောက်တည်းမဟုတ်၊ ၎င်း၏အသစ်စက်စက် ဇနီးကလေးပါ ပါလာ၍ အံ့ဩနေမိပါသည်။

"လာကြပါ မင်္ဂလာပိုသောနေ့ပါပဲ။ အခါတိုင်းတော့ တစ်ယောက်တည်းလာလို့ မင်္ဂလာရှိရုံသာ ရှိတယ်။ ယနေ့တော့ အပိုတစ်ယောက်ပါလာလို့ မင်္ဂလာပိုသောနေ့လို့ ပြောတာပေါ့။ ကျွန်တော်က ခင်ဗျားလောက် ဇီဇာများတဲ့လူဟာ ဒီဘဝမှာတော့ မိန်းမ မရတော့ဘူးလို့ မှတ်ထားတာ။ မိန်းမပါလာတော့ အလွန်အံ့ဩမိတယ်။ ဆိုင်းသံမကြား ဗုံသံမကြား ခင်ဗျားမိန်းမရပုံပြောပြပါဦး" ဟု ရယ်ရယ်မောမောပြောဆိုမိပါသည်။

"ပြောပါ့မယ်ဆရာ။ ပြောရအောင်လို့ လာတာပါပဲ။ ကျွန်တော်ဟာ ဟောဒီ ကျွန်တော့်ဇနီးကို စွဲလမ်းချစ်ခင်လာတာဟာ လွန်ခဲ့တဲ့ သုံးနှစ်ထက်မနည်းတော့တဲ့ အချိန်ကပါပဲ။

ကျွန်တော်ဟာ သုံးနှစ်အတွင်း အမျိုးမျိုး ကြိုးစားအားထုတ်ကြံစည်လျက် ချစ်ရေးဆိုသော်လည်း ခရီးမရောက်ခဲ့ပါဘူး ဆရာ။ အဲဒီကြားထဲမှာ ကျွန်တော်က ရိုးရိုးသားသား မသောက်မစား မကစား၊ ဘုရားနဲ့တရားနဲ့ နေသူမှန်းသိ။ လခကလေးကလည်း အသင့်အတင့်များတော့ လာရောက်စေ့စပ်ကြတဲ့လူတွေလည်း မနည်းလှပါဘူး။

ဒါပေမဲ့ ကောင်းအောင်သာ ကြည့်ပြောလိုက်ရတယ်။ ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ သူ့ကိုသာပဲ စွဲနေတယ်။ သူကလည်း အဲမလှုပ် အင်းမလှုပ်။ ဘာမှ အချိုအခါး စကားမပြန်။ စိတ်ထဲမှာ မချင့်မရဲကြီးပဲ ဆရာ။ စိတ်တောင် လျှော့ရမလို ဖြစ်နေတယ်။

ဆရာ့ထံက ပတ္တမြားဂမုန်းပင်ကို ယူသွားတုန်းက ဆရာမှာလိုက်တဲ့ 'ယုံယုံကြည်ကြည် ပြုစု၊ ပွင့်လာလျှင် အကျိုးပေးလိမ့်မယ်' ပြောလိုက်တယ်။

ကျွန်တော်ဟာ သူနဲ့မြန်မြန်ရပါလို၏လို့ ဆုတောင်းပြီး နေ့ရောညပါ ရေလောင်း။ တစ်လကြာတော့ အပွင့်ပွင့်လာတယ်။ အပွင့်ပွင့်လာကတည်းက ငါ့အကြံအောင်တော့မယ်လို့ စိတ်ကို ကြည်လင်ပျော်ရွှင်နေတာပဲ။

တိုတိုပြောပါတော့မယ်ဆရာ။ ဂမုန်းပွင့်ပြီးတဲ့အချိန် သွားပြောတော့ 'လောလောဆယ် ဒေဝါမ,သည့်နှယ် ချောချောကြီးကွယ် နေရာကျပေတော့' ဆိုတဲ့ ဦးဖူးညိုသီချင်းထဲကလို ချောချောမောမော လက်ထပ်ဖို့ သဘောတူလိုက်တာပဲ။ ကျွန်တော် မိန်းမရတာ ကျွန်တော့်ရဲ့ အစွမ်းကြောင့်မဟုတ်ဘဲ ပတ္တမြားဂမုန်းရဲ့ အစွမ်းလို့ ယုံကြည်စွဲလမ်းနေပါတယ်" ဟု ဝမ်းသာအားရ ပြောပြပါတော့သည်။

●

## (၁၅) ကိုယ်ရံကြီးဂမုန်း

ကိုယ်ရံကြီးဂမုန်းမှာ ရန်ကုန်မြို့တွင် ရပ်ကွက်တိုင်းလိုလိုပင် တွေ့ရှိရတတ်လျက် အထက်မြန်မာပြည်မှာလည်း အရပ်တိုင်းလိုလို အတွေ့များ၍ အစိုက်အလွန်များလှသော ဂမုန်းတစ်မျိုးဖြစ်ပါသည်။

၎င်းဂမုန်းမှာ အပင်အရွက်အလွန်ကြီးထွားလျက် နာနတ်ပင်သဘောမျိုး အရွက်ထူထူစိမ်းစိမ်း ရှည်ရှည်ချွန်ချွန်ဖြစ်ပါသည်။

အပွင့်ပွင့်သောအခါ အပင်သန်လျှင်သန်သလောက် အပွင့်ကြီးထွားတတ်လျက် တစ်ပွင့်နှင့်ပင် ဘုရားညောင်ရေအိုးတစ်လုံးကို ပြည့်၍သွားနိုင်ပါသည်။

ကျွန်တော်တို့ငယ်စဉ်ကပင် အထက်အညာ တောရွာဒေသ ကျွန်တော်တို့မိဘများ အိမ်ဝင်းထဲတစ်နေရာတွင် စိုက်ထားလျက် ခဲ၊ တုတ်များ ၎င်းအပင်နားမှာထား၍ ရန်သူလာလျှင် ခုခံကာကွယ်ရန် ပြောဆိုမှာကြားပြီး စိုက်ထားတတ်ပါသည်။

ပစ္စည်းဥစ္စာချမ်းသာသောသူများ အကွယ်အကာအလို့ငှာ စိုက်ထားတတ်လျက် "ဒီဂမုန်းက တုတ်ထားလျှင်တုတ်၊ ဓားထားလျှင်ဓား၊

ခဲထားလျှင်ခဲ စသည်တို့နှင့် သူခိုးဓားပြတို့ရန်ကို ကာကွယ်တယ်ကွ” ဟု ကျွန်တော်တို့ဘိုးဘွားများ ပြောဆိုလျက် ၎င်းအပင်ရင်းမှာ ခဲများ တုတ်များ ချထားသည်ကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါသည်။



ကိုယ်ရံကြီးဂမုန်း

မှတ်မှတ်ရရ ကျွန်တော်တို့အိမ်မှာ ကျွန်တော်ငယ်စဉ်က တခြား ဘာဂမုန်းပင်မှမရှိ။ ကိုယ်ရံကြီးဂမုန်း တစ်မျိုးသာရှိသည်ကို မှတ်မိပါသည်။

ကိုယ်ရံကြီးဂမုန်းမှာ ထူးထူးခြားခြားပြုစုရသည်မရှိ။ အလိုလိုစည်ကားပွားများနေတတ်ပါသည်။

အပွင့်ပွင့်သောအခါမှာလည်း ဖြူဖြူဖွေးဖွေး တစ်ပွင့်ပြီးတစ်ပွင့် ဆက်ကာဆက်ကာ မပြတ်ပွင့်နေတတ်၍ ဘုရားပန်း အထူးရှာရန်မလို။ ညောင်ရေအိုးထိုး၍ပင် မနိုင်အောင် ပွင့်တတ်ပါသည်။

နေ့တစ်နေ့တွင် အထက်အညာမှ ဂမုန်းဝါသနာပါရှိသူများ ကျွန်တော်၏ဂမုန်းပင်များကို လာရောက်ကြည့်ရှုရင်း စပ်မိစပ်ရာ ဂမုန်းစကားများ ပြောကြရာမှ ကိုယ်ရံကြီးဂမုန်းအကြောင်း ရောက်သွားပါသည်။

မိတ်ဆွေတစ်ယောက်က “ရန်သူ၊ ဓားပြ၊ သူခိုးကို ကာကွယ်တာ

မကာကွယ်တာတော့ ကျွန်တော် အတတ်မပြောနိုင်။ ဒူးနာပျောက်တာတော့ အတတ်ပြောနိုင်တယ်။ ကျွန်တော့်ကိုယ်တွေ့”ဟုပြောပါသည်။

“ခင်ဗျားဟာ ဟုတ်မှလည်းပြောပါ။ ဒူးနာတဲ့လူတွေအများကြီးရှိတယ်။ ကျွန်တော်က စမ်းသပ်ကြည့်မှာ။ တကယ်ပျောက်ရင်တော့ သူခိုး ဓားပြကို ကာကွယ်ပေးတာထက်တောင် ဒူးနာကို ကာကွယ်ပေးတာက ပိုမိုအဖိုးတန်တာပေါ့”ဟု ပြောမိပါသည်။

“ဒူးနာပျောက်တဲ့လူပေါင်း မရေမတွက်နိုင်ပါဘူးဆရာ။ အင်မတန်သေချာလို့ လူပေါင်းများစွာ ပျောက်ပြီးလို့ ပြောတာပါ။ ဆရာရဲရဲသာစမ်းကြည့်ပါ။ ကိုယ်ရံကြီးဂမုန်းတွေလည်း နေရာတိုင်းမှာရှိပါတယ်”ဟု ရဲရဲဝံ့ဝံ့ ထပ်မံပြောဆိုပါသည်။

“ကိုယ်ရံကြီးဂမုန်းကို ဘယ်လိုလုပ်ပြီး ဘယ်လိုကုရမှာလဲ”ဟု မေးလိုက်ပါသည်။

“ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ကိုယ်ရံကြီးဂမုန်းရွက်ကို မီးကင်ပြီး ဒူးကိုစည်းအိပ်ဖို့ပါပဲ”ဟု ပြောသွားပါသည်။

ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးသဖြင့် ကျွန်တော်၏ထံသို့ တစ်ရက်ခြား နှစ်ရက်ခြားလောက် အလည်လာရောက်လေ့ရှိ၍ ဆွေမျိုးရင်းချာလိုဖြစ်နေသည့် မိတ်ဆွေကြီးတစ်ယောက်မလာသည်မှာ ငါးရက်ခန့်ရှိသွားသဖြင့် နေထိုင်မကောင်း၍ မလာလေသလောဟု စိုးရိမ်မကင်းဖြစ်သောကြောင့် မိတ်ဆွေကြီးအိမ်သို့ သွားရောက်သတင်းမေးပါသည်။

မိတ်ဆွေကြီးအိမ်သို့ ရောက်ရှိသောအခါ ဒူးရောင်ပြီး ဒူးနာနေ၍ လမ်းမလျှောက်နိုင်သဖြင့် မလာနိုင်ကြောင်းကို ပြောပြပါသည်။

၎င်းမိတ်ဆွေကြီးမှာ ငယ်စဉ်က ဘောလုံးကန်ခဲ့သူဖြစ်၍ ဒဏ်ဖြစ်ပြီး ဒူးနာနေသူဖြစ်လျက် လမ်းများများသွားလျှင် ဒူးနာတတ်ကြောင်း ယခုအခါမှာ အတော်ရောင်နေသဖြင့် အတော်နာနေကြောင်း သိရပါ

သည်။

ငင်းမိတ်ဆွေကြီးမှာ ရှေ့နေဖြစ်လျက် ငင်း၏သမီးက ဒေါက်တာဖြစ်နေသောကြောင့် ကျွန်တော် ပြောလိုသော ကိုယ်ရံကြီးဂမုန်းကို ပြောရကောင်းမည်လား၊ မပြောဘဲနေရကောင်းမည်လားဟု အတော်ကြာကြာစဉ်းစားမိပါသည်။

ဆရာဝန်တွေ ကုသမရတဲ့လူနာတွေ ဆေးမြီးတိုနဲ့ ပျောက်တာလည်း အများကြီးရှိတာပဲ။ အနာမသိ ဆေးမရှိ၊ အနာနှင့်ဆေး သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဆိုတဲ့စကားအတိုင်း အနာတလွဲ ဆေးတလွဲဖြစ်နေလျှင် ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ၊ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတတ်တာပဲ။ အဖိုးတန်တဲ့ဆေးတွေနဲ့ မပျောက်ပေမယ့် အဖိုးမတန်တဲ့ဆေးနဲ့ ပျောက်ချင်လည်း ပျောက်မှာပဲဟု စဉ်းစားမိပါသည်။

"ဦးကလည်း ရှေ့နေ၊ ဦးသမီးကလည်း ဒေါက်တာ ဖြစ်နေတော့ အပြောရခက်နေတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ယောက် ပြောသွားတဲ့ ဒူးနာပျောက်တဲ့နည်းတစ်ခုတော့ရှိတယ်" ဟု စလိုက်ပါသည်။

"ရှိရင်ပြောပါဆရာ။ ဆေးတစ်ပုလင်း သုံးဆယ်ပေးဝယ်၊ လေးဆယ်ပေးဝယ်နဲ့ အမျိုးမျိုးကုသတာပဲ။ ဆေးလည်း လူး၊ ဆေးလည်း သောက်၊ ဆေးလည်းထိုး မသက်သာပါဘူး။ ရွှံ့ကိုလုပ်တဲ့ ကြောင်ပေမယ့် ကြွက်သေတာသာ မူလပါဆရာ။ ဒူးနာပျောက်ဖို့က အရေးကြီးပါတယ်။ ပြောသာပြောပါ" ဟုခိုင်းသဖြင့်

"ဦးတို့အနီးအနားမှာ ကိုယ်ရံကြီးဂမုန်းပင်မရှိဘူးလား။ အဲဒီကိုယ်ရံကြီးဂမုန်းရွက်ကို မီးကင်ပြီး ဒူးကိုပတ်စည်းအိပ်ပါ။ ကျွန်တော့်ကိုပြောတဲ့မိတ်ဆွေက ဒူးနာပေါင်းများစွာ ပျောက်ကြောင်း ပြောသွားပါတယ်" ဟု ပြောဆိုမှာကြားလျက် ပြန်လာခဲ့ပါသည်။

သုံးရက်လောက်ကြာ၍ တစ်ခေါက်သွားသောအခါ ဒူးရောင်လျော့ပြီး ဒူးနာပျောက်ကင်းနေသည်ကို ဝမ်းသာစရာတွေ့ရှိရပါတော့သည်။

"ဆရာပြန်သွားတော့ ကိုယ်ရံကြီးအရွယ် အစွန်းခိုင်းပြီး မီးကင်ကပ်တာပဲ။ ဒူးရောင်တာ ပေါက်ပြဲပြီး အရည်တွေ ထွက်ကျလာတယ်။

"ကျုပ်သမီးကတော့ ဖြစ်မှဖြစ်ပါ့မလား။ ဖေဖေ့ဟာ မကပ်ပါနဲ့လို့။ စိုးရိမ်ပြီးပြောသေးတယ်။ ကျုပ်ကလည်း ကပ်လက်စနဲ့ ဆက်ကပ်တာပဲ။ အခုတော့ အရောင်တွေလျော့ပြီး ဒူးကိုချပ်လို့ ပကတိအတိုင်းဖြစ်သွားတယ်။ နာလည်းမနာတော့ဘူး။ ကျုပ်ဟာ ဒူးနာအတွက် ကုန်တဲ့ဆေးဖိုးတွေ များလှပြီ။ ခံနေရတာလည်း ကြာလှပြီ။ အခု ကိုယ်ရံကြီးနဲ့ကျမှ ဒီဒူးနာပျောက်တော့တယ်" ဟု ဝမ်းသာအားရ စိတ်ရောကိုယ်ပါ ပြောပြပါတော့သည်။

၎င်း၏သမီး ဒေါက်တာကလည်း "ဆရာ့ကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မလည်း ဖေဖေ့ဒူးနာအတွက် သိပ်စိတ်ညစ်နေတာ။ ဘယ်မှမသွားပါနဲ့ ပြောလို့လည်းမရဘူး။ အိမ်မှာ အလကားနေရတာ ပျင်းနေတော့ လျှောက်သွားနေတာပဲ။ ကျွန်မလည်း ဓာတ်မှန်ရိုက်၊ ဆေးထိုး အဖိုးတန်တဲ့ဆေးတွေကို ဝယ်တိုက်လုပ်တာပဲ။ မပျောက်ဘူး။ အခုဆရာပြောတဲ့ ကိုယ်ရံကြီးဂမုန်းနဲ့ကျမှ ပျောက်တယ်။

ဒူးနာတဲ့လူတွေကိုလည်း ကျွန်မက ကိုယ်ရံကြီးရွက် မီးကင်ကပ်ကြပါလို့ ပြောပြနေရတယ်" ဟု ဝင်ရောက်ပြောကြားပါသည်။

"ငါ့ဒူးနာထက်တော့ ဘယ်သူမှ မဆိုးနိုင်ပါဘူး။ ငါ့ဒူးနာတောင် ပျောက်သေးတာ။ သူတို့ဒူးနာတွေတော့ သေသေချာချာပျောက်တာပေါ့" ဟု သူ့အဖေက ပြောပြပါသည်။

ကျွန်တော်၏စိတ်ထဲတွင် ဆရာဇီဝကကို ၎င်း၏ဆရာက ဆေးဘက်မဝင်သည့် သစ်ပင်ကို ရှာခဲ့ရမည်ဟု ခိုင်းရာ ဆေးဘက်မဝင်သည့်

သစ်ပင်ကို ရှာမတွေ့သည့်အကြောင်း၊

လူများ ဉာဏ်မမီကြသဖြင့်သာ မည်သည့်အပင်သည် မည်သည့်ရောဂါကို ပျောက်တတ်သည်ဆိုခြင်းကို မသိကြခြင်းဖြစ်သည်။

အကယ်၍ မည်သည့်အပင်သည် ဘေးရောဂါကို ပျောက်တတ်သည်ဆိုသည်ကိုသိကြလျှင် ဆရာဝန်များပင် လိုမည်မဟုတ်ဟု အောက်မေ့မိပါတော့သည်။

●

## (၁၆) စီးပွားဂမုန်း အဖို အမ

စိုက်ပျိုးသူ လွန်စွာများလျက် ရပ်ကွက်တိုင်း အိမ်တိုင်းလိုလို တွေ့ရှိရတတ်သော ဂမုန်းပင်များ စီးပွားဂမုန်းပင် အဖိုနှင့် အမတို့ ဖြစ်ကြပါသည်။

အဖိုမှာ အပင်အရွက် ကြီးထွားလျက် အမတွင် အပင်အရွက် သေးငယ်သည်မှအပ တခြားကွဲပြားခြားနားချက်မရှိ၊ အသွေးအရောင် ပုံသဏ္ဍာန်မှစ၍ အားလုံးတူညီမှု ရှိကြပါသည်။

ကျွန်တော် မှတ်မိသလောက်မှာ ဂမုန်းဝါသနာပါ၍ စတင်စိုက်ပျိုးစဉ်က အမပင်တွေသာ လွန်စွာပေါများလျက် အဖိုပင် အတော်ရှားပြီး အတော်ရှာဖွေ၍ စိုက်ခဲ့ရပါသည်။

အပင်ရှင်မိလျှင် အလွန်သေခဲသော ဂမုန်းမျိုးဖြစ်လျက် အလွန် အသက်ပြင်းသော ဂမုန်းပင်မျိုးဖြစ်၍ ဘုရားညောင်ရေအိုးတွင် ထိုးထားလျှင် ညောင်ရေအိုးထဲမှာ အမြစ်ထွက်ပြီး ရှင်သန်ကာ နေတတ်ပါသည်။

တချို့သောအိမ်များမှာ ဘုရားညောင်ရေအိုးတွင် ထိုးထားပြီး ညောင်ရေအိုး ရေလဲသောအခါ မြေကြီးတွင် တစ်ဖန်ပြန်၍စိုက်ထားကြ



ဝဲ-စီးပွားဂမုန်းအဖို၊ ယာ-စီးပွားဂမုန်းအမ

သဖြင့် တစ်ခြံလုံး တစ်ဝင်းလုံး စီးပွားဂမုန်းပင်များ အနှံ့အပြား စည်ကား ပြည့်ကျပ်၍နေတတ်ပါသည်။

ဂမုန်းပင်တွေက များလွန်းပြန်တော့ ရိုရိုသေသေ မထားနိုင်။ ခွေးကျော့်, ကြောင်နင်း လေကားရင်းမှာ ထားလိုထား၊ တချို့အိမ်များမှာ အိမ်သာ၏အနီးမှာပင် တွေ့ရှိရတတ်ပါသည်။

ကျွန်တော်၏အိမ်မှာ အမပင်သာရှိစဉ် မိတ်ဆွေတစ်ယောက်က "အဖိုပင်ကိုရှာ၍ စိုက်ပါဦး။ အမပင်တစ်ခုထဲ စိုက်ပျိုးရုံနှင့် မကြီးပွား တတ်။ အမရော အဖိုပါ စိုက်ပျိုးပြုစုမှ ကြီးပွားမည်" ဟုပြောပြပါသည်။

အဖိုပင်ကို ခဲရာခဲဆစ် ရှာဖွေတောင်းယူရသဖြင့် အဖိုပင်တစ်ပင် စတင်ရရှိချိန်အခါက ကြောင်ကလေးများ ပုဆိုးကြမ်းစုတ် ရရှိသလို လွန်စွာပျော်ရွှင်ကျေနပ် နှစ်သိမ့်မှုတို့ကို ရရှိခဲ့သောကြောင့် ဂမုန်းပင်

ဝါသနာပါရှိရသည့် အရသာကို ရှေးဦးစွာ ခံစားခဲ့ရပါသည်။

ငင်းနောက် ဒေါင်းအဖို အမ၊ လဝန်းအဖို အမ စသည်ဖြင့် အသစ်အဆန်းရရှိသည့်အခါတိုင်း အရသာကို ခံစားရပါသည်။

ဂမုန်းပင် အသစ်အဆန်းများကလည်း ကုန်သည်ဟူ၍မရှိ။ အသစ်အဆန်း ရှာဖွေ၍လည်း မကုန်နိုင် အသစ်အဆန်းရရှိ၍ မကုန်နိုင်သည်နှင့်အမျှ အသစ်အဆန်းရရှိသည့် ကြည်နူးချမ်းမြေ့မှုအရသာမှာလည်း ခံစား၍မကုန်နိုင်အောင် ရှိပါသည်။

မည်ကဲ့သို့သောသူက စတင်၍ စီးပွားဂမုန်းပင်ကို သူတစ်ပါးသို့ မပေးကောင်းဟု ပြောကြားထားခဲ့လေသည်မသိ။ စာအုပ်အစလောက်မှာ ဖော်ပြခဲ့သည့်အတိုင်း စီးပွားဂမုန်းပင်ကို သူတစ်ပါးသို့ပေးလျှင် ပေးသောသူတွင် စီးပွားဥစ္စာလျော့တတ်သည်ဆိုသော အယူအဆ အတော်ပျံ့နှံ့လျက်ရှိပါသည်။

လွယ်လွယ်ကူကူနှင့်ရရှိလျှင် ရရှိသောအချိန်မှာ လွန်စွာပျော်ရွှင်မှုအရသာကို မခံစား မချမ်းမြေ့ရလှ။ ခဲခဲယဉ်းယဉ်း မရမက ရှာဖွေကြိုးစား၍ ရယူရသည့်ပစ္စည်းကို ရရှိမှ ပိုမိုပြီး ပျော်ရွှင်မှုအရသာ ခံစားရတတ်သဖြင့် မပေးကောင်းဟု စတင်ပြီး ဝါဒဖြန့်သူကိုပင် ကျေးဇူးတင်မိပါသည်။

ခင်မင်ရင်းနှီးသူ မိတ်ဆွေတစ်ယောက်က "အဲဒီဂမုန်းပင်ကို စိုက်ပျိုးလျှင် စီးပွားဥစ္စာ တိုးတက်တတ်သဖြင့် စီးပွားဂမုန်း ခေါ်တယ်လို့ လူတွေက ပြောကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ကိုယ်တွေ့မှာတော့ အဲဒီဂမုန်းပင်တွေ စည်ကားလာလျှင် စီးပွားဥစ္စာတော့ မတိုးတက်ဘူး၊ ညည်းသည်တွေကတော့ အဆက်မပြတ်လာတယ်။ ကျွန်တော်ဖြင့် ညည်းသာဂမုန်းလို့ ယူဆမိတယ်" ဟု ပြောသည်ကို မှတ်မိပါသည်။

တခြားမိတ်ဆွေတစ်ယောက်က "ကျွန်တော့်မှာ တခြား ဘာဂမုန်း

ပင်မှမရှိဘူး။ စီးပွားဂမုန်းပင် အဖို အမကိုသာ သံစည်ကြီးတွေနဲ့ ရိုရို သေသေ စိုက်ထားပါတယ်။ မနက်တစ်ခါ ညတစ်ခါ ရေလည်း မှန်မှန် လောင်း၍ပေးပါတယ်။

"အဲဒီစီးပွားဂမုန်း အဖိုအမအပင်တို့ကို မစိုက်ပျိုး မပြုစုခင်အချိန် က လွန်မင်းစွာ ပင်ပန်းဆင်းရဲလှပြီး အလုပ်အကိုင်ပျက်၊ အကြံအစည် ပျက်၊ စီးပွားဥစ္စာပျက်၊ ကံဆိုး မိုးမှောင်ကျခဲ့ပါတယ်။

"စီးပွားဂမုန်းပင် အဖို အမတို့ကို စိုက်ပျိုး၍ အပင်များ စည်ကား ဝေဆာလာချိန်မှစပြီး စိတ်နှလုံး ကြည်လင်ရွှင်လန်းလျက် အလုပ်အကိုင် အကြံအစည် စီးပွားဥစ္စာများ တစ်နေ့တခြားတိုးတက်ခဲ့ပါတယ်။

"ကျွန်တော်ဟာ ညစာမနက်စာ ထမင်းစားရန် မမေ့သလို မနက် တစ်ကြိမ် ညတစ်ကြိမ် စီးပွားဂမုန်း အဖိုအမပင်တို့ကို ရေလောင်းရန် မမေ့ပါဘူး။ ကျွန်တော်တော့ အလွန်ကို ယုံကြည်မှုရှိပါတယ်" ဟု ပြော ပြသည်ကို သတိရပါသည်။

အခြားမိတ်ဆွေတစ်ယောက်ကတော့ "အဲဒီစီးပွားဂမုန်း အဖိုအမ ပင်တွေ ဝေဝေဆာဆာ ပွားများစည်ကား၍နေသောအချိန်တွင် စီးပွား ဥစ္စာ အလွန်ရရှိခဲ့ပါသည်။

"တစ်နေ့တော့ စီးပွားဂမုန်း အဖို အမပင်တွေ လူအခိုးခံရပါတယ်။ ယခုလို ဂမုန်းပင်စိုက်သူတွေကလည်း မများလှသေးဘူး။ စိတ်မှာ အတော်ထိခိုက်သွားခဲ့တယ်။

အဲဒီနောက်တော့ အလုပ်အကိုင် အကြံအစည် စီးပွားဥစ္စာတွေ တစ်နေ့တခြား ပျက်စီးပါတယ်" ဟု ပြောပြပါသည်။

စီးပွားဂမုန်းပင်မှာ မြေကောင်းသည်ဖြစ်စေ၊ မြေညံ့သည်ဖြစ်စေ ရေကို များများလောင်းပေးနိုင်လျှင် စည်ကား ပွားများတတ်၍ များစွာ ပြုစုယုယရန် မလိုသဖြင့် ပေါများနေခြင်းဖြစ်ပါသည်။

စီးပွားဂမုန်းပင်အမက နေပူအတော်အသင့် ခံနိုင်လျက် စီးပွားဂမုန်းအဖိုမှာ နေပူလျှင် အရွက်များ ပျော့ခွေ ခြောက်သွေ့၍သွားတတ်ပါသည်။

များသောအားဖြင့် စီးပွားဂမုန်း အဖိုပင်မှာ နီနီအသီးကလေးများ သီးပြီး ၎င်းအသီးမှ အစေ့က အပင်ငယ်များ ပေါက်၍လာလေ့ရှိပါသည်။

စီးပွားဂမုန်း အမပင်ကတော့ မြေကြီးကောင်း၍ များစွာပြုစုသဖြင့် အပင်သန်စွမ်းသော အိမ်မှာသာ အသီးသီးတတ်ပါသည်။

ကျွန်တော်၏အိမ်မှာ အဖိုပင် အမပင်နှစ်မျိုးလုံးမှာ အသီးသီးပါသည်။

ဂမုန်းပင်များကို ယုံကြည်မှုမရှိလျှင် မစိုက်ပျိုးဘဲနေသည်က သင့်လျော်၍ စိုက်ပျိုး၍ထားလျှင် စည်ကားသန်စွမ်းမှုရှိအောင်တော့ ရေကိုတော့ မှန်မှန်လောင်း၍ ပေးသင့်သည်ဟု ယူဆမိပါသည်။

တချို့သောအိမ်က စီးပွားဂမုန်းပင်များမှာ ရေကို မှန်မှန်မလောင်းသဖြင့် အရွက်တွေ ခြောက်ကပ်တွန့်လိမ်ပြီးလျှင် မြင်မကောင်း ရှုမကောင်းဖြစ်နေပါသည်။

ဂမုန်းပင်သာမဟုတ်၊ မည်သည့်သစ်ပင်ဖြစ်စေ အိမ်မှာစိုက်ထားလျက် ဂရုတစိုက် မပြုစုလျှင် စိတ်ရှင်လန်း ကြည်နူးမှုကင်းမဲ့၍ ဝီရိယမရှိ၊ ပျင်းရိပေါ့ဆသော သူတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသကဲ့သို့ပင် ရှိပါတော့သည်။

●

## (၁၇) နန်းထိုင်ဂမုန်း

ဂမုန်းဘီလူးကိုစိုက်မိ၍ ဘေးဒုက္ခရောက်ရကြောင်းကို ငယ်စဉ်ကပင် ကြားခဲ့ဖူးပါသည်။ ကြားဖူးသူလည်း များပါသည်။ ကြားဖူးကြသောကြောင့်လည်း ဂမုန်းပင်များကို နားမလည်ဘဲ အရမ်းမစိုက်ဝံ့မစိုက်ရဲကြခြင်းပင်ဖြစ်ပါသည်။

ဂမုန်းဘီလူးကို စိုက်ပျိုးရသည်မှာ အောက်လမ်းဆရာများ သရဲမွေးခြင်းနှင့်တူပါသည်။ စိုက်ပျိုးစဉ်ကလည်း ကြက်လည်ချောင်းသွေး၊ သားဆေးရေတို့ဖြင့် စိုက်ပျိုးရလျက် နောင်ကိုလည်း ခုနစ်ရက်တစ်ခါ တစ်လတစ်ခါဆိုသလို သားဆေးရေ ငါးဆေးရေ လောင်းရသည်ဟု ဆိုပါသည်။

အိမ်မှာရှိသော အိမ်သားများကိုလည်း ဂမုန်းပင်ကို ပြသထားရလျက် အိမ်မှာမွေးထားသော နွား၊ ကျွဲ၊ ခွေး၊ ကြောင်၊ ကြက်၊ ဝက်တို့ကိုလည်း ပြသထားရပြီးလျှင် အိမ်မှာလာသော ဧည့်သည်ကိုလည်း ပြသထားရသည်ဟု ဆိုပါသည်။

ထိုကဲ့သို့ ပြသထားရခြင်းမှာ ဂမုန်းဘီလူးက လူမှားပြီး မနှိပ်စက်မညှဉ်းဆဲရန်၊ မနှောင့်ယှက်ရန် မချောက်လှန့်ရန်ဟု ဆိုပါသည်။ အထူးသဖြင့် ညအခါမှာ သောင်းကျန်းနှိပ်စက်တတ်သည်ဟုဆိုပါသည်။



နန်းထိုင်ဂမုန်းဘီလူးဥပုံ

မိတ်ဆွေတစ်ယောက်၏ ပြောပြချက်မှာ ၎င်း၏ သူငယ်ချင်းဖြစ်သူ စက်သူဌေးတစ်ယောက်သည် ဂမုန်းဘီလူးပင်စိုက်ထားသဖြင့် သူခိုးလာခိုးသည့်အခါ သူခိုးကို ဂမုန်းဘီလူးက ရိုက်၍ဖမ်း၍မိဖူးကြောင်း–

၎င်းဂမုန်းဘီလူးကို စိုက်ပျိုးသူ သေဆုံးသွားသောအခါ ကျွေးမည့်သူ မရှိတော့၍ ဂမုန်းဘီလူးက သောင်းကျန်းပြီး ညကျလျှင် တုတ်တစ်ချောင်းနှင့် လျှောက်နေသည်ကို မြင်ကြရ တွေ့ကြုံကြရကြောင်း–

ခွေးတရုန်းရုန်းဖြစ်နေ၍ လူအများက တစ္ဆေချောက်သည်ဟု ပြောကြကြောင်း ၎င်း၏ သားဖြစ်သူက ၎င်းဂမုန်းဘီလူးပင်ကိုတူး၍ မြစ်ထဲမျှောလိုက်တော့မှ အေးချမ်းသွားကြောင်း ပြောပြပါသည်။

မိတ်ဆွေတစ်ယောက်ကလည်း ၎င်း၏ အဒေါ်တစ်ယောက်မှာ ဂမုန်းဘီလူးပင်ကို စိုက်ထားမိ၍ ၎င်းအပင်က အပွင့်ပွင့်ရန် အဖူးနှစ်ခုဖူးလာကြောင်း၊ အဖူးတစ်ခုက အပွင့်ပွင့်လာသောအခါ ဂမုန်းစိုက်သူ

အဒေါ်ကြီးမှာ ရုတ်တရက် မကျန်းမမာဖြစ်ပြီး အိပ်ရာပေါ်တွင် ပက်လက်ကလေး ဖြစ်သွားကြောင်း။

အဒေါ်ကြီးမှာ မမာနေရင်း အိပ်ပျော်သွားသောအခါ အိပ်မက်ထဲတွင် ဘီလူးကြီးတစ်ကောင်က အသံနက်ကြီးဖြင့် "ငါဟာ မျက်စိတစ်ဖက်သာ ပွင့်သေးတယ်။ နှစ်ဖက်စလုံးပွင့်မှ နင့်ကိုစားမယ်" ဟု ပြောသည်ကိုကြားပြီး လန့်နိုးသည်ဆိုကြောင်း။

မနက်လင်းသောအခါ ဂမုန်းပင်တွင် အဖူးနှစ်ဖူးမှ တစ်ဖူးက ပွင့်နေသည်ကို မြင်ရသဖြင့် ဂမုန်းပင်ကိုနုတ်လျက် မြစ်ထဲသို့ အမျှောခိုင်းရကြောင်း–

ဂမုန်းပင်မရှိသောအခါ မလှုပ်မရှားနိုင်လောက်အောင် ပြင်းထန်စွာခံစားနေရသော ရောဂါဝေဒနာမှာ လုံးဝပျောက်ကင်းပြီး လူမာပကတိဖြစ်သွားကြောင်းတို့ကို ပြောပြပါသည်။

အထက်ပါမိတ်ဆွေနှစ်ဦး၏ ပြောစကားများမှာ လုပ်ကြံ၍ပြောသော ယုံတမ်းစကားများမဟုတ်ကြပါ။ တကယ့်ကိုယ်တွေ့ ပြောကြသောစကားများဖြစ်ကြပါသည်။

တကယ်ပြောကြသည်ဟု ယုံကြည်သော်လည်း အချိန်မှာ အတော်ဝေးနေပြီဖြစ်၍ စိတ်မဝင်စားလှပါ။ ယုံတမ်းစကားသဘောမျိုးလိုပင် အောက်မေ့မိပါသည်။

မကြာမီအချိန်က ကျွန်တော့်ဇနီး ဆရာမနှင့် တစ်ကျောင်းတည်းတွင် အတူတူအလုပ်လုပ်သူ ဆရာမတစ်ယောက်က ၎င်းတို့လမ်းထဲမှ မိန်းမတစ်ယောက် ဂမုန်းပင်များစိုက်ပျိုး၍ စိတ်နောက်ပြီး ရူးသွားကြောင်းကို ကျောင်း၌ပြောဆိုနေသည်ဆိုကြောင်း။

ကျောင်းအုပ်ဆရာကြီးက "ဂမုန်းပင်စိုက်လို့ ရူးတာဟုတ်မယ် မထင်ပါဘူး။ ဂမုန်းပင်စိုက်လို့သာရူးရမယ်ဆိုရင် ဟောဒီ ဆရာမရဲ့အိမ်

မှာ ဂမုန်းပင်တွေ အများကြီးပါ” ဟု ကျွန်တော်၏ ဇနီး ဆရာမကိုပြ၍ ပြောကြားသည်ဆိုကြောင်း။ “သူစိုက်တဲ့ဂမုန်းပင်ထဲမှာ ဂမုန်းဘီလူးပင် ပါနေလို့ ရှူးတာဆရာကြီးရဲ့” ထပ်မံပြောဆိုကြောင်းတို့ကို ကျွန်တော်၏ ဇနီးဆရာမက ကျွန်တော့်အား တစ်ဆင့်ပြောပြပါသည်။

ထိုကျောင်းမှာပင် အလုပ်လုပ်သူ တခြားဆရာမတစ်ယောက်က လည်း ၎င်းတို့အိမ်တစ်ခန်းကို အိမ်ငှားများတင်ထားကြောင်း၊ အိမ်ငှား များက သစ်ပင်များစိုက်ထားကြောင်း ၎င်းအိမ်ငှားများမှာ ဘေးဒုက္ခ များစွာတွေ့ကြုံပြီး ပြောင်းရွှေ့သွားကြသဖြင့် ၎င်းတို့စိုက်ပျိုးသောသစ်ပင် များ ကျန်ခဲ့ကြောင်း။

၎င်းအိမ်ငှားများ ပြောင်းရွှေ့သွားသောအခါ အိမ်ရှင်ဖြစ်သော ၎င်း တို့မှာ ဒုက္ခအမျိုးမျိုး အပူအပင်အမျိုးမျိုး ရောဂါဝေဒနာအမျိုးမျိုးတို့နှင့် ရင်ဆိုင်တိုးရတော့သည်ဆိုကြောင်း။

နားလည်သော ဆရာကြီးတစ်ယောက်က ဒီအပင်တွေဟာ ဂမုန်း ဘီလူးပင်တွေပဲ ဘာလို့စိုက်ထားရသလဲ။ အမြန်နုတ်ပစ်ပါ” ဟုပြောပြ မှ ဂမုန်းဘီလူးမှန်းသိရ၍ နုတ်ပြီး မြစ်ထဲသို့ ပစ်ရသည်ဆိုကြောင်း။

၎င်းဂမုန်းဘီလူးပင်များမရှိမှပင် အေးအေးချမ်းချမ်း ကျန်းကျန်း မာမာ ရွှင်ရွှင်လန်းလန်း နေထိုင်ရတော့ကြောင်းနှင့် ပြောပြသည်ဟု ကျွန် တော်၏ ဇနီး ဆရာမကပင် ထပ်မံ၍ပြောပြပါသည်။

ယခင်မိတ်ဆွေနှစ်ဦးပြောသော စကားများကိုပါ သတိရလျက် ယခု ကျွန်တော်၏ ဇနီး ဆရာမပြောသော ဂမုန်းဘီလူး၏အကြောင်းများ မှာ လောလောဆယ်ဆယ် ဖြစ်ပျက်တွေ့ကြုံကြရသော အကြောင်းများဖြစ် နေ၍ ကျွန်တော်၏စိတ်ထဲမှာ ၎င်းဂမုန်းဘီလူးပင်ကို ကိုယ်တွေ့သုတေ သနပြုလုပ်ရန် အလွန်စိုက်ပျိုးချင်သောစိတ်ဆန္ဒ ပြင်းပြ၍လာပါသည်။

ဂမုန်းဘီလူးပင်ကို ကျွန်တော်ကိုယ်တိုင် မစိုက်ပျိုးဖူးသော်လည်း

တွေ့ဖူး မြင်ဖူးသဖြင့် အပင်ကိုမြင်လျှင် ဂမုန်းဘီလူးပင်ဟူ၍တော့ သိပြီးဖြစ်ပါသည်။

အကျိုးပေး၍ကောင်းသော ဂမုန်းမျိုးကိုဖြစ်စေ၊ ဘေးဒုက္ခရောက်တတ်သော ဆိုးသည့်ဂမုန်းမျိုးကိုဖြစ်စေ၊ ထူးခြားသောအပင်များကို လက်တွေ့စမ်းလိုသည့် ဝါသနာရှိ၍ပင်ဖြစ်ပါသည်။

အကျိုးပေး၍ စီးပွားဥစ္စာ အလုပ်အကိုင်အကြံအစည်များ အောင်မြင်ထမြောက်တတ်သည့် ဂမုန်းပင်များ အမျိုးပေါင်းများစွာရှိသကဲ့သို့ စီးပွားဥစ္စာ အလုပ်အကိုင် အကြံအစည်များ ပျက်စီးပြီး ရောဂါဝေဒနာဖြစ်တတ်သော ဂမုန်းပင်တစ်မျိုးတို့မှာလည်း များလှပါသည်။

ကျွန်တော်ကိုယ်တွေ့ စမ်းသပ်လေ့လာပြီးမှ ဘုန်းတော်ကြီးကျောင်းသို့သွား၍ ပို့ရသည်မှာ ၁၀ မျိုးခန့်ရှိပါပြီ။ ကျွန်တော်၏ဇနီး ဆရာမက "မကောင်းကျောင်းပို့ မလုပ်ပါနဲ့" ဟု ပြောပါသည်။ ကျွန်တော်၏သဘောက ဘုန်းတော်ကြီးတွေ၏ကျောင်းကို ရောက်သွားလျှင် ဒီဂမုန်းပင်တွေကြောက်ပြီး ကောင်းသွားကြမည်ဟု ယူဆထားပါသည်။

ကျွန်တော်သည် ရောက်ရှိရာအရပ်တိုင်းမှာ ဂမုန်းပင်စိုက်ပျိုးသူများအိမ်၌ ဂမုန်းဘီလူးအပင် ရှိ မရှိ ကြည့်မိပါသည်။

တစ်နေ့တွင် ကျွန်တော်၏ဦးလေးတော်စပ်သူ ဆရာတစ်ယောက်အိမ်မှ ဘုရားကိုးဆူ ဆွမ်းကပ်ဖိတ်သဖြင့် သွားရောက်ရာတွင် ကျွန်တော်၏ဦးလေး ဆရာ၏အိမ်၌ ဂမုန်းဘီလူးပင်ကို တွေ့မြင်ရပါသည်။

"ဦးလေး ဒီဂမုန်းပင်ကို ဘယ်ကရသလဲ။ ကျွန်တော် ဒီဂမုန်းပင်မျိုး စိုက်ပျိုးချင်လို့ ရှာနေတာ အတော်ကြာပါပြီ။ ကျွန်တော့်ကို ဒီဂမုန်းပင်မျိုးတစ်ပင် ရှာပေးပါ" ဟု ပြောဆိုမိပါသည်။

ဦးလေးက "အေးကွာ ငါလည်း ဒီနေ့ပဲ ဟိုဘက်ကမ်းကလာပို့သွားလို့ ရထားတယ်။ ငါ့မှာရှိတဲ့ ငှက်ပျောရှင်သူငယ်တစ်ပင်နဲ့ လဲလိုက်

ရတယ်။

မင်းလိုချင်ရင်လည်း မှာပေးပါ့မယ်။ နှစ်ရက် သုံးရက်လောက် ကြာတော့ လာခဲ့။ မင်းအိမ်မှာရှိတဲ့ ဂမုန်းပင်တွေထဲက တစ်ပင်တော့ ပေးရလိမ့်မယ် ရမှာပေါ့ကွာ စိတ်ချနေပါ" ဟု ပြောပြလိုက်ပါသည်။

သုံးရက်ခန့်ရှိ၍ ဂမုန်းပင်ယူရန် ဦးလေးအိမ်သို့ သွားသောအခါ အလွန်ကျန်းမာဝဖြိုးလှသော ဦးလေး၏သမီးမှာ ခြေတွေလက်တွေ မလှုပ်နိုင်။ အိပ်ရာတွင် ပက်လက်ကလေးဖြစ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်၏ဦးလေးက ဆရာဝန်ထံသွားနေ၍ မတွေ့ရ။ လူမမာ အနားမှာပြုစုနေသော အိမ်ဖော်သူငယ်မနှစ်ယောက်က ကျွန်တော့်ကို ဆေးထိုးရန်လာသည့် ကုလားဆရာဝန်ဟု မှတ်ထင်နေကြပါသည်။

ကျွန်တော် မေးသံ မြန်းသံကို ဦးလေးသမီး လူမမာက ကြားသဖြင့် ဆရာဝန်မဟုတ်ကြောင်းသိပြီး သူငယ်မနှစ်ယောက်မှာ အားတုံ့ အားနာ ဖြစ်နေကြပါသည်။

ကျွန်တော့်မှာ ဝတ္တရားရှိသည့်အတိုင်း "ဦးလေးသမီးရောဂါ ဝေဒနာအတွက် မိန်းမအချင်းချင်းကုသလျှင် ပို၍အဆင်ပြေမည်" ဟု ပြောပြီး မိတ်ဆွေဖြစ်သူ အမျိုးသမီးဆရာဝန်တစ်ယောက်နှင့် ဆက်သွယ်ပေးခဲ့ပါသည်။

ဦးလေးပြန်လာသောအခါ ကျွန်တော်၏အတွက် ဂမုန်းပင်ရောက်နေကြောင်းပြောသဖြင့် ဂမုန်းပင်ကိုယူပြီး ဝမ်းမြောက်ဝမ်းသာနှင့် အိမ်သို့ ပြန်ခဲ့ပါသည်။

ကျွန်တော်သည် ၎င်းဂမုန်းဘီလူးပင်ကို စုံစမ်းလို၍သာ စိုက်ပျိုးခြင်းဖြစ်၍ ကြက်လည်ချောင်းသွေး သားဆေး ငါးဆေးရေ စသည်တို့ကို ဘာမှမလုပ်ပါ။ အိမ်သားတွေကိုလည်း ပြမထားဘဲ ရိုးရိုးပင် စိုက်

ထားလိုက်ပါသည်။

ဂမုန်းဘီလူးပင် စတင်စိုက်ပျိုးသည့်ညမှစ၍ ယခင်က နေဝင်လျှင် အရွက်ချင်းကပ်ပြီး ထောင်၍အိပ်လေ့ရှိကြသော ဒေါင်းဂမုန်း၊ ဟင်္သာဂမုန်း၊ ကြီးဂမုန်း၊ ငုံးဂမုန်း စသည့် ဂမုန်းပင်တို့မှာ အရွက်များ ဘေးကားပြီး လန့်ဖျပ်နေသလို မအိပ်ဘဲနေကြပါသည်။

၎င်းအိပ်နေကျ ဂမုန်းပင်များ မအိပ်ကြသည့်အတွက် ကျွန်တော်သည် ပရိတ်တော် ဂါထာတော်များကို အခါတိုင်းရွတ်ဖတ်နေကျထက် ပိုမို၍ရွတ်ဖတ်ပါသည်။

ယခင်အခါများက ဒေါင်းဂမုန်းပင်မအိပ်လျှင် မောရသုတ်ပရိတ်ကို များများရွတ်ပြီး အရွက်တွေကိုသပ်ပေးက အိပ်နေကျဖြစ်လျက် ယခုမူ မအိပ်ဘဲဖြစ်၍နေပါသည်။

နောက်တစ်နေ့နံနက်စောစော အိပ်ရာမှထသောအခါ အိမ်ကိုလာနေကျဖြစ်သော တခြားအိမ်မှ ကြောင်တစ်ကောင်မှာ အိမ်ပေါ်၌ ဒဏ်ရာမရှိဘဲ လတ်လတ်ဆတ်ဆတ်သေနေသည်ကို တွေ့မြင်ရပါသည်။

ကြောင်သေကောင်ကို တခြားသို့သွား၍ပစ်လိုက်ပြီး ညသို့ရောက်သောအခါ အိမ်တွင်အတူနေသော ထမင်းဟင်းချက်ပြုတ်သည့် အိမ်ဖော်အဒေါ်ကြီးမှာ အပြင်းအထန် ရုတ်တရက်ဖျား၍ ဝှီ–ဝှီ နှင့်မြည်နေသဖြင့် အိမ်မှာမနေရဲဘဲ ဆေးကုရန်ဆိုပြီး ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့သွားပါသည်။

အဒေါ်ကြီး ပြောင်းရွှေ့သွားပြီးသည့်ညမှာ ကျွန်တော်၏ ဇနီးဆရာမသည် ဖျတ်ခနဲ ဖျတ်ခနဲ လန့်၍လန့်၍ နိုးနေပြီး မအိပ်နိုင်ဖြစ်နေလျက် ခွေးတွေကလည်း ဆူညံအောင် ဟောင်အူ၍နေကြပါသည်။

နံနက်မိုးလင်းသောအခါ ကျွန်တော်၏ဇနီး ဆရာမက "ဒီဂမုန်း

ပင်ကို စိုက်ပြီးမှ ဒီလိုဖြစ်တာ။ ဒီဂမုန်းပင်ကြောင့် ထင်တယ်" ဟု ပြောပါတော့သည်။

ကျွန်တော်လည်း ဒီဂမုန်းဘီလူးပင်၏အကြောင်းကို ဒီထက်ပိုပြီး စုံစမ်းရန် ဆက်လက်မထားရဲတော့သဖြင့် အခါတိုင်း ထိခိုက်တဲ့ဂမုန်းတွေလို ကျောင်းထဲကိုမပို့တော့ဘဲ အမြစ်ရော၊ ဥပါနုတ်ယူပြီး မြူနီစီပါယ်မှ အမှိုက်သိမ်းမော်တော်ကားပေါ်သို့ တင်လွှတ်လိုက်ပြီး မော်တော်ကားကို ပင် စိုးရိမ်မကင်းဖြစ်မိပါသည်။

ဂမုန်းဘီလူးပင်ကို မော်တော်ကားပေါ်သို့ တင်လွှတ်လိုက်ပြီးသည့် ညမှစ၍ အိပ်နေကျဖြစ်သော ဂမုန်းပင်များလည်း စိတ်ချလက်ချနှင့် အိပ်စက်ကြပါတော့သည်။

ဆရာမလည်း မလန့်တော့ပါ။ အိမ်ဖော်အဒေါ်ကြီးလည်း အဖျားပျောက်၍ ကျန်းကျန်းမာမာပင် ပြန်ရောက်လာပါသည်။

ကျွန်တော်လည်း အလွန်သိချင် စိုက်ချင်လှသည့် ဂမုန်းဘီလူးပင် အကြောင်းကို ကောင်းကောင်းကြီးသိလိုက်ရပါသည်။

ကျွန်တော်၏ဦးလေးထံသို့ သတိပေးရန် သွားရောက်သောအခါ ဦးလေး၏သမီးကို ကျန်းမာစွာတွေ့ရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

ဂမုန်းဘီလူးပင်ကို ရှာဖွေကြည့်ရှု၍ မတွေ့မမြင်ရသဖြင့် "ဦးလေး ဂမုန်းပင် ဘယ်ကိုရောက်သွားသလဲ" ဟု မေးမြန်းမိပါသည်။

ဦးလေးက "ဂမုန်းပင် မြစ်ထဲကိုရောက်သွားပြီကွ။ ငါ့သမီး ကျန်းကျန်းမာမာဟာ သူရောက်လာပြီး ခြေတွေလက်တွေ မလှုပ်မရှားနိုင် ပက်လက်ကလေးဖြစ်သွားတယ်။

ဆရာဝန်တွေနဲ့ ကုသတာလည်း မသက်သာဘူး။ ငွေလည်း အတော်ကုန်သွားတယ်။ ဒီဂမုန်းပင်ကို မသင်္ကာတာနဲ့ နုတ်ယူပြီး မြစ်ထဲ ပစ်လိုက်တော့မှ ငါ့သမီးဟာ လူမာပကတိ အံ့ဩလောက်အောင် ကျန်း

မာလာတယ်။

"နုတ်ပြီးလို့ ဥကို သေသေချာချာကြည့်တော့မှ ပိုပြီးကြောက်စရာကောင်းတယ်။ ပွဲထဲက ဘီလူးခေါင်းရဲ့ ပုံသဏ္ဌာန်အတိုင်း အစွယ်နှစ်ချောင်းနဲ့ ထိပ်ပေါ်တည့်တည့်ကလည်း အချွန်ကြီးပါတယ်။

"အဲဒါတောဘီလူးမဟုတ်၊ နန်းထိုင်ဘီလူးကွ။ တောဘီလူးက ထိပ်ပေါ်မှာ အချွန်မပါဘူး။ ကတုံးနဲ့။ အဲဒီတောဘီလူးက ပိုကြမ်းတယ်။ တောဘီလူးစိုက်ရင် အသေတွယ်တာပဲတဲ့။

"မင်းတို့ ငါတို့ နန်းထိုင်ဘီလူးကို စိုက်မိလို့ တော်သေးတာပေါ့။ ငါ မြစ်ထဲ ပစ်ရအောင် ယူသွားတော့ သူငယ်တစ်ယောက်က 'လှလိုက်တဲ့အပင်။ ကျွန်တော့်ကိုပေးပါဗျာ' လို့တောင်းတယ်။ ငါကလည်း 'ရော့ယူကွာ' လို့ပေးလိုက်တယ်။

"သူငယ်ကလေးဟာ ဥကြီးကို သေသေချာချာကြည့်ပြီးတော့ လန့်သွားထင်ပါရဲ့။ 'ဟာ ကြောက်စရာကြီးပါလား။ မယူတော့ပါဘူးဗျာ' လို့ ပြောတယ်။

မြစ်ထဲ ဒီတိုင်းမချဘဲ ဥကြီးကို ကျောက်ခဲနဲ့ ထုချေပြီးမှ ချလိုက်တယ်။ ဒီအတိုင်းချလိုက်ရင် ကမ်းကပ်ပြီး ရှင်ချင်ရှင်နေမှာ။ ရှင်နေရင် အနီးအနားမှာ ဒုက္ခပေးနေမှာကွ" ဟု ပြောပြပါသည်။

ကျွန်တော်၏ဇနီးဆရာမက "ဦးလေးက ဘာဖြစ်လို့ ဒီဂမုန်းပင် ကျွန်မတို့အိမ်ကို ပေးလိုက်ရတာလဲ" ဟုပြောပါသည်။

ကျွန်တော်ကဝင်၍ "ဦးလေးက ပေးတာမဟုတ်ပါဘူး။ ငါက ဒီဂမုန်းဘီလူးရဲ့အကြောင်းတွေ လူပြောများလွန်းလို့ တကယ်ပြောကြတာလား၊ ယုံတမ်းစကားပြောကြတာလား။ သစ်ပင်စိုက်တာနဲ့ လူတွေ ဒုက္ခရောက်ရတယ်ဆိုတာ အဟုတ်ပဲလား၊ ယုံရမှာလား။ ကိုယ်တွေ့စမ်းသပ်ကြည့်ချင်တာနဲ့ မရမက အမှာခိုင်းရတာပါ။ ဦးလေးကို အပြစ်

မတင်ပါနဲ့” ဟု ပြောပြရပါသည်။

ကျွန်တော် နန်းထိုင်ဘီလူးဂမုန်းအကြောင်းကို သင့်ဘဝမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ခုရေး၍ ထည့်လိုက်ရာ ထိုဆောင်းပါးကိုဖတ်ရှုမိသည့် ဂမုန်းဝါသနာရှင် အဒေါ်ကြီးတစ်ယောက် ကျွန်တော်၏အိမ်သို့ ရောက်ရှိလာပါသည်။

အဒေါ်ကြီးမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိပြီး ဖြူဖြူဖွေးဖွေး ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၍ စကားပြောမှာလည်း လွန်စွာကောင်းမွန်သူ၊ သွက်လက်ဖျတ်လတ်သူဖြစ်ပါသည်။

ကျွန်တော်၏အိမ်တွင်ရှိသော ဂမုန်းပင်များကို လိုက်လံကြည့်ရှုပြီး “ဆရာရေးတဲ့ ဂမုန်းဆောင်းပါးတွေကို ဖတ်ရပါတယ်။ နန်းထိုင်ဘီလူးဂမုန်းဆောင်းပါးဖတ်မိတော့ ဆရာရဲ့အိမ်မှာ မင်းသားကြီးဂမုန်းပင် မရှိသေးဘူးဆိုတာ သိရတယ်” ဟု စတင်ပြောဆိုပါသည်။

ကျွန်တော်က “ဟုတ်ပါတယ် ဒေါ်ဒေါ်။ မင်းသားကြီးဂမုန်းပင်တော့ မြင်ရုံသာမြင်ရပြီး အင်မတန်အစွမ်းသတ္တိထက်မြက်တယ်လို့ ကြားဖူးရုံသာရှိပါတယ်။ မရသေးလို့၊ မစိုက်ဖူးသေးလို့ ကိုယ်တွေ့မသိရသေးပါဘူး။ ဘီလူးတော့ တွေ့ရပါပြီ” ဟု ပြောမိပါသည်။

“ကျွန်မက ဘီလူးရော၊ မင်းသားကြီးပါ ကိုယ်တွေ့ရှင့်။ မင်းသားကြီးအပင်ကလည်း ဘီလူးအပင်အတိုင်းပဲ အသွေးအရောင်ကလည်း နီနီရဲရဲပဲ။ ဘွားခနဲကြည့်ရင် ခွဲခြားမရဘူး။ အတူတူထင်ရတယ်။

“သေသေချာချာကြည့်တော့မှ ဘီလူးဂမုန်းက အရွက်အောက်ဘက်ကနီပြီး အပေါ်ဘက်က လုံးဝစိမ်းပြီးနေတယ်။ မင်းသားကြီးဂမုန်းက အရွက်အောက်ဘက်ကနီပြီး အပေါ်ဘက်က အစိမ်းထဲမှာ အနီကြောင်းကလေး မသိမသာပါတယ်” ဟု ပြောပြပါသည်။

“အဲဒီလို အနီကလေး မသိမသာပါတာလည်း ကျွန်တော်သိပါ

တယ်။ ဒေါ်ဒေါ်က ဘီလူးရော မင်းသားကြီးပါ တွေ့ဖူးတယ်။ ကိုယ်တွေ့စိုက်ဖူးတယ်ဆိုတော့ မင်းသားကြီးနဲ့ ဘီလူးတို့ရဲ့ ထူးခြားချက်ကို သိမှာပေါ့။ အဲဒီဂမုန်းပင်နှစ်မျိုးရဲ့အကြောင်း ဒေါ်ဒေါ်တွေ့ကြုံရတဲ့အကြောင်း၊ ဒေါ်ဒေါ့်မှာ ဘယ်လိုအကျိုးအပြစ် ခံရတဲ့အကြောင်း သိလိုပါတယ်" ဟု မေးမိပါသည်။

"ကျွန်မက ဘီလူးဂမုန်းပင်ကို အရင်ရလို့ အရင်စိုက်တယ်။ ကျွန်မတို့အိမ်က တိုက်ခံအိမ်ဆိုတော့ အပေါ်ထပ် လသာခန်းမှာ စိုက်ထားတယ်။

အိမ်နားနီးချင်းတွေက လသာဆောင်မှာ မည်းမည်းအကောင်ကြီးမြင်ရတယ်။ သရဲနဲ့တူတယ်လို့ပြောကြတယ်။ ကျွန်မအိမ်မှာလည်း လူငါးယောက်ရှိတာ သုံးယောက်က နေထိုင်မကောင်းဖြစ်ကြတယ်။

"ကျွန်မက လှလို့စိုက်ထားတာ။ ဂမုန်းဘီလူးမှန်းမသိဘူး။ ဒီအပင်ကိုလည်း မဥပဒ်မိဘူး။ ကံဇာတာညံ့ကြလို့ မမာတာပဲလို့ အောက်မေ့မိတယ်။

ညည လူတွေအိပ်ချိန်မှာ ခြေနင်းသံ၊ လမ်းလျှောက်သံ၊ တံခါးကိုတွန်းသံတွေ ကြားရတယ်။ ဒါလည်း ဂမုန်းပင်ကို မသင်္ကာမဖြစ်ဘူး။ ဘုန်းတော်ကြီးတွေပင့်၊ ပရိတ်ရွတ်တယ်။

"ကျွန်မတို့ကံကကောင်းချင်တော့ ကျွန်မတို့ကိုးကွယ်တဲ့ လောကီလောကုတ္တရာနဲ့စပ်ထက်မြက်တဲ့ ဆရာတော်ကြီးတစ်ပါး ပါလာလို့ အဲဒီဂမုန်းပင်ကို တွေ့မြင်သွားတယ်"

ကျွန်တော်က စကားဖြတ်၍ "အဲဒါနဲ့ ဆရာတော်ကြီးက ဒါဂမုန်းဘီလူး၊ နုတ်ပစ်လိုက်ကြလို့ ခိုင်းရောလား" ဟုပြောဆိုမိပါသည်။

"မပြောဘူး၊ မခိုင်းဘူး။ ငါ့ကျောင်းလိုက်ခဲ့လို့ ခေါ်သွားတယ်။ ကျောင်းကိုရောက်တော့ ဂမုန်းဘီလူးပင်နဲ့တူတဲ့ မင်းသားကြီးဂမုန်းတစ်

ပင်ကိုပြပြီး နုတ်ယူသွား။ အိမ်မှာစိုက်ထားလိုက်။ လသာခန်းမှာ စိုက်ထားလိုက်လို့ပြောလိုက်တယ်"

"ကျွန်မလည်း ဆရာတော်မှာတဲ့အတိုင်း ပန်းအိုးတစ်လုံးနဲ့ စိုက်ပြီး ဘီလူးဂမုန်းပင်နားမှာ ယှဉ်တွဲပြီး စိုက်ထားလိုက်တယ်။

ကျွန်မတို့က အထဲမှာ တံခါးပိတ်ပြီးအိပ်ကြတော့ ညတိုင်းလို ခြေနင်းသံ၊ လမ်းလျှောက်သံ တံခါးတွန်းသံ ကြားရမလားလို့ အားလုံး မအိပ်ဘဲ နားစွင့်နေကြတယ်။

လသာခန်းပေါ်က ဗြုန်းဗြုန်း·ဒိုင်းဒိုင်း လူနှစ်ယောက်ရန်ဖြစ်သံ လိုကြားရတယ်။ ကျွန်မတို့လည်း တံခါးကို မဖွင့်ဝံ့ဘူး။ ခဏကြာတော့ ငြိမ်သွားကြတယ်။

မနက်လင်းတော့ ခြေရင်းခေါင်းရင်းအိမ်တွေနဲ့ အိမ်ရှေ့လမ်းခြား နေတဲ့အိမ်မှ လူတွေက 'ညကဘာဖြစ်ကြတာလဲ။ လသာခန်းပေါ်မှာ လူနှစ်ယောက် ထွေးလုံးသတ်ပုတ်နေကြတယ်။ နောက် မည်းမည်းလူက ခုန်ချပြေးတယ်။ ဖြူဖြူလူက ဓားထမ်းပြီး ခုန်ချ၍ လိုက်သွားတယ်' ဟု ပြောကြပါတယ်။

"အဲဒီနောက်တော့ ဘာသံမှမကြားတော့ဘူး။ လူမမာတွေလည်း ယူပစ်လိုက်သလို ရောဂါတွေ ပျောက်သွားကြတယ်။

"ဒါကြောင့် ရှင့်အိမ်မှာ မင်းသားကြီးဂမုန်းမရှိဘူးလို့ ကျွန်မပြောတာပေါ့။ မင်းသားကြီးဂမုန်းသာရှိရင် ဂမုန်းဘီလူးဟာ ဘာမှမလှုပ်ဝံ့၊ အနှောင့်အယှက်မပေးဝံ့တော့ဘူး။

"ကျွန်မတို့လည်း ဒီအတိုင်းထားတာပဲ။ နောက်တော့ ဂမုန်းဘီလူး ပင်ဟာ အလိုအလျောက် သေကိုသွားတာပဲ" ဟု ပြောပြသော အဒေါ်ကြီး၏စကားများကို မှတ်သားလိုက်ရပါသည်။

●

## (၁၈) ဆင်ဂမုန်း

အသက်တစ်ထောင်ဂမုန်းဟူ၍လည်းကောင်း၊ အဆစ်တစ်ထောင်ဂမုန်းဟူ၍လည်းကောင်း၊ ကျောက်စိမ်းဂမုန်းဟူ၍လည်းကောင်း၊ အေးဂမုန်းဟူ၍လည်းကောင်း အမည်အမျိုးမျိုးခေါ်ကြလျက် စိုက်ပျိုးသူလွန်စွာများသော ဂမုန်းတစ်ခုကို စိုက်ပျိုးလိုကြသဖြင့် အိမ်တစ်အိမ်မှာ တောင်းယူခဲ့ပါသည်။

၎င်းဂမုန်းမှာ ကျွန်တော်တို့ရပ်ကွက်တွင် လမ်းတိုင်းလိုလိုရှိတတ်၍ ကျန်းမာသည်၊ အသက်ရှည်သည်၊ လာဘ်လာဘများ ရွှင်သည်၊ အေးချမ်းသာယာသည်ဟု ပြောကြပါသည်။

အပင်အရွက်ပုံသဏ္ဌာန်မှာ ကွမ်းပင် ကွမ်းရွက်ပုံသဏ္ဌာန်ဆင်တူလျက် အနွယ်ပင်မျိုးဖြစ်ပြီးလျှင် နွယ်စရာ အမှီရှိသမျှ အနှံ့အပြားနွယ်တတ်သည်။

အရွက်တွင် အဝါရောင်များရောယှက်၍ တချို့မှာ ဘုရားစင်ရှေ့တွင်စိုက်ထားလျက် အချို့မှာ အိမ်ဝရန်တာမှာလည်းကောင်း၊ သစ်ပင်ကြီးများမှာလည်းကောင်း စိုက်ထားလေ့ရှိပြီး အပင်စည်ကားလျှင် စည်



ဆင်ဂမုန်း

ကားသလောက် အရွက်များ ကြီးထွားသန်စွမ်းတတ်လေသည်။

ငှင်းဂမုန်းပင်ကို တောင်းယူလာရင်းနှင့် ကျွန်တော်၏ဂမုန်းဆရာကြီးထံဝင်ပြီး ၎င်းဂမုန်းပင်အကြောင်းကို မေးမြန်းစုံစမ်းမိပါသည်။

ဂမုန်းဆရာကြီးက "မင်း ဒီဂမုန်းပင်ကို မစိုက်ပါနဲ့။ ဒီဂမုန်းပင်ကို မသိတဲ့လူတွေက စိုက်ပျိုးနေကြတာ။ ဒီဂမုန်းပင်ဟာ ဆင်ဂမုန်းပင်ပဲ။ ဒီအပင် စည်ကားလာလျှင် ဒီအိမ်ကလူတွေကို ပြန်နင်းတတ်တယ်" ဟု ပြောပြပါသည်။

"ဆရာကြီးက မစိုက်ကောင်းဘူးပြောပေမယ့် စိုက်တဲ့လူတွေ အလွန်များတာပဲ။ စိုက်တဲ့လူထဲ ချမ်းသာတဲ့လူ၊ အလုပ်အကိုင်အကြံ အစည် အထူးကောင်းမွန်တဲ့လူတွေလည်း များတာပဲ။ ကျွန်တော် အခု တောင်းလာတဲ့အိမ်က ပြောပြလိုက်တော့ သူတို့မှာ ဒီဂမုန်းပင်စိုက်ပြီးမှ မမျှော်လင့်တဲ့ လခလည်းတိုးတယ်။ စီးပွားလည်း တက်တယ်လို့ ပြောပြ လိုက်ပါတယ်" ဟု ဆရာကြီးကိုပြန်၍ ပြောမိပါသည်။

"အေး... မင့်ကိုငါပြောနေတာက ဒီဂမုန်းဟာ စီးပွားပျက်တတ် တယ်လို့ ပြောနေတာမဟုတ်ဘူး။ လူမကျန်းမမာဖြစ်တတ်တာကြောင့် ပြောနေတာ။ လူကျန်းမာဖို့ဟာ အရေးကြီးတယ်။ လူမကျန်းမာလျှင် ဘယ်လောက် စီးပွားချမ်းသာပေမယ့် အလကားပဲ အဲဒီဂမုန်းပင်က သူ စည်ကားလာလျှင် အိမ်မှာရှိတဲ့ကလေးတွေ မမာမကျန်းဖြစ်တတ်တယ်" ဟုပြောပါသည်။

ဆရာကြီးပြောပြမှ ကျွန်တော် စဉ်းစားမိသည်မှာ ကျွန်တော် တောင်းယူလာသောအိမ်၌ လူကြီးနှစ်ယောက်မှာ ကျန်းကျန်းမာမာရှိသော် လည်း ကလေးသုံးယောက်ရှိသည့်အနက်မှ ကလေးနှစ်ယောက်မှာ အတော်မကျန်းမာဖြစ်နေကြသည်ကို သတိရမိပါသည်။

ကျွန်တော် ၎င်းဂမုန်းပင် မစိုက်ပျိုးတော့ပါ။ သို့သော် ဆရာကြီး ပြောသည့်စကား မည်မျှတိုက်ဆိုင်တတ်သည်ကို ၎င်းဂမုန်းပင်စိုက်သည့် မိတ်ဆွေများထံ၌ လေ့လာမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော် ၎င်းဂမုန်းပင်ကို တောင်းယူခဲ့သောအိမ်မှာ အလွန်ရင်း နှီးသည့် မိတ်ဆွေဖြစ်၍ ၎င်းအိမ်သို့ ၎င်းဂမုန်းပင်ကို ပြန်ယူသွားပြီး ဆရာကြီး၏စကားများကို ပြောပြလိုက်ပါသည်။

ကျွန်တော်၏မိတ်ဆွေနှင့် ၎င်း၏ဇနီးမှာ နားထောင်နေရာမှ ကျွန် တော်၏စကားဆုံးလျှင် "တိုက်ဆိုင်လို့လားတော့ မပြောတတ်ဘူးဆရာ။

ကျွန်တော့်ရဲ့ကလေးတွေဟာ အရင်တုန်းက သိပ်မာတာ။ အဲဒီဂမုန်းပင် စည်ကားလာမှ ချူချာလာတာတော့ အမှန်ပဲ" ဟု ပြောပြပါသည်။

"ကျွန်တော်က ခင်ဗျားတို့ကို အလွန်ရင်းနှီးနေတဲ့ လူတွေဖြစ်လို့ ပြောပြတာပဲ။ တော်ရုံရင်းနှီးတဲ့လူဆိုရင်တော့ မပြောပါဘူး။ မသက်သာရင် နုတ်ပစ်လိုက်ပေါ့" ဟုပြော၍ ပြန်ခဲ့ပါသည်။

ထိုနေ့မှာပင် ထိုဂမုန်းပင်တွေကို နုတ်ပစ်ကြပါသည်။ ကျွန်တော် နောက်တစ်ခေါက် တစ်လလောက်အကြာမှာ ၎င်းမိတ်ဆွေ၏အိမ်သို့ ရောက်ရှိသောအခါ ကလေးနှစ်ယောက် ကျန်းမာစွာရှိနေကြပါသည်။

ကျွန်တော်သည် ၎င်းဂမုန်းပင်ရှိသော မိတ်ဆွေများ၏ အိမ်ကို အကဲခတ်လေ့လာကြည့်ရာ ကလေးတွေ နေမကောင်းသည်ကို အတွေ့ ရများပါသည်။

အလွန်ရင်းနှီးသူမိတ်ဆွေတစ်ယောက်၏ဆိုင်မှာ ၎င်းဂမုန်းပင်များ အလှစိုက်ထားသည်ကို တွေ့ရသဖြင့် ဆိုင်မှာ အလှစိုက်ထားတာနဲ့တော့ အိမ်မှာနေတဲ့ ကလေးတွေ မထိခိုက်နိုင်ဟုယူဆပြီး မပြောမိဘဲ ရှိပါသည်။

ထိုမိတ်ဆွေ၏ဆိုင်ကို ကျွန်တော် မကြာခဏရောက်တတ်ရာ တစ်နေ့တွင် ကလေးနေမကောင်း၍ ဆိုင်ကိုမလာသဖြင့် မတွေ့ခဲ့ရသောကြောင့် ထိုဂမုန်း၏အကြောင်းကို ပြောပြရန် သတိရမိပါသည်။

နောက်တစ်နေ့ ထိုမိတ်ဆွေ၏ဆိုင်ကိုသွားရောက်လျက် အရင်နေ့ကလာတာ မတွေ့ရကြောင်းကို အစပျိုးလိုက်ပါသည်။

"ကလေးနှစ်ယောက်ဟာ တစ်လှည့်စီမမာနေကြတယ်။ အငယ်ကလေးက အတော်ရောဂါဆိုးလို့ ဆရာဝန်ဆီကို သွားကုရတယ်" ဟု ပြောပါသည်။

ကျွန်တော်က "ခင်ဗျား ဟောဒီဆိုင်မှာစိုက်ထားတဲ့ ဂမုန်းပင်တွေ

အိမ်မှာလည်း စိုက်ထားသလား” ဟု စကားမစပ် မေးလိုက်ပါသည်။

မိတ်ဆွေက “ဘာဖြစ်လို့လဲ ဘာဖြစ်လို့မေးတာလဲ။ ကျွန်တော် အရင်တုန်းက အိမ်မှာမစိုက်ဘူး။ ဆိုင်မှာပဲစိုက်တယ်။ ရက်မကြာခင်က မှ အိမ်ကိုယူသွားပြီး အိမ်မှာလည်းစိုက်ထားလိုက်တယ်။ အဲဒါ ဘာဖြစ်လို့လဲ” ဟုမေးပါသည်။

“ဘာမှမဖြစ်ပါဘူး။ ကျွန်တော့်ရဲ့ဆရာကြီးက အဲဒီဆင်ဂမုန်းစိုက်ရင် ကလေးတွေမမာတတ်ဘူး” ဟုပြောကြောင်းကို ပြောပြလိုက်ပါသည်။

၁၅ ရက်လောက်ကြာ၍ ၎င်းဆိုင်ကိုရောက်သောအခါ ဆိုင်တွင် ၎င်းဂမုန်းပင်များ မတွေ့တော့ပါ။ မိတ်ဆွေကို ဂမုန်းပင်တွေအကြောင်း မေးကြည့်ပါသည်။

“ဆရာပြောပြီးပြန်သွားတဲ့နောက် ကျွန်တော်လည်း အိမ်ပြန်သွားတာပဲ။ ဆိုင်ကို အချိန်ကုန်အောင်တောင် မနေတော့ဘူး။ အိမ်ရောက်တော့ အဲဒီဂမုန်းပင်တွေကို နုတ်ပစ်လိုက်တယ်။ ကျွန်တော့်ရဲ့မိန်းမက တော့ အံ့အားသင့်လို့ပဲ။

အပင်တွေနုတ်ပစ်ပြီးမှ ကျွန်တော်က ဆရာပြောတဲ့အကြောင်း တွေကိုပြောပြတော့ ကျွန်တော့်ရဲ့မိန်းမက ဟုတ်တယ်။ အဲဒီဂမုန်းပင်စိုက်ပြီးတဲ့နောက်တစ်နေ့မှာ အငယ်ကလေး မမာတာပဲလို့ ပြောတယ်။

တိုက်ဆိုင်လိုက်ပုံများကတော့ ဂမုန်းပင်စိုက်ပြီးနောက်တစ်နေ့ ကလေးနေမကောင်းဖြစ်တယ်၊ ဂမုန်းပင်နုတ်ပစ်ပြီးတဲ့နောက်တစ်နေ့မှာ ပဲ ကလေးတွေ နေကောင်းသွားကြတယ်။

နောက်တစ်နေ့ ဆိုင်ကိုရောက်တော့ ဆိုင်မှာရှိတဲ့အပင်တွေကို လည်း နုတ်ပစ်ခိုင်းလိုက်တယ်။ ဆရာပြောမှ ကျွန်တော် စဉ်းစားမိတယ်။

“ဆိုင်မှာ အဲဒီဂမုန်းပင်စိုက်ပြီးမှ ရောင်းလို့ ဝယ်လို့တော့ ကောင်း တယ်။ ဒါပေမဲ့ လက်အောက်ငယ်သားတွေကို ခိုင်းစေရတာ အဆင်မပြေ

လှဘူး။ ခဏခဏမာန်ရ မဲရ ဆူပူကြိမ်းမောင်းရတယ်။

တိုက်ဆိုင်လို့လားတော့ မပြောတတ်ဘူး။ အဲဒီဂမုန်းပင်တွေ နုတ်ပစ်ပြီးထဲက ဆိုင်မှာ ခိုင်းလို့ စေလို့ ပြောလို့ ဆိုလို့ အဆင်ပြေလာတယ်" ဟု အားရပါးရ ပြောပြပါသည်။

၎င်းမှ နောက် ကျွန်တော်၏စိတ်ထဲတွင် ၎င်းဂမုန်းပင်သည် ကလေးတွေ နေမကောင်းဖြစ်တတ်သည့် ဂမုန်းပင်ပဲဟု ယုံကြည်လာသဖြင့် ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ ၎င်းဂမုန်းအကြောင်းကို ပြောမိပါတော့သည်။

မိတ်ဆွေတစ်ယောက်ကိုပြောလိုက်လျှင် ၎င်းမိတ်ဆွေက သူနှင့် ရင်းနှီးသူ ၎င်းဂမုန်းပင်ရှိသူများကို ကျန်းမာသည်၊ မကျန်းမာသည် စဉ်းစားပါသည်။

၎င်းဂမုန်းပင်ရှိသည့် အိမ်တိုင်းလိုလို တစ်ယောက်မဟုတ် တစ်ယောက်တော့ နေမကောင်းထိုင်မသာ ရှိတတ်ပါသည်။

မိတ်ဆွေတစ်ယောက်မှ ၎င်း၏မိတ်ဆွေကိုပြော၊ တစ်ယောက်မှ တစ်ယောက် ဆက်သွားသဖြင့် ကျွန်တော်တို့ရပ်ကွက်မှာ ၎င်းဂမုန်းပင်များ အတော်ကုန်သွားပါသည်။

၎င်းဂမုန်းပင်မှာ တိုက်ဆိုင်သူအများဆုံး ဂမုန်းပင်ဖြစ်ပါသည်။ တိုက်ဆိုင်သမျှအကြောင်းများမှာလည်း နေမကောင်း ထိုင်မသာ ရောဂါဝေဒနာများကြသည့် အကြောင်းများသာဖြစ်၍ ဖော်ပြရေးသားရန် မလိုတော့ပါ။

ဆရာမတစ်ယောက်အကြောင်းကိုမူ ရေးသားတင်ပြလိုပါသေးသည်။

၎င်းဆရာမအပျိုကြီးမှာ စာပေဗဟုသုတ ကြွယ်ဝလှလျက် အကျင့်သီလ လွန်စွာကောင်းပြီးလျှင် စကားပြောလည်း လွန်စွာ ကောင်း

သူဖြစ်ပါသည်။ ၎င်း၏အိမ်တွင် ၎င်းဂမုန်းပင်များ လွန်စွာစည်ကားလျက် အိမ်သားငါးယောက်လုံး နေထိုင်မကောင်း ဖြစ်နေကြပါသည်။ ၎င်းဆရာမအပျိုကြီး၏အိမ်သို့ ၎င်းဂမုန်းပင် ထိခိုက်တတ်သောသတင်း ရောက်ရှိသွား၍ ကျွန်တော်နှင့်ခင်မင်သူ ဖြစ်သည့်အတိုင်း ကျွန်တော်၏ ထံသို့ မေးမြန်းရန် ရောက်လာပါသည်။

ကျွန်တော်က ၎င်းဂမုန်းပင်အကြောင်းကို တွေ့ကြုံသမျှ ပြောပြလိုက်ပါသည်။

ဆရာမက "အဲ–အဲ ဖြစ်မှဖြစ်ရလေတယ်။ ဒီဂမုန်းပင်ဟာ ကျွန်မ အတော်မြတ်နိုးတဲ့အပင်တစ်ပင်ဖြစ်ပါတယ်။

ဒီဂမုန်းပင်ကို မြတ်မြတ်နိုးနိုး ပြုစုနေတာဟာ အကြောင်းရှိပါတယ်။ ဒီဂမုန်းပင်ကို မော်လမြိုင်က ယူလာခဲ့တယ်။ ဒီဂမုန်းပင် စိုက်ပြီးမှ စီးပွားလည်းတက်တယ်။

စီးပွားတက်လို့ မြတ်နိုးနေတာမဟုတ်ပါဘူး။ ဒီဂမုန်းပင်ရောက်တဲ့ညမှာ အိမ်ထဲကို ဆင်ကြီးတစ်ကောင် ဝင်လာတယ်လို့ အိပ်မက်မက်တယ်။

ကျွန်မ စာတွေဖတ်ဖူးတော့ ဆင်ဝင်တယ်ဆိုတာ ကောင်းတဲ့နိမိတ်ပဲ။ ဘုရားအလောင်း သူတော်ကောင်းတွေ ဖွားမြင်မယ်ဆိုလျှင် ဆင်ဖြူတော်ဝင်တယ်လို့ အိပ်မက်မက်တာ သတိရပြီး မြတ်မြတ်နိုးနိုး ဖြစ်နေတာပဲ။

ဆရာက ဆင်ဂမုန်းခေါ်တယ်။ လူတွေနင်းတတ်တယ်ဆိုတော့ ကျွန်မအိပ်မက်ကို သတိရပြီး အံ့ဩသွားမိတယ်။

ဆင်ကြီး မော်လမြိုင် ပြန်သွားပေတော့ဆိုပြီး နုတ်ပစ်ရတော့မှာပဲ" ဟု ပြော၍ပြန်သွားပါသည်။

●

## (၁၉) ဂမုတ်ကြာ

အလွန်ခင်မင်ရင်းနှီးမှုရှိသူ မိတ်ဆွေတစ်ဦးအိမ်သို့ ရောက်ရှိရာ ထိုမိတ်ဆွေက ၎င်း၏အိမ်တွင်ရှိသော ဂမုတ်ကြာခေါ်တဲ့ ဂမုန်းပင်မှာ ညဥ့်အချိန်၌ပွင့်တတ်လျက် ပွင့်သောအခါ အလွန်လှပကြောင်း၊ ဓာတ်ပုံ ရိုက်ယူထားရန်ပင် ကောင်းကြောင်းတို့ကို ပြောပြပါသည်။

ကျွန်တော်က ဂမုတ်ကြာမှာ ဂမုန်းအမျိုးထဲကိုပါမည်မထင်။ ပန်းပင်တစ်မျိုးဖြစ်မည်ထင်ကြောင်း၊ ကျွန်တော်၏အိမ်တွင် ပန်းပင်ကို မစိုက်၊ ဂမုန်းပင်ကိုသာ သုတေသနပြုလုပ်လို၍ စိုက်ပျိုးနေကြောင်းတို့ ကို ပြန်၍ပြောပြပါသည်။

ထိုမိတ်ဆွေက ဂမုတ်ကြာပင်ဟာ ဂမုန်းပင်တစ်မျိုးနှင့်တူကြောင်း၊ ဂမုန်းကြာကို လူတွေက ဂမုတ်ကြာဟု ခေါ်ကြဟန်ရှိကြောင်း၊ ကြာပွင့် နဲ့တူတဲ့အပွင့်ရှိလို့ ဂမုန်းကြာဟုခေါ်ဟန်ရှိကြောင်း ဂမုန်းပင်သာဖြစ် ကြောင်းတို့ကို ပြောပြပါသည်။

"ဂမုန်းပင်ဆိုလျှင် ကျွန်တော့်ကို တစ်ပင်ပေးလိုက်ပါ။ ကျွန်တော် စိုက်ကြည့်မယ်" ဟုပြောဆို၍ အပင်တစ်ပင်တောင်းယူခဲ့လျက် ခြံစည်းရိုး

တွင် စိုက်ထားလိုက်ပါသည်။

ထိုအပင်၏ တန်ခိုးသတ္တိအကြောင်း ကောင်းကျိုးပေးသည်၊ ဆိုးကျိုးပေးသည် မကြားဖူးပါ။ အပင်မှာ ရှားစောင်းပင်များကဲ့သို့ ထူထူပြားပြား ဖြစ်ပါသည်။

ထိုဂမုတ်ကြာပင်ကို စိုက်ပြီးသည်မှစ၍ တိုက်ဆိုင်လို့လားတော့ မပြောနိုင်။ ကျွန်တော်တို့



ဂမုတ်ကြာ

အိမ်မှာ နေကောင်း ထိုင်မသာရောဂါဝေဒများ များလျက် ထိမိခိုက်မိများ လာသည်ကို အမှတ်ထားမိပါသည်။

အိမ်သားတွေ စိတ်မကြည်မလင်ဖြစ်၍ အလိုလိုစိတ်ရှုပ်ပြီး တစ်ယောက်နှင့်တစ်ယောက် ပြောဆိုဆက်ဆံရာမှာ အဆင်မပြေမှု၊ စိတ်ကောက်ရမှု၊ စိတ်ဆိုးရမှု၊ စိတ်တိုတောင်းမှုများ တွေ့ကြုံရပြီး အလိုလိုနေရင်း စိတ်လေးကာ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်၍နေကြရပါသည်။ ကျွန်တော်၏စိတ်ထဲတွင် ထိုအပင်ကို မသင်္ကာဖြစ်လာ၍ ကျွန်တော်၏ဇနီး ဆရာမကို ပြောမပြဘဲ ဂမုန်းအကြောင်းနားလည်သော ဆရာတော်ကြီးထံ သွား၍ ၎င်းဂမုတ်ကြာ၏အကျိုးအပြစ်တို့ကို အမိန့်ရှိရန် လျှောက်ထားပါသည်။

ဆရာတော်ကြီးက ခပ်ပြုံးပြုံးပင် "ဟ...အကောင် မင်းနှယ်ကွာ။

မဟုတ်တာ။ ဂမုတ်ကြာ ဘယ်မှာရခဲ့သတုန်း။ စိတ်နှလုံးပင်ပန်းဆင်းရဲ ပူလောင်ပျက်စီးအောင် အတော်အကျိုးပေးနိုင်တဲ့အပင်ပဲကွ။ ငါ့ဒကာ တစ်ယောက် အတော်ဩဇာအာဏာရာထူးဂုဏ်သိန်ကြီးတဲ့လူဟာ အဲဒီ အပင်စိုက်ပြီး ရာထူးလဲကျ၊ ရောဂါဝေဒနာလည်းရ၊ လူကို ကျွမ်းပြန် သွားတာပဲ။ ငါပြောလို့ ဒီဂမုတ်ကြာပင်နုတ်ပစ်မှ အခုသက်သာခွင့်ရပြီး နည်းနည်းအသက်ရှုချောင်လာတယ်။ မင်းစိုက်တာကြာပြီလား။ စော စောသိတာ သိပ်ကံကောင်းတယ်။ အပွင့်တွေပွင့်ရင်တော့ ကောင်း ကောင်းဒုက္ခပေးမှာပဲ။ မြန်မြန်နုတ်ပစ်လိုက်ကွာ" ဟု အမိန့်ရှိလိုက်ပါ သည်။

ဆရာတော်ကြီးပြောမှ ကျွန်တော် စဉ်းစားကြည့်မိရာ ကျွန်တော့် ကို ပေးလိုက်သော မိတ်ဆွေ၏အိမ်မှ သမီးကလေး မမာမကျန်းဖြစ်ပုံ၊ သားကလေးထိခိုက်မိပုံ၊ လင်မယား မသင့်တင့်ပုံတွေကို သတိရလာပါ သည်။

ဆရာတော်ကြီးထံမှအပြန် ကျွန်တော်နှင့် အလွန်ရင်းနှီးသူ ဂမုန်း မိတ်ဆွေတစ်ဦးထံဝင်ပြီး "ဒီအပင်စိုက်ဖူးသလား။ ဒီအပင်က ဘယ်လို အကျိုးပေးသလဲ" ဟု ထပ်မံမေးမြန်းပါသည်။

"ဟာ... စိုက်ဖူးတာပေါ့။ ကျွန်တော်တော့ ဒီဂမုန်းပင်စိုက်ပြီး အလုပ်အကိုင်ပျက်၊ စီးပွားဉစ္စာပျက်၊ စိတ်အနှောင့်အယှက်များ စတဲ့ ဒုက္ခတွေတွေ့ချိန်နဲ့ တိုက်ဆိုင်နေလို့ နုတ်ပစ်လိုက်တယ်။ နုတ်ပစ်လိုက် ပြီးတဲ့နောက် အတော်ဟန်ကျလာတယ်။

တခြားဂမုန်းပင်ရှိတဲ့ အိမ်တွေလည်း ကျွန်တော် သိသလောက် တော့ အတော်ပဲဒုက္ခရောက်ကြတယ်။ သူတို့ အမြတ်တနိုးစိုက်နေကြတာ ဖြစ်တော့ ပြောရမှာခက်တယ်။ ဆရာ့ကိုသာမေးလို့ ပြောတာပါ" ဟု ထိုဂမုန်းမိတ်ဆွေက ပြောပြပါသည်။

"စယူလာတဲ့အိမ်မှာလည်း ဒုက္ခရောက်တာတွေ့ရတယ်။ ဆရာတော်ကြီးကလည်း သူ့ဒကာတစ်ယောက် ဒုက္ခရောက်ကြောင်း ပြောပြတယ်။ ဂမုန်းမိတ်ဆွေတစ်ဦးကလည်း သူ့မှာ ဒုက္ခတွေ့ကြောင်း ပြောပြတယ်။ ဒါလောက်ဆိုလျှင် ဒီဂမုတ်ကြာခေါ်တဲ့အပင်ကို နုတ်ပစ်လောက်အောင် အကြောင်းလုံလောက်နေပြီ" ဟု တွေးတောလျက် ထိုအပင်ကို နုတ်ယူပြီး အိမ်၏အနီးရှိ ဘုန်းတော်ကြီးတစ်ပါး ကျောင်းသို့သွား၍ စိုက်ထားလိုက်ပါသည်။

ဘုန်းတော်ကြီးကိုလည်း မလျှောက်ခဲ့ပါ။ ကျွန်တော်၏ဇနီး ဆရာမကိုလည်း မပြောပြပါ။ ကျွန်တော့်ဘာသာ မနုတ်ခင် အခြေအနေနှင့် နုတ်ပြီးအခြေအနေကို သတိထား၍နေပါသည်။

စိတ်ကထင်လို့လားတော့ မပြောတတ်နိုင်ပါ။ ဂမုန်းပင်မရှိသည့်အချိန်ကစပြီး စိတ်ကြည်ကြည်လင်လင်ဖြစ်လျက် ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် တစ်အိမ်သားလုံး ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ဖြစ်လာပါသည်။

ကျွန်တော် ငယ်စဉ်က ကျွန်တော်၏ဖခင်ပြောပြသော ဉပါဒါန်ကပ် ဉပဒ်ရောက်ဆိုသောစကားပုံကလေးကို သတိရမိပါသေးသည်။

ထိုပုံကလေးမှာ လူငယ်အများ နွားကျောင်းရင်း ပဒပ်တွင်းတူးကြရာ တွင်းမှထွက်လာသည့် ပဒပ်တစ်ကောင် မျက်စိရှေ့မှာပင် ပျောက်ကွယ်သွားသဖြင့် လူငယ်တစ်ယောက်က "ဟိုအကောင် ဖင်ထဲ ဝင်သွားတာ ငါမြင်လိုက်တယ်" ဟု နောက်ပြောင်ပြီးပြောလိုက်သတဲ့။

အမှန်ကတော့ တခြားတွင်းတစ်ခုထဲ ပြောင်းဝင်သွားတာကို သူတို့ မမြင်လိုက်လို့ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အနောက်အပြောင်ခံရတဲ့လူငယ်မှာ တကယ်မှတ်ပြီး အဲဒီအချိန်ကစ၍ နေမကောင်းထိုင်မသာ မစားနိုင် မသောက်နိုင် မအိပ်နိုင်ဖြစ်နေလို့ ဆေးဆရာတွေနဲ့ ကုတာ မပျောက်ဘဲ

တပိန်ပိန်ဖြစ်နေသတဲ့။

ဆေးဆရာတစ်ယောက်က ၎င်းလူငယ်နဲ့အတူ နွားကျောင်းတဲ့ လူငယ်တွေထံမှ ၎င်းအကြောင်း ကြားသိတော့ "ငါကုပေးပါ့မယ်ကွာ။ မင့်ရောဂါမခက်ပါဘူး။ ဖင်ထဲကို ပဒပ်ဝင်နေလို့ ဖြစ်နေတာပါ။ ဒီပဒပ် ထွက်သွားရင်ပျောက်မှာပါ" လို့ပြောလိုက်သတဲ့။

နောက်တစ်နေ့ ပဒပ်တစ်ကောင်ကိုဖမ်းပြီး ထိုသူငယ်မမြင်အောင် ဝှက်ယူလာခဲ့လျက် ဆေးတိုက် မန်းမှုတ်ပြီး "မင်း ဟိုဘက်ကိုလှည့်စမ်း" ဟုခိုင်း၍ ထိုသူငယ်၏ဖင်လှန်ဝှက်ယူလာတဲ့ ပဒပ်ကိုထည့်လိုက်ကာ "ဟော မင်း ဖင်ထဲက ပဒပ်ထွက်လာပြီ" ဟုပြောလိုက်တော့ လူငယ်လည်း အဟုတ်မှတ်သွားတာပေါ့။

အဲဒီနေ့ကစပြီး ထိုလူငယ်၏ရောဂါဟာ နင်နေရစ်တော့ ငါ သွားတော့ဆိုသလို ကျန်းမာဝဖြိုးလာတော့သတဲ့။

အဲဒီပုံလိုပဲ ဒီဂမုတ်ကြာပင် ထိခိုက်တယ်ထင်နေလို့ ဒီအပင်မရှိတော့ စိတ်ကြည်လင်လာတာ ဖြစ်နိုင်တာပဲဟု တွေးတောစဉ်းစားမိပါသည်။

"ဘယ့်နှယ်တုန်းကွ မင်းရဲ့စိတ်ထဲမှာ အခုတစ်ရက်နှစ်ရက် အတွင်း နေရထိုင်ရတာ ရှင်းမသွားဘူးလား" ဟု ကျွန်တော်၏ဇနီး ဆရာမကို မေးကြည့်မိပါသည်။

"စိတ်ထဲမှာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျော်ပျော် ဖြစ်လာတယ်။ ဇာတာထဲက ဘာဂြိုဟ်စီးများ လွတ်သွားလို့လဲ။ ဘာကြောင့်လဲ" ဟု ဆရာမက ပြန်၍မေးပါသည်။

"ဘာဂြိုဟ်မှ လွတ်သွားလို့တော့ မဟုတ်ပါဘူး။ ဂမုတ်ကြာဆိုတဲ့ အပင်ကို ထိခိုက်တယ်လို့ မသင်္ကာတာနဲ့ ဘုန်းကြီးကျောင်းထဲကို သွားပို့လိုက်တယ်" ဟု ပြောပြလိုက်ပါသည်။

"မကောင်း ကျောင်းပို့ဆိုတာလို ထိခိုက်တယ်ထင်တဲ့ ဂမုန်းတွေ ကျောင်းသွားပို့နေလို့ ဘုန်းတော်ကြီးတွေ ထိခိုက်နေပါဦးမယ်" ဟု ဆရာမကပြောပြသဖြင့် "ဘုန်းတော်ကြီးတွေမှာ ဘုန်းတန်ခိုးတွေရှိနေပြီး နှစ်ရှည့်နှစ်ဆယ် ခုနစ်သွယ် သိက္ခာပုဒ်တွေ ကျင့်သုံးလျက် ယံဒုန္တိမိတ္တံ နေ့စဉ်ရွတ်နေတော့ ဘယ်ထိခိုက်နိုင်ပါ့မလဲ" ဟု ပြောပြမိပါသည်။

တစ်နေ့တွင် အလုပ်ကပြန်လာရင်း ခရီးတိုအောင် ဘုန်းတော်ကြီး၏ကျောင်းအတွင်းမှဖြတ်ပြီး ပြန်လာခဲ့ရာ ၎င်းဂမုတ်ကြာအပင်နားသို့ ရောက်သောအခါ ချော်လဲပါတော့သည်။

ချော်လဲစဉ်တွင် ကျောင်းအနီးအနားမှ မိန်းမများက ကြည့်နေကြသဖြင့် ခပ်ရှက်ရှက် မျက်နှာပျက်ပျက်နှင့် ပြန်ခဲ့ပါသည်။ အိမ်ရောက်လျှင် ကျွန်တော်၏ဇနီးဆရာမက ဆီးကြို၍ "ဘာဖြစ်လာတာလဲ။ မျက်စိပျက် မျက်နှာပျက်နဲ့" ဟု မေးသဖြင့် ချော်လဲလာကြောင်းကို ပြောပြလိုက်ပါသည်။

ကျွန်တော်၏ဇနီး ဆရာမက ပြုံးနေပါသည်။ ကျွန်တော်က "ငါ ချော်လဲလာလို့ စိတ်တိုနေတယ်၊ ဘာလို့ပြုံးရတာလဲ" ဟု မေးပါသည်။ ဆရာမက "မကောင်းကျောင်းပို့ဆိုတာကို သတိရလို့ ပြုံးတာပါ" ဟု ပြောပါသည်။

ဆရာမပြောမှ ဂမုတ်ကြာပင်ကို ကျောင်းပို့ထားတာ သတိရပါသည်။ တိုက်ဆိုင်လို့ ဖြစ်ချင်ဖြစ်ပါလိမ့်မည်။

လဲသွားသဖြင့် ချော်လဲသည်ဟုသာရေးရပါသည်။ မိုးရွာချိန်မဟုတ်လို့ ချော်စရာအကြောင်းမရှိပါ။ ဘုန်းတော်ကြီးကျောင်းဝန်းမှာ လှဲကျင်းထားသဖြင့် တကန်နင်းမိစရာလည်း မရှိပါ။ တစ်ယောက်ယောက်က အမှတ်မဲ့တွန်းပြီး လှဲလိုက်သလို ထင်ရပါသည်။ ဂမုန်းပင်ပို့ထားသည်ကို သတိမရဘဲဖြစ်တာတော့ ဥပါဒါန်ကြောင့် ဖြစ်တယ်ဆိုရမှာ

ခက်နေပါသည်။

ဘုရားဟော ဝိနည်းဒေသနာတော်တွင် ရဟန်းတစ်ပါးသစ်ပင်ခုတ်၍ သစ်ပင်စောင့်နတ်၏ ကလေးကိုခုတ်မိရာ ရဟန်းကို သေအောင်လုပ်မယ်ကြံပြီးမှ မလုပ်ဘဲ ဘုရားထံလျှောက်သဖြင့် ရဟန်းများ သစ်ပင်မခုတ်ရဟု ပညတ်တော်မူရကြောင်းကို သတိရလျက် သူ့အပင်နတ်မိလို့အပြီးနဲ့ အပင်စောင့်နတ်က တွန်းလှဲလေသလားဟု စဉ်းစားမိပါတော့သည်။

●

## (၂၀) ဇော်မ

ဇော်ဂျီတောင်ဇုံးခေါ် အပင်ခြေတံရှည် အရွက်သေးသေး ရှည်ရှည် ထိပ်ချွန်းချွန်းနှင့် ဂမုန်းပင်၏ အရွက်အနေအထား အသွေးအရောင်အတိုင်း နီညိုညိုအရောင်ဖြင့် အရွက်ထိပ်ဝိုင်းဝိုင်း ဂမုန်းကို ဇော်မဟု ခေါ်ကြပါသည်။

၎င်းဇော်မဂမုန်းကို စိုက်သူအသင့်အတင့်မျှရှိ၍ စိုက်သူများထံ စုံစမ်းမေးမြန်းရာ ထူးထူးခြားခြား ကောင်းကျိုးခံစားရသူ မတွေ့ရှိရဘဲ လှလို့စိုက်ထားသည်ဟု ပြောပြကြပါသည်။

မိတ်ဆွေတစ်ယောက်ကပေးသဖြင့် ကျွန်တော် စိုက်ထားရာ ကျွန်တော်၏ဆရာကြီးလာရောက်စဉ် တွေ့ရှိသွားသဖြင့် "မင်း ဘာလို့ ဒီဂမုန်းကို စိုက်ပျိုးထားရသလဲ။ ဒီဂမုန်းဟာ နေထိုင်မကောင်း ဖြစ်တတ်တယ်" ဟု ပြောပါသည်။

ဆရာကြီးပြောသဖြင့် ကျွန်တော် စဉ်းစား၍ကြည့်သောအခါ ၎င်းဂမုန်းပင်ရောက်ပြီးမှ အနည်းငယ် နေမကောင်းထိုင်မသာ ရောဂါဝေဒနာများသည်ကို သတိထားမိပါသည်။



ဇော်မ ဂမုန်းပင်

ကျွန်တော့်ကိုပေးသော မိတ်ဆွေအိမ်မှာလည်း နေမကောင်းထိုင်မသာ ရောဂါဝေဒနာများလျက် ရောဂါဝေဒနာ ပျောက်လိုက် ပြန်ဖြစ်လိုက် ရှိသည်ကို သတိရလာပါသည်။

ဇော်မရှိသော တခြားမိတ်ဆွေများ၏ အိမ်ကို မသိမသာစုံစမ်းရာ နေမကောင်း ထိုင်မသာ ရောဂါဝေဒနာ မကြာခဏဖြစ်ပွားကြသည်တို့ကို သိရှိရပါသည်။ ကျွန်တော်သည် ၎င်းဇော်မခေါ် ဂမုန်းပင်ကို ဘုန်းကြီးကျောင်းသို့ သွားပို့ပြီးချိန်မှစ၍ တိုက်တိုက်ဆိုင်ဆိုင် နေကောင်းထိုင်သာ ဖြစ်၍လာပါသည်။

၎င်းဇော်မဂမုန်းပင်စိုက်ပျိုးသော အိမ်များမှာ ယခင်က ရေးခဲ့ပြီးသော နန်းထိုင်ဘီလူးဂမုန်း၊ ဆင်ဂမုန်းပင်များလို ပြင်းပြင်းထန်ထန် မခံနိုင် မရပ်နိုင်လောက်အောင် ရောဂါဝေဒနာမရရှိတတ်ဘဲ တရှောင်

ရှောင်သာဖြစ်တတ်ပါသည်။

ပြင်းပြင်းထန်ထန် မဆိုးသောဂမုန်းဟု ယူဆသဖြင့် မရင်းနှီးလှသူများကို မပြောပြမိပါ။ ကျွန်တော့်ကို ဂမုန်းပင်ပေးသော မိတ်ဆွေကိုပင် မပြောပြမိ။ ထိုမိတ်ဆွေမှာ ယခုတိုင် တရှောင်ရှောင်ဖြစ်နေပါသည်။

ပြောရကောင်းမလားဟု စဉ်းစားမိပါသည်။ ၎င်းမိတ်ဆွေမှာ ၎င်းဇော်မခေါ် ဂမုန်းပင်ကို မြတ်မြတ်နိုးနိုးဖြစ်နေသဖြင့် ပြောလိုက်လျှင် စိတ်မကောင်းဖြစ်မည်စိုးပြီး မပြောမိဘဲနေမိပါသည်။

အလွန်ရင်းနှီး၍ ပြောမနာ ဆိုမနာ မိတ်ဆွေများကိုတော့ ပြောပြပါသည်။ ကျွန်တော်ပြောပြ၍ နုတ်ပစ်သူများတိုင်းလိုလိုပင် နေကောင်းသွားကြပါသည်။

တစ်ခါတစ်ခါတော့လည်း ကျွန်တော်၏မိတ်ဆွေများမှာ ကျွန်တော့်ကို ဆရာတစ်ယောက်ဟု ယုံကြည်ရင်းစွဲရှိပြီးဖြစ်၍ ကျွန်တော်က “ဒီဇော်မဂမုန်းဟာ နေထိုင်မကောင်းတတ်ဘူး။ နုတ်ပစ်လျှင် ပျောက်လိမ့်မယ်” ပြောသည့်အတွက် နုတ်ပစ်ပြီးလျှင် ပျောက်ကင်းတော့မှာပဲဟု ယုံကြည်စိတ်ကြောင့် ရောဂါဝေဒနာ သက်သာပျောင်းကင်းသွားလေသလားဟုပင် စဉ်းစားမိပါသည်။ ထိုသို့စဉ်းစားမိခြင်းမှာ ထိုဂမုန်းပင်စိုက်ပျိုးသောသူများဖြစ်တတ်သော ရောဂါဝေဒနာမှာ သာမန်ကာ လျှံကာ ပေါ့ပေါ့ဆဆ ရောဂါများသာဖြစ်၍ စိတ်က ပျောက်ကင်းမည် ပျောက်ကင်းပြီဟု ယုံကြည်လျှင် ပျောက်ကင်းသွားနိုင်သည့် ရောဂါအမျိုးအစားများဖြစ်ခြင်းကြောင့် စဉ်းစားမိခြင်းပင်ဖြစ်ပါသည်။

●

## (၂၁) မြွေဂမုန်း

နဂါးစက်ပင်ဟု ခေါ်ဝေါ်ကြလျက် နာနတ်ပင်နှင့်တူသည့် အရွက်ရှည်ရှည် ချွန်ချွန်အပင်ကို မြွေဂမုန်းဟု ခေါ်ဆိုကြပါသည်။

အရွက်မှာ မြွေပွေးကွက်ကဲ့သို့ အကွက်များ အပြောက်များရှိလျက် အနားတွင် အဝါစင်းရှိသော ဂမုန်းနှင့် အဝါစင်းမပါသော ဂမုန်းဟူ၍ နှစ်မျိုးရှိပါသည်။

တချို့သော အိမ်ရှင်မများမှာ ညောင်ရေအိုးတွင် ၎င်းနဂါးစက်ခေါ် မြွေဂမုန်းပင်များကို ထိုးစိုက်ပြီးထားတတ်လျက် ရေရှိနေသမျှ ညှိုးခြင်း၊ ခြောက်သွေ့ခြင်းမရှိ၊ ပန်းမလဲရ ပွား၍ပင်နေတတ်သေးသည်။

တချို့က ညောင်ရေအိုးပန်းလဲရန် ပျင်းရိသောမိန်းမများ ညောင်ရေအိုးကို ပန်းအဖြစ်ထိုးစိုက်ထားတတ်သောကြောင့် မိန်းမပျင်းပန်းပင်ဟူ၍ ပြောင်လှောင်ခေါ်ဆိုကြပါသည်။

ကျွန်တော့်ကို စိုက်ပျိုးရန် မိတ်ဆွေမတစ်ယောက်က ပုံးကလေးနှင့်ပျိုးပြီး ဂရုတစိုက်ယူလာ၍ပေးပါသည်။ ကျွန်တော်လည်း ဂရုတစိုက်ပင် စိုက်ပျိုးထားပါသည်။ ကျွန်တော်၏အိမ်မှာ အတော်ကြာသွားလျက်

မပွားများပါ။

ကျွန်တော်၏ဆရာကြီး လာရောက်သောအခါ "မစိုက်ပါနဲ့၊ မြွေဂမုန်း ပူပြင်းတတ်တယ်" ဟု ပြောပါသည်။

ကျွန်တော်က ပြန်လည်စဉ်းစားကြည့်သောအခါ ဆရာကြီးပြောသလိုပင် မြွေဂမုန်းပင်ကိုစိုက်ပြီးမှ အလွန်အေးအေးချမ်းချမ်းနေလေ့ရှိသော အိမ်ဖြစ်လျက် စိတ်ရှုပ်ရ၊ စိတ်ပူပန်ရ၊ စိတ်ကောက်ကြရနှင့် အတော်ပူပြင်းသည်ကို သတိပြုမိပါသည်။

ကျွန်တော့်ကို ဂမုန်းပင်ပေးရှာသော မိတ်ဆွေမ၏အကြောင်းများကို ထပ်လောင်း၍ စဉ်းစားမိပါသည်။

ကျွန်တော့်၏မိတ်ဆွေမမှာ ၎င်း၏ခင်ပွန်းက တခြားသူငယ်မတစ်ယောက်နှင့် ခင်မင်နေသည်ဟုယူဆပြီး အလွန်ပူပန်နေချိန်ဖြစ်ပါသည်။ ၎င်းမိတ်ဆွေမမှာ ၎င်းနဂါးစက်ခေါ် မြွေဂမုန်းပင်ကို အကွယ်အကာ အစောင့်အရှောက်ရသည်ဟူသော ယုံကြည်ချက်ဖြင့် တယုတယ စိုက်ပျိုးထားသူဖြစ်၍ ကျွန်တော်၏ဆရာကြီးပြောသည့် "ပူပြင်းတတ်တယ်" ဆိုသောစကားကို အပြောရခက်နေပါသည်။

ကျွန်တော်၏အိမ်မှ အပင်ကို နုတ်ယူလျက် ဘုန်းကြီးကျောင်းသို့ပို့လိုက်ပြီးသည့်နောက်မှ ကျွန်တော်တို့အိမ်တွင် အေးအေးချမ်းချမ်း ရွှင်ရွှင်လန်းလန်း သာသာယာယာ ကြည်ကြည်လင်လင် ဖြစ်လာသည်ကို သတိပြုမိပါသည်။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူတချို့ကိုပြောပြ၍ နုတ်ပစ်သူတိုင်း အေးချမ်းသွားတာမှန်တယ်ဟု ထောက်ခံကြပါသည်။ သင့်ဘဝမဂ္ဂဇင်းတွင် ကျွန်တော်၏ဂမုန်းဆောင်းပါးများကို ဖတ်ရှုသူမိတ်ဆွေတစ်ယောက်က ဖားဂမုန်းနှင့် မြွေဂမုန်းကို စိုက်ပျိုးမိသဖြင့် အမျိုးမျိုး ဒုက္ခတွေ့ရကြောင်း၊ နားလည်သောဆရာတစ်ယောက်က မြွေဂမုန်းနှင့် ဖား

ဂမုန်းစိုက်လျှင် ဒီလိုပဲဒုက္ခတွေ့တတ်ကြောင်း၊ တစ်ပင်ကို နုတ်ပစ်ရမည့် အကြောင်းကို ပြော၍ မြွေဂမုန်းပင်ကို နုတ်ပစ်လိုက်မှ အေးချမ်းသွားကြောင်း ရေးလိုက်ပါသည်။

မြွေဂမုန်းပင်မှာ ကျွန်တော်၏ဆရာကြီး စကားအရဆိုလျှင် သူတစ်ပင်တည်းမှာပင် ပူပြင်းတတ်သဖြင့် ဖားဂမုန်းနှင့်တွေ့တော့ ပိုမိုလျက် ပူပြင်းဟန်ရှိပါသည်။

ဖားဂမုန်းမှာ ရှားပါးလျက် မြွေဂမုန်းက ပေါများသဖြင့် ဖားဂမုန်းကို ချန်ထားပြီး မြွေဂမုန်းကို နုတ်ပစ်လိုက်ခြင်းပင်ဖြစ်မည်ဟု ထင်မိပါတော့သည်။

●

## ဂမုန်းစိုက်ပျိုးသူတို့လိုက်နာရန်

တန်ခိုးကြီးသော ဂမုန်းပင်များအကြောင်းတို့ကို ကျွန်တော် တွေ့ရှိဖူးသမျှ ရေးသား၍လာခဲ့သည်မှာ အတော်ကလေးရှည်လျားခဲ့ပါပြီ။ ဂမုန်းပင်၏အကြောင်းများမှာ ရှာဖွေ၍မကုန်နိုင်၊ ရေး၍မကုန်နိုင်၊ သိ၍မကုန်နိုင်၊ လိုက်စားရှာဖွေလေ များပြားမှန်းသိရလေပင်ဖြစ်ပါသည်။

မကုန်နိုင်သဖြင့် တစ်မျိုးပြီးလျှင် တစ်မျိုးဆိုသလို တန်ခိုးကြီးသော ဂမုန်းပင်များမှာ ထပ်မံတွေ့ရှိ၍သာနေသောကြောင့် ပိုမိုစိတ်ဝင်စားပြီးလျှင် ကြည်နူးနှစ်သိမ့်မှုတွေကို ပိုပိုမိုမိုပင် ခံစားရပါသည်။

စိုက်သင့်သောဂမုန်းပင်နှင့် မစိုက်သင့်သော ဂမုန်းပင်များ၏ အကြောင်း သိကောင်းစရာတွေ ရေးကောင်းစရာတွေမှာ အမျိုးပေါင်း မြောက်မြားစွာပင် ကျန်ရှိ၍နေပါသေးသည်။

ကျွန်တော်၏အိမ်တွင် အဆင်သင့်ရှိနေသည့် ဂမုန်းစေတီ၊ ညှော့လာကြီး၊ ညှော့လာလေး၊ ဗျောက်ကြီး၊ ဗျောက်လေး၊ ဟသ်ာဖို၊ ဂျိုးဂမုန်း၊ ဖားဂမုန်း၊ လိပ်ဂမုန်း၊ ရှင်သီဝလိ၊ ရှင်ပြန်၊ မင်းသားကြီး၊ ဆရာကြီး၊ ဆရာမကြီး၊ ကျီးဖို၊ ကျီးမ၊ ကျီးမင်း စသော သူ့တန်ခိုးနှင့်သူ သတ္တိထူး

များရှိကြသဖြင့် အမြတ်တနိုး ရှာဖွေစိုက်ပျိုး၍ထားရသည့် နာမည်ကျော်ကြား ဂမုန်းများ ကျန်ရှိနေပါသေးသည်။

အထူးသတိပေး ရေးသားလိုသည်မှာ ဂမုန်းစာအုပ်မှ ဂမုန်းအကြောင်းများကိုဖတ်ရှုပြီးလျှင် "ဒီဂမုန်းပင်တွေကို စိုက်ပျိုးပြုစုကြသဖြင့် သူတို့တစ်တွေ ချမ်းသာတယ်လို့ ပါတယ်။ ငါလည်း အဲဒီအပင်တွေကိုရှာ၍ စိုက်ပျိုးပြုစုက ချမ်းသာမှာပဲ" ဟု စွဲလမ်းလျက် မိမိတို့၏အလုပ်အကိုင်များကို ပေါ့ပေါ့ဆဆ မပြုမိကြရန်ပင် ဖြစ်ပါသည်။

ဂမုန်းပင်များကို စိုက်ပျိုးပြုစုသောသူတို့သည် ရတနာသုံးပါးတို့ကို ယုံကြည်အားထားသူများဖြစ်လျက် ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ်သူများဖြစ်ကြပြီးလျှင် မိမိတို့၏ အလုပ်အကိုင်များကို ကြိုးစားလုပ်ကိုင်ကြသည့်သူများ ဖြစ်ကြမှသာ တိုးပွားချမ်းသာမှုဟူသော အကျိုးများကို ခံစားကြရမည့်သူများဖြစ်မည်ကို သတိထားရန်လိုပါသည်။

ရတနာသုံးပါးတို့ကို မကိုးစား အားမထား၊ ကိုယ်ကျင့်တရားပျက်ယွင်းလျက် အလုပ်အကိုင်ကို မကြိုးစားသူများအတွက် ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေး ဆိုသောစကားပုံအတိုင်း ဂမုန်းပင်စိုက်သည့်အတွက် အကျိုးယုတ်လျော့မည်သာဖြစ်ကြောင်း ကောင်းစွာမှတ်သားထားရန်ဖြစ်ပါသည်။

ဂမုန်းပင် မည်မျှများပြားအောင် စိုက်ပျိုးထားစေကာမူ မနက်နာရီဝက် ညမှာ နာရီဝက် တစ်နေ့အတွက် တစ်နာရီသာ အချိန်ကုန်သဖြင့် အလုပ်အကိုင်ကို မထိခိုက်နိုင်ပါ။ ရေလောင်းရသည်မှာ ရေချိုးရင်းအညောင်းပြေရုံလောက်မျှသာ ဖြစ်ပါသည်။

ကျွန်တော့်ကိုယ်တွေ့ ဂမုန်းပင်အတော်များများ စိုက်ပျိုးပြုစုထားလျက် အလုပ်အကိုင်များ လစ်ဟင်းမှုမရှိခဲ့ပါ။ ဂမုန်းပင်စိမ်းစိမ်းစိုစိုတွေကို ကြည့်ရှုတွေ့မြင်နေရသဖြင့် အလုပ်လုပ်ရာတွင် ပင်ပန်းမှုမရှိ၊ ပိုမို

လုပ်ကိုင်နိုင်ပါသည်။

ကျွန်တော်တော့ ညမအိပ်ခင် ပရိတ်ကြီးအားလုံးနှင့် ကောင်းနိုးရာရာ ဂါထာများကို မှန်မှန်ရွတ်၍အိပ်လျက် မနက်ထမှာလည်း ရွတ်နိုင်သမျှ ရွတ်ဖတ်ပါသည်။

ဂမုန်းပင် စိုက်ပျိုးပြုစုသူတိုင်းပင် ပရိတ်တော်များကို မိမိတို့ စွမ်းအားရှိသလောက် မှန်မှန်ရွတ်ဖတ်ကြမှသာ ဂမုန်းပင်စိုက်ရသောအကျိုးကို ပြည့်ပြည့်ဝဝခံစားကြရမည်ဖြစ်၍ နည်းနည်းပင်ဖြစ်စေ ရမိသမျှတော့ အဓိဋ္ဌာန်ထားပြီး ရွတ်ပွားသင့်ကြပေသည်။

သူ့ခေတ်နှင့် သူ့အခါဆိုသလို ယခုအခါမှာ ဂမုန်းပင်စိုက်ပျိုးပြုစုသူများပြားသော ခေတ်အခါဖြစ်သောကြောင့် ဂမုန်းပင်ဈေးများကောင်းနေသဖြင့် ခိုးယူရောင်းချနေသူတို့ ရှိ၍နေပါသည်။

တချို့သော ဂုဏ်သရေရှိ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူများပင် ခိုးယူလာသူတို့ထံမှ ဈေးပေါပေါနှင့် ဝယ်ယူစိုက်ပျိုးမိကြကြောင်းတို့ကို သိရှိရပါသည်။

ထိုကဲ့သို့ အချောင်လိုက်မိလျှင်လည်း ဂြိုဟ်ဆိုးဝင်ပြီး ပျက်စီးတော့မည်သာမှတ်ပေတော့။ ကျွန်တော့်ကိုယ်တွေ့ လေ့လာမှတ်သားမိသည်မှာ တောင်းယူသဖြင့် ဂမုန်းပင်၏ပိုင်ရှင်က ပေးလိုက်သည့် အပင်များမှာပင်လျှင် လိုလိုချင်ချင် စိတ်ရောကိုယ်ပါ ပေးလိုက်သောအပင်များနှင့် မပေးချင့်ပေးချင် မလွှဲသာအားနာလို့ ပေးလိုက်ရသောအပင်များအကျိုးပေးပုံချင်း မတူကြပါ။ ကျေကျေနပ်နပ်ပေးလိုက်သော အပင်ကသာ ကြီးကြီးကျယ်ကျယ် ကောင်းကျိုးခံစားရတတ်ကြောင်း ကျွန်တော်အတော်များများ တွေ့ဖူး ကြုံဖူးခဲ့ရပါသည်။

ဂမုန်းပင်များမှာ ကောင်းသောအတိတ် ကောင်းသောနိမိတ် ကောင်းသောမင်္ဂလာယူ၍ ကောင်းသောရတနာများခံပြီး ကောင်းသော

နံ့သာရည်များလောင်း၍ စိုက်ပျိုးကြရပါသည်။

ညတွင် ဂမုန်းပင် အခိုးခံရသဖြင့် မိုးမလင်းခင်ကပင် လမ်းထဲမှာ အော်ဟစ်ကျိန်ဆဲနေသည်ကို မကြာခဏတွေ့ရပါသည်။ ၎င်းဂမုန်းပင်ကို ရှိစိုက်ပျိုးသူများ မည်သည့်အကျိုးကျေးဇူးမျိုး ခံစားရမည်တို့ကို ခန့်မှန်း၍ သိရှိနိုင်ကြပါသည်။

ဂမုန်းပင်များကို ကောင်းမွန်စွာ စိုက်ပျိုးပြုစုကြပြီး အလုပ်အကိုင်ကို ကြိုးစားလုပ်ကိုင်ကြလျက် ကိုယ်ကျင့်တရားများ ကောင်းမွန်စင်ကြယ်ကြ၍ အဓမ္မိယလဒ္ဓပစ္စည်းများကို သူတစ်ပါးတို့၏ တံတွေးပေါက်ကဲ့သို့ စက်ဆုပ်ရွံရှာကြရန် တိုက်တွန်းလျက် တန်ခိုးကြီးသောဂမုန်းပင်များ၏ အကြောင်းအရာများကို ရပ်နားလိုက်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ။*

*ဆရာက*

*(၁၉၆၂ ခုနှစ်၊ မေလ)*

# ဒုတိယတွဲ

## တန်ခိုးကြီးဂမုန်းပင်များ (ပထမတွဲ) သတင်းစာဂျာနယ်များ၏အဆို

ကြေးမုံ

လူများသည် ကိုယ့်အသိုက်အဝန်း၊ ကိုယ့်လောကကလေးနှင့်ကိုယ် စုဝေးနေထိုင်လေ့ရှိကြသည်။ တရားလောက၊ မဟာသမယလောက၊ စာပေလောက၊ မြင်းလောက၊ အရက်လောက၊ ဖဲလောကစသည်ဆိုကြပါစို့။ ထိုလောကအမျိုးမျိုးတွင် ကျွန်ုပ်တို့ သတိမပြုမိသော 'ဂမုန်းလောက' ဟူ၍လည်းရှိနေသည်။

တန်ခိုးကြီးသောဂမုန်းပင်များ စာအုပ်တွင် ဆရာကသည် အိမ်များတွင် စိုက်ပျိုးလေ့ရှိကြသည့် တန်ခိုးကြီးသည်ဆိုသော ဂမုန်းပင်ပေါင်း ၂၀ ကျော်တို့ကို ရုပ်ပုံများဖြင့် ဖော်ပြရေးသားသည်။ တန်ခိုးကြီးသော ဂမုန်းများကိုရေးသဖြင့် တန်ခိုးမကြီးရုံမျှမဟုတ်၊ စိုက်သူကို ထိခိုက်ပျက်စီးစေနိုင်သည်ဆိုသော ဂမုန်းများ၏ အကြောင်းကိုလည်း ကျဲကျဲရေပါ ပါ၍လာသည်။

ဂမုန်းအကြောင်းဆိုသဖြင့် ဆေးကျမ်း ဗေဒင်ကျမ်းများကဲ့သို့ စာလေးကြီးများမဟုတ်ဘဲ လျှို့ဝှက်သည်းဖိုအကြောင်းအရာကလေးများ

ကို စုစည်းထားသကဲ့သို့ စိတ်ဝင်စားစရာအကြောင်းအရာကလေးများဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ရသည်။

**နိုင်ငံသစ်**

ဂမုန်းပင်သည် ကမ္ဘာပေါ်စကပင် ပေါက်ရောက်လာခဲ့သည့် သဘာဝအပင်တစ်မျိုး ဖြစ်ဟန်တူသည်။

ဂမုန်းသည် ဆေးဝါးဘက်တွင်လည်း တန်ခိုးထက်မြက်သည့် ဆေးဘက်တစ်မျိုးဖြစ်သည်။ အဂ္ဂိရပ်ထွက်ရပ်လမ်းတွင်လည်း အရေးပါသည့် ဆေးဘက်အပင်တစ်မျိုးဖြစ်သည်။ ဘေးအန္တရာယ်ကို တားဆီးခြင်း၊ ဘေးအန္တရာယ်ကိုဖြစ်စေတတ်ခြင်း၊ လာဘ်သပကာပေါ်များစေတတ်ခြင်း၊ အနာရောဂါကင်းရှင်းစေတတ်ခြင်း၊ ရန်သူကို တားဆီးပေးတတ်ခြင်း စသော တန်ခိုးဣဒ္ဓိပါဒ်ရှိသော အဆောင်သစ်ပင်မျိုးလည်း ဖြစ်သည်ဟု ရှေးရှေးဆေးကျမ်း၊ အဂ္ဂိရပ်ကျမ်း၊ ဂမုန်းကျမ်းများတွင် များစွာဆိုထားသည်။

ယခု ဆရာ'က'ရေးသော 'တန်ခိုးကြီးသော ဂမုန်းပင်များ' စာအုပ်တွင် အဆိုပါဆေးကျမ်း အဂ္ဂိရပ်ကျမ်း ဂမုန်းကျမ်းများ၏ အဆိုအမိန့်များကို ကိုးကားထုတ်နုတ်ပြီး စီစဉ်ရေးသားထားခြင်းမဟုတ်ဘဲ ကိုယ်တိုင်အတွေ့အကြုံများနှင့် ကိုယ်တိုင်ကဲ့သို့ပင် ယုံကြည်ရသူများ၏ အတွေ့အကြုံများကိုသာ စီစဉ်ရေးသားထားခြင်းဖြစ်သည်မှာ ဤစာအုပ်၏ ထူးခြားချက်ပင်ဖြစ်သည်။

ဤစာအုပ်တွင် စိုက်သင့်သော ဂမုန်းပင် ၁၈ မျိုးနှင့် မစိုက်သင့်သောဂမုန်းပင် ၅ မျိုးတို့ကို ဓာတ်ပုံများ စိုက်ပျိုး၊ စောင့်ရှောက်နည်းများ၊ အပင်၏အနေအထား ပုံသဏ္ဍာန်များနှင့် ထိုအပင်များကို စိုက်ပျိုးကြသူများ၏ အတွေ့အကြုံ၊ အကျိုးအပြစ်များကို စုံလင်စွာဖော်ပြထားသည်။

သို့ဖြစ်ရာ ဤစာအုပ်မှာ တန်ခိုးကြီးသော ဂမုန်းပင်များအကြောင်းကို စာတွေ့မဟုတ်ဘဲ ကိုယ်တွေ့ရေးသားထားသည့် စာအုပ်ပင်ဖြစ်ရာ ဂမုန်းဝါသနာပါသူများအဖို့ လက်ကိုင်ထားသင့်သည့် စာအုပ်ပင်ဖြစ်သည်။

**တိုင်းရင်းမေ**

ဂမုန်းအမျိုးပေါင်း ၂၀ ကျော်ကို စိုက်ပုံစိုက်နည်းနှင့်တကွ အကျိုးအပြစ်များကို စုံစုံလင်လင် ဖော်ပြရေးသားထားသည်။ ဂမုန်းဝါသနာအိုးများအတွက် လက်စွဲမှတ်တမ်းစာအုပ်တစ်အုပ်ပင်ဖြစ်သည်။ အလုပ်အကိုင်၊ အကြံအစည်၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ချမ်းသာသုခ အတိုးအဆုတ်ကို တစ်ဖက်တစ်လမ်းမှ ပေးစွမ်းနိုင်သော ဂမုန်းစိုက်နည်း စာအုပ်ဖြစ်ရာ ဂမုန်းဝါသနာအိုးများနှင့် ဗဟုသုတလိုလားသူများလည်း ဖတ်အပ် မှတ်အိပ် သိအပ်ကာ ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်ရသကဲ့သို့ တစ်ထိုင်တည်းနှင့် အစအဆုံး လက်မှ မချချင်အောင် စိတ်ပါဝင်စားဖွယ် ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ပင်ဖြစ်လေသည်။

●

## တန်ခိုးကြီးသောဂမုန်းပင်များ

တန်ခိုးကြီးသော ဂမုန်းပင်များအကြောင်း ပထမစာအုပ်ရေးပြီးစကပင် ဒုတိယစာအုပ်အဖြစ် ကျန်ဂမုန်းပင်များအကြောင်းကို ဆက်လက်ရေးသားရန် ရည်ရွယ်မှန်းထားခဲ့ပါသည်။

ကျွန်တော် ဂမုန်းအကြောင်း ဆောင်းပါးများကို သင့်ဘဝမဂ္ဂဇင်း၌ စတင်ရေးသားစဉ်ကပင် တချို့မိတ်ဆွေများက "ဆရာ ဒီဂမုန်းအကြောင်း ခေတ်နောက်ပြန်ဆွဲတွေ ရေးနေတာနဲ့ ဆရာ့ရဲ့ ဗဟုသုတဖြစ်မယ့် ဆောင်းပါးတွေကို မဖတ်ရတော့ပါဘူး" ဟူ၍လည်းကောင်း "ဆရာ့ရဲ့ ဂမုန်းဆောင်းပါးတွေဖတ်ပြီး ဘာမှအလုပ်မလုပ်ဘဲ ဂမုန်းပင်များကို လိုက်ရှာပြီး စိုက်နေကြတယ်" ဟူ၍လည်းကောင်း မိတ်ဆွေရင်းချာ အများကပင် ပြောဆိုတားမြစ်ကြပါသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း အလုပ်အကိုင်ကို ကြိုးကြိုးစားစားမလုပ်၊ ပေါ့ပေါ့ဆဆနှင့် အချောင်ရေသာခို၍ စီးပွားရှာလိုသောစိတ်ရှိသူများကို အလွန်မုန်းတီးသူဖြစ်ပါသည်။

ဂမုန်းအကြောင်း ကျွန်တော် ရေးသားလာခဲ့သည်မှာ ဂမုန်းပင်

များကို ရတနာသုံးပါးကဲ့သို့ အားထားမှီခို ကိုးကွယ်ဆည်းကပ်ကြရန် ရည်ရွယ်ချက်ဖြင့် ရေးသားခြင်းမဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း မကိုးကွယ် မဆည်းကပ်ပါ။

ပထမထုတ်ဝေခဲ့သော စာအုပ်တွင်လည်း ဂမုန်းပင်စိုက်ပျိုးသူများ အလုပ်ကို ကြိုးစားလုပ်ကြပါ၊ ကိုယ်ကျင့်တရား ကောင်းကြပါ၊ ရတနာသုံးပါးကို အားထားယုံကြည်ကြပါ။ အထူးသဖြင့် ပရိတ်တော်ကို များများရွတ်ကြပါ။ သို့မှသာလျှင် ဂမုန်း၏အကျိုးကျေးဇူးကို ခံစားရပါလိမ့်မည်ဟု အတိအလင်း တိုက်တွန်းရေးသားခဲ့ပါသည်။

ကျွန်တော် ဂမုန်းပင်များအကြောင်းကို ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ ဂမုန်းပင်ကို ယုံကြည်စိုက်ပျိုးပြုစုသူများသလောက် ဂုဏ်တော်ကိုပွားများသူ၊ ပုတီးစိပ်သူ၊ ပရိတ်ရွတ်သူ–ပွားများလာရန်နှင့် ကံ–ကံ၏အကျိုးကို ယုံကြည်ကိုးစားသူ များပြား၍ လာရန်ပင်ဖြစ်ပါသည်။

ပထမ ဂမုန်းစာအုပ်ထွက်ပြီး ဒုတိယတွဲ ရေးသင့် မရေးသင့် ပရိသတ်၏အကဲကို လေ့လာစုံစမ်းခဲ့ရာတွင် ကျွန်တော့်မှာ ငိုရတော့မလိုလို ရယ်ရတော့မလိုလို ဝမ်းနည်းဝမ်းသာဖြစ်ရလျက် "ဆက်ရေး၍ မသင့်ပါဘူး။ ရေးမှဖြစ်မယ်၊ မရေးတော့ဘူး၊ ရေးဦးမယ်– မရေးဘူး၊ ရေးမယ်" နှင့် စိတ်ထဲတွင် ဝေခွဲ၍မရအောင်ဖြစ်နေသောကြောင့် ယခုလောက် ကြန့်ကြာသွားရခြင်းပင်ဖြစ်ပါသည်။

ငိုရမလို ဝမ်းနည်းရခြင်းအကြောင်းများမှာ ဂမုန်း– ဂမုန်းအရပ်ထဲမှာလည်း ဂမုန်း၊ မော်တော်ကားပေါ်မှာလည်း ဂမုန်း၊ ရုံးမှာ အလုပ်လုပ်ရာတွင်လည်းဂမုန်း၊ ဆိုင်မှာ ဈေးရောင်းရာတွင်လည်း ဂမုန်း၊ တစ်ဂမုန်းတည်း ဂမုန်းဖြစ်နေကြပြီး မှီခိုအားထားကိုးကွယ်ဆည်းကပ်ဖွယ်ရာအထိ တချို့ပရိသတ်များက ယူဆပြီးကာ ဂမုန်းပင်ကို ထိုင်၍ရှိခိုးနေကြသူများ ပေါ်ပေါက်၍နေခြင်း၊ ဂမုန်းပင်ကို စီးပွားရေးလုပ်ငန်းတစ်ခုသဘောထား

ပြီး စာအုပ်ပါ ဂမုန်းပင်များကို ရရာအရပ်မှာ လိုက်ဝယ်၍ သိုလှောင်ထားပြီး မတန်တဆ ဈေးတင်ရောင်းချသူ စီးပွားရေးသမား အမြတ်ကြီးစားများ ပေါ်ပေါက်လာလျက် ဂမုန်းပင်မှာ ကုန်ပစ္စည်းတစ်ခုအနေသို့ ရောက်ရှိသွားခြင်း၊ တချို့သောအလုပ်အကိုင်ကြီး အကြံအစည်ကြီးသမားများက ဂမုန်းပင် သိုလှောင်ထားသူတို့ တောင်းသောဈေးကိုပေး၍ ဝယ်ယူလျက် အရေးပါအရာရောက်သော ပုဂ္ဂိုလ်များကို တံစိုးလက်ဆောင်အဖြစ်ပေးပြီး စီးပွားရှာခြင်းတို့ကြောင့် ဝါသနာရှင်များ မစိုက်နိုင်ကြတော့အောင် ဖြစ်နေသည်ကို တွေ့ကြုံရသဖြင့် ဂမုန်းဝါသနာရှင်ပရိသတ်ကို နှိပ်စက်ရာ ရောက်နေသောကြောင့်ပင်ဖြစ်ပါသည်။

ရယ်ရမလို ဝမ်းသာရခြင်းအကြောင်းများမှာ ဘုရား တရား သံဃာတို့ကို ပေ့ါပေ့ါဆဆ နေထိုင်လာကြသူအများပင် ဂမုန်းပင်ကိုစိုက်လျက် ဂုဏ်တော်ကို ပုတီးစိပ်မှ အကျိုးခံစားရမည်ဟု ယုံကြည်မှုရှိလာသဖြင့် ပုတီးစိပ်သူ၊ ပရိတ်ရွတ်သူ ပေါများလာခြင်း၊ တချို့ မြင်းပွဲ၊ ဖဲပွဲတို့၌ သွားလာကျက်စားနေသော အမျိုးသမီးများပင် ဂမုန်းပင်ကို စွဲလမ်းပြီး ဂမုန်းပင်နှင့်သာ အချိန်ကုန်စေခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်၍လာကြခြင်း၊ ပထမတွဲတွင် ပြောက်ကလေးဂမုန်းကို သမ္ဗုဒ္ဓေဂါထာ ၉ ခေါက်မန်း၍ ရေလောင်းလျှင် စီးပွားလမ်းဖြောင့်သည်ဆိုသောစကားအရ လိုက်နာပြုလုပ်သဖြင့် အကျိုးခံစားရကြောင်း လာရောက်ပြောကြားကြခြင်း၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူများပင်လျှင် မိမိတို့ဘာသာအရ ကိုယ်ကျင့်တရားများကို ထိန်းသိမ်းကြလျက် ဆုမွန်ကောင်း တောင်းကြခြင်း၊ စိတ်နှလုံးတည်ငြိမ်မှုရရှိကြခြင်း၊ ဂမုန်းပင်ကို အမြတ်တနိုး ပြုစုယုယကြ၍ ပျှင်းရိသောစိတ်များ ခေါင်းပါးပြီး လုံ့လဝီရိယ များလာကြခြင်းတို့ကို တွေ့မြင်ရသောကြောင့်ဖြစ်ပါသည်။

ဂမုန်းပင်အကြောင်း မရေးပါနှင့်ဟု တားမြစ်ကြသော မိတ်ဆွေ

များထက် ဆက်လက်ရေးသားပါ၊ ဒုတိယတွဲအမြန်ဖတ်ချင်လှပါပြီ၊ အကျိုးရှိသည့်ဘက်က များပါသည်။ ရေးသာရေးပါဟု တိုက်တွန်းကြသော ပရိသတ်က အဆမတန်များပြားလာသဖြင့် ဂမုန်းပရိသတ်၏ဆန္ဒကို မလွန်ဆန်နိုင်တော့ဘဲ ကျွန်တော် တွေ့ကြုံဖြစ်ပျက်သမျှတို့ကို ဒုတိယတွဲအဖြစ် တင်ပြရခြင်းဖြစ်ပါသည်။

ကျွန်တော် ယခုတင်ပြရေးသားမည့် တန်ခိုးကြီးသော ဂမုန်းပင်များအကြောင်း ဒုတိယတွဲမှာ ဂမုန်းပင် စတင်ရရှိလာပုံ၊ သုတေသနပြုလုပ်ပုံ၊ ကျွန်တော်နှင့်တကွ ကျွန်တော်၏မိတ်ဆွေများ အကျိုးခံစားရပုံတို့ကို မပိုမလို ဟုတ်တိုင်းမှန်ရာ တင်ပြမည်ဖြစ်၍ ကျွန်တော် တင်ပြသမျှ ဂမုန်းပင်များ အကယ်၍ သေမသွားသေးလျှင် လူခိုးမသွားသေးလျှင် ကျွန်တော်၏အိမ်တွင် အချိန်မရွေး လာရောက်ကြည့်ရှုနိုင်ပါသည်။

ကျွန်တော်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အိမ်တွင်ရှိသူများက လိုက်လံပြသကြမည်ဖြစ်ပါသည်။ ကျွန်တော်၏စာအုပ်တွင်ပါရှိသော ဂမုန်းပင်ပုံများမှာ ကျွန်တော်၏အိမ်မှ ဂမုန်းပင်ပုံများဖြစ်လျက် ကိုယ့်အိမ်မှာမရှိဘဲ သူတစ်ပါး၏အိမ်မှ အပင်များကိုဖော်ပြပြီး သူတစ်ပါးပြောသမျှ ရေးသားထားသောစာအုပ်မဟုတ်ကြောင်းကို သိစေလိုပါကြောင်း။

●

# (၁) ဟသ်ာဂမုန်း အဖို-အမ

ဟသ်ာဖိုမဟု တွဲ၍ရေးသားလိုက်သော်လည်း ကျွန်တော် ရစဉ်က တစ်အိမ်တည်းမှမဟုတ်၊ ကျွန်တော်၏အိမ်ကို တစ်အိမ်စီမှ ရောက်လာကြသော ဂမုန်းပင်များဖြစ်ကြပါသည်။

ဟသ်ာအဖိုပင်က ကျွန်တော်၏ ဂမုန်းမိတ်ဆွေထံမှ ရရှိလျက် ၎င်း၏ပြောစကားအရ ၎င်းဂမုန်းပင်ကို ဂုဏ်သရေရှိ ပစ္စည်းဥစ္စာ ကြွယ်ဝသူတစ်ယောက် လွန်စွာယုံကြည်သဖြင့် သဲဖြူခင်း၊ ရာဇမတ်ကာ၊ စင်ပေါ်တင် စသည်ဖြင့် အမြတ်တနိုးထားကြောင်း သိရပါသည်။


ပေးလိုက်စဉ်က နရိန္ဒာဟုပြော၍ ပေးလိုက်သဖြင့် နရိန္ဒာဟူသော အမည်ဖြင့်ပင် စိုက်ထားရာ မကြာခင်သေသွားသဖြင့် ထပ်မံပေးရန် အရိပ်အမြွက်ပြောကြည့်ရာ ထပ်မံပေးချင်ပုံမရတော့၍ တခြားဂမုန်းမိတ်ဆွေ တစ်ယောက်ထံမှ တောင်းယူစိုက်ပျိုးရပါသည်။

၎င်းအပင်မှာ စည်ကားပွားများခြင်းမရှိ၊ ရဝေရုံခိုင်ပုလဲမှာဖြင့် မသေရုံ အနိုင်တဲရပါတော့ ဆိုသောဝိုချင်းလို မသေရုံတဲတဲကလေးနှင့် တစ်နှစ်ကျော်ကြာသွားပါသည်။ ကျွန်တော် တတ်သမျှ မှတ်သမျှ ရွှတ်



ဟသ်ာဂမုန်း(အဖို)

ဖတ်သရစ္ဆာယ်ပြီး ပြုစုပျိုးထောင်ပါသော်လည်း မစည်ကားဘဲ ခပ်မှိုင်မှိုင်နှင့်သာ အချိန်ကုန်သွားပါသည်။



ဟသ်ာဂမုန်း(အမ)

တစ်နေ့တွင် ၎င်းဂမုန်းပင်ရရှိသော မိတ်ဆွေများ အလျှင်ဂမုန်း စိုက်ပျိုး၍ အရင်းခံကြသော ဆရာကြီးထံ အကြောင်းတစ်ခုနှင့်ရောက်ရှိ၍ ၎င်းနရိန္ဒာဂမုန်းအကြောင်း စကားစပ်မိကြရာ "အဲဒီနရိန္ဒာဆိုတဲ့နာမည်ဟာ ကျုပ်ပေးလိုက်တဲ့နာမည်ပေါ့" ဟုပြောပါသည်။

"မဟုတ်သေးပါဘူးဆရာကြီး၊ နရိန္ဒမောရ နရိန္ဒာဒေါင်းဆိုတာ ရှေးရေးစာတွေထဲမှာ ရှိပါတယ်။ ဂမုန်းပရိသတ်တွေကလည်း နရိန္ဒာဒေါင်းဟု ခေါ်နေကြပါတယ်။ ဆရာကြီးပေးတဲ့ နာမည်သာဆိုလျှင် ကျွန်တော် လက်မခံနိုင်ပါ..." ဟုပြန်၍ပြောမိပါသည်။

"ဆရာက ပြောတဲ့ရှေးစာတွေမှာ ရှိတာ မရှိတာ မသိဘူး။ ဒီအပင်ကို နရိန္ဒာဒေါင်းလို့ခေါ်တာတော့ ကျုပ်က စတာပဲ။ ရှေးစာတွေမှာရှိတဲ့ နရိန္ဒာဒေါင်းဆိုတာ တခြားအပင်ရှိပါလိမ့်မယ်..." ဟု အသေအချာ

ပြောနေပါသည်။ ၎င်းဆရာကြီး ယခုအသက်ရှင်လျက်ရှိပါသည်။

"ဆရာပေးတာမှန်လျှင် ဒီအပင်ကို ကျွန်တော် နရိန္ဒာဒေါင်းလို့ မခေါ်ဘူး။ ဆရာ့ဟာက ကောင်းပြီးရောခေါ်ထားတာ နောက်လူတွေ အဟုတ်မှတ်နေကြမှာပေါ့..." ဟု ပြော၍ပြန်ခဲ့ပါသည်။

နာမည်မရှိဘဲ အတော်ကြာသွားပါသည်။ အရွက်စိမ်းစိမ်း ဒေါင်းဂမုန်းအရွက်လောက် ဒေါင်းဂမုန်းလောက် ရိုးတံမရှည်– ပင်စည်မရှိ၊ အရွက်အစိမ်းမှာ အဖြူရောထားသဖြင့် အရွက်ကလေးများ ငှက်နှုတ်သီးကဲ့သို့ အဖျားလိမ်လျက် နေရောင်တွင်ကြည့်က ပြောင်ပြောင်လက်လက်နှင့် ကျက်သရေအလွန်ရှိသော ဂမုန်းပင်ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော်၏ထံမှ ပတ္တမြားဂမုန်းကို လိုချင်သူ ဂမုန်းမိတ်ဆွေတစ်ယောက်က နရိန္ဒာဒေါင်းအမခေါ်သော ဂမုန်းပင်နှင့်လဲ၍ သွားပါသည်။ ၎င်းအပင်မှာ အဖိုပင်လောက် အရွက်မကြီး၊ အရွက်ဖျားမလိမ်၊ အနီအဝါများဖြင့် သက်တံရောင်လိုလိုရှိလျက် အလွန်တော်သော ပန်းချီဆရာများ ဆေးခြယ်ထားသကဲ့သို့ လှပပါသည်။ အမြစ်ဖျားမှာ ဥကလေးတွေ တွဲလဲရှိလျက် ၎င်းဥကလေးများပါလာမှ စိုက်ရာတွင် သေချာပေါက်ရှင်ပါသည်။ ကျွန်တော်လည်း အမှတ်တမဲ့ ယခင်ရှိပြီး အဖိုပင်နားမှာကပ်၍ အိုးတစ်လုံးနှင့် စိုက်ထားလိုက်ပါသည်။

တစ်လလောက်အတွင်းမှာ အဖိုပင် စည်ကားလာလျက် အစို့အညှောက်များ ထွက်ပေါ်လာသဖြင့် ကျွန်တော့်ဇနီးဆရာမက "အမပင်ရောက်လာလို့ အဖိုပင်ဟာ သိသိသာသာစည်ကားလာပြီ" ဟု ပြောပြပါသည်။

"ကဲ... ဒါဖြင့် အမပင်ကို ဝေးဝေးချောင်ထဲသွားထားလိုက်မယ်" ဟု ကျွန်တော်ကပြောရာ "ကိုကိုမလုပ်နဲ့၊ ဝဋ်ပါနေလိမ့်မယ်" ဟု ဆရာမက ပြောပါသေးသည်။

"ငါက သေချာမှတ်ကြိုက်တယ်... သူ့ဟာသူ စည်ကားချိန်ကျလို့ စည်ကားတာဖြင့် နောက်ထပ်အစို့ကလေးများ ပေါက်လာမှာပေါ့" ဟု ပြောလျက် အမကို အစွန်အဖျားသို့ ပြောင်းလိုက်ပါသည်။

တစ်လလောက်စောင့်ကြည့်ရာ အဖိုပင်ရော အမပင်ပါ ပေါက်ပြီး အစို့အညှောက်များမှအပ နောက်ထပ်မပေါက်တော့ဘဲ အကြောင်းပါကာ စ သတို့သမီးနှင့် သတို့သားကို လူကြီးမိဘများက သဘောမတူ၍ ခွဲထားသည့်အခါမှာ ယူကြုံးမရ အပူလုံးကြွကြရသည့်ပမာ ညှိုးငယ်စွာ ခွေခွေကလေးတွေ ဖြစ်နေပါတော့သည်။

"ကဲ... ခွဲထားလျှင် ထပ်မပေါက်ဘဲ ညှိုးခွေနေတာတော့ သေချာပြီ။ ပြန်ပေါင်းထားလိုက်ဦးမယ်။ ပြန်ပေါင်းလို့ မကြာခင် စည်ကားလာလျှင်တော့ မင်းပြောသလို မှန်လိမ့်မယ်" ဟု ကျွန်တော့်ဇနီး ဆရာမကို ပြော၍ ပြန်ပြောင်းလိုက်ပါသည်။

အပင်နှစ်ပင် နီးကပ်စွာ ပြန်ပေါင်းထားလိုက်သောအခါ လူကြီးမိဘတွေက စိတ်ဆိုးပြေပြီး ပြန်လည်ပေါင်းသင်းရသော ရကာစ ဇနီးမောင်နှံပမာ ရွှင်လန်းချမ်းမြေ့စွာ တစ်လအတွင်း အစို့အညှောက်တည်းဟူသော သားသမီးတွေ ဝေဝေဆာဆာနှင့်ဖြစ်နေသည်မှာ ပုံထဲတွင်ပါသည့်အတိုင်းပင်ဖြစ်ပါသည်။

ကျွန်တော်၏စိတ်ထဲတွင် 'အဒုတိယော ဇော်ကာ' စသည့် အဖော်မရှိက မပျော်မွေ့နိုင်ဆိုသော ပါဠိကို သတိရလျက် သဝိညာဏက– အသက်ရှိသော သတ္တဝါကိုပင် မဆိုထားဘိ။ အဝိညာဏက အသက်မရှိသော ဂမုန်းပင်သည်လျှင် အဖိုအမ တွဲဖက်နေရလျှင် ပိုမိုရွှင်လန်းမှု ရှိပါကလားဟု အဖို အမ သဘောတရားပြင်းထန်လှပုံကို တရားသံဝေဂများစွာ ဖြစ်မိလျက် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုသောစကားကို လျစ်လျူရှုပြီး အချိန်အရွယ်လွန်အောင် ရှက်သလိုလို ကြောက်သလိုလို

အိမ်ထောင်မပြုသည့် အပျိုကြီး လူပျိုကြီးများကို တွေး၍ပင် သနားမိပါတော့သည်။

ညဉ့်တစ်ညဉ့်တွင် ဘုရားဝတ်တက်ပြီး ပရိတ်တော် ဂါထာတော်တို့ကို ရွတ်ဖတ်မြဲရွတ်ဖတ်၍ အိပ်လိုက်ရာ မနက်စောအချိန်မှာ အိမ်တွင် ဘုန်းတော်ကြီးတစ်ပါး ကြွလာသည်ဟု အိပ်မက်မြင်မက်သဖြင့် အိပ်မက်ထဲတွင် သေချာစွာကြည့်ရှုလိုက်ရာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ကျွန်တော်နှင့်အတူ ဖိုးဝန်းတောင် အလောင်းတော်ကဿပ စသော တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ရင်း ဆေးမြစ်ဝါးမြစ် ဂမုန်းပင် ဂမုန်းဥတို့ကို လိုက်လံရှာဖွေခဲ့သော ကျွန်တော်၏ ဆရာ ဦးအာသဘ၏မျက်နှာဖြစ်နေပါသည်။

ထိုစဉ်က ကျွန်တော့်မှာ ဘာမှနားမလည်သေး။ ဦးပဥ္စင်း ဦးအာသဘက အတူးခိုင်းသမျှ တူးဖော်နုတ်ယူ၍ သယ်ယူထမ်းဆောင်ခဲ့ရရှိပါသည်။

အိပ်မက်ထဲတွင် ဝမ်းသာလုံးဆို့ပြီး တစ်ဦးနှင့်တစ်ဦး ဘာစကားမျှ မပြောဆိုကြဘဲ မိုးလင်း၍နိုးလာပါသည်။ ထိုနေ့မနက်အဖို့ ကျွန်တော်၏ စိတ်ကြည်လင်ရွှင်ပျမှု ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုတို့မှာ ပြောမပြနိုင်အောင်ပင် ဖြစ်၍နေပါသည်။

ကျွန်တော်၏ဇနီးဆရာမထံမှ ငွေနှစ်ဆယ်တောင်းပြီး ဈေးသွား ကြက်သား၊ ပုစွန်တုပ်၊ ငါးမြင်းသား စသည့် စားကောင်းသောက်ဖွယ်များကို ကျွန်တော်ကိုယ်တိုင် ဝယ်ခြမ်း၍ ဆရာမကို ချက်ပြုတ် ကြော်လှော်စေပါသည်။

ဆရာမက "ဘယ်ကဧည့်သည်လာမှာမို့လဲ။ ငွေကုန်တာက အရေးမကြီးပါဘူး။ ချက်ရပြုတ်ရတာ ပင်ပန်းလှတယ်" ဟု ညည်းညူပါသည်။

"ဘယ်က ညွှဲသည်ရယ်လို့မသိဘူး။ လာတော့ လာလိမ့်မယ်။ မနက်က ငါ့ရဲ့ ငယ်ဆရာ ဘုန်းတော်ကြီးတစ်ပါး ကြွလာတယ်လို့ အိပ်မက်မက်တယ်။ ဟိုတုန်းက အသက် ၃၅ နှစ်လောက်၊ အခုနေဆို လျှင် ၆၆ နှစ်လောက် ရှိရောပေါ့။ ကွဲသွားကတည်းက ပြန်မတွေ့ဘူး။ တချို့က ထွက်ရပ်ပေါက်သွားပြီလို့ ပြောကြတာပဲကွာ" ဟု ပြောပြမိပါသည်။

မွန်းတည့်အချိန်တိုင်အောင် စောင့်မျှော်နေသော်လည်း ဘယ်က ညွှဲသည်မှ မလာသဖြင့် စိတ်ပျက်ပြီး ထမင်းမစားသေးဘဲ ဓာတာဖွဲ့ရန် ထန်းဖူးလွတ်များ သွားဝယ်ဦးမည်ပြောလျက် အမှတ် ၂ ကားကို စီး၍ မြို့ထဲသို့လာခဲ့ပါသည်။

ထန်းရွက်အလွတ်က မန္တလေးလမ်း ဆရာဦးဗိုလ်ဒွေးထံမှာ ဝယ်ယူရမည်ဖြစ်၍ ပန်းဆိုးတန်းမှာဆင်းပြီး မီးရထားတံတားပေါ်သို့ ကျော်တက်ခဲ့ပါသည်။

မီးရထားတံတား မြောက်ဘက်ဆင်းလိုက်လျှင်ပဲ အသက် ၄၀ ကျော်အရွယ်ဟု ခန့်မှန်းရသော သားသားနားနား လူတစ်ယောက် ကျွန်တော့်အား ပြုံးကြည့်နေသည်ကို တွေ့ရပါသည်။

"ဒီလူ ငါ့ကို ဘယ်တုန်းကသိလို့ ပြုံးကြည့်နေပါလိမ့်" ဟု ဇဝေဇဝါနှင့် စဉ်းစားလိုက်ရာ အိပ်မက်ထဲက ဦးအာသဘမျက်နှာကို ကွက်ခနဲ သတိရလာသဖြင့် "ဟာ... ဆရာ မနက်ထ,ကတွေ့တုန်းမှာ ဘုန်းကြီးရှိသေးတယ်။ ယခုလူဖြစ်နေတာတွေ့တော့ အစဉ်းစားရခက်သွားတာပေါ့..." ဟု ပြောလျက် ဆရာ၏လက်ကို ဆွဲထားမိပါသည်။

ကျွန်တော့်မှာ ဝမ်းသာလွန်း၍ မျက်ရည်များ ကျမိလျက် "ဆရာ ဘယ်တုန်းက လူထွက်သလဲ၊ ဆရာ့နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်မှာ နေသလဲ၊ ဘာလုပ်နေသလဲ။ ကျွန်တော် မနက်စောစောက အိပ်မက်

တယ်။ ဆရာ့ကို ရဟန်းဝတ်နဲ့ပဲ တွေ့မြင်ရတယ်။ ဆရာ အရွယ်သိပ်တင်တာပဲ။ အသက် ၄၀ လောက်ပဲထင်ရတယ်" ဟု မေး-ပြော ပြောမိပါသည်။

"ဆရာဟာ ဂျပန်ခေတ်က မလွဲမရှောင်သာတဲ့ကိစ္စကြောင့် လူဝတ်လဲလိုက်ရတယ်။ ဆရာ့နာမည် ဆရာအောင်လို့ ခေါ်တယ်။ မန္တလေးတောင်မှာပဲနေတယ်။ အလုပ်ကတော့ တစ်ခါတစ်ခါ ဘုရားတွေလျှောက်ဖူးမြော်တယ်။ အခုပြည်မြို့ ဖိုးဦးတောင်က ဘုရားဖူးလာတယ်။ ညရထားနဲ့ မန္တလေးလိုက်မယ်။ ညက တပည့်ကိုသတိရလို့ တွေ့ချင်တာနဲ့ လာတာပဲ။ ကြာကြာတော့ မနေနိုင်သေးဘူး။ အခုညစာ တပည့်အိမ်မှာစားမယ်။ ညပြန်မယ်" ဟု ပြောပြီးလိုက်ပါလာပါသည်။

ကျွန်တော်က ကောင်းနိုးရာရာ ချက်ပြုတ်ထားသော ဟင်းလျာများကို ဆရာသည် အနည်းငယ်စီစားပြီး ချဉ်ဟင်း-ငါးပိကြော်ဖြင့်သာ စားပါသည်။ စားသောက်ပြီးနောက် ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်တစ်နေကုန်အောင် စကားလက်ဆုံကျ၍နေကြပါသည်။

ငင်းနောက် နှစ်ခေါက်ရောက်လာပါသည်။ နောက်အခေါက်များတွင် ၂ နာရီထက် ပိုမနေပါ။ ကျွန်တော် မေးစရာရှိသမျှ မေးမြန်းဖြေကြားပြီး စရိတ်လည်းမယူဘဲ ပြန်၍သွားတတ်ပါသည်။

ပထမတွေ့စခေါက်ကပင် ဟသ်ာ အဖို အမနှစ်ပင်ကိုပြ၍ ဘာဂမုန်းခေါ်ကြောင်း၊ ဘယ်လိုအကျိုးပေးတတ်ကြောင်းကို မေးမြန်းလိုက်ပါသည်။

"အဲဒါ ဟသ်ာဖိုမ ခေါ်တယ်။ တချို့အရပ်မှာ မိုဂမုန်းလို့ ခေါ်ကြတယ်။ တပည့်က ငယ်လို့မမှတ်မိတော့ဘူး။ တို့အလောင်းတော်ကဿပသွားတုန်းက မယ်ဖြူပြာပုံတောင်အဆင်းမှာ နုတ်ယူတဲ့ အဖိုအမ နှစ်ပင်ပေါ့" ဟု ပြောပါသည်။

"ကျွန်တော့်မိတ်ဆွေတွေက နရိန္ဒာမောရ–နရိန္ဒာဒေါင်းလို့ ခေါ်နေကြတယ် ဆရာ" ဟု ဝင်ပြောမိပါသည်။

"နရိန္ဒာမောရက ဒီနှစ်ပင်မဟုတ်ဘူး။ တခြားရှိတယ်။ ဒီအပင်က ဓတေရဋ္ဌရွှေဟင်္သာမင်းဘုရားလောင်းငှက်ရဲ့ အမည်ကိုယူပြီး ဟင်္သာဖိုမလို့ခေါ်လာကြတယ်။ အစီအရင်ပါ ရေးယူထားလိုက်။ တပည့်အကျိုးခံစားရပါလိမ့်မယ်" ဟု ပြောပါသည်။

ဥုံဓတေရဋ္ဌ၊ နာမတွင်ခြင်း၊ ဟင်္သာမင်း၊ ချစ်ခြင်းမေတ္တာ၊ သားပမာလျှင်၊ မကွာနိစ္စ၊ မြဲစောင်မလျက်၊ ခနဉစ္စာ၊ လိုရာရာကို၊ လျင်စွာအမြန်၊ ဆောင်ပို့ပြန်၍၊ ဘေးရန်အပေါင်း၊ ဝေးစွာရှောင်းဖို့၊ ကောင်းမှုများစွာ၊ ပြုသောအခါတွင်၊ ငါလျှင်အမျှဝေ၏။ ဥုံ ဗုဒ္ဓံ ပူဇေမိ၊ ဥုံ ဓမ္မံ ပူဇေမိ၊ ဥုံ သံဃံပူဇေမိ။

"အဲဒီဂါထာကို သုံးခေါက်ရွတ်၍ မနက်တစ်ခါ ညတစ်ခါ ရေလောင်းပေးပါ။ တပည့်ကို စောင့်ရှောက်ပါလိမ့်မယ်" ဟု ပြောပါသည်။

"ဆရာ ဟင်္သာမင်းဆိုတော့ ဟင်္သာမကို ဘယ်လိုခေါ်ရမလဲ။ ဟင်္သာမယ်လို့ ခေါ်ရမလား" ဟု မေးမြန်းရာ

"ဒါတော့ကွာ အပ်သွားချည်ပါပေါ့။ သူတို့နှစ်ပင်က တွဲစိုက်မှအကျိုးပေးတယ်။ ဟင်္သာမင်းကို ဆုတောင်းလျှင် ဟင်္သာမကလည်း ကူညီပြီးစောင့်ရှောက်ပါလိမ့်မယ်။ ဥုံတော့ပါပေစီ။ ဥုံတို့ ဩြောင်းတို့က ပြီးစီးအောင်မြင်ခြင်းအနက်ကို ဟောတယ်" ဟု ပြောပြပါသည်။

ကျွန်တော် ဆရာပြောတဲ့အတိုင်း ရေကိုမန်း၍ လောင်းပါသည်။ ထိုင်၍တော့ ရှိမခိုး၊ မကန်တော့မိပါ။

ပထမတွဲတွင် ဒေါင်းဂမုန်းပင်အကြောင်း ရေးသားခဲ့စဉ်က ဘေးရန်ရှိသောအခါ မအိပ်ဘဲ အရွက်တွေကားနေကြောင်း ရေးခဲ့သည်ကို သိကြပြီးဖြစ်ပါလိမ့်မည်။

ဟင်္သာဂမုန်းမှာ ဒေါင်းဂမုန်းကဲ့သို့ နေဝင်လျှင် အရွက်ချင်းကပ်ပြီး အပေါ်ထောင်စုကာ အိပ်တတ်ကြလျက် မနက်လင်းလျှင် အရွက်တွေကားပြီး အိပ်ရာမှ နိုးကြပါသည်။

ပြင်ပဘေးရန်ရှိမှသာ မအိပ်သည်မဟုတ်၊ စိတ်ပူပန်စရာကိစ္စတစ်ခုခုတွေ့ကြုံမည့်အခါ၊ နေမကောင်း ထိုင်မသာဖြစ်မည့်အခါများမှာလည်း မအိပ်တတ်ပါ။ နောက်တစ်နေ့မှာ တွေ့ကြုံရတော့မည့်ကိစ္စအတွက် အရင်တစ်ညကစပြီး သတိပေးသောအနေဖြင့် အရွက်များကားပြီး မအိပ်ဘဲနေလေ့ရှိပါသည်။

အနည်းအကျဉ်း စိတ်ပူပန်ရမည့်ကိစ္စအနည်းငယ်၊ နေမကောင်းထိုင်မသာဖြစ်ရမည့်ကိစ္စများမှာ အနည်းငယ်မျှ အရွက်ကား၍နေတတ်လျက် များစွာပူပန်ရမည့်ကိစ္စများမှာ အရွက်တွေ များစွာကား၍ နေတတ်ပါသည်။

ကျွန်တော်၏ဇနီးဆရာမ နေထိုင်မကောင်းဖြစ်မည့်အခါများမှာ ဟင်္သာအမပင်က များစွာကား၍ အဖိုပင်က ပူဖော်လောင်ဖက် အနည်းငယ် ကား၍နေတတ်ပါသည်။ ကျွန်တော် နေမကောင်း ထိုင်မသာဖြစ်မည့်အခါ အဖိုပင်က များစွာကား၍ အမပင်က အနည်းငယ် အရွက်ကားနေတတ်ပါသည်။

ယခုလို ဟင်္သာဖိုမပင်များ ညတွင်မအိပ်ဘဲ အရွက်တွေ ကားနေသောအခါ နောက်တစ်နေ့ တစ်ခုခုဖြစ်တော့မည်ကို တစ်ခါ၊ နှစ်ခါ၊ သုံးခါ ဆက်လက်တွေ့ကြုံဖန်များသောအခါ အတတ်လောက် သိလာပါသည်။

နောင်မအိပ်ဘဲ အရွက်တွေ ကားပြီးနေသောအခါ ဥုံဓတရဋ္ဌနာမတွင်ခြင်း၊ ဟင်္သာမင်းအစ–ဥုံ သံဃံ ပူဇေမိ၊ အဆုံးရှိသောဂါထာကို သုံးခေါက်ရွတ်လျက် ရေလောင်းနေကျ အခေါက်သုံးဆယ်မျှရွတ်၍

ရေလောင်းလိုက်ပါသည်။

အိပ်နေကျလို အရွက်ချင်းကပ်သွားသည်ထိအောင် အိပ်သော်လည်း အိပ်၍သွားတတ်ပါသည်။ သို့မဟုတ် အတော်အသင့်မျှ ကား၍နေတတ်ပါသည်။ လုံးလုံး အခါတိုင်းလို အရွက်များ စုထောင်ပြီး အိပ်သွားလျှင်တော့ စိတ်မချမ်းသာစရာ လုံးဝမတွေ့တော့ပါ။ အနည်းငယ်ကားနေသေးလျှင် အနည်းငယ်မျှတော့ စိတ်ပူပန်ရတတ်ပါသေးသည်။ ယခုလောက် တင်ကြို၍သိရသဖြင့် တင်ကြို၍ ကာကွယ်သောနည်းကိုသိရလျှင်ပင် ကျွန်တော်တို့အဖို့ ၎င်းဟသ်ာဖိုမ ဂမုန်းပင်ကို စိုက်ပျိုးပြုစုရကျိုးနပ်ပြီဟု အောက်မေ့မိပါတော့သည်။

စီးပွားဥစ္စာအတွက်တော့ ကျွန်တော်တို့ အလုပ်အကိုင် အကြံအစည်အလိုက် မပူမပင် မကြောင့်မကြ ကြွေးမြီမတင် သုံးစွဲနေထိုင်နိုင်ပါသည်။

အလုပ်အကိုင်အကြံအစည် ကြီးကျယ်စွာမရှိဘဲ ပျင်းရိပေါ့ဆသူများအတွက် ဘယ်ဂမုန်းပင်၊ ဘယ်သိကြား၊ ဘယ်နတ်ကမျှ ချမ်းသာအောင် လုပ်ပေးနိုင်မည်မဟုတ်ပါ။ ဂမုန်းပင်ကို အားကိုးပြီး အလုပ်အကိုင်ပေါ့ဆစွာ နေသူများ ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေးဆိုသကဲ့သို့ ဂမုန်းပင်အတွက် ပို၍ဆင်းရဲမည်သာဖြစ်ပါသည်။

ယခု ကျွန်တော် ရေးသားတင်ပြခဲ့သော ဟသ်ာ အဖို အမအကြောင်းများမှာ ကျွန်တော်၏အိမ်၌ စိုက်ပျိုးပြုစုထားသော ဟသ်ာအဖို အမ အပင်များ၏ စတင်ရရှိပုံ၊ သုတေသနပြုလုပ်ပုံ၊ စီရင်ပုံ၊ အကျိုးခံစားရပုံများပင်ဖြစ်ပါသည်။

သူတစ်ပါးအိမ်တွင်ရှိသော ဂမုန်းပင်များမှာ ကျွန်တော်၏ ဂမုန်းပင်များကဲ့သို့ အကျိုးပေးပုံချင်း တူညီချင်မှ တူညီမည်ဖြစ်ပါသည်။ နာမည်ကပင် နရိန္ဒာနှင့် ဟသ်ာ အခေါ်ချင်းကွဲလွဲနေလျက် စိုက်ပျိုးပြုစုပုံ၊

ယုံကြည်ပုံချင်းလည်း ကွဲလွဲကောင်း ကွဲလွဲနေမည်ဖြစ်ပါသည်။

ငင်းဟာသ်ာဖိုမပင်ကို စိုက်သဖြင့် ကျွန်တော့်ထက်ပို၍ အကျိုးခံစားရသူများလည်း အတော်များ၍ အလွန်ယုံကြည်ကြကြောင်း သိရှိရပါသည်။

●

## (၂) ချိုးဂမုန်း

ချိုးဂမုန်းအကြောင်း ကျွန်တော် စတင်ကြားဖူးခဲ့သည်မှာ ကျွန်တော် ဆရာဖြစ်စ လွန်ခဲ့သောနှစ်ပေါင်း အစိတ်လောက်က ရွှေဘို ဆရာခင်ဆိုသူနှင့် တွေ့ကြုံစဉ်ကဖြစ်ပါသည်။

ကျွန်တော်က ကာယသိဒ္ဓိ ဆေးနည်းတောင်းသောအခါ ဆရာခင်က "မင်း လွယ်လွယ်မှတ်ထား၊ မိ–စ–လင်–ဒုံး–ဒင်–ရှား–ချိုး–ကွပ်တဲ့။ မိက မိချောင်းသည်းခြေ၊ စက စပါးကြီးမြွေသည်းခြေ၊ လင်က လင်းတ ငှက်သည်းခြေ၊ ဒုံးက ငှက်ကြီးဒုံးသည်းခြေ၊ ဒင်က ဒင်ကျီးငှက်သည်းခြေ၊ ရှားက ရှင်းပင်ပျို့ရွက်၊ ချိုးက ချိုးဂမုန်းဥ၊ ကွပ်က– ကွပ်ကရာဥ အဲဒါတွေရအောင်စု။ အတောင့်ပြုလုပ်၍ထား" ဆိုသည်မှစပြီး ဘယ်လိုဂါထာ စုတ်၊ ဘယ်နေရာမှာ ဘာအင်းထိုး စသည်ဖြင့် ကာယသိဒ္ဓိစီရင်နည်း သင်ယူစဉ် ချိုးဂမုန်း၏အသုံးကို သိခဲ့ရပါသည်။

ချိုးဂမုန်းအကြောင်းရေးလို၍သာ ဖော်ပြနေခြင်းဖြစ်၍ ၎င်းကာယသိဒ္ဓိစီရင်နည်းအကြောင်း အတိအကျမဖော်ပြတော့ပါ။ ဖော်ပြလိုစိတ် ပြုလုပ်လိုစိတ်လည်း မရှိသည်မှာ ကြာပြီဖြစ်ပါသည်။

ကျွန်တော်၏အိမ်မှာ ဒေါင်းဂမုန်းအမသာရှိလျက် အဖိုပင် မရှိသေးသဖြင့် ကျွန်တော်တို့ အညာသားအချင်းချင်းဖြစ်သော ဆေးဆရာဘယဆေးဆိုင်ရှင်တစ်ယောက်ထံ သွား၍တောင်းပါသည်။

ထိုမိတ်ဆွေ အညာသားဆရာက "ဒေါင်းဂမုန်းအဖိုတွင်မက ချိုးဂမုန်းပါယူသွားပါ" ဟုပြောပါသည်။ ၎င်း၏အိမ်မှာ ချိုးဂမုန်းတွေ ရုံဖြစ်၍နေပါသည်။ အရွက်မှာ ပြောက်ကလေးဂမုန်းလောက်၊ ပြောက်ကလေးဂမုန်းထက် ရှည်လျားလျားရှိပါသည်။ ပြောက်ကလေးဂမုန်းလို အပြောက်ကလေးများမဟုတ်။ အဖြူစင်းကလေးတွေ အလွန်လှပါသည်။ တကယ့်တိရစ္ဆာန်ချိုးကောင်နှင့် အသွေးအရောင်၊ အရွယ်အစားတူညီလျက် အပွင့်ပွင့်သောအခါ အပြာပွင့်ကလေး သုံးခုဆိုင်၍ ပွင့်ပါသည်။ နွေရာသီမှာ အရွက်အားလုံးကျသွားပြီး မိုးဦးကျအခါမှ ပြန်လည်လျက် အရွက်များ ထွက်လာကြပါသည်။

"ချိုးဂမုန်းက ဘာသုံးဖို့ ဒါလောက်များများ စိုက်ထားရသလဲ" ဟု ကျွန်တော်က အညာသားဆရာအား မေးကြည့်ရာ "သူငယ်နာဆေးမှာ အလွန်စွမ်းတယ်။ သူငယ်နာကျားဗဟုန်းများ၊ ချိုးဂမုန်းဥ အမှုန့်ပြုလျက် ဆီနှင့်ဖျော်၍လိမ်းလိုက်လျှင် တစ်ခါတည်း သက်သာသွားတာပဲ" ဟု ပြောပြပါသည်။

ကျွန်တော် စိုက်ထားပြီးမှ တခြားအညာသားဆရာများ သူငယ်နာကုသရန် လာ၍တောင်းကြသဖြင့် "ခင်ဗျားတို့ကို အမြဲပေးမနေနိုင်ဘူး။ အဲဟို အညာသားဆရာလို အိမ်မှာသာ စိုက်၍ထားကြပါ" ဟုပြော၍ပေးလိုက်ရပါသည်။

ချိုးဂမုန်းပင်မှာ အရွက်က အောက်သို့ ညွတ်၍နေလျက် နေ့ရောညပါ မအိပ်တတ်ပါ။ အပေါ်ကို အရွက်ထောင်လာသည်မရှိ။ ကွေးကွေးကလေး ကြည့်၍ကောင်းပါသည်။



ချိုးဂမုန်း

တချို့က ပြောက်ကလေးဂမုန်းကို ချိုးဂမုန်းဟုခေါ်၍ နေကြပါသည်။ တခြားစီဖြစ်၍ ပြောက်ကလေးဂမုန်းက နွေအခါမှာ အရိပ်တွင် ရေလောင်းထားက စည်ကား၍နေပါသည်။

တစ်နေ့တော့ အညာသားဆရာတစ်ဦးက ချိုးဂမုန်း လာ၍တောင်းသဖြင့် "ဘာလုပ်ဖို့လဲ" ဟုမေးမြန်းရာ "မီးယပ်ဆေးဖော်ရန်" ဟု ပြောပါသည်။ မြန်မာဆေးဆရာကြီးများမှာ အညာသားများက များပါသည်။ မြန်မာဆေးစွမ်းကောင်းနည်းများမှာလည်း ကျွန်တော်တို့ အထက်အညာ

က အစပြု၍လာသည်က များသည်ဟု ထင်မိပါသည်။

"တခြားအညာဆရာတွေက သူငယ်နာဆေးအတွက် ချိုးဂမုန်း လာတောင်းကြတယ်။ ဆရာကျတော့ မီးယပ်ဆေးအတွက် လာတောင်း တယ်" ဟု ကျွန်တော်က ပြောဆိုမိပါသည်။

"ခင်ဗျားမှတ်ထား။ မီးယပ်ဆေးမှန်လျှင် ဆေးပူချည်းပဲ။ ချိုးဂမုန်း ဥဟာ အလွန်ပူတယ်။ မိန်းမများ မီးဖွားချိန် မီးမကင်ဆေးမှာ ချိုးဂမုန်းဥ ထက် စွမ်းတဲ့ဆေးမရှိဘူး" ဟု ပြောသည်ကို ဗဟုသုတအဖြစ် မှတ်ထား လိုက်ခြင်းဖြစ်၍ မစမ်းသပ်ဖူးပါ။ မှန်သည့်အတိုင်းပြောရလျှင် ကျွန်တော် တို့ ရောဂါတစ်ခုခုဖြစ်လျှင် ဆရာဝန်ထံ ဆေးထိုးလိုက်ခြင်းသာ ဖြစ်ပါ သည်။

ချိုးဂမုန်းပင်မှာ ကျွန်တော် သုတေသနပြုလုပ်၍ ရသမျှတော့ ဆေးဖက်ဝင်ခြင်းသာဖြစ်ပါသည်။ တခြားလာဘ်လာဘများခြင်း၊ စီးပွား တိုးတက်ခြင်းအကြောင်းများကိုတော့ လေ့လာ၍မရပါ။ ကျွန်တော် ကြား ဖူးသမျှသာ ရေးရခြင်းဖြစ်၍ ကျွန်တော်မသိရသော တန်ခိုးသတ္တိများရှိ ပေဦးမည်။

ယခုဂမုန်းပရိသတ်များအတွက်မှာ "ရေကို သမ္ဗုဒ္ဓေ ကိုးခေါက် ရွတ်ပြီး ပြောက်ကလေးဂမုန်းကိုလောင်းရင် ငွေရတတ်တယ်" ဆိုသော စကားလောက် စိတ်ဝင်စားကြမည်မဟုတ်သော်လည်း အညာက မြန်မာ ဆေးဆရာများအတွက်မူ ချိုးဂမုန်းကို အမြတ်တနိုးစိုက်ပျိုး၍ ထားတတ် ကြပါတော့သည်။

●

## (၃) ငုံးဂမုန်း

ငုံးဂမုန်းအကြောင်းများစွာ ရေးရန်မရှိလှပါ။ ဂမုန်းမိတ်ဆွေတစ်ယောက်အိမ်မှ တောင်းယူခဲ့လျက် ငုံးဂမုန်းဟု ပြောလိုက်သဖြင့် အတ္တိလောကေ–သီလဂုဏော စသော ငုံးမင်းပရိတ်တော်ကို ရွတ်ဆိုလျက်ရေလောင်းပြီး စိုက်ထားလိုက်ပါသည်။

ငုံးဂမုန်းအပင်မှာ ပုပြတ်ပြတ်ဖြစ်လျက် မြေကြီးမှ များစွာမမြင့်လှပါ။ အရွက်တွေ အဖြူကလေးများ မထင်မရှားရှိပြီး တကယ့်တိရစ္ဆာန်ငုံးငှက်၏ အသွေးအရောင်ပုံသဏ္ဌာန်နှင့်တူညီပါသည်။

ချိုးဂမုန်းမှာ ချိုးနှင့်တူ၍ ငုံးဂမုန်းမှာ ငုံးနှင့်တူနေသည်ကို တွေ့ရသဖြင့် ၎င်းဂမုန်းပင်များကို ချိုးဂမုန်း ငုံးဂမုန်းဟု စတင်ခေါ်ဝေါ်ခဲ့ကြသူများကို ချီးကျူးမိပါသည်။

ချိုးအကြောင်း၊ ငုံးအကြောင်းကို သေချာစွာသိရှိပြီးဖြစ်သူများအဖို့မှာ တူညီပုံအသေးစိတ် ပိုမိုသိရှိပါမည်။ အလုံးစုံစာနှင့်ရေးပြရန် ခက်ခဲပါသည်။ ကိုယ်တိုင်စိုက်ပျိုးသူများမှ သေချာစွာ သိနိုင်မည်ဖြစ်ပါသည်။

ငုံးဂမုန်းကို စိုက်ပျိုးစဉ်က ငုံးဂမုန်းဆိုလျှင် ဝဋ္ဋသုတ်ပရိတ်တော်

များများရွတ်ပေး၊ မီးဘေးမှ ကင်းလွတ်သောအကျိုးမျှကိုသာ ခံစားရမည်ဟု ယူဆမိပါသည်။


ငုံးဂမုန်းရောက်ပြီး မကြာမီမှာပင် ဂမုန်းပင်တွေအကြားက 'ရှီ–ရှီ–ရှီ' ဟု သုံးကြိမ်ကြားလိုက်မိပါသည်။ အတူစကားပြောနေကြသူ မိတ်ဆွေနှစ်ယောက်က "ဘာအသံလဲ" ဟု မေးကြသဖြင့် ဆင်း၍ရှာကြသော်လည်း ဘာအကောင်မှမတွေ့ရပါ။

ထို့နောက် ရက်များမှာ ပစ္စည်းဥစ္စာ လာဘ်လာဘများ ထူးထူးခြားခြား ရရှိလာသည်ကိုတော့ သတိထားမိပါသည်။ ကျွန်တော်၏စိတ်ထဲမှာ "မြွေတွန်သည်။ တွန်ပြီးမှ မြွေဟာ တခြားသို့ ထွက်သွားမည်" ဟု မှတ်ထင်နေပါသည်။

မြွေတွန်သံမှာလည်း 'ရှီ–ရှီ–ရှီ' ဟု တွန်သည်ကို သတိရ၍ "မြွေတွန်သံဖြစ်မှာပဲ။ မြွေဆိုးတော့ ဟုတ်မည်မထင်။ မြွေကောင်းဖြစ်၍ တွန်သံကြည်လင်တာပဲ။ မြွေဆိုးက အသံအတတနေတယ်" ဟု စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေပါသည်။

ဂမုန်းပင်လာကြည့်သူ ပရိသတ်တစ်ဦးက "ငုံးဂမုန်းစိုက်ထားတဲ့ အိမ်မှာ ငုံးတွန်သံကြားပြီး ပစ္စည်းဥစ္စာတိုးတက်လာတယ်" ဟု ပြောသွားကြောင်းနှင့် တခြားမိတ်ဆွေတစ်ယောက်မှာလည်း အလုပ်အကိုင် အဆင်မပြေဘဲဖြစ်နေချိန်တွင် မိတ်ဆွေတစ်ဦးက ငုံးဂမုန်းပင် လာပေး၍ ကောင်းမွန်စွာ စိုက်ပျိုးထားလိုက်ရာ များမကြာမီ ငုံးတွန်သံကြားရပြီး အလုပ်အကိုင်ဟန်ကျလာသဖြင့် ယခုအခါ အိမ်သစ်ဆောက်လုပ်နေကြောင်း ကျွန်တော့်ဇနီးဆရာမက ဆီး၍ပြောပါသည်။ ဆရာမ ပြောမှ ကျွန်တော်တို့ကြားရသော 'ရှီ–ရှီ–ရှီ' ဟူသောအသံကို ပြန်လည်သတိရမိပါသည်။

"ဟာ... တို့တစ်လောကကြားရတဲ့အသံဟာ ငုံးတွန်တဲ့အသံနဲ့



ငုံးဂမုန်း

တူတယ်။ ငုံးဂမုန်းထားတဲ့ ထောင့်ဆီက ထွက်လာတဲ့အသံပဲ" ဟု ပြော မိပါသည်။

စိတ်ထဲမှာ ငယ်စဉ်ကကြားဖူးသည့် ငုံးတွန်သံကို သတိရလာပါ သည်။ ငယ်စဉ်က အထက်အညာတောရွာမှာ နွားကျောင်းရင်း၊ တလင်း စောင့်ရင်း ငုံးတွန်သံ၊ မြွေတွန်သံ၊ ချိုးကူသံတို့မှာ ကြားရလွန်း၍ အားလုံး ကျက်မိနေပါလျက်နှင့် အထက်အညာတောရွာက ခွဲခွာခဲ့သည်မှာ ကြာပြီ ဖြစ်၍ မြွေသံ ငုံးသံကိုပင် မမှတ်မိတော့ပါလားဟု စဉ်းစားရင်း အထက် အညာ တောရွာဒေသတွင် ယခုတိုင် အသက်ရှင်လျက်ရှိသေးသော မိဘ နှစ်ပါးနှင့် ဆွေမျိုးများကို သတိရမိပါတော့သည်။

●

ယုံကြည်ပုံချင်းလည်း ကွဲလွဲကောင်း ကွဲလွဲနေမည်ဖြစ်ပါသည်။

ငင်းဟာသ်ာဖိုမပင်ကို စိုက်သဖြင့် ကျွန်တော့်ထက်ပို၍ အကျိုးခံစားရသူများလည်း အတော်များ၍ အလွန်ယုံကြည်ကြကြောင်း သိရှိရပါသည်။

●

## (၂) ချိုးဂမုန်း

ချိုးဂမုန်းအကြောင်း ကျွန်တော် စတင်ကြားဖူးခဲ့သည်မှာ ကျွန်တော် ဆရာဖြစ်စ လွန်ခဲ့သောနှစ်ပေါင်း အစိတ်လောက်က ရွှေဘို ဆရာခင်ဆိုသူနှင့် တွေ့ကြုံစဉ်ကဖြစ်ပါသည်။

ကျွန်တော်က ကာယသိဒ္ဓိ ဆေးနည်းတောင်းသောအခါ ဆရာခင်က "မင်း လွယ်လွယ်မှတ်ထား၊ မိ–စ–လင်–ဒုံး–ဒင်–ရှား–ဂျိုး–ကွပ်တဲ့။ မိက မိချောင်းသည်းခြေ၊ စက စပါးကြီးမြွေသည်းခြေ၊ လင်က လင်းတ ငှက်သည်းခြေ၊ ဒုံးက ငှက်ကြီးဒုံးသည်းခြေ၊ ဒင်က ဒင်ကျီးငှက်သည်းခြေ၊ ရှားက ရှင်းပင်ပျိုရွက်၊ ဂျိုးက ဂျိုးဂမုန်းဥ၊ ကွပ်က– ကွပ်ကရာဥ အဲဒါ တွေရအောင်စု။ အတောင့်ပြုလုပ်၍ထား" ဆိုသည်မှစပြီး ဘယ်လိုဂါထာ စုတ်၊ ဘယ်နေရာမှာ ဘာအင်းထိုး စသည်ဖြင့် ကာယသိဒ္ဓိစီရင်နည်း သင်ယူစဉ် ချိုးဂမုန်း၏အသုံးကို သိခဲ့ရပါသည်။

ချိုးဂမုန်းအကြောင်းရေးလို၍သာ ဖော်ပြနေခြင်းဖြစ်၍ ၎င်းကာယ သိဒ္ဓိစီရင်နည်းအကြောင်း အတိအကျမဖော်ပြတော့ပါ။ ဖော်ပြလိုစိတ် ပြုလုပ်လိုစိတ်လည်း မရှိသည်မှာ ကြာပြီဖြစ်ပါသည်။

ကျွန်တော်၏အိမ်မှာ ဒေါင်းဂမုန်းအမသာရှိလျက် အဖိုပင် မရှိသေးသဖြင့် ကျွန်တော်တို့ အညာသားအချင်းချင်းဖြစ်သော ဆေးဆရာဘယဆေးဆိုင်ရှင်တစ်ယောက်ထံ သွား၍တောင်းပါသည်။

ထိုမိတ်ဆွေ အညာသားဆရာက "ဒေါင်းဂမုန်းအဖိုတွင်မက ချိုးဂမုန်းပါယူသွားပါ" ဟုပြောပါသည်။ ၎င်း၏အိမ်မှာ ချိုးဂမုန်းတွေ ရုံဖြစ်၍နေပါသည်။ အရွက်မှာ ပြောက်ကလေးဂမုန်းလောက်၊ ပြောက်ကလေးဂမုန်းထက် ရှည်လျားလျားရှိပါသည်။ ပြောက်ကလေးဂမုန်းလို အပြောက်ကလေးများမဟုတ်။ အဖြူစင်းကလေးတွေ အလွန်လှပါသည်။ တကယ့်တိရစ္ဆာန်ချိုးကောင်နှင့် အသွေးအရောင်၊ အရွယ်အစားတူညီလျက် အပွင့်ပွင့်သောအခါ အပြာပွင့်ကလေး သုံးခုဆိုင်၍ ပွင့်ပါသည်။ နွေရာသီမှာ အရွက်အားလုံးကျသွားပြီး မိုးဦးကျအခါမှ ပြန်လည်လျက် အရွက်များ ထွက်လာကြပါသည်။

"ချိုးဂမုန်းက ဘာသုံးဖို့ ဒါလောက်များများ စိုက်ထားရသလဲ" ဟု ကျွန်တော်က အညာသားဆရာအား မေးကြည့်ရာ "သူငယ်နာဆေးမှာ အလွန်စွမ်းတယ်။ သူငယ်နာကျားဗဟုန်းများ၊ ချိုးဂမုန်းဥ အမှုန့်ပြုလျက် ဆီနှင့်ဖျော်၍လိမ်းလိုက်လျှင် တစ်ခါတည်း သက်သာသွားတာပဲ" ဟု ပြောပြပါသည်။

ကျွန်တော် စိုက်ထားပြီးမှ တခြားအညာသားဆရာများ သူငယ်နာကုသရန် လာ၍တောင်းကြသဖြင့် "ခင်ဗျားတို့ကို အမြဲပေးမနေနိုင်ဘူး။ အဲဟို အညာသားဆရာလို အိမ်မှာသာ စိုက်၍ထားကြပါ" ဟုပြော၍ ပေးလိုက်ရပါသည်။

ချိုးဂမုန်းပင်မှာ အရွက်က အောက်သို့ ညွတ်၍နေလျက် နေ့ရောညပါ မအိပ်တတ်ပါ။ အပေါ်ကို အရွက်ထောင်လာသည်မရှိ။ ကွေးကွေးကလေး ကြည့်၍ကောင်းပါသည်။



ချိုးဂမုန်း

တချို့က ပြောက်ကလေးဂမုန်းကို ချိုးဂမုန်းဟုခေါ်၍ နေကြပါသည်။ တခြားစီဖြစ်၍ ပြောက်ကလေးဂမုန်းက နွေအခါမှာ အရိပ်တွင် ရေလောင်းထားက စည်ကား၍နေပါသည်။

တစ်နေ့တော့ အညာသားဆရာတစ်ဦးက ချိုးဂမုန်း လာ၍တောင်းသဖြင့် "ဘာလုပ်ဖို့လဲ" ဟုမေးမြန်းရာ "မီးယပ်ဆေးဖော်ရန်" ဟု ပြောပါသည်။ မြန်မာဆေးဆရာကြီးများမှာ အညာသားများက များပါသည်။ မြန်မာဆေးစွမ်းကောင်းနည်းများမှာလည်း ကျွန်တော်တို့ အထက်အညာ

က အစပြု၍လာသည်က များသည်ဟု ထင်မိပါသည်။

"တခြားအညာဆရာတွေက သူငယ်နာဆေးအတွက် ချိုးဂမုန်း လာတောင်းကြတယ်။ ဆရာကျတော့ မီးယပ်ဆေးအတွက် လာတောင်း တယ်" ဟု ကျွန်တော်က ပြောဆိုမိပါသည်။

"ခင်ဗျားမှတ်ထား။ မီးယပ်ဆေးမှန်လျှင် ဆေးပူချည်းပဲ။ ချိုးဂမုန်း ဥဟာ အလွန်ပူတယ်။ မိန်းမများ မီးဖွားချိန် မီးမကင်ဆေးမှာ ချိုးဂမုန်းဥ ထက် စွမ်းတဲ့ဆေးမရှိဘူး" ဟု ပြောသည်ကို ဗဟုသုတအဖြစ် မှတ်ထား လိုက်ခြင်းဖြစ်၍ မစမ်းသပ်ဖူးပါ။ မှန်သည့်အတိုင်းပြောရလျှင် ကျွန်တော် တို့ ရောဂါတစ်ခုခုဖြစ်လျှင် ဆရာဝန်ထံ ဆေးထိုးလိုက်ခြင်းသာ ဖြစ်ပါ သည်။

ချိုးဂမုန်းပင်မှာ ကျွန်တော် သုတေသနပြုလုပ်၍ ရသမျှတော့ ဆေးဖက်ဝင်ခြင်းသာဖြစ်ပါသည်။ တခြားလာဘ်လာဘများခြင်း၊ စီးပွား တိုးတက်ခြင်းအကြောင်းများကိုတော့ လေ့လာ၍မရပါ။ ကျွန်တော် ကြား ဖူးသမျှသာ ရေးရခြင်းဖြစ်၍ ကျွန်တော်မသိရသော တန်ခိုးသတ္တိများရှိ ပေဦးမည်။

ယခုဂမုန်းပရိသတ်များအတွက်မှာ "ရေကို သမ္ဘူဒ္ဓေ ကိုးခေါက် ရွတ်ပြီး ပြောက်ကလေးဂမုန်းကိုလောင်းရင် ငွေရတတ်တယ်" ဆိုသော စကားလောက် စိတ်ဝင်စားကြမည်မဟုတ်သော်လည်း အညာက မြန်မာ ဆေးဆရာများအတွက်မူ ချိုးဂမုန်းကို အမြတ်တနိုးစိုက်ပျိုး၍ ထားတတ် ကြပါတော့သည်။

●

## (၃) ငုံးဂမုန်း

ငုံးဂမုန်းအကြောင်းများစွာ ရေးရန်မရှိလှပါ။ ဂမုန်းမိတ်ဆွေတစ်ယောက်အိမ်မှ တောင်းယူခဲ့လျက် ငုံးဂမုန်းဟု ပြောလိုက်သဖြင့် အတွဲလောကေ–သီလဂုဏော စသော ငုံးမင်းပရိတ်တော်ကို ရွတ်ဆိုလျက် ရေလောင်းပြီး စိုက်ထားလိုက်ပါသည်။

ငုံးဂမုန်းအပင်မှာ ပုပြတ်ပြတ်ဖြစ်လျက် မြေကြီးမှ များစွာမမြင့်လှပါ။ အရွက်တွေ အဖြူကလေးများ မထင်မရှားရှိပြီး တကယ့်တိရစ္ဆာန်ငုံးငှက်၏ အသွေးအရောင်ပုံသဏ္ဍာန်နှင့်တူညီပါသည်။

ချိုးဂမုန်းမှာ ချိုးနှင့်တူ၍ ငုံးဂမုန်းမှာ ငုံးနှင့်တူနေသည်ကို တွေ့ရသဖြင့် ၎င်းဂမုန်းပင်များကို ချိုးဂမုန်း ငုံးဂမုန်းဟု စတင်ခေါ်ဝေါ်ခဲ့ကြသူများကို ချီးကျူးမိပါသည်။

ချိုးအကြောင်း၊ ငုံးအကြောင်းကို သေချာစွာသိရှိပြီးဖြစ်သူများအဖို့မှာ တူညီပုံအသေးစိတ် ပိုမိုသိရှိပါမည်။ အလုံးစုံစာနှင့်ရေးပြရန် ခက်ခဲပါသည်။ ကိုယ်တိုင်စိုက်ပျိုးသူများမှ သေချာစွာ သိနိုင်မည်ဖြစ်ပါသည်။

ငုံးဂမုန်းကို စိုက်ပျိုးစဉ်က ငုံးဂမုန်းဆိုလျှင် ဝဋ္ဋသုတ်ပရိတ်တော်

များများရွှတ်ပေး၊ မီးဘေးမှ ကင်းလွတ်သောအကျိုးမျှကိုသာ ခံစားရမည်ဟု ယူဆမိပါသည်။


ငုံးဂမုန်းရောက်ပြီး မကြာမီမှာပင် ဂမုန်းပင်တွေအကြားက 'ရှီ-ရှီ-ရှီ' ဟု သုံးကြိမ်ကြားလိုက်မိပါသည်။ အတူစကားပြောနေကြသူ မိတ်ဆွေနှစ်ယောက်က "ဘာအသံလဲ" ဟု မေးကြသဖြင့် ဆင်း၍ရှာကြသော်လည်း ဘာအကောင်မှမတွေ့ရပါ။

ထို့နောက် ရက်များမှာ ပစ္စည်းဥစ္စာ လာဘ်လာဘများ ထူးထူးခြားခြား ရရှိလာသည်ကိုတော့ သတိထားမိပါသည်။ ကျွန်တော်၏စိတ်ထဲမှာ "မြွေတွန်သည်။ တွန်ပြီးမှ မြွေဟာ တခြားသို့ ထွက်သွားမည်" ဟု မှတ်ထင်နေပါသည်။

မြွေတွန်သံမှာလည်း 'ရှီ-ရှီ-ရှီ' ဟု တွန်သည်ကို သတိရ၍ "မြွေတွန်သံဖြစ်မှာပဲ။ မြွေဆိုးတော့ ဟုတ်မည်မထင်။ မြွေကောင်းဖြစ်၍ တွန်သံကြည်လင်တာပဲ။ မြွေဆိုးက အသံအတတနေတယ်" ဟု စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေပါသည်။

ဂမုန်းပင်လာကြည့်သူ ပရိသတ်တစ်ဦးက "ငုံးဂမုန်းစိုက်ထားတဲ့အိမ်မှာ ငုံးတွန်သံကြားပြီး ပစ္စည်းဥစ္စာတိုးတက်လာတယ်" ဟု ပြောသွားကြောင်းနှင့် တခြားမိတ်ဆွေတစ်ယောက်မှာလည်း အလုပ်အကိုင် အဆင်မပြေဘဲဖြစ်နေချိန်တွင် မိတ်ဆွေတစ်ဦးက ငုံးဂမုန်းပင် လာပေး၍ ကောင်းမွန်စွာ စိုက်ပျိုးထားလိုက်ရာ များမကြာမီ ငုံးတွန်သံကြားရပြီး အလုပ်အကိုင်ဟန်ကျလာသဖြင့် ယခုအခါ အိမ်သစ်ဆောက်လုပ်နေကြောင်း ကျွန်တော့်ဇနီးဆရာမက ဆီး၍ပြောပါသည်။ ဆရာမ ပြောမှ ကျွန်တော်တို့ကြားရသော 'ရှီ-ရှီ-ရှီ' ဟူသောအသံကို ပြန်လည်သတိရမိပါသည်။

"ဟာ... တို့တစ်လောကကြားရတဲ့အသံဟာ ငုံးတွန်တဲ့အသံနဲ့



ငုံးဂမုန်း

တူတယ်။ ငုံးဂမုန်းထားတဲ့ ထောင့်ဆီက ထွက်လာတဲ့အသံပဲ" ဟု ပြောမိပါသည်။

စိတ်ထဲမှာ ငယ်စဉ်ကကြားဖူးသည့် ငုံးတွန်သံကို သတိရလာပါသည်။ ငယ်စဉ်က အထက်အညာတောရွာမှာ နွားကျောင်းရင်း၊ တလင်းစောင့်ရင်း ငုံးတွန်သံ၊ မြွေတွန်သံ၊ ချိုးကူသံတို့မှာ ကြားရလွန်း၍ အားလုံးကျက်မိနေပါလျက်နှင့် အထက်အညာတောရွာက ခွဲခွာခဲ့သည်မှာ ကြာပြီဖြစ်၍ မြွေသံ ငုံးသံကိုပင် မမှတ်မိတော့ပါလားဟု စဉ်းစားရင်း အထက်အညာ တောရွာဒေသတွင် ယခုတိုင် အသက်ရှင်လျက်ရှိသေးသော မိဘနှစ်ပါးနှင့် ဆွေမျိုးများကို သတိရမိပါတော့သည်။

## (၅) ဂမုန်းပလ္လင်ဆင့် အဖြူ-အနီ

ဂမုန်းပလ္လင်ဆင့်မှာ အဖြူအနီနှစ်မျိုးရှိရာ အနီပင်မှာ ရပ်ကွက်တိုင်းလိုလို စိုက်သူများသဖြင့် အတွေ့ရများသလောက် အဖြူပင်မှာ စိုက်ပျိုးပြုစုသူနည်းသဖြင့် အတွေ့ရနည်းလှပါသည်။

အဖြူပင်မှာ ဇောဓိဂမုန်းနှင့် အပင်ပုံသဏ္ဍာန် အရွက်ပုံသဏ္ဍာန်တူသဖြင့် ဇောဓိဂမုန်းဟု မှတ်ထင်တတ်ပါသည်။ ဇောဓိဂမုန်းမှာ ညောင်ရွက်ပုံသဏ္ဍာန် အရိုးပုလျက် မကြာမီစည်ကားလွယ်ပြီး မကြာမီ အရွက်တွေ ကျတတ်ပါသည်။ ဂမုန်းပလ္လင်ဆင့်အဖြူမှာ အရွက်အရိုးတံမာလျက် နွေရောမိုးပါ စည်ကားဝေဆာ၍ နေတတ်ပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေအိမ်မှာ အနီပင်ကိုတွေ့သဖြင့် “ဒီဂမုန်းပင်ဟာ တယ်လှပါလား။ ကျက်သရေလည်းရှိတယ်။ ဘာဂမုန်းခေါ်သလဲ ကျွန်တော့်ကို တစ်ပင်ပေးပါ” ဟု တောင်း၍လာခဲ့ပါသည်။

“စစ်တုန်အနီလို့ခေါ်တယ်။ စစ်တိုက်ရာမှာ စစ်တောင်တုန်ရလို့ စစ်တုန်ခေါ်တယ်ပြောကြတာပဲ။ ယူသွားပါ” ဟု ပေးလိုက်သဖြင့် အနီပင်ကိုယူလာပြီး စိုက်ထားလိုက်ပါသည်။ ဥတော့မရှိပါ။ အမြစ်ကိုနမ်း

ကြည့်လျှင် သင်းပျံ့ပျံ့ကလေးမွှေးလျက် အပင်အနေအထားမှာ ပုံတွင် မြင်ရသည့်အတိုင်း နီနီရဲရဲ ဝေဝေဆာဆာ အတော်ကို လှပစွာ ကျက်သရေရှိလှပါသည်။

အနီပင်စိုက်၍ ခြောက်လလောက်ကြာမှ ၎င်းဂမုန်းမိတ်ဆွေ၏ အိမ်မှပင် အဖြူပင်ကို ထပ်မံရရှိခဲ့ပါသည်။ အဖြူပင် အတော်မြင့်နေသဖြင့် ဖြတ်ပြီး ပြန်စိုက်ထားလိုက်ရာ အငုတ်က မြေပေါ်မှာ လက်နှစ်သစ်ခန့် ပေါ်၍ ကျန်ရှိနေပါသည်။

ထိုစဉ်က ဂမုန်းပင်ကိုဖြတ်ပြီး မစိုက်ကောင်းမှန်း မသိသေးပါ။ ဖြတ်ပြီး မစိုက်ကောင်းဟု ဆရာကြီး အမိန့်ရှိသွားသည်မှာ မကြာသေးမီ တစ်လအတွင်းလောက်ကပင် ဖြစ်ပါသည်။

အနီပင်ရော အဖြူပင်ပါ တောင်းသမျှမိတ်ဆွေများကို ပေးလာခဲ့သည်မှာ ခုနစ်ပင်ခန့်စီရှိပြီဖြစ်ပါသည်။

တစ်နေ့တွင် အလွန်ရင်းနှီးလှသည့် မိတ်ဆွေတစ်ယောက်က အဖြူရော အနီပါ တစ်စုံတောင်းသဖြင့် အနီအပင်ကလေးကို ပေးလိုက်ပြီး အဖြူပင်မှာ အပင်ပွားမရှိသောကြောင့် အငုတ်ကလေးကို ဖြတ်၍ပေးလိုက်ရာ ယခုနှစ်တက်ပေါက်နေသည်ဟု လာရောက်ပြောဆိုပါသည်။

အဖြူပင်ကိုဖြတ်ပြီး ပြန်စိုက်ချိန်မှစ၍ ညမအိပ်ခင် ပရိတ်ရွတ်ချိန်မှာ ဂမုန်းပင်တွေဆီမှ အမွှေးနံ့များ ကြိုင်နေအောင် ထွက်၍နေပါသည်။

"ဘယ်ဂမုန်းပင်က ပွင့်နေလို့ မွှေးတာလဲ" ဟု ဂမုန်းပင်များအတွင်းဝင်ပြီး အပွင့်တွေကို အနံ့ခံကြည့်သော်လည်း ဘယ်ဂမုန်းပွင့်က မွှေးသည့်အနံ့မျိုးနှင့်မှ မတူသောအနံ့ဖြစ်၍ ကျွန်တော်ရော၊ ကျွန်တော်၏ ဇနီး·ဆရာမပါ လက်လျှော့ပြီး ဆက်၍ အနံ့မခံတော့ဘဲ "နတ်တွေက အမွှေးနံ့ပေးတာလား" ဟု ပြောဆိုမိပါသည်။

ပြောသာပြောရသည်။ "တစ်နေရာရာက မွှေးနေတာဖြစ်မှာပဲ။



ဂမုန်းပလ္လင်ဆင့် အဖြူ

နတ်က ငါ့ကို ဘာလို့ အမွှေးနံ့ပေးရမှာလဲ" ဟူသောစိတ်ကတော့ ခိုင်မြဲလျက်ပင်ရှိပါသည်။

မိတ်ဆွေကို အဖြူငုတ်မှ ဖြတ်ပေးရင်း အမွှေးနံ့ ပေါ်လာသဖြင့် အငုတ်ပိုင်းကလေးကို အမှတ်မထင် နမ်း၍ကြည့်လိုက်ရာ မွှေးကြိုင်နေပါသည်။ ကျွန်တော်နှင့် ကျွန်တော်၏ဇနီးဆရာမတို့ ညစဉ်မွှေး၍ ညစဉ်လိုက်စုံစမ်းနေသော အမွှေးပိုင်ရှင်ကို တွေ့ရပါသည်။

ဂမုန်းပင်တောင်းနေသော ဂမုန်းမိတ်ဆွေကို "နမ်းကြည့်စမ်းပါ၊ မွှေးလိုက်တာ ကြိုင်နေတာပဲ" ဟုပြောရာ မိတ်ဆွေက နမ်းကြည့်ပြီး ဝမ်းသာအားရနှင့် "ဟုတ်တယ်ဆရာ၊ မွှေးလိုက်တာ။ ကျွန်တော် ခေါင်းမူးနေတာ ပျောက်သွားတာပဲ" ဟု ပြောပြပါသည်။ ကျွန်တော်နှင့်ဆရာမတို့ ညစဉ်မွှေးနေကျအမွှေးနံ့အတိုင်း တထေဝပင်ဖြစ်ပါသည်။

ကျွန်တော် ယူခဲ့စဉ်အခါကလည်း စစ်တုန်အဖြူ–စစ်တုန်အနီ အမှတ်ဖြင့်ယူခဲ့လျက် ကျွန်တော်က ပေးသောအခါမှာလည်း စစ်တုန် အဖြူ–စစ်တုန်အနီဟူသောအမှတ်ဖြင့်ပင် ပေးခဲ့ပါသည်။ ကျွန်တော်၏ စိတ်မှာ စစ်တုန်အနီအမြစ်၏အနံ့သင်းသင်းကလေးမျှလိုပင် အဖြူမှာ လည်း မွှေးလိမ့်မည်ဟု ထင်ခဲ့ရာမှ အဖြူပင်က အတော်ပိုမိုမွှေးကြိုင်နေ သည်ကို တွေ့ရှိရသောအခါ ၎င်းဂမုန်းပင်အကြောင်းကို အတော်စိတ်ဝင် စားနေမိပါသည်။

"ဒီအပင်နှစ်ပင်ဟာ တန်ခိုးကြီးတဲ့အပင်နှစ်ပင်ပဲ။ ဘယ်ဘက်က တန်ခိုးကြီးမယ်လဲ အသေအချာမသိဘူး။ အခုနေအခါ ငါ အလေးဂရု ပြုထားတဲ့ ဆရာကြီးသုံးပါးထဲက တစ်ပါးပါးကြွရောက်လာလျှင် ကောင်း မှာပဲ။ လာလျှင် ဒီဂမုန်းနှစ်ပင်အကြောင်း မေးမြန်းမယ်" ဟု တွေးတော

ဂမုန်းပလ္လင်ဆင့်အနီ



မိပါသည်။

တိုက်ဆိုင်လိုက်ပုံမှာ နောက်တစ်နေ့တွင် ကျွန်တော်၏ဆရာကြီး သုံးပါးအနက်မှ အထူးလေးစားအားထားသည့် ငယ်ဆရာ မန္တလေး တောင်နေ ဆရာအောင် ကြွရောက်လာပါတော့သည်။

"ကျွန်တော် ဆရာ့ကို တွေ့ချင်နေတုန်း ဆရာ ရောက်လာတာ ဝမ်းသာလိုက်တာ ဆရာ" ဟု ပြောမိပါသည်။

"တပည့်တွေ့ချင်တာ ဂမုန်းအကြောင်းမေးချင်လို့ မဟုတ်လား" ဟု ပြောဆိုပြီး "တပည့်အိမ်မှာရှိတဲ့ ဂမုန်းပင်တွေဟာ ဆရာနဲ့ တပည့် ဖိုးဝန်းတောင် အလောင်းတော်ကဿပ စတဲ့ဘုရားတွေ လျှောက်ဖူးတုန်း က တပည့် တွေ့ဖူး မြင်ဖူးပြီးသားတွေဖြစ်တယ်။ တပည့်ဟာ ဆရာနဲ့ လိုက်နေချိန်တုန်းက ကျောင်းသားအရွယ်ဆိုတော့ လိုချင်ရမှန်းလည်း မသိ၊ ဂမုန်းမှန်းလည်း မသိတဲ့အချိန်ဖြစ်ခဲ့တယ်။ အဲဒီတုန်းက တပည့် ဟာ ဆရာ့ကို ချစ်ခင်လို့လိုက်နေတယ်။ ဆရာကလည်း တပည့်ကို ဉာဏ်ကောင်းလို့၊ သတ္တိကောင်းလို့ မကြောက်မရွံ့တတ်တဲ့ကလေး၊ အပေအတေ အဆင်းအရဲ အငတ်အပြတ်ခံနိုင်တဲ့ ကလေးပဲဆိုပြီး ချစ် ခင်လို့ ခေါ်ခေါ်သွားတယ်။ တပည့်ရဲ့မိဘတွေကလည်း ဆရာနဲ့ဆိုလျှင် စိတ်ချပြီး ထည့်ခဲ့ကြတယ်။

အခုတော့ တပည့်ဟာ ဂမုန်းပင်တွေအကြောင်း သိချင်ပြီး ထူး ခြားတဲ့ ဂမုန်းပင်တွေကို လိုချင်နေပြီ။ ဒါပေမဲ့ ဆရာနဲ့ မလိုက်နိုင်တော့ ဘူး။ တစ်နေ့ခရီးကိုတောင် မလိုက်နိုင်တော့ဘူး။ တပည့်ရဲ့ဇနီးကလည်း မလွှတ်ချင်တော့ဘူး။ တပည့်ဟာ ကိုယ့်မိဘထံကိုတောင် မပြန်နိုင်တော့ ဘူး။ သံယောဇဉ်တရားဆိုတာ ဒီလိုပဲတပည့်။ ဆရာဟာလည်း တပည့် အပေါ်မှာ သံယောဇဉ်မကင်းလို့ ရောက်ရောက်ပြီးလာခဲ့တယ်။ တပည့် အိမ်မှာ ယခုလို လွယ်လွယ်ကူကူနဲ့ ဂမုန်းပင်အတော်များများရရှိနေတာ

လည်း တပည့်ငယ်စဉ်အခါက ဆရာနဲ့အတူ ဂမုန်းပင်၊ ဂမုန်းဥတွေကို လိုက်ရှာခဲ့ဖူးတဲ့ အကြောင်းတရားကြောင့်ဖြစ်တယ်" ဟု လေးစားစွာ ပြောပြပါသည်။

"ဆရာပြောတာ မှန်တာချည်းပါပဲ။ ကျွန်တော် အခု လိုက်ခဲ့ချင်စိတ်တောင် ပေါ်လာမိပါတယ်။ ဟိုတုန်းကတည်းက ဆရာနဲ့အတူနေရလျှင် အလွန်ကြည်လင်ပျော်ရွှင်ခဲ့ပါတယ်။ တစ်ခါတစ်ခါ ပျင်းလျှင် ဆရာနဲ့ သွားခဲ့ လည်ခဲ့တဲ့ မြန်မာပြည်အနှံ့အပြားနေရာတွေကိုတွေးပြီး ဖြေရပါတယ်။

တစ်နေ့တော့ ကျွန်တော်လည်း သံယောဇဉ်တွေဖြတ်မှာပေါ့ ဆရာရယ်။ အခုတော့ ဟောဒီ ကျွန်တော် စစ်တုန်အဖြူ အနီခေါ်နေတဲ့ ဂမုန်းနှစ်ပင်ရဲ့အစီရင်ကို အမိန့်ရှိခဲ့ပါဦး" ဟု ရိုသေစွာ တောင်းပန်မိပါသည်။

"အေးကွယ် လူတွေ ယူဆနေကြတာကတလွဲ၊ တန်ခိုးသတ္တိရှိတာက တစ်မျိုးဖြစ်နေတယ်။ လူတွေက စစ်တောင်တုန်ရတယ်ဆိုပြီး စစ်တုန်ခေါ်လျက် အကာအကွယ် အမြောက် စိန်ပြောင်း ကင်းလွတ်တယ်လို့ ယူဆနေကြတယ်။

"သူ့မှာ အမှန်တန်ခိုးရှိတာက မုန်းနေတဲ့လူတွေက ချစ်ခင်လာအောင် လုပ်နိုင်တဲ့ တန်ခိုးရှိတယ်။ ချစ်နေပြီးလူကိုလည်း ပိုမိုချစ်ခင်အောင် လုပ်နိုင်တယ်။ ပစ္စည်းဥစ္စာ လာဘ်လာဘလည်း များနိုင်ပါတယ်။ ဒါပေမဲ့ ပစ္စည်းဥစ္စာလာဘ်လာဘများတာထက် ချစ်ခင်သူပေါများတဲ့ တန်ခိုးက ပိုများတယ်။ တို့ဖိုးဝန်းတောင်သွားတုန်းက ကွန်းစဉ်တိုင် ဘုရားနားက ချောက်ထဲမှာရတဲ့ ဂမုန်းပေါ့။ ဂမုန်းပလ္လင်ဆင့်လို့ ခေါ်တယ်။ ဒီအတိုင်းစိုက်ထားပါ။ ပြီးတော့...

ဖော်မိတ္တံ၊ ဟိတံပုညံ၊ ယထာ ယာစိကတံဖလံ၊

ဗေဟိနန္ဒာပိယာပုတ္တာ၊ ပိယာ သိရီပိယာပိယာ။ ဩြောင်း
သုဝဏ္ဏံ ဟရဒ္ဒေဖလံ၊ ဩြောင်းကာယမနသိမာမတ္တာယ၊
သဟာသ ပရိဝါရာယ၊ ဝိသာခါယ၊ ဇောဓိသတ္တာယ၊
သဗ္ဗနဂရေ၊ သဗ္ဗဂါမေ၊ သဗ္ဗေဂေဟေ၊ သဗ္ဗဇနာနံ၊
သဗ္ဗလာဘမိတ္တံ ဘဝန္တု၊ မမသ္တိကေ ဗေဟိ ဗေဟိ။

"အဲဒီဂါထာတော်ကို ၃၇ အုပ်ရွတ်ပြီး ရေလောင်းပေးလျှင် ချစ်ခင်သူပေါများခြင်းနဲ့ လာဘ်လာဘပေါများခြင်းဆိုတဲ့အကျိုးတော့ လက်ငင်းခံစားရမယ်။ အဲဒီအဖြူအမြစ်နဲ့ အနီအမြစ်နှစ်ခုကို အမှုန့်ပြုပြီး အတောင့်လုပ် ဗေဟိမိတ္တံဂါထာကို ၁၀၀၀ စုတ်၊ လင်မယားကွဲနေတာတွေ တစ်ယောက်က ပြန်ပေါင်းရအောင်လုပ်ပေးပါဟုလာခိုင်းလျှင် အဲဒီဆေးကိုပေးလိုက်။ နှုတ်ခမ်းမှာသုတ်ပြီး အပြောခိုင်းပေါ့ကွာ။

တပည့်လည်း ငယ်ငယ်တုန်းက ဆရာ့ရဲ့နောက်ကို လိုက်နေဖူးသားပဲ။ အသေးစိတ်အသုံးချပုံတွေတော့ ဉာဏ်ရှိသမျှ သုံးရစ်ပေတော့။ အဲဒီဂမုန်းပလ္လင်ဆင့်အဖြူအနီဆိုတဲ့ နာမည်ဟာ ဆရာမှည့်တဲ့နာမည် မဟုတ်ဘူး။ ရှေးဆရာတော်ကြီးများ အစဉ်ဆက်ခေါ်လာကြတဲ့ နာမည်ဖြစ်တယ်။

"ယခုလည်း တို့အထက်မြန်မာပြည် မန္တလေးမှာတော့ ဆရာတော်တွေဟာ ဂမုန်းပလ္လင်ဆင့်လို့ပဲ ခေါ်ကြတယ်။ စကားစပ်မိလို့ ပြောပြရဦးမယ်။ တို့အထက်အညာ မုံရွာနယ်က ရွာတစ်ရွာမှ ဆရာတော်တစ်ပါးဟာ ချုံပုတ်တွေထဲမှာ တဲကုပ်ကလေးနဲ့ ကျောင်းထိုင်နေရာက အဲဒီဂမုန်းပလ္လင်ဆင့် အဖြူအနီအပင်စိုက်ပြီး ဗေဟိမိတ္တံဂါထာ ၃၇ ခေါက်ရွတ်ပြီး ရေလောင်းလိုက်တာ ၃ နှစ်အတွင်း အုတ်တိုက်ကျောင်းကြီးဖြစ်လာတယ်။

"သူဖြစ်ချိန်နဲ့ တိုက်ဆိုင်လို့လည်း ဖြစ်နိုင်တာပေါ့။ ရဟန်းတော်

တစ်ပါးအနေနဲ့တော့ ဝိနည်းဒေသနာတော်အရ မလုပ်သင့် မလုပ်အပ် မလုပ်ထိုက်ဘူးပေါ့ကွယ်။ တပည့်တို့လို လူပုဂ္ဂိုလ်အနေနဲ့တော့ အကုသိုလ်လို့ မဆိုနိုင်ပါဘူး။ ချစ်အောင်ခင်အောင်လုပ်တာဟာ လုပ်ကောင်းပါတယ်။ ဘုရားဟောထားတဲ့ အပြစ်ရှိတဲ့အလုပ်မှန်သမျှ ရှောင်ရှားရစ်ပေတော့" ဟု ဩဝါဒများပေးပြီး ပြန်ကြွသွားပါသည်။

ဆရာပြန်ကြွသွားပြီးတဲ့နောက် ဇဟိမိတ္တံ ၃၇ ခေါက်ရွတ်ပြီး ရေလောင်း၍ စမ်းကြည့်မိပါသည်။ ကျွန်တော်၏အပေါ်ကို အလိုလိုနေရင်း မျက်မုန်းကျိုးပြီး ရန်လုပ်နေကြသောသူများမှာ မျက်နှာတစ်မျိုးဖြစ်လာကြပြီး ခေါ်ခေါ်ပြောပြော ရောရောဝင်ဝင် ကြင်ကြင်နာနာ ဖြစ်လာကြသည်ကို တွေ့ကြုံရပါသည်။

၎င်းဂမုန်းပလ္လင်ဆင့်အဖြူအနီ နှစ်ပင်ကို နေရာကောင်းကောင်းမှာ များစွာပြုစု၍ထားပါသည်။ ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးကို ကျေးဇူးတင်ပုံမှာ ပြောဖွယ်ရာမရှိတော့ပါ။ မမြတ်သော်လည်း မရှုံးစေနှင့်၊ မချစ်သော်လည်း မမုန်းစေနှင့်ဆိုသောစကားပုံကို အလိုလိုနေရင်း အမုန်းခံနေရသည့်ဘဝက လွတ်မြောက်သွားသောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်၏စိတ်ရင်းဆန္ဒမှာ လူမုန်းလျှင် ရန်သူမရှိ။ အားလုံးမိတ်ဆွေချည်းဖြစ်လိုသဖြင့် အရာရာမှာ သည်းခံနိုင်သမျှခံပြီး အနစ်နာခံနိုင်သမျှခံ၍ ပေါင်းသင်းတတ်သူဖြစ်ပါသည်။ အနေအထိုင် အပြောအဆိုမှစ၍ သတိထားနိုင်သမျှထားပြီး ထိန်းသိမ်း၍နေပါလျက် ရန်သူလိုသဘောထားနေကြသော ထိုသူများက ပြုံးပြုံးရွှင်ရွှင် ခင်ခင်မင်မင်ဖြစ်လာခြင်းသည် အတော်အရသာရှိကြောင်းကို ကိုယ်တွေ့ခံစားရပါတော့သည်။

မကြာမကြာဆိုသလို အနည်းဆုံး တစ်ပတ်တစ်ခါလောက်တော့

ဗောဓိမိတ္တံဂါထာ ၃၇ ခေါက်ရွတ်၍ ရေလောင်းပါသည်။ မုန်းသည့်လူတွေ ပျောက်ကွယ်သွားပြီး မိတ်ဆွေတွေ လာလိုက်သည်ကိုတော့ ပြောလျှင် ရေးလျှင် စာဖတ်သူများ ယုံနိုင်ဖွယ်ရာပင်မရှိဟု ထင်ပါသည်။

စနေနေ့ ညနေနှင့် တနင်္ဂနွေနေ့များမှာ မိတ်ဆွေတွေဆုံကျနေလို့ လူစုံအောင် အတော်စကားပြောယူရပါသည်။ စနေနေ့ညနေသော်လည်းကောင်း၊ တနင်္ဂနွေနေ့သော်လည်းကောင်း၊ ဘိုင်စကုတ်ကြည့်ရှုနေကျဖြစ်သော်လည်း မိတ်ဆွေများကိုငဲ့ပြီး ကျွန်တော် လုံးဝမကြည့်တော့ဘဲ ဆရာမတို့သားအမိကိုသာ လွှတ်ရပါတော့သည်။

ဆရာနည်းပေးသွားသည့် အဖြူမြစ် အနီမြစ် နှစ်ခုပေါင်း ဆေးတောင့်လုပ်၊ ဗောဓိမိတ္တံဂါထာ ၁၀၀၀ စုတ်ဆိုသော စီရင်နည်းကို ယခုထိ မလုပ်ရသေးပါ။ အပင်ကို ၃၇ ခေါက်ရွတ်၍ ရေလောင်းရုံနဲ့ ဒါလောက် ပရိသတ်များနေလျှင် ၁၀၀၀ သာရွတ်လိုက်ရလျှင် မတွေးရအောင်ပင် ဖြစ်ပါသည်။

စနေ၊ တနင်္ဂနွေသာ မဟုတ်ပါ။ တခြားနေ့များမှာ ရုံးမသွားခင် လာသူနှင့် ရုံးမပြန်ခင် အိမ်မှာစောင့်နေသူများ ပြတ်လှသည်မရှိပါ။ တနင်္ဂနွေတစ်နေ့လောက် ကျွန်တော်၏အိမ်ကိုလာကြည့်လျှင် မိတ်ဆွေ ဘယ်လောက်များကြောင်း သိရှိနိုင်ကြမည်ဖြစ်ပါသည်။

၎င်းဂမုန်းနှစ်ပင်ကို ၎င်းဂါထာရွတ်ပြီး ရေလောင်းသည့်အချိန်နှင့် မိတ်ဆွေတွေ လာရောက်မည့်အချိန် တိုက်ဆိုင်လို့ပင် ဖြစ်မည်ထင်ပါသည်။ တိုက်ဆိုင်သည်မှာ များလွန်းလှ၍ ၎င်းဂမုန်းနှစ်ပင်အကြောင်း ရေးသားတင်ပြလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

●

## (၆) ဂမုန်းနီ

ဂမုန်းနီဟုဆိုသဖြင့် ရှေးရေးဂမုန်းကျမ်းတွေမှာ ပါရှိသည့် 'ဂမုန်းနီကား အရွက် အပွင့် အရိုး အမြစ် ဥ– ပဥ္စငါးပါးနီသည်' ဆိုသော ဂမုန်းနီအစစ်မဟုတ်ပါ။ အစစ်ကို မရသေးသဖြင့် သစ်မရခင် စပ်ကြားဝါးကို ပေါင်းကွပ်ဆိုသောစကားပုံအတိုင်း ဂမုန်းနီအစစ်မရသေးခင် ယခုပုံတွင် ဖော်ပြထားသော ကြက်သွေးရောင်ဂမုန်းကိုပင် ဂမုန်းနီအမည်ဖြင့် စိုက်ပျိုးပြုစုနေရခြင်းဖြစ်ပါသည်။

ပဥ္စငါးပါးနီဖို့ကိုမဆိုထားဘိ၊ ဧကတစ်ပါးအရွက်မှာတောင် တစ်ရွက်လုံးမနီ။ ကျောရိုးမှာသာနီပါသည်။ နွေအချိန်မှာ အရွက်များကျပြီး မိုးဦးကျလျှင် ဥနေရာမှ နီနီအပွင့်ကလေး ပွင့်လာပြီးမှ အရွက်ထွက်လာပါသည်။ အရွက်မှာ ရှည်ရှည်ချွန်ချွန် ခပ်ပျော့ပျော့ ခပ်ဖားဖားဖြစ်ပါသည်။ ၎င်းကို တန်ခိုးကြီးသောဂမုန်းများတွင် ထည့်သွင်းဖော်ပြရခြင်းမှာ မိုးဦးကျသောအခါ ၎င်းအိုးမှ အပင်ပေါ်ပေါက်ချင်မှ ပေါ်ပေါက်ပါသည်။ တစ်ခါတစ်ခါ ၂ နှစ်၊ ၃ နှစ်ကြာအောင် မပေါ်ပေါက်ဘဲ နေတတ်ပါသည်။ အိုးထဲရှိ မြေကြီးကို လက်ဖြင့်ယက်၍

ကြည့်သောအခါ ဥများပါ ပျောက်ဆုံးနေသဖြင့် သေသွားပြီ၊ ဆွေးသွားပြီ၊ မရှိတော့ဘူးဟု အောက်မေ့လျက် ၎င်းအိုးထဲတွင် အခြားဂမုန်းပင်တစ်ခုခုကို စိုက်၍ထားမိပါသည်။ သုံးနှစ်ခန့်ကြာမှ ၎င်း၏အိုးထဲတွင် ပြန်၍ပေါ်ပေါက်လာသဖြင့် နောက်ထပ်စိုက်ထားသည့် ဂမုန်းပင်ကို တခြားသို့ ရွှေ့ပြောင်းရပါတော့သည်။

ထူးတော့ အတော်ထူးပါသည်။ တချို့က ဂမုန်းတောင်ကို ဂမုန်းအစည်းအဝေးတက်သည်၊ တချို့က ကိုယ်ပျောက်ဂမုန်းမို့ ကိုယ်ဖျောက်ထားသည်ဟု ပြောကြပါသည်။

"အစည်းအဝေးကိုတက်လျှင် ၃ နှစ်တောင်ကြာအောင် စည်းဝေးနေရတာ ဒီဂမုန်းတွေဟာ ဘာတွေအဆိုသွင်း၊ ဘာတွေထောက်ခံ၊ ဘာတွေငြင်းခုံပြီး ဘာတွေဆုံးဖြတ်နေကြလို့ ဒါလောက်တောင် ကြာနေရတာလဲ။ ကုလားထိုင်လုနေကြလို့များလား" ဟု စဉ်းစားမိပါသည်။

"သုံးနှစ်ကြာအောင် ကိုယ်ဖျောက်ထားတာကလည်း ဘာလို့ဖျောက်ထားရတာလဲ။ ဒီဂမုန်းပင်ကို ရရှိစအချိန်ကပင် တန်ခိုးကြီးမှန်းရိပ်မိသိရှိခဲ့သဖြင့် တရိုတသေ အမြတ်တနိုး စိုက်ပျိုးပြုစုထားပါလျက် ဘာအကြောင်းကြောင့်များ လူမြင်မခံဘဲ ကိုယ်ဖျောက်ထားရတာလဲ။ တခြားလူကြိုက်များ၍ လိုက်ခိုးနေကြသော ဂမုန်းတွေနဲ့ရောပြီး ခိုးရာပါသွားမှာစိုးလို့များလား" ဟု စဉ်းစား၍မရအောင်ရှိပါသည်။

အထက်ပါအကြောင်းများတို့ထက် ထူးခြားချက်တစ်ခုက တချို့ဂမုန်းပင်များ စိုက်ပျိုးပြုစုသောအိမ်များမှာ အမှတ်မထင် ၎င်းဂမုန်းနီပင်ကို တွေ့ရှိတတ်ခြင်းပင်ဖြစ်ပါသည်။

"ခင်ဗျားတို့ ဒီဂမုန်းပင်ဟာ ဘယ်ကရသလဲ" ဟုမေးကြည့်မိရာ "ဘယ်ကရမှန်းမသိဘူး။ ဘာဂမုန်းပင်မှန်းလည်းမသိဘူး။ အလိုလိုနေရင်း အပွင့်ကလေးတွေပွင့်ပြီး အရွက်တွေပေါက်လာတာပဲ။ ဆရာလာမှ



ဂမုန်းနီ

မေးကြည့်ရအောင် ဆရာ့ကိုစောင့်နေတယ်” ဟု ပြောပါသည်။

“ဘယ်သူမှမစိုက်တဲ့နေရာမှာ ဘာလို့ လာပြီးပေါက်နေ ပွင့်နေရတာလဲ။ ဂမုန်းအဖော်အပေါင်းတွေများလို့ လာလည်တာလား” ဟု စဉ်းစားလေ၊ စဉ်းစားမရလေဖြစ်၍နေရပါတော့သည်။

●

## (၇) ဂမုန်းနက်

တစ်နေ့သော မိုးရွာပြီးခါစအချိန်တွင် ကျွန်တော် ရုံးကပြန်ရင်း ဂမုန်းမိတ်ဆွေ၏အိမ်သို့ဝင်ရာ လူသွားလမ်းဘေးတွင် ဖြူဖြူအပွင့် ကလေးတွေနှင့် မည်းမည်းအငုတ်အစို့ကလေးတွေကို တွေ့ရပါသည်။

"ဒါတွေ ဘာပင်တွေလဲဗျ" ဟု ကျွန်တော်က မေးသောအခါ "ဂမုန်းနက်ပင်ဆရာ။ သူကလည်း ဂမုန်းအနီပင်လိုပဲ။ ပျောက်ချင်တဲ့ အခါ ပျောက်သွားပြီး ယခုလိုပြန်ပေါ်လာချင်တဲ့အခါ ပြန်၍ပေါ်လာ တတ်တယ်" ဟုပြောပါသည်။

"ပွင့်ပုံကတော့ အနီပွင့်သလို ဥကထွက်ပွင့်ပြီး အရွက်အစို့ထွက် ပုံချင်းလည်းတူတယ်။ ဒါပေမဲ့ အနီပင်က အနီရောင်အပွင့်ကလေးပွင့် ပြီး အနက်ပင်မှာ အနက်ရောင်အပွင့်ကလေးပွင့်လိုက်ရင် ပိုမိုသဘာဝ ကျမယ်။ အနက်ပင်က အဖြူပွင့်ပြီး ဂမုန်းနက်လို့ခေါ်ရတာ သဘာဝ မကျလှဘူး။ ရှေးကျမ်းများမှာပါတဲ့ ဂမုန်းနက်ကတော့ ပဥ္စငါးပါးလုံး နက်ရမယ်တဲ့" ဟုပြောမိပါသည်။

"ပဥ္စငါးပါးတော့ မနက်ဘူးဆရာ။ အရွက်ကတော့ မှောင်နေတာ

ပဲ။ ဂမုန်းနက်ဟာ အာဟာရသိဒ္ဓိပြီးတယ်။ သူ့ကိုစားပြီးလျှင် ထမင်းမစားတော့ဘူးလို့ လူတွေ ပြောကြတာနဲ့ ကျွန်တော်လည်း သေတတ်တောက်တတ်မယ်တော့ မဟုတ်ပါဘူးလေလို့အောက်မေ့ပြီး အဲဒီဥကို အခြောက်လှန်း၊ အမှုန့်ပြုပြီး ပျားရည်နဲ့ ဖျော်စားဖူးတယ်" ဟု အားရပါးရပြောပြပါသည်။

ကျွန်တော်က ကိုယ်တွေ့သုတေသနပြုလုပ်ရမှ ကျေနပ်တတ်သူဖြစ်လျက် ကျွန်တော်၏ဂမုန်းမိတ်ဆွေက ကျွန်တော်၏ အလျှင် သုတေသနပြုထားသဖြင့် ၎င်းဂမုန်းနက်၏အကြောင်းကို အများကြီး စိတ်ဝင်စားလာမိပါသည်။

"အဲဒီလို ပျားရည်နဲ့စားတော့ ထမင်းမစားတော့ဘူးလား။ ခင်ဗျားမှာ ဝလည်းအတော်ဝလာတယ်။ ခင်ဗျားရဲ့မိန်းမက ရောဂါရနေလို့ ထမင်းမစားတာဘဲထင်ပြီး ဆရာခေါ်ရောလား။ ဆရာက အန်ဆေးတိုက်ပြီး အန်ဖတ်တွေ ကောက်စားသွားရောလား" ဟု ကျွန်တော်က ရယ်စရာ အရွှန်းကလေးများဖက်၍ မေးမိပါသည်။

ထိုဂမုန်းမိတ်ဆွေက မျက်နှာကို ခပ်တည်တည်ထားလျက် "ဒါဟာ ပြက်ရယ်ပြုစရာမဟုတ်ဘူးဆရာ။ ဂမုန်းအကြောင်းပြောနေတာ။ ဂမုန်းပင်ကို ကရော်ကမည်လုပ်လို့ ဒုက္ခတွေ့သွားတဲ့လူတွေ တွေ့ဖူးပေါင်းများလှပြီ" ဟုပြောလိုက်ရာ ကျွန်တော် ရယ်စရာပြောမိသည်မှာ မှားပြီဟု ထင်မိပါသည်။

"ကျွန်တော်လည်း လူတိုင်းလိုလို သိပြီးဖြစ်နေတဲ့ ဂမုန်းနက်စားပြီး အာဟာရသိဒ္ဓိပြီးတယ်ဆိုတဲ့ ကုလားပြော ပုံဟောင်းပုံဆွေးကြီးကို သတိရလာလို့ စကားမှားသွားတယ်။ သည်းခံပါ။ တကယ်အာဟာရသိဒ္ဓိပြီးသလား၊ အဆာတကယ်ခံသလား" ဟု ထပ်မံမေးမြန်းမိပါသည်။

"မှားတယ်ဆရာ၊ အားကြီးမှားတယ်။ ဆရာပြောတာ အများကြီး

ကိုမှားတယ်။ ကျွန်တော်က တကယ်ကို ဂမုန်းနက်စားထားတဲ့လူဆရာ။ ဆရာက အာဟာရသိဒ္ဓိပြီးသလား၊ အဆာခံသလားမေးတယ်။ ကျွန်တော် ဂမုန်းနက်စားပြီး ဘယ်လိုဖြစ်လာတယ်ဆိုတာ ဆရာ့ကို ပြောပြသင့် မသင့် စဉ်းစားနေတယ်” ဟု ဈေးဆွဲပြန်ပါသည်။

“ကဲ... မပြောချင်လည်း နေတော့ဗျာ ကျွန်တော်ပြန်တော့မယ်။ ကျွန်တော် သုတေသနလုပ်ထားတာတွေလည်း ခင်ဗျားကို မပြောတော့ဘူး” ဟုဆိုလျက် ပြန်မည်ပြုမိပါသည်။

မြန်မြန်ပြောအောင် ဟန်လုပ်ပြီး ပြန်မည်သာပြုလုပ်ရလျက် တကယ်တော့ မသိရသေးဘဲနှင့် မပြန်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

“စိတ်မဆိုးပါနဲ့ဆရာ၊ ပြောပါတော့မယ်။ အဲဒီဂမုန်းနက်ဥအမှုန့်တွေကို ပျားရည်နဲ့ဖျော်ပြီး တတ်သမျှ မှတ်သမျှ ဣတိပိသော သမ္ဗုဒ္ဓေ အစရှိတဲ့ဂုဏ်တော်တွေကို ရွတ်ဖတ်လိုက်သေးတယ်”

“ဒါက အရေးကြီးတာပဲ။ ရတနာသုံးပါးရဲ့ဂုဏ်တော်ကို ခင်ဗျား ထမင်းတို့ ရေတို့တောင် ရွတ်ပြီးမှစား၊ ရွတ်ပြီးမှသောက်လျှင် ပိုမိုကောင်းတယ်” ဟု ကျွန်တော်က ကြားဖြတ်၍ပြောမိပါသည်။

“အဲ... ဂမုန်းနက်ဆေးကို ကျွန်တော် တစ်ဇွန်းသောက်ပြီး အိပ်လိုက်တယ်။ အိပ်လို့ကောင်းလိုက်တာဆရာ။ တစ်ရေးမှ မနိုးဘူး။ အဲဒီထဲ အိပ်မက်ကောင်းတွေကလည်း မက်လိုက်တာ။ ဘုန်းကြီးတွေစုံနေအောင် တွေ့ရတယ်” ဟုပြောပြပြီး ရပ်နေပါသည်။

“ဆက်ပြောပါခင်ဗျာ။ နားအရသာပြတ်ပြတ်သွားတယ်။ မနက်လင်းတော့ ဘယ်လိုနေသလဲ” ဟု မေးရပြန်ပါသည်။

“မနက်လင်းအောင်တောင် မနေဘူးဆရာ။ အရုဏ်တက်တော့ နိုးပြီး ထမင်းဆာလိုက်တာ။ ဗိုက်ကိုဟာနေတာပဲ။ ပဲပြုတ်သည်လာအောင် မစောင့်နိုင်လို့ ထမင်းကြမ်းကို ထောပတ်နဲ့ အကြော်ခိုင်းပြီး



ဂမုန်းနက်

စားရတယ်။ အရသာရှိလိုက်တာ ဆရာ။ ကျွန်တော့်ရဲ့ဇနီးက ထမင်းကြမ်းကြော်တွေစားလို့ ရင်ပြည့်ပြီး ထမင်းမစားနိုင်ဘဲ နေဦးမယ်ဟု စိုးရိမ်တကြီး ပြောပြရှာတယ်။

ဘယ်ဟုတ်မလဲ၊ ထမင်းစားချိန်ကျတော့လည်း စားနိုင်တာပဲ။ ခေါက်ဆွဲသည်လာတော့လည်း ဝယ်စားတယ်၊ မုန့်ဟင်းခါးသည်လာ

တော့လည်း ဝယ်စားတယ်။ အဲဒီဂမုန်းနက်ဆေး စစားထဲက အစာမကြေတယ်ဆိုတာမရှိ၊ ဝမ်းလေမှန်ပြီး ချွေးတပြိုက်ပြိုက်နဲ့ ရေတော့များများချိုးလေကောင်းလေပဲ" ဟု ပြောပြပါသည်။

ဂမုန်းမိတ်ဆွေပြောပြီးလျှင် "အဲဒီဂမုန်းမျိုး လိုက်ရှာနေတာ အခုမှတွေ့ရတယ်။ ကျွန်တော့်ကို တစ်ပင်ပေးလိုက်ပါ။ ကျွန်တော် ငယ်စဉ်က ဆေးကျမ်းတစ်ခုထဲက ရဖူးတဲ့ ပါဠိမှာ 'စတုအာစရိယဝါဒါ သတြေဝပဝရာသေဋ္ဌာ၊ တတ္ထအခိလကာ လဋ္ဌာနာ' တဲ့။ အဓိပ္ပာယ်ကတော့ ရသေ့ဆရာလေးဦးတို့၏အယူဝါဒထက် သတြရသေ့ဆရာရဲ့ဝါဒက မြတ်တယ်၊ သတြရသေ့ဆရာရဲ့အယူဝါဒဟာ ဘယ်သတ္တဝါမဆို အစာကြေညက်ရင် ဘာရောဂါမှ မနှိပ်စက်နိုင်ဘူး။ အစာမကြေရင် ရောဂါအမျိုးမျိုးဖြစ်မယ်။ အစာကြေဖို့ အရေးအကြီးဆုံးဖြစ်ကြောင်း ပြဆိုထားတယ်။ နွားများ ရောဂါတစ်ခုခုဖြစ်ရင် စမြုံ့ပြန်သလား၊ မပြန်ဘူးလား ကြည့်ရတယ်။ စမြုံ့ပြန်လာလျှင် အစောချေပြီ၊ ရောဂါပျောက်ပြီလို့ သိရတာပဲ။ စမြုံ့ပြန်တယ်ဆိုတာဟာ မျိုချပြီး အစာတွေကို နည်းနည်းချင်းထုတ်ထုတ်ပြီး တဖြည်းဖြည်း ဝါးချေတာ အစာချေတာပဲဗျ။ ကဲ... လုပ်ပါဦး... ကျွန်တော့်ပေးမှာကို..." ဟု ထပ်မံ၍သတိပေးပြီး တောင်းဆိုမိပါသည်။

"တစ်ပင်မဟုတ်ပါဘူးဆရာ။ ကျွန်တော့်မှာ တခြားအပင်တွေရှိပါသေးတယ်။ ဟောဒီတစ်အုံလုံးယူသွားပါ" ဟုပြောလျက် အုံကြီးပါတူး၍ပေးလိုက်ပါသည်။

အုံကြီးကို အိုးနှင့်စိုက်ထားပြီးလျှင် ဥငယ်အချို့ကို အခြောက်လှမ်း၍ အမှုန့်ပြုပြီး ပျားရည်ထဲထည့်၍ စားကြည့်ပါသည်။ ဂမုန်းမိတ်ဆွေပြောလိုက်သည့်အတိုင်း စားဝင် အိပ်ပျော် ဝမ်းလေဆီးတို့မှန်ကန်ပြီးချွေးတပြိုက်ပြိုက် ထွက်၍နေသည်ကို တွေ့ရပါသည်။

အရွက်များမှာ နက်မှောင်၍နေလျက် ဂမုန်းနီအရွက်မျိုး ဂမုန်းနီ

ပင်လို ပျောက်ချည် ပေါ်ချီ သွားချည် လာလှည့်ပင်နေတတ်ပါသည်။ တစ်ခါတစ်ခါ ပျောက်နေတတ်သဖြင့် ပေါ်လာသောအခါတွင် တချို့ဥများကိုယူပြီးလျှင် အခြောက်လှမ်း၊ လေလုံမိုးလုံ ပုလင်းသန့်သန့်တွင် ထည့်၍သိမ်းထားပါသည်။

တစ်ခါမှာ အပင်တွေပျောက်နေချိန် ပျားရည်နှင့်ဖျော်ပြီး ကုန်သွား၍ ထပ်မံဖျော်ရန် ပုလင်းကိုဖွင့်ကြည့်ရာ ထူးဆန်းစွာ ဥများပျောက်ဆုံးနေပါသည်။ ပုလင်းမှားတယ်ဆိုရအောင်ကလည်း အိပ်ရာခေါင်းရင်းမှာ ၎င်းပုလင်းတစ်လုံးထဲထား၍ မမှားနိုင်။ ဆွေးသွား ကျေသွားရင်လည်း အဖတ်ကလေး အမှုန့်ကလေးကျန်နေစရာကောင်းသည်ဟု စဉ်းစားမိပါသည်။

"မည်သည့်ဂမုန်းများ၊ မည်မျှပင်ရှားပါး၍ ဈေးကောင်းပြီးနေစေကာမူ တန်ခိုးကြီးသောဂမုန်းများအကြောင်းကို ပြောရလျှင် ပြိုင်ရလျှင် ဂမုန်းနီ၊ ဂမုန်းနက်ဟာ တန်ခိုးအကြီးဆုံးပဲ" ဟု ပြောဆိုရမည်သာဖြစ်ပါသည်။

ဂမုန်းပင်မှာ ဂမနသဒ္ဒါကလာသည်၊ သွားခြင်းလာခြင်း ဟောသည်ဆိုခြင်းမှာ တခြားဂမုန်းပင်တွေအတွက် မှန်မည် မှားမည်မသိ၊ ဂမုန်းနီ ဂမုန်းနက်အတွက်တော့ သွားလည်းသွား၊ လာလည်းလာ၊ ကျွန်တော်နှင့် ကျွန်တော့်ကိုပေးသော ဂမုန်းမိတ်ဆွေတို့ကို ကိုယ်တွေ့ဖြစ်၍ ဂမနသဒ္ဒါမှလာခြင်းမှန်ကန်ကြောင်းကို ယုံကြည်လျက်ရှိပါတော့သည်။

●

## (၈) ချမ်းသာကြီးဂမုန်း

ကျွန်တော်သည် ဂမုန်းမိတ်ဆွေ၏အိမ်သို့ အကြောင်းကိစ္စတစ်ခုဖြင့် ရောက်ရှိသွားရာ အရွက်ဝိုင်းဝိုင်းကြီးကြီး အဖြူစင်းများ ထင်ထင်ရှားရှားပါရှိသော ဂမုန်းပင်တစ်ပင်ကို တွေ့ရှိသဖြင့် "ဘာဂမုန်းပင်ခေါ်သလဲ၊ လှလည်းလှ၊ အပင်ကကြီးတော့ အားရပါးရလည်းရှိတယ်။ ဂမုန်းပင်စိုက်ရင် အဲဒီအပင်လို ကြီးကြီးမှ ပိုကြိုက်တယ်။ ကျွန်တော်လည်း လိုချင်ပါတယ်" ဟု ပြောပြမိပါသည်။

"အဲဒါ ချမ်းသာကြီးဂမုန်းခေါ်တယ်။ ကျွန်တော့်မှာ ဒီတစ်ပင်ပဲရှိတယ်။ ပွားလည်း မပွားတတ်ဘူး။ အရွက်ကကြီးပြီး ထူနေပေမယ့် နေပူကို ကြောက်တာလည်း လွန်နေတာပဲ။ နေလေးနည်းနည်းမိရင် အရွက်တွေကွက်လိုက်ပြီး အကုန်ချစားသလို ဖြစ်သွားတယ်။ ပွင့်တော့လည်း အတံအရှည်ကြီး အချောင်းလိုက်ထောင်ပြီး အရင်းက အရွက်ဖတ်ကလေးတွေ ပါလာတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ယောက်အိမ်မှာ နှစ်ပင်မြင်တယ်။ ကျွန်တော် ဆရာအတွက် လိုက်ပြီးတောင်းပေးမယ်" ဟုပြောပါသည်။

"တောင်းပေးမှာဖြင့်လည်း အခုသွားရအောင်ဗျာ။ ဆိုက်ကားစီး သွားတာပေါ့"ဟုပြောပြီး နှစ်ယောက်သား ဆိုက်ကားစီး၍ သွားပါသည်။ ၎င်း၏မိတ်ဆွေကလည်း လွယ်လွယ်ကူကူပင် အပင်ကြီးနှစ်ပင်ယှဉ်လျက် ပေါက်နေသည့်အထဲမှ အပင်တစ်ပင်ကိုခွဲပြီး ပေးလိုက်ရှာပါသည်။

လမ်းမှာ ၉ နှစ်၊ ၁၀ နှစ်ခန့်အရွယ် ကောင်လေးတစ်ယောက်က "ချမ်းသာကြီးဟေ့– ချမ်းသာကြီး" ဟု ကျွန်တော်ယူလာသော အပင်ကို ကြည့်၍ အော်ပါသည်။ "ဒီကလေးက ကျွန်တော်တို့ထက် ဂမုန်းဗဟုသုတရှိနေတယ်။ ကျွန်တော်ဖြင့် ကနေ့မှ ချမ်းသာကြီးဂမုန်းမှန်းသိတယ်" ဟု ပြောမိပါသည်။

"အဲဒီကလေးရဲ့ ဘိုးအေက ဂမုန်းပင်စိုက်ပြီး ရောင်းနေတာ။ ကျွန်တော့်အိမ်မှာရှိတဲ့ ဂမုန်းပင်တွေဟာ အဲဒီဆရာကြီးထံ ဝယ်ရတာတွေ များတယ်။ အလကားတော့ ဘယ်သူ့မှမပေးဘူး" ဟုပြောပါသည်။

"အရွက်အစိမ်းမှာ အဖြူကြောင်းတွေ ထင်ထင်ရှားရှားရှိနေတော့ တချို့က အင်းဂမုန်းမှတ်ပြီး ဒါ အင်းဂမုန်းမဟုတ်လား" ဟု မေးကြပါသည်။

ချမ်းသာကြီးနှင့် အင်းဂမုန်းမှာ တစ်မျိုးစီလှကြလျက် အင်းဂမုန်းအရွက်ထက်ပင် ချမ်းသာကြီးက ကြီးမားထူထဲစွာရှိပါသေးသည်။

အရွက်ရိုးတွေရှည်ပြီး အရွက်တွေကြီး၊ အဖူးအပွင့်တွေဝေဝေဆာဆာဖြစ်နေသော်လည်း အခြားသူတော်၊ ပြည်လုံးချမ်းသာ စတဲ့ ဂမုန်းပင်များလို ခြေတံရှည်ကြီးဖြစ်မသွားဘဲ အရွက်ကြွေတဲ့နေရာက အမြစ်ထွက်လာပြီး တစ်ထွာတစ်မိုက်သာ ပင်စည်ရှိတတ်ပါသည်။

အရွက်စိမ်း အဖြူစင်းမှာ အနားက အနီရစ်ကလေးပါသောမျိုးနှင့် အနီရစ်မပါသောမျိုးဟု နှစ်မျိုးရှိသဖြင့် တချို့က အဖို အမဟု ပြောကြ



ချမ်းသာကြီးဂမုန်း

ပါသည်။ "ဘယ်ဟာကို အဖို၊ ဘယ်ဟာကို အမ" ဟုခေါ်နေကြကြောင်း မသိပါ။ ကျွန်တော်၏အိမ်မှာ အနီရစ်မပါသောအပင်သာရှိပါသည်။

ကျွန်တော်၏အိမ်မှာ ဂမုန်းပင်တွေက အတော်များနေပြီး ရှိနေသမျှ ဂမုန်းပင်များကလည်း နာမည်ကျော်ကြား ဂမုန်းပင်များဖြစ်၍ 'ၚင်း ချမ်းသာကြီးဂမုန်းပင်ဟာ ဘယ်လိုအကျိုးပေးနေတယ်၊ ဘယ်လိုကာကွယ်နေတယ်၊ ဘယ်လိုအစွမ်းရှိတယ်' ဟု မချိန်ဆ မခန့်မှန်းတတ်အောင် ဖြစ်၍နေပါသည်။

တစ်နေ့တွင် ကျွန်တော် ယုံကြည်အားထားသော ဆရာကြီးသုံးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်သော ဆရာကြီးတစ်ပါး ကိစ္စတစ်ခုနှင့် ကြွ၍လာပါသည်။ ထိုဆရာကြီးမှာ ရန်ကုန်မြို့၏ အနီးအပါးတွင်ရှိ၍ မကြာမကြာလာတတ်လျက် မန္တလေးမှ ဆရာအောင်မှာ အလွန်လာခဲ့ပါသည်။

ဆရာအောင်မှာ ကျွန်တော်၏ယခင်ဆရာဖြစ်လျက် ယခုဆရာကြီးမှာ ယခုဂမုန်းပင်များ စိုက်ပျိုးမှုတွေ့ရှိသော ဆရာကြီးဖြစ်၍ ၎င်း၏နေရပ်အမည်များကို တားမြစ်ထားသဖြင့် မဖော်ပြရပါ။ ကျွန်တော်ကတော့ ၎င်းဆရာကြီးလောက် လောကီလောကုတ္တရာ စွယ်စုံကျွမ်းကျင်သူ ရှာမှရှားသည်ဟု ယုံကြည်ကိုးစား၍ထားပါသည်။

"ဆရာကြီးခင်ဗျား... အဲဒီချမ်းသာကြီးဂမုန်းပင်ဟာ ကျွန်တော်စိုက်ထားတာ အတော်ကြာသွားပါပြီ။ ကျွန်တော် အိုးပြောင်းရင်း ရှည်နေတဲ့အမြစ်ကို ဖြတ်ပစ်ထားရာက အပင်ပေါက်နေလို့ ပေးပြီးတာ နှစ်ဦးရှိနေပါပြီ။ ဘယ်လိုအစွမ်းသတ္တိရှိတယ်ဆိုတာ အခုထိ မသိရသေးပါဘူး။ အဲဒီဂမုန်းပင်ရဲ့အကြောင်းကို အမိန့်ရှိစမ်းပါ" ဟု တောင်းပန်ရပါသည်။

"အေး... အဲဒီဂမုန်းပင်ကို မင်းတို့က ချမ်းသာကြီးဂမုန်းလို့ ခေါ်နေတော့ ချမ်းသာကြီးဂမုန်းလို့ပဲ ဆက်၍ခေါ်ကြပေတော့။ တို့ငယ်ငယ်တုန်းအခါက တို့ဆရာတွေကတော့ အဲဒီဂမုန်းပင်ကို ဘေးရန်များစွာအောင်မြင်တတ်တယ်ဆိုပြီး ရန်အောင်ဂမုန်းပင်လို့ခေါ်တယ်။

ရန်အောင်မြင်တော့လည်း ကိုယ်ရော စိတ်ပါ ချမ်းသာလာတာပဲ။ ချမ်းသာကြီးခေါ်ကြတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ပစ္စည်းဥစ္စာလာဘ်လာဘတွေတော့ ဒီဂမုန်းနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား တိုးပွားမယ် မဟုတ်လှဘူး။ အပြိုင်အဆိုင်ဖြစ်နေရင်တော့ နိုင်တတ်တယ်" ဟု ပြောပြပါသည်။

"အဲဒီချမ်းသာကြီးဂမုန်းပင်ကို စိုက်ထားလျှင် ရန်အပေါင်းကို

အောင်တာပဲလားဆရာ... တခြားဘယ်လိုအစီအရင်တွေ ပြုလုပ်ရပါသေးသလဲ" ဟု ထပ်မံမေးမြန်းမိပါသည်။

"ထူးထူးခြားခြား အစီအရင်ရယ်လို့ပြုလုပ်ရန် ကြီးကြီးကျယ်ကျယ် ခဲခဲယဉ်းယဉ်းတော့ မဟုတ်ပါဘူး။ ဘေးရန်ထူး ထူးထူးခြားခြား မရှိရင်လည်း ဘာမှလုပ်ဖို့ မလိုလှပါဘူး။ အကယ်၍ ရန်သူရန်ဖက် ပေါ်ပေါက်လျက် အပြိုင်အဆိုင် အမှုအခင်းဖြစ်နေတဲ့အခါမျိုးမှာတော့ မနက်စောစော ငါးပါးသီလခံယူပြီး ဆုတောင်းအမိဋ္ဌာန်ပြု၊ သောက်ရေအိုးက ရေကိုခပ်ပြီး...

ဇယန္တော ဗောဓိယာမူလေ၊ သကျာနံနန္ဒိဝဍ္ဎနော၊
ဧဝမေဝ၊ ဇယောဟောတု၊ ဇယဿု၊ ဇယမင်္ဂလေ

ဆိုတဲ့ ဇယမင်္ဂလာဂါထာကို ငါးခေါက်ရွတ်ပြီး အဲဒီ မင်းတို့ ချမ်းသာကြီးခေါ်တဲ့ ရန်အောင်ဂမုန်းပင်ကို ရေလောင်းလိုက်လျှင် အောင်မြင်တတ်ပါတယ်" ဟုပြောပါသည်။

"ကျွန်တော့်မှာတော့ ရန်သူရန်ဖက်ရယ်လို့ မရှိလှပါဘူး။ အေးအေးနေထိုင်တတ်တဲ့လူဖြစ်လို့ မည်သူနဲ့မဆို သင့်တင့်အောင် အထိုက်အလိုက်နေတာပါပဲ။ ကျွန်တော် အဲဒီဂမုန်းပင်ပေးထားတဲ့ မိတ်ဆွေတစ်ယောက်မှာ အမှုဖြစ်နေတယ်။ ကျွန်တော် ဒီနည်းကို ပြောပြလိုက်ရဦးမယ်" ဟု ဆရာကြီးရှေ့တွင် ပြောမိပါသည်။

"အေးအေး မင့်မိတ်ဆွေရယ်...ဘာရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ။ မတရားတာလုပ်နေတဲ့ လူဖြစ်မယ်ဆိုရင်တော့ ဒီနည်းကို မပေးပါနဲ့။ သူတစ်ပါးက မတရားတာကို လုပ်တာခံနေရတဲ့ လူတွေ့ရင်ပေးပေါ့။ ဂမုန်းပင်နဲ့ပတ်သက်တဲ့ အစီအရင်၏ အရေးအကြီးဆုံးအချက်မှာ တရားစောင့်ဖို့ပါပဲ။ ဂမုန်းပင်စိုက်ထားပြီး ရတနာသုံးပါးကို ဆည်းကပ်၊ ဂုဏ်တော်ကို ပုတီးစိပ်၊ ပရိတ်ရွတ် မေတ္တာပို့သနေသူတွေကိုတော့ အမြဲ

စောင့်ရှောက်ကြပါတယ်။ သူတော်ကောင်းတရား မလိုက်စားတဲ့လူတွေ အဖို့ ဂမုန်ပင်စိုက်တဲ့အကျိုး မခံစားရနိုင်ပါဘူး” ဟုပြောပြပါသည်။

“ကျွန်တော့်မိတ်ဆွေက မဟုတ်လျှင် မခံချင်တတ်တာနဲ့ ရန်များနေရတာပါ။ မတရားတာတော့ မလုပ်တတ်ပါဘူး။ ပုတီးစိပ်တာတို့၊ ပရိတ်ရွတ်တာတို့ကိုတော့ သူ များများမလုပ်တတ်ဘူး။ ကျွန်တော် တိုက်တွန်းပါ့မယ်” ဟု ပြောပြရပါသည်။

ဆရာကြီး ပြန်ကြွသွားလျှင် ကျွန်တော် ချမ်းသာကြီးဂမုန်းပင်ပေးထားသော မိတ်ဆွေအိမ်သို့သွားပြီး ကျွန်တော်၏ ဆရာကြီးပြောကြားသည့်အတိုင်း ငါးပါးသီလယူ ပရိတ်ရွတ် ပုတီးစိပ် မေတ္တာပို့ရန်နှင့် ဇယန္တော ဗောဓိယာမူလေ ဂါထာကို ငါးခေါက်ရွတ်၊ သောက်ရေအိုးက ရေနဲ့ ချမ်းသာကြီးဂမုန်းပင်ကို လောင်းကြည့်စမ်းပါ” ဟုပြော၍ ပြန်လာခဲ့ပါသည်။

သုံးရက်ခန့်ကြာသောအခါ ထိုမိတ်ဆွေ ကျွန်တော်၏အိမ်သို့ စက္ကူအိတ်ကလေးတစ်ခုယူ၍ လာပါသည်။ “ဆရာပြောတဲ့အတိုင်း ဇယန္တော ဗောဓိယာမူလေ ဆိုသောဂါထာကို ရွတ်ပြီး ရေလောင်း၊ ပရိတ်တော်ကိုမရလို့ စာအုပ်ကြည့်ပြီး ရွတ်၊ မေတ္တာပို့ ဂုဏ်တော်ကို ပုတီးစိပ်ပြုလုပ်လိုက်တာ ထူးခြားပါတယ်” ဟု ပြောပါသည်။

“ဘယ်လိုထူးခြားတာလဲ။ စက္ကူအိတ်ကလေးက ဘာလဲဗျ။ သေသေချာချာပြောပြပါဦး” ဟု မေးမြန်းမိပါသည်။

“ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေအချင်းချင်း မသင့်မတင့်ဖြစ်ပြီး အမှုဖြစ်၊ ရုံးရောက်နေကြတာ ဆရာပြောတဲ့အတိုင်း ဇယန္တောဂါထာကို သောက်ရေအိုးက ရေနဲ့ ငါးခေါက်ရွတ်ပြီး လောင်းလိုက်တာ အားလုံးပြေလည်သွားကြပါပြီ။ ကျွန်တော်ကအကြီး၊ သူတို့က အငယ်တွေ။ သူတစ်ပါးမြှောက်ပေးတာ အဟုတ်မှတ်ပြီး ကျွန်တော့်အပေါ် တရားစွဲကြ

တာ အခုတော့ သူတို့လည်း အမြင်မှန်ရလာကြလို့ အမှုကိုရုပ်သိမ်းပြီး ကျွန်တော့်ကို လာတောင်းပန်ကြတယ်။ ကျွန်တော်ကလည်း သူတို့ ဒီလို အမြင်မှန်ရလာတော့ ကိုယ်ကပဲ အနစ်နာခံပြီး အလျှော့ပေးလိုက်ပါ တယ်။ ဒါကြောင့် ဆရာ့ကို ကန်တော့ရအောင် ဘန်ကောက်လုံချည် တစ်ထည် ဝယ်လာတယ်၊ ယူပါဆရာ" ဟုပေးပါသည်။

"ခင်ဗျား ဘန်ကောက်လုံချည်ကိုလည်း ကျွန်တော် မလိုချင်ပါ ဘူး။ ခင်ဗျား ချမ်းသာကြီးဂမုန်းကို ဆုတောင်းပြီး ရေလောင်းတဲ့အချိန် နဲ့ ခင်ဗျားရဲ့ညီတွေ၊ နှမတွေ အမြင်မှန်ရလာတဲ့အချိန် တိုက်ဆိုင်နေလို့ ဖြစ်ပါလိမ့်မယ်။ ဆွေမျိုးသားချင်းဆိုတာ ဒီလို တစ်နေ့ပြန်ပြီး သင့်တင့် ကြမြဲပဲ။ ခင်ဗျားလုံချည်ကို ပြန်ယူသွားပါ။ ကျွန်တော် မယူပါဘူး" ဟု ပြောပြမိပါသည်။

"လက်ခံရမယ်ဆရာ။ ကျွန်တော်ပြန်ပြီး ဘယ်နည်းနဲ့မှ မယူနိုင် ဘူး။ ကျွန်တော့်ရဲ့ညီတွေ၊ နှမတွေအကြောင်း ကျွန်တော် သိတယ်။ အဲဟို ဝတ်လုံပေါက်စတစ်ယောက်က မြှောက်ပေးတာ သူတို့ အတော် နားဝင်နေကြတာ။ အဲဒီလို အကျေအလည်ဖြစ်လိမ့်မယ်လို့ နည်းနည်း လေးမှ မမျှော်လင့်ခဲ့မိဘူး။ အဲဒီလိုကျေလည်သွားကြလို့ သူတို့ရော၊ ကျွန်တော်ပါ ကုန်ရမယ့်ငွေတွေ အများကြီးသက်သာသွားကြပါတယ်။ ကျွန်တော်လည်း အိပ်မက်မက်လို့ ဒီဂမုန်းပင်ကြောင့်ပဲလို့ ယုံကြည်တယ် ဆရာ" ဟု ပြောပြပါသည်။

"အိပ်မက်က ဘယ်လိုမက်လို့လဲ၊ အဲဒီဂမုန်းပင်နဲ့ ဘယ်လိုဆိုင် လို့လဲဗျ ပြောစမ်းပါဦး" ဟုမေးမိပါသည်။

"ဆိုင်ပါသော်ကော ဆရာ။ အဲဒီဂမုန်းပင်ကို အိမ်ရှေ့မှာ ချထား တာပဲ။ တခြားဂမုန်းပင်လည်း များများမရှိပါဘူး။ စီးပွားဂမုန်းနဲ့ လဝန်း ဂမုန်းပဲရှိတယ်။ ဆရာပြောတဲ့အတိုင်း ပရိတ်တွေ စာအုပ်ထဲကြည့်ပြီး

ရွတ်၊ မေတ္တာပို့ ဂုဏ်တော်ပုတီးစိပ်ပြီး ငါးပါးသီလယူ၊ သောက်ရေအိုးက ရေခပ်၊ ဇယန္တော ဇောဓိယာမူလေ ဂါထာကို ငါးခေါက်ရွတ်။ ဒီအမှုကို ကျွန်တော် နိုင်အောင် မစပါလို့ဆုတောင်းပြီး အနောက်ဘက်က အရှေ့ဘက်မျက်နှာပြု၊ ချမ်းသာကြီးဂမုန်းပင်ကို ရေလောင်း၍ အိပ်လိုက်တယ်။ နိုင်ပါစေလို့ ဆုတောင်းရတာက ပြေလည်မှု မျှော်လင့်ချက်မရှိတော့ဘူး ယူဆလို့သာ တောင်းရတာ။ အခုလိုပြေလည်သွားတာကိုတော့ ကျွန်တော် ပိုပြီးသဘောကျပါတယ်။

"အိပ်ပျော်နေရင်း အိမ်ရှေ့မှာ ဘုန်းတော်ကြီးတစ်ပါး ထိုင်ပုတီးစိပ်နေတယ်လို့ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ မိုးတွေကရွာနေလို့ တုန်တုန်ယင်ယင်ဖြစ်လျက် ဘုန်းတော်ကြီးက ချမ်းတယ်၊ အိမ်ပေါ်တင်ပါလို့ပြောပြီး ကျွန်တော် လန့်နိုးလာတာပဲ။ နိုးလာတော့ မိုးက တကယ်ရွာနေတယ်။ မီးဖွင့်ပြီးကြည့်တော့ ဘုန်းတော်ကြီးတွေ့တဲ့နေရာမှာ ချမ်းသာကြီးဂမုန်းရွက်တွေ မိုးမှန်လို့ တုန်–တုန်–တုန်–တုန် ဖြစ်နေတာကို တွေ့ရတယ်။ ကျွန်တော့်မျက်စိထဲမှာ အိပ်မက်ထဲက ဘုန်းတော်ကြီး ပုတီးစိပ်ရင်း တုန်နေတာကို မြင်လာမိတယ်။

"ကျွန်တော် အမြန်ဆင်းပြီး မိုးရေထဲက မ,ယူပြီး အိပ်ရာခေါင်းရင်းက စားပွဲပေါ်ကို တင်ထားလိုက်တယ်။ မနက်ကျတော့ ညီတွေ၊ နှမတွေ လာပြီးတောင်းပန်ကြတာပဲ။ ဒါထက် ထင်ရှားရှီးမှာလား ဆရာရဲ့။ ကျွန်တော် မြေကြီးမှာထားခဲ့မိလို့ ဒီအမှုဖြစ်တာ။ အခု အိမ်ပေါ်တင်လိုက်လို့ ပြီးသွားတာ အသေအချာပါဆရာရယ်" ဟု ပြောပြသွားပါသည်။

ထိုမိတ်ဆွေပြန်သွားလျှင် ကျွန်တော်ပေးထားခဲ့သော တခြားမိတ်ဆွေတစ်ယောက်၏အိမ်ဘက်သို့ ချမ်းသာကြီးသတင်းပို့ရန် ထွက်၍ လာခဲ့မိပါသည်။ ထိုမိတ်ဆွေ၏အိမ်သို့ ရောက်လျှင် မိတ်ဆွေကို မတွေ့။

၎င်း၏ဇနီးကိုတွေ့သဖြင့် "ဘယ်သွားသလဲ" ဟုမေးရင်း မျက်နှာကို ကြည့်လိုက်ရာ မျက်ရည်စကလေးတွေ တွေ့ရသဖြင့် အံ့အားသင့်သွား မိပါသည်။

"ဆရာ မသိသေးဘူးလား။ ဆရာ့ရဲ့မိတ်ဆွေ မယားငယ်ယူပြီး ဒီအိမ်ပေါ်က ဆင်းသွားတာ တစ်လနဲ့ငါးရက်ရှိပြီ" ဟုပြောပါသည်။

"ကျွန်တော် မသိသေးပါဘူး။ ခင်ဗျားတို့ ဒီတစ်ခါ ကျွန်တော့် အိမ်ကို အလည်မလာတာ ကြာပြီလို့တော့ အောက်မေ့မိတယ်။ ချမ်းသာ ကြီးသတင်းကို ပို့ရအောင်လာတာ။ မချမ်းသာတဲ့သတင်းကို ကြားရ တာ စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော်ကြည့်ပြီး ဆောင်ရွက်ပေးပါဦး မယ်" ဟု နှစ်သိမ့်စကားပြောရပါသည်။

"ချမ်းသာကြီးသတင်းဆိုတာက ဘာလဲဆရာ။ အဲဒီသတင်းကို ပြောပါဦး။ ကျွန်မတို့ ဆွေမျိုးမိတ်ဆွေထဲမှာ ကိုချမ်းသာရယ်လို့ မရှိပါ ဘူး။ ဘယ်ကချမ်းသာကြီးလဲ" ဟုမေးပါတော့သည်။

"လူနာမည် ချမ်းသာကြီးမဟုတ်ဘူးဗျ။ ခင်ဗျားတို့ကို ကျွန်တော် ပေးလိုက်တဲ့ ချမ်းသာကြီးဂမုန်းရဲ့သတင်းကို ပြောမလို့။ ခင်ဗျားတို့က မြေကြီးမှာလည်းထားသေး၊ လှေကားရင်းမှာလည်းထားသေး။ ဒီလို မထားရဘူး။ အိမ်ပေါ်ကို ရိုရိုသေသေ တင်ထားပါ" ဟုကစပြီး ချမ်းသာ ကြီးဂမုန်း၏သတင်းအစုံကို အမှုပြေလည်သွားကြ၍ ဘန်ကောက်လုံ ချည်လာပေးသည်အထိ ခရေစေ့တွင်းကျ ပြောပြပြီး ပြန်၍လာခဲ့ပါသည်။

ထိုအမျိုးသမီးသည် သုံးရက်လောက်ကြာတော့ စက္ကူအိတ် ကလေးကိုင်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ပေါက်လာသဖြင့် ကျွန်တော့်မှာ ထို အမျိုးသမီးကိုကြည့်ပြီး အံ့အားသင့်ရပြန်ပါသည်။

"ဆရာ အံ့အားသင့်နေသလား။ ဆရာ့ရဲ့မိတ်ဆွေ အိမ်ကိုပြန် ရောက်နေပြီ ဆရာရဲ့။ ဆရာပြောသွားတဲ့ ချမ်းသာကြီးသတင်းအတိုင်း

ကျွန်မ သေသေချာချာမှတ်ထားလိုက်ပြီး အိမ်ပေါ်တင်၊ အမွှေးနံ့သာဖျန်း၊ ဘုရားရှိခိုး ပရိတ်ရွတ်၊ မေတ္တာပို့၊ ပုတီးစိပ် ငါးပါးသီလခံ၊ သောက်ရေအိုးကရေကို ခတ်၊ ဇယန္တော ငါးခေါက်ရွတ်၊ အမြန်ပြန်လာအောင် ဆောင်ရွက်ပေးပါ အရှင်ချမ်းသာကြီးလို့ဆုတောင်းပြီး လောင်းလိုက်တာ လောင်းပြီးလို့ မကြာပါဘူး။ ပြန်လာတာပဲ။

"သူ့မယားငယ်နဲ့ရန်ဖြစ်ပြီး တစ်ခါတည်း ကွဲလာတာကြောင့် ဆရာ့ကို ဘန်ကောက်လုံချည် ကန်တော့ရအောင်လာတယ်" ဟုပြောပြီး ထိုင်၍ရှိခိုးပါသည်။

ကျွန်တော်၏အိမ်မှ ချမ်းသာကြီးကို ငှင်းနှစ်ပင်ပဲ ပေးခဲ့ရသေးလျက် ငှင်းနှစ်ယောက်မှာ တိုက်ဆိုင်နေသဖြင့် ချမ်းသာကြီး–တန်ခိုးကြီး၍ပဲလား၊ တိုက်ဆိုင်၍လား အတပ်မပြောနိုင်ပါ။ ကျွန်တော် ဘန်ကောက်လုံချည်နှစ်ထည်ရသည့် ဂမုန်းပင်ဖြစ်သဖြင့် တန်ခိုးကြီးသော ဂမုန်းပင်များစာအုပ်တွင် ထည့်သွင်းတင်ပြရပါတော့သည်။

●


## (၉) သူကြွယ်ဂမုန်း

ကျွန်တော်၏ဂမုန်းမိတ်ဆွေအိမ်တွင် အပင်ကလေး လှသဖြင့် တောင်းယူပြီး စိုက်ထားသော ဂမုန်းပင်ကလေးဖြစ်ပါသည်။

အရွက်တစ်ဖက်မှာ အစိမ်းပေါ်တွင် အနက်ကလေးများပါသဖြင့် လက်ဝါးကိုဖြန့်ပြီး ပက်လက်လှန်ထားသလို ရှိပါသည်။ ငုံးဂမုန်းအပင် အရွယ် ပုံသဏ္ဌာန်နှင့် ဆင်ပါသည်။ ငုံးဂမုန်းက အဝါရောင်သမ်းလျက် ၎င်းက အနက်ရောင်သမ်းပြီး ငုံးဂမုန်းထက် စိမ်းစိမ်းစိုစိုရှိပါသည်။

တချို့က ရွှေလာငွေလာဟုခေါ်ကြလျက် သေးသေးရှည်ရှည် အောက်သို့ကွေးကျနေသော ဂမုန်းကို ရွှေလာ၊ ယခုရေးသားနေသော ဂမုန်းကို ငွေလာဟု အမှတ်ထား၍ အရွက်သေးရှည်ပင်နှင့် ၎င်းအပင် နှစ်မျိုးစိုက်ထားသူများ ရွှေရငွေရသည်ဟု ပြောကြပါသည်။

အရွယ်သေးသေး ရှည်ရှည်အပင်ကလေးမှာ အဖြူကြောင်း ကလေးပါသော ဂမုန်းနှင့် အဖြူကြောင်းကလေးမပါဘဲ အစိမ်းရောင် သက်သက် နှစ်မျိုးရှိနေ၍ အဖြူကြောင်းပါသည်ကို ငွေလာ၊ အဖြူ ကြောင်းမပါသည်ကို ရွှေလာဟု ခွဲခြားခေါ်ဝေါ်ကြသဖြင့် ၎င်းဂမုန်းပင်ကို



သူကြွယ်ဂမုန်း

သူကြွယ်ဂမုန်းဟု အခေါ်များလာကြပါသည်။

ကျွန်တော်၏အိမ်မှာ ဂမုန်းပင်တွေများနေသဖြင့် ၎င်းဂမုန်း အတွက် ထူးထူးခြားခြား ငွေရသည်၊ မရသည်ကို အကဲမခတ်တတ် အောင် ဖြစ်၍နေပါသည်။ မိတ်ဆွေတစ်ယောက်က ဂမုန်းလာရောက် ကြည့်ရှုရင်း "ကုန်သည်တစ်ယောက်၏အိမ်တွင် တိုက်အပေါ်ထပ်မှာ တင်ထားတဲ့ ဂမုန်းပင်တစ်ပင်ရှိနေတယ်။ ရောင်းလိုက်ရတာ လွန်ရော ဆရာ။ ဆိုင်က တိုက်အောက်ထပ်မှာရှိတယ်။ အပေါ်ထပ်မှာ ဂမုန်းပင် တင်ထားတော့ ကျွန်တော်တို့လည်း တက်မကြည့်ရလို့ ဘာဂမုန်းပင်မှန်း မသိဘူး" ဟုပြောပါသည်။

"ဘယ်မှာလဲ။ ဘယ်သူ့တိုက်လဲ" ဟုသေချာစွာမေးကြည့်တော့ ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးသောတိုက်ဖြစ်နေပါသည်။

"ဟာ... ဒီတိုက်ကို ကျွန်တော် မကြာမကြာပဲ ရောက်ပါတယ်။ ဂမုန်းပင်ရှိမှန်းမသိရဘူး။ ဒီတစ်ခါရောက်မှ မေးကြည့်ရဦးမယ်" ဟု ပြောဆိုမိပါသည်။

"ဆရာ့ကိုတော့ ပြလိမ့်မယ်ထင်ပါတယ်။ အခြားလူတွေကိုတော့ ဘယ်သူ့မှမပြပါဘူး။ ဆရာမြန်မြန်သွားပါ။ သူတို့ဆိုင်မှာ ရောင်းရပုံက လွန်ကိုလွန်တယ်။ သူတို့နဲ့ တန်းတူဆိုင်တွေထက် နှစ်ဆမျှရောင်းရတယ်" ဟု ပြောပါသည်။

"ဒါဖြင့် အခုပဲ သွားကြည့်မယ်ဗျာ။ ကျွန်တော်တို့အိမ်မှာ မရှိတဲ့ အပင်ဆိုလျှင် တစ်ခါတည်း တောင်းခဲ့မယ်။ ရှိပြီးဆိုလျှင်လည်း သုံးစွဲပုံနည်းကို မေးခဲ့ရတာပေါ့" ဟုပြောပြီး ထိုဂမုန်းရှိသည့်အိမ်သို့ သွားပါသည်။

အိမ်ရှင်အဒေါ်ကြီးက "ဆရာ အလည်သက်သက်လာတာပဲလား။ ဘာကိစ္စရှိသေးသလဲ။ ဆရာမတို့ နေကောင်းကြရဲ့လား" ဟု ဆီး၍မေးပါသည်။

"ဟုတ်ကဲ့ အလည်သက်သက်ပဲဆိုပါတော့ဗျာ" ဟု ပြန်ပြောရာ "ဆိုပါတော့ဗျာဆိုတဲ့ကိစ္စကလေးကို ပြောပါဦး၊ ဘာဝယ်ချင်လို့လဲ" ဟု ထပ်မံမေးမြန်းပါသည်။

"ဒေါ်ဒေါ်တို့က ဈေးသည်ဆိုတော့ အိမ်ကိုလာရင် ဈေးဝယ်လာတယ်လို့ မှတ်တော့တာပဲ။ လာတာက ဒေါ်ဒေါ့်ရဲ့ တိုက်အပေါ်ထပ်က ဂမုန်းပင်ကို ကြည့်ချင်လို့လာတာပါ" ဟု ရယ်မောပြောဆိုမိပါသည်။

"ဆရာ့ကို ဘယ်သူများ ပြောလိုက်ပါလိမ့်။ ကျွန်မ ဘယ်သူ့မှ အကြည့်မခံခဲ့ဘူး။ ဆရာ့ကို ကိုယ့်ဆရာဖြစ်နေလို့ ပြရမှာပေါ့။ ပြရုံသာ ပြနိုင်မယ်ဆရာ၊ ပေးတော့ မပေးနိုင်ဘူး။ ကျွန်မကိုပေးတဲ့ ဆရာကြီးက ဘယ်သူ့မှမပေးရဘူးတဲ့" ဟု ပြောဆိုလျက် တိုက်အပေါ်ထပ်သို့ ခေါ်

သွားပြီး အပင်ကလေးကို ပြသပါသည်။

ထိုအပင်ကလေးမှာ ကျွန်တော် ယခုရေးသားနေသောပုံတွင်ပါရှိသည့် အပင်ကလေးဖြစ်လျက် ကြွေအိုးတစ်လုံးတွင် လှပစွာစိုက်ထားပြီး ဘုရားစင်အနီးရှိ စားပွဲပေါ်တွင်တင်၍ တရိုတသေထားရှိပါသည်။ ကြွေအိုးအပြင်မှာ အခက်ကလေးတွေ ဝေနေကြသဖြင့် ကြည့်ရသည်မှာ တစ်မျိုးကျက်သရေရှိလှပါသည်။

၎င်းဂမုန်းမျိုးမှာ ပြောက်ကလေးဂမုန်းရွက်လောက်ပင် မကြီးသဖြင့် ကြွေအိုးနှင့် အလှအပစားပွဲပေါ်တွင် တင်စိုက်လိုသူများအတွက် အနေတော်ပင်ဖြစ်ပါသည်။ ပြောက်ကလေးဂမုန်းက မြေကြီးမှ တစ်ရွက်ချင်းထွက်လျက် သူကြွယ်ဂမုန်းက အကိုင်းအခက် အရိုးအဆစ်ကလေးများမှ အရွက်ထွက်ပါသည်။

ကျွန်တော်က ကျွန်တော်၏အိမ်တွင်ရှိကြောင်း ပြောပြလိုက်လျှင် အဒေါ်ကြီး အယုံကြည်ပေါ့သွားမည်စိုးသဖြင့် "ဒေါ်ဒေါ်ရဲ့ ဆရာကြီးက မပေးရဘူးဆိုလျှင်လည်း ကျွန်တော် မတောင်းတော့ပါဘူး။ ထူးထူးခြားခြား ဘယ်လိုလုပ်ရသေးသလဲ။ အကယ်၍ အပင်ရရှိလျှင် ပြုလုပ်ရန်နည်းလမ်းကိုတော့ ပေးပါ ဒေါ်ဒေါ်" ဟု ပြောမိပါသည်။

"နည်းလမ်းကိုမပေးနဲ့၊ ဂါထာပေးရင် တေးဖြစ်တတ်တယ်လို့ ဆရာကြီးကပြောပါတယ်" ဟု ပြောပါသည်။

မပေးဘူးဆိုမှ ကျွန်တော့်၏စိတ်ထဲမှာ အလွန်လိုချင်၍ လာပါသည်။ လွယ်လွယ်နှင့်သာပေးလိုက်လျှင် သည်လောက် နှစ်နှစ်သက်သက်ရှိမည်မထင်ပါ။ ကျွန်တော်၏စိတ်ထဲတွင်

လှူသမျှ မာနတဲ့လွှမ်းကာ၊ ဇာတာစန်း၊ မှုတ်မန်းမန္တန်နှင့် ကျင့်ခြိုးခြံ မေထုန်မှုငဲ့ပြင်၊ ဆေးကုပုံဥစ္စာနက်၊ ခွဲဝှက်သေချာ၊ ရှုံးလေပြီး၊ ငယ်ကြီးမှုချင်းအရာ၊ တွင်းကထာဟူသမျှ။ ကြောင်းကိုးအင်၊ စိစစ်ကယ်

ဖွဲ့ဆင်ခြင်လို့၊ သေမည်ပင်ဖြစ်ရငြားသော်လည်း၊ တစ်ပါးသူ လူတစ်ဆင့် ပြောနှင့်ရှောင်ကြ။ ဆိုသော ငယ်စဉ်ကရဖူးသည့် ကင်း၀န်မင်းကြီးရေး လေးဆစ်ချိုးကလေးကို ပြန်လည်သတိရ၍ နေမိပါတော့သည်။

"ဒေါ်ဒေါ်ရဲ့ဆရာကြီးက တေးဖြစ်မယ့်လူကို မပေးရဘူးဆိုတာ ပါ ကျွန်တော့်ကိုပေးလို့ တေးမဖြစ်ပါဘူး။ ကျွန်တော် တေးသီချင်းမဆို တတ်ပါဘူး။ ပေးပါဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ် ဈေးရောင်းပျက်နေပါ့မယ်။ မြန်မြန်ပေးလိုက်ရင် မြန်မြန်ပြီးတာပဲ" ဟု ဇွတ်ပြောမိပါသည်။

"ဆရာ ဘယ်သူ့ကိုမှ တစ်ဆင့်မပေးနဲ့နော်။ ကျွန်မတို့ ဈေးသည် တွေက အပြိုင်အဆိုင်ရောင်းနေကြရတာ အခုဆိုလျှင် သူတို့ နေရစ်ကြ ပြီ။ ဒီအနီးအနားမှာ ကျွန်မဆိုင်လောက်ရောင်းရတဲ့ဆိုင် ဘယ်ဆိုင်မှ မရှိဘူး။ သူတို့ ဒီဂမုန်းရပြီး ဒီနည်းကို ရသွားမှာ ကျွန်မ စိုးရိမ်မိတယ်" ဟု ပြောပြပါသည်။

"ဒေါ်ဒေါ်လည်း တရားတွေ အမြဲနာ တရားအားထုတ်ဖူးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လျက် ဒါလောက် စိုးရိမ်ရသလား။ ဒီဂမုန်းနဲ့ ဒီနည်းကို ရပေမယ့် ဒေါ်ဒေါ့်ရဲ့အပြောအဆို၊ ဒေါ်ဒေါ့်ရဲ့ မှန်မှန်ကန်ကန် စည်းကမ်း စနစ်ကျမှုကိုတော့ သူတို့ လိုက်မမီနိုင်ပါဘူး။ ပြောသာပြောပါ ဒီနည်း ကို။ ကျွန်တော် ဘယ်သူ့ ပြောမပြပါဘူး" ဟု ထပ်မံ၍တောင်းပန်ရပါ သည်။

တကယ်လည်း အပြောအဆို အကျင့်သီလ စည်းကမ်းစနစ်ကျန လှသော အဒေါ်ကြီးဖြစ်လျက် မကုန်သင့်တဲ့နေရာမှာ တစ်ပြားအကုန်မခံ ဘဲ လှူသည့်-တန်းသည့်အခါကျတော့ ကုန်ကုန်ခန်းခန်း သဘောထား ပြီး ငွေစက္ကူတွေကို မုန့်ထုပ်သောစက္ကူတွေလို သုံးစွဲတတ်သော အဒေါ် ကြီးဖြစ်ပါသည်။

"ဆရာ ဘယ်သူ့မှ ပြောမပြနဲ့နော်"

"ဟုတ်ကဲ့ ဘယ်သူ့မှ ပြောမပြပါဘူး"

"ဒီလိုဆရာရဲ့။ အဲဒီဂမုန်းပင်ကိုပေးတဲ့ ဆရာကြီးဟာ အလွန်အကျင့်သီလကောင်းမွန်ပြီး အထင်အမြင်ပေါက်သလောက် ကျွန်မတို့က ယုံကြည်ထားတယ်။ ကျွန်မ အဲဒီဆရာကြီးထံ တစ်နေ့ရောက်သွားတော့ အခုတလော ရောင်းလို့ ဝယ်လို့ မကောင်းပါဘူးလို့ ညည်းညူမိတယ်။ ဂမုန်းပင်တောင်းတာမဟုတ်ဘူး၊ ဂမုန်းဆရာကြီးလည်း မဟုတ်ပါဘူး"

"ဒါနဲ့ပဲ ဈေးရောင်းမကောင်းလျှင် ဟောဒီအပင်ကလေးကို ယူသွား။ အမြင့်မှာ ရိုရိုသေသေစိုက်၊ ဘုရားရှိခိုးသီလခံယူတဲ့အခါ ဘုရားမှာ ကပ်လှူထားတဲ့ သောက်တော်ရေကို

ဥုံလာဘ ဓမ္မေန လာဘတု၊ ဥုံလာဘ ဓမ္မေန

လာဘတု၊ ဥုံလာဘ ဓမ္မေန လာဘတုလို့ သုံးခေါက်ရွတ်။ အဲဒီအပင်ကို လောင်းလိုက် မခဲယဉ်းပါဘူး။ မနက်တစ်ခါ ညတစ်ခါ မှန်မှန်လုပ်ပေးပါ။ ရောင်းလို့ဝယ်လို့ ကောင်းလာပါလိမ့်မယ်" ဟု ပြောပြီးပေးလိုက်တယ်။

"ကျွန်မလည်း ယုံယုံကြည်ကြည်နဲ့ ပြုလုပ်လာတာ အခု ဒီလမှာ တစ်နှစ်ပြည့်သွားပါပြီ။ အဲဒီလိုစလုပ်တဲ့အချိန်ကစပြီး ကျွန်မရဲ့ဆိုင်ဟာ တစ်နေ့တခြား ဒီရေလားလို တိုးပွားကြီးကျယ်လာတာပါပဲရှင်" ဟု ပြောပါသည်။

"ကျွန်တော့်ရဲ့စိတ်ထဲမှာ ဒေါ်ဒေါ်ရွတ်ပြတဲ့ ဂါထာကလေးကို ကြားရတာ တိုတိုနဲ့ လိုရင်းရောက်တဲ့ ဂါထာကလေးဖြစ်လို့ များစွာ သဘောကျမိပါတယ်။ ဘယ်သူ့ကိုမှလည်း ပြောမပြပါ" ဟု ထပ်မံဝန်ခံပြီး ပြန်လာခဲ့ပါသည်။

ကျွန်တော် ထိုအဒေါ်ကြီးအိမ်မှ ပြန်လာရင်း လမ်းတွင် ဥုံ-

အန္တရာယ်ကင်း၊ ရန်စွယ်ရှင်းလျက်၊ ကောင်းခြင်းစဉ်ကာ မင်္ဂလာကြီးဖြစ်ပါစေသတည်း။ လာဘ်–ကောင်းကျိုးချမ်းသာ မင်္ဂလာမျိုး ချိမ့်ချိမ့်တိုးလျက် တန်ခိုးဗုန်လိုက် လာဘ်ကောင်းသိုက်ကို၊ ဓမ္မေန– အများသင့်ဖို့ အမှားမဖွင့်ဘဲ တရားသဖြင့်၊ လဘတု– တရားမသေွ မျှကာဝေဖို့ ရှိပါစေသတည်း စသည်ဖြင့် ဟိုက ဒီက စပ်ဟပ်ပြီး ဆွဲနက်ကလေးကို စဉ်းစားစိတ်ကူးခဲ့မိပါသည်။

"အဒေါ်ကြီးဂါထာရဲ့ အဓိပ္ပာယ်က တရားသဖြင့် လာဘ်ရပါစေဟု ဆုတောင်းတာ ရှင်းနေကာပါပဲ။ သမ္မာအာဇီဝကောင်းသော ကုန်သွယ်ခြင်း၊ ကောင်းသောလယ်လုပ်ခြင်းအမှု ပြုလုပ်နေတဲ့ လူတွေအဖို့မှာ ၎င်းဂမုန်းပင်နှင့် ၎င်းဂါထာဟာ မုချအကျိုးပေးမှာပဲ" ဟု ယုံကြည်မိပါသည်။

၎င်းဂမုန်းပင်ကိုတောင်းသော လူတွေက "ဘာဂမုန်းပင်ခေါ်သလဲ၊ ဘာတန်ခိုးရှိသလဲ၊ ဘယ်လိုစီရင်ရသလဲ"ဟုမေးကြသောအခါ "သူကြွယ်ဂမုန်းခေါ်တယ်၊ စီးပွားလာဘ်လာဘများတယ်" ဟုသာပြောပြီး စီရင်နည်းကိုတော့ ဘယ်သူ့ကိုမှ မပြောပါဟု အတန်တန် ဝန်ခံလာမိ၍ မပြောနိုင်ပါ။

ဂမုန်းပင်ကို မတရားဈေးတင်၍ ရောင်းနေသူတွေအဖို့ ၎င်းစီရင်နည်းစွမ်းမည်မဟုတ်ပါ။ တရားသဖြင့် စီးပွားရှာသူကို အကျိုးပေးမည်ဖြင့်ပါသည်။

အဒေါ်ကြီးထံ "ဘယ်သူ့ကိုမှ မပြောပြပါ" ဟုဝန်ခံ၍လာခဲ့သည့်အတိုင်း ဘယ်သူ့ကိုမျှ ပြောမပြခဲ့ဘဲ တန်ခိုးကြီးသော ဂမုန်းပင်များ ဒုတိယစာအုပ်တွင်သာ ထည့်သွင်းရေးသားလိုက်ရပါတော့သည်။

●

## (၁၀) သူရဿတီဂမုန်း

သူရဿတီဂမုန်းအကြောင်းကို များများရေးရန် မရှိလှပါ။ ကျွန်တော်၏ ဂမုန်းမိတ်ဆွေတစ်ယောက်ထံမှ ညှော်လာကလေးဂမုန်းဆိုပြီး ပေးလိုက်ပါသည်။

ညှော်လာကြီးဂမုန်းက အရွက်ဝိုင်းဝိုင်း အရွက်အဖူးထွက်လာပြီး အရွက်ပြန့်သွားလျှင် မြေတွင်ကပ်၍ သွားပါသည်။ ၎င်းသူရဿတီခေါ် ညှော်လာကလေးဂမုန်းအရွက်မှာ ညှော်လာကြီးအရွက်လို မဝိုင်း။ ညှော်လာကြီးအရွက်၏ အသွေးအရောင်လို အရွက်သေးသေးရှည်ရှည် ပုံတွင်ပါရှိသည့်အတိုင်း မြေပေါ်သို့ အတော်ကလေးမြင့်၍တက်နေပါသည်။

ကွမ်းစားဂမုန်းရွက်နှင့်လည်း ဆင်တူ၍ ကွမ်းစားဂမုန်းထက် အရွက်သေးပြီး ရှည်မျောမျောနေသည်။ အရွက်ကိုချေ၍ နမ်းလျှင် ကွမ်းစားဂမုန်းလိုမွှေးသည်။ ကွမ်းစားဂမုန်းလို ကွမ်းထဲမှာထည့်၍စားလျှင် ကွမ်းစားဂမုန်းလိုမွှေးသည်။ အပင် အလွန်ပွားလွယ်သည်။ ကျွန်တော် အပင်ကလေးတစ်ပင်စိုက်ထားရာမှ မကြာမီ အိုးပြည့်အောင် ပွားများလာပါသည်။



သူရဿတီဂမုန်း

ကျွန်တော်၏အိမ်မှာ တန်ခိုးကြီးသော ဂမုန်းပင်တွေများနေသဖြင့် ၎င်းသူရဿတီဂမုန်းပင် တန်ခိုးရှိသည် မရှိသည်ကို မဆုံးဖြတ်နိုင်ဖြစ်၍ နေပါသည်။ ဧည့်လာကလေးဂမုန်းဆိုသည်မှာ မှန်လေသလားတော့ မသိ။ ဧည့်သည်ကတော့ မပြတ်အောင်လာနေကြသည်ဟု ပြောရအောင် ကလည်း ဧည့်လာကြီးဂမုန်းပင် ရှိနေသေးတော့ "ဧည့်လာကြီးကြောင့် လာတာလား၊ ဧည့်လာကလေးကြောင့် လာတာလား" ဟု အခွဲခြားရ ခက်နေပြန်ပါသည်။ ဧည့်လာကြီးမှာပင် ဝိုင်းဝိုင်းရှည်ရှည်မျောမျော အနီ ရစ်မပါ။ အနီရစ်အနားမှာပါ စသည်ဖြင့် အမျိုးတွေ အတော်များလှပါ သည်။ တချို့မိတ်ဆွေများက ဧည့်လာကြီး ဧည့်လာကလေး ဂမုန်းပင် များကို အနိမ့်မှာထားလျှင် ရိုးရိုးဧည့်သည်များလာတတ်၍ အမြင့်မှာ တင်ထားလျှင် ငွေရမယ့်ဧည့်သည်လာတတ်ကြောင်းကို ပြောပြပါသည်။

ကျွန်တော်တော့ တခြားဂမုန်းပင်များလို တန်းတူရောချ၍ ထားပါသည်။ ဤမျှ လောဘလည်းမကြီးလှပါ။ ထိုက်သမျှ ရ– ရသမျှနဲ့ လောက်အောင်သုံးစွဲသွားလေ့ရှိပါသည်။

တစ်နေ့တွင် နာမည်ကြီး ဗေဒင်ဆရာတစ်ဦး၏ အိမ်သို့ ရောက်ရှိသွားရာ ၎င်းညှော်လာကလေးခေါ် သူရဿတီဂမုန်းပင်ကို ဘုရားရှေ့ စားပွဲပေါ်မှာတင်ပြီး တရိုတသေ ပြုစုထားသည်ကို တွေ့ရပါသည်။

"ဆရာ... ဒါ ဘာဂမုန်းလဲ၊ အရွက်ကလေးတွေက ချစ်စရာကောင်းလိုက်တာ။ သူ့ရဲ့တန်ခိုးက ဘာထူးသလဲ" ဟု မေးမိပါသည်။

"အဲဒါ သူရဿတီဂမုန်းကွ။ မျက်နှာပွင့်လန်းတယ်။ ညှော်သည်လည်း တော်တော်များများလာတတ်လို့ ညှော်လာကလေးဂမုန်းလို့လည်း ခေါ်တယ်" ဟုပြောပါသည်။

"ဆရာဟာ ကျွန်တော် သိသမျှတော့ ဗေဒင်လည်း လက်ရိုးလက်ဆန်း အတော်စုံတတ်တယ်။ အပြောအဟောလည်း ကောင်းတယ်။ ရုပ်လက္ခဏာလည်းကောင်းတယ်။ ဒါကြောင့် လာကြတာဖြစ်မှာပေါ့။ ဆရာ့ဟာက မဟုတ်သေးပါဘူး။ ကိုယ့်ကိုယ်ကို အားမကိုး မယုံကြည်ဘဲ ဂမုန်းပင်ကို ယုံကြည်အားကိုးနေတာ သဘာဝမကျပါဘူး ဆရာ" ဟု ဆရာ၏ပြောစကားကို ကြားလို၍ ဂမုန်းကို မယုံကြည်ဟန်နှင့် ပြောပြလိုက်ရသော်လည်း အမှန်မှာ ကျွန်တော်ကိုယ်တိုင် ဂမုန်းကို ယုံကြည်သူဖြစ်ပါသည်။

"အေး... ငါလည်း အရင်တုန်းက မင်းလိုပြောခဲ့တာပဲ။ မြတ်စွာဘုရားက ကံဉာဏ်ဝီရိယရှိရမယ်လို့ ဟောခဲ့တယ်။ ပညာတတ်တိုင်း၊ အပြောကောင်းတိုင်း၊ ရုပ်ကောင်းတိုင်း အကျိုးပေးတာ မဟုတ်သေးဘူးကွ။ မင်း ဘုရားဟောကျမ်းဂန်တွေကို ယုံကြည်ရဲ့လား"

"ကျွန်တော် ဗုဒ္ဓဘာသာပဲ၊ ယုံကြည်ပါတယ်ဆရာ"

"အေး... ဘုရားဟော နိပါတ်တော်တွေမှာ ခနေသိဒ္ဓိ နက္ခတ်မွှန်း တည့်တဲ့အချိန်မှာ ဂါထာရွတ်လို့ ရွှေမိုးငွေမိုးရွာတဲ့ ဝတ္ထုတို့၊ ပထဝီ ဇယမန္တန်ရွတ်လို့ မြေပေါ်ရှိ တိရစ္ဆာန်တွေကိုခေါ်ပြီး ဗာရာဏသီပြည် လာဝိုင်းတဲ့ ဝတ္ထုတို့၊ ဇပွေန မန္တေန ဆိုတဲ့ ဂါထာမန္တန် မန္တရားဟာ ရန်သူအောင်ကြောင်း တရားဆိုတဲ့ ဝတ္ထုတို့ ပဒကုသလဇာတ်တော်မှာ သူခိုးကို သိနိုင်တဲ့ မန္တန်တို့ အဲဒါတွေကို မင်း ယုံကြည်ရဲ့လား"

"ယုံကြည်တာပေါ့ ဆရာရဲ့။ ဒါ ဘုရားဟောတွေပဲ။ ဂါထာနဲ့ ဂမုန်းပင် ဘာဆိုင်လဲ"

"အေး... ဆိုင်တာကို ငါပြောမလို့ပဲကွ။ ဟောဒီ သူရဿတီဂမုန်း ပင်ကလေးကို ငါ ရိုရိုသေသေ ဘုရားနားက စားပွဲပေါ်မှာတင်ထား တယ်။ ဘာမှမလုပ်ဘူး။ လာနေကျ ငါ့ပရိသတ်တွေလာလို့ တစ်နေ့ကို ငွေ ၂ဝ လောက်ရတယ်။

ပိဋ္ဌတ္တယ သမ္ဗုဏ္ဏံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ၊ ဓိဝုဂ္ဂေမေ၊
နိသိဒိတွာ၊ မံဓာရေတု၊ သူရဿတီ ဆိုတဲ့ဂါထာနဲ့
သူရဿတီ– ဒေဝီ စမေမာတာ၊ မာတာစမေ၊
သူရဿတီ ဒေဝီ၊ အနုကမ္ပ ဉပါဒါယ လာဘံ
ဒေဟိမေ သူရဿတီ ဒေဝီ...

ဆိုတဲ့ဂါထာကိုရွတ်ပြီး ရေလောင်းတယ်။ ဘယ်နှခေါက်ရယ်လို့ မဟုတ် ဘူး။ ဧည့်သည်မလာမချင်း ရွတ်တယ်။ အခေါက် ၂၀ ထက် မကျော် ဘူး။ ဧည့်သည်ရောက်လာတယ်။ တစ်နေ့ကို ငွေ ၄ဝ လောက် နှစ်ဆ တိုးပြီးရလာတာ ငါကိုယ်တွေ့ပဲကွ"

"ဒါက ဂါထာက စွမ်းလို့ပဲဟာ။ ဂမုန်းပင်ကြောင့်လို့ ဆရာ ပြော နိုင်သလား"

"အေး မင်း ဒီလိုပြောလိမ့်မယ်လို့ ငါသိပြီးပဲ။ ငါလည်း မင်းလို

ထင်ခဲ့သေးတယ်။ သေချာအောင် ဂမုန်းပင်ကို အိမ်ရှေ့ထုတ်ထားပြီး သူရဿတီဂါထာရွတ်တယ်။ အခေါက် ၅၀ လောက်ရွတ်တယ်။ ဧည့်သည်မလာဘူး။ အခါတိုင်းလို ငွေ ၂၀ိ လောက်ပဲရတယ်။ တိုက်ဆိုင်လို့လားဆိုပြီး ၃ ခါလောက် စမ်းကြည့်တယ်။ ၃ ခါစလုံးပဲ တိုက်ဆိုင်တယ်။ ဒီတော့ ဘယ်သူ မယုံကြည်ဘဲ နေနိုင်မလဲကွ။

"အေး... တစ်ခုတော့ရှိတယ်။ သူတစ်ပါးတို့ ဂမုန်းစိုက်တာနဲ့ ယောင်ပေါင်စိုက်တယ်။ ပရိတ်ရွတ်ဖို့၊ ဂုဏ်တော်ပုတီးစိပ်ဖို့ကျတော့ မှန်မှန်မလုပ်နိုင်ဘူး။ ထူးထူးခြားခြား အကျိုးမပေးပါဘူးဗျာလို့ လာပြောတယ်။ သူတစ်ပါးထက် ထူးထူးခြားခြား အကျိုးပေးချင်ရင် ထူးထူးခြားခြား ပိုပြီးကြိုးစားရမယ်။

"ပရိတ်တွေ ဂါထာတွေရွတ် ဂုဏ်တော်တွေ ပုတီးစိပ်တာတောင်မှ သီလသမာဓိရှိသူနဲ့ မရှိသူ အကျိုးပေးချင်း ကွာခြားမှုရှိသေးတယ်။

"သူတော်ကောင်း နတ်ကောင်း မ,ဆိုတဲ့စကားပုံအတိုင်း သူတော်ကောင်းမှ နတ်ကောင်းမ,မယ်ကွ။ အရေးကြီးတဲ့ ကိုယ်ကျင့်တရားက ပျက်ကွက်နေတဲ့လူအတွက်တော့ ဘယ်နတ်ကမှလည်း မ,မှာ မဟုတ်ဘူး။ သူရဿတီဂမုန်းပင်မပြောနဲ့။ သူရဿတီဒေဝီ၊ စန္ဒီဒေဝီ၊ စန္ဒာဒေဝီ၊ ဂဟာပတိဒေဝီ၊ ဣရာနသီဒေဝီ၊ တိရာနသီဒေဝီ၊ နရိန္ဒာဒေဝီ ဆိုတဲ့ ဒေဝီ ၇ ပါးပြည့်အောင် ဂမုန်းတွေစိုက် ဂါထာတွေရွတ်တောင် အကျိုးပေးမှာမဟုတ်ဘူးကွ။ ဒါကြောင့်မို့ ဇာလီတောင်ဆရာတော်ဘုရားက သူ့ရဲ့ပရိတ်ဆီကို သောက်လိုသူများကို ငါးပါးလုံရမယ်၊ သို့မဟုတ် လေးပါးလုံရမယ်။ အနည်းဆုံး သုံးပါးလုံရမယ်။ အဲဒီလိုအာမခံမှ တိုက်တော်မူတယ်။

"ငါးပါးလုံးလုံရင်တော့ အကောင်းဆုံးပေါ့ကွာ။ ကိုယ်ကျင့်တရားကောင်းလေ အကျိုးပေးလေပါပဲ။ ကိုယ်ကျင့်တရားမကောင်းတဲ့လူ ဂမုန်း

ပင်စိုက် ဂါထာရွတ်လို့တော့ အကျိုးမပေးနိုင်ဘူး။ တကယ်အကျိုးပေးချင်ရင် တကယ်ကိုယ်ကျင့်တရား လုံအောင်စောင့်ထိန်းပေါ့ကွယ်”ဟု အားရပါးရပြောပြပါသည်။

“ကျွန်တော် ဆရာပြောတဲ့အတိုင်း စောင့်ထိန်းပြီး ဆရာပြောသလို စမ်းကြည့်ချင်လို့ ဆရာရဲ့ သူရဿတီ ဂမုန်းပင်ကို ပေးစမ်းပါ” ဟု မည်ကဲ့သို့ပြောမည်ကိုသိလို၍ အစမ်းတောင်းကြည့်မိပါသည်။

“အေး... ငါ့အမုန်းဆုံးလူဟာ ဒီလောကမှာ နှစ်ယောက်တည်းရှိတယ်ကွ”

“ဘယ်သူတွေလဲ ဆရာ”

“ငါ့ကိုတောင်းတဲ့လူနဲ့ ငါတောင်းရင် မပေးတဲ့လူ။ ဒီနှစ်ယောက်ပါပဲကွာ။ မင်းစမ်းချင်လျှင် တခြားကရှာပြီးစမ်းကြည့်ပေါ့။ ငါပေးဖို့ စိုက်ထားတာမဟုတ်ဘူး။ မင်းလိုတောင်းတဲ့လူတွေ ပေးနေရင် ဘယ်မှာကျန်တော့မှာလဲ”ဟု ပြောင်ပြောင်ပင် ပြော၍လွှတ်ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ ၎င်းပြောလိုက်သော ဂါထာများကို ရွတ်ဆို၍ ရေလောင်းကြည့်ရာ တိုက်ဆိုင်လို့လားတော့ မပြောတတ်။ အနည်းငယ် ထူးခြားပါသည်။

ထိုဆရာလိုတော့ မထူးခြားပါ။ ထိုဆရာလို အိမ်ပေါ်တင်ပြီး ဘုရားနားမှာလည်း မထားပါ။ ဂမုန်းပင်ကို ဂမုန်းပင်နေရာမှာပင် ထားပါသည်။

ဂမုန်းပင်ကို ကိုးကွယ်ဆည်းကပ်ရာဟု သဘောမထားနိုင်ပါ။ လောဘလည်းမကြီးလှပါ။ သူရဿတီဂမုန်းအကြောင်း ဤမျှပင် တင်ပြလိုက်ရပါသည်။

●

## (၁၁) ဂမုန်းစေတီ

တချို့သူများက ဗိုလ်အိမ်တွေမှာ စိုက်ထားလေ့ရှိသော အပွင့်နီနီကလေး ပွင့်ပြီး အသီးသီးလျက် ၎င်းအသီးမှည့်သောအခါ ခြောက်ပြီးကွဲ၍ တခြားသို့ လွင့်စင်သွားတတ်သောအပင်ကို အပင်ခြေရင်း မြေကြီးအပေါ်မှာ ဘုကြီးပါသဖြင့် ဂမုန်းစေတီဟု ခေါ်ကြပါသည်။

၎င်းနီနီပွင့်ကလေးများမှ အသီးဖြစ်၍ မှည့်ခါနီးလျှင် လွင့်စင်မသွားရန် အဝတ်ဖြင့်ထုပ်၍ထားကြပါသည်။ အရွက်မှာ ရုံးပတီရွက်နှင့်တူ၍ ကြမ်းကြမ်းထော်ထော်ရှိပါသည်။ ၎င်းဂမုန်းပင်ကို အမြတ်တနိုးစိုက်ပျိုးသူများ အတော်များများရှိလျက် နီနီအပွင့်ကလေးများပွင့်လျက်အလုပ်အကိုင် အကြံအစည်ဖြောင့်မတ်လျက် စီးပွားဥစ္စာ တိုးတက်သည်ဟု ယူဆယုံကြည်လျက်ရှိနေသူ အတော်များပါသည်။

ကျွန်တော်၏အိမ်မှာ ၎င်းဂမုန်းပင်နှင့် နီနီအပွင့်ကလေးတွေ ပြတ်သည်မရှိ။ အမြဲလိုလိုပွင့်၍နေလျက် ၁၂ ရာသီလုံးလုံး မပြတ် ပွင့်သီးနေသောကြောင့် ၁၂ ရာသီ ဂမုန်းဟုပင် ထင်မှတ်မိပါသည်။

ကျွန်တော် ယခုရေးသားမည့် ဂမုန်းစေတီမှာ ၎င်းအပင်မဟုတ်ပါ။

ပုပ္ပားတောင်ဆီမှပါ၍လာတတ်သော ဂမုန်းစေတီဖြစ်ပါသည်။ ၎င်းအပင်၏ပင်စည်မှာ ငှက်ပျောဖူးသဏ္ဍာန် အဖျားချွန်လျက်ရှိပါသည်။ ၎င်းကို တချို့က ဂမုန်းစေတီဥဆိုပြီး ရောင်းချကြပါသည်။ ဥဆိုရအောင်ကလည်း မြေကြီးထဲမှာ မြှုပ်ထား၍မရ။ မြှုပ်ထားလျှင် ပုပ်သွားတတ်သောကြောင့် မြေကြီးပေါ်မှာ တည်ထားရပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေအိမ်မှာ အိုးနှင့်အပြည့်မျှ ပွားများနေသဖြင့် ကျွန်တော့်ကိုပေးရန် တောင်းမိပါသည်။ ပေးလည်းပေးချင် အပင်ကို ခွဲရမှာကလည်း နစ်မြောနေပုံရှိပါသည်။ ၎င်းတို့ ပဲခူးမြို့ကို ဘုရားဖူးသွားကြ၍ အပြန်တွင် တစ်ဥဝယ်လာကြပါသည်။ ဘုရားဖူးသွားရင်း စေတီဂမုန်း ရောင်းနေသည်ကို ၎င်း၏ဇနီးကတွေ့ရှိ၍ ကျွန်တော်တောင်းထားသည်ကို သတိရလျက် ကျွန်တော့်အတွက် ဒို– နှင့် ဝယ်ယူလာပြီးလျှင် ကျွန်တော့်ကို ပေးခြင်းဖြစ်ပါသည်။

ကျွန်တော်က ငွေ ဒို– ပေးသော်လည်း မယူကြပါ။ ကျွန်တော် ၎င်းဂမုန်းစေတီကို စိုက်ပျိုးပြုစုချိန် အလုပ်အကိုင်အကြဲအစည်မှာ တိုက်ဆိုင်လို့လားမသိ။ အတော်ဟန်ကျလာပါသည်။ အထက်၌ဖော်ပြခဲ့သလို ၎င်းငှက်ပျောဖူးလိုဘူကြီးကို ဥမှတ်ပြီး အနည်းငယ် မြေပေါ်မှာချန်၍ မြှုပ်ထားလိုက်မိရာ တစ်စတစ်စနှင့် ပုပ်သွားပါသည်။

မစိုက်ရဘူးခင်က မစိုက်ရသည်မှာ အရေးမကြီးလှသော်လည်း စိုက်ဖူးပြီး အကျိုးပေးသည်ဟု ယူဆနေကာမှ ပုပ်သွားသဖြင့် ထပ်မံစိုက်ပျိုးချင်စိတ်မှာ ဖိနှိပ်၍မရအောင် ကြီးမား၍ပင်လာပါသည်။ တခြားဂမုန်းမိတ်ဆွေများထံတွင် ဂမုန်းစေတီပင်ရှိလေမည်လား။ အလကားမရလျှင် ပိုက်ဆံနှင့် ဝယ်မည်ဟု ရှာဖွေသော်လည်း ထိုအချိန်က ဂမုန်းစေတီ အလွန်ရှားပါးလျက် ပထမပေးလိုက်သော မိတ်ဆွေ၏အိမ်မှာသာ ဂမုန်းစေတီပင်တွေ ပွားများလျက်တွေ့ရပါသည်။



ဂမုန်းစေတီ

ငှင်းမိတ်ဆွေပြောပြချက်အရ ၎င်းရစဉ်က ဥသုံးခုရရှိပြီး ဂမုန်း မိတ်ဆွေသုံးယောက် တစ်ခုစီ ဝေခြမ်းပြီး စိုက်ပျိုးကြရာ မိတ်ဆွေနှစ်ဦး အိမ်မှာ ပုပ်သွားပြီး ၎င်းအိမ်တစ်အိမ်မှာသာ စည်ကားပွားများကြောင်း သိရပါသည်။

ကျွန်တော်က "ခင်ဗျားတို့ မိတ်ဆွေသုံးယောက်ဟာ ပထမံ မောင်အောင်တို့ မိတ်ဆွေသုံးယောက်လိုပေါ့ဗျာ။ သူငယ်ချင်းသုံးဦးရှိလေသည်။ အလယ်လူ ထင်လင်းမင်းဖြစ်တော့သည်ဆိုတဲ့ ဘိုးဘိုးအောင် သီချင်းထဲကလိုပ" ဟုပြောပြမိပါသည်။

"ဟုတ်တယ်ဆရာ... ရန်ကုန်မြို့မှာ ဂမုန်းစိုက်တာ ကျွန်တော်တို့ သုံးယောက်ဟာ ပထမဦးဆုံးပဲ။ သုံးယောက်စလုံး အတူစုပြီး လိုက်ရှာတဲ့ အခါလည်း ရှာတယ်။ တစ်ယောက်တခြား အရပ်ဝေးနီးမကျန် လိုက်လံ ရှာဖွေပြီး တစ်ယောက်ရလာတာကို တစ်ယောက်ခွဲပေးပြီးတော့ ဂမုန်း အလဲအလှယ်လုပ်ကြတယ်။ အဲဒီအချိန်က ငွေပေးဝယ်ရတယ်လို့ မရှိ လှပါဘူး" ဟု ပြောပြပါသည်။

"အဲဒီအချိန်တုန်းက ရောင်းစားလို့ရတာလည်း မဟုတ်ဘဲနဲ့။ ခင်ဗျားတို့သုံးယောက်ဟာ ဂမုန်းရဲ့ အသုံးဝင်ပုံ အသုံးကျပုံကိုလည်း များများစွာမသိ။ အသုံးလည်းမပြုတတ်ဘဲနဲ့ ကြိုးကြိုးစားစားလိုက်ရှာပြီး စိုက်နေကြတာ အံ့ဩဖို့ပဲ" ဟု ပြောမိပါသည်။

"ဟာ... ဒီလိုဘယ်ဟုတ်မလဲ ဂမုန်းအကြောင်း ကောင်းစွာ နား မလည်၊ ဂမုန်းကို အသုံးမချတတ်ကြပေမယ့် ကျွန်တော်တို့ သုံးယောက် စလုံး ဂမုန်းပင်ဟာ တန်ခိုးကြီးတယ်။ တန်ခိုးကြီးသောဂမုန်းပင်ကိုရလျှင် ကြီးပွားချမ်းသာမယ်လို့တော့ အသည်းလိှုက် အူလိှုက် စွဲလမ်းယုံကြည် နေကြသူများဖြစ်တယ်။ တန်ခိုးကြီးသော ဂမုန်းပင်တချို့ကို လက်တွေ့ စိုက်မိလို့ လက်တွေ့အကျိုးရှိထားကြတယ်ဆရာရဲ့။ ဆရာမြင်တဲ့သိတဲ့ အတိုင်းပဲ ကျွန်တော်တို့သုံးယောက်ဟာ အလုပ်အကိုင် ပင်ပင်ပန်းပန်း မလုပ်မကိုင်ရဘဲနဲ့ ချောင်ချောင်လည်လည် သုံးစွဲစားသောက်နေရပြီ။ အတော်အသင့် ကြီးပွားချမ်းသာနေကြတာပဲ။ ပစ္စည်းဥစ္စာသာ ပို၍ချမ်း သာလျှင် ချမ်းသာမယ်၊ စိတ်ချမ်းသာမှုမှာတော့ ကျွန်တော်တို့ ဂမုန်း သမားထက် မပိုနိုင်ပါဘူး" ဟု ပြောပြပါသည်။

ကျွန်တော်၏စိတ်ထဲတွင် ဂမုန်းစေတီ တောင်းသင့် မတောင်းသင့် အတော်ချိန်ဆ စဉ်းစားလျက် သူ၏အိမ်ကအပင်ကို ခွဲပေးရမှာ နှမြော ၍ ဝယ်တောင်ပေးထားရှာသည်ကို ထပ်ပြီးခွဲပေးပါပြောရမှာ အတော်

ဝန်လေးနေမိပါသည်။

ရှေးစကားပုံမှာ ကြိုက်မရှက်–ငတ်မရှက်–ငိုက်မရှက်ဟူ၍သာ ရှိသော်လည်း ဂမုန်းလိုချင်လျှင် မရှက်တတ်တာက အထက်က မရှက် သုံးပါးထက်ပင် ပို၍နေပါသည်။ ဖဲရှုံးထားသောလူသည် အရင်းပြန်ရနိုး နှင့် ငွေချေးရမှာ မရှက်သလို ကျွန်တော်မှာလည်း ဂမုန်းပင်ရပြီးမှ သေ သွားတော့မရလျှင် မနေနိုင်အောင်၊ မနေတတ် မထိုင်တတ်ရှိလျက် ဘယ် မှလဲ ရှာလို့မတွေ့။ ရှေ့မျက်နှာနောက်ထားပြီး ၎င်းဂမုန်းမိတ်ဆွေထံမှာ ပင် ပြောကြားရပါတော့သည်။

"ခင်ဗျားတို့ ဝယ်ပြီးပေးတဲ့ ဂမုန်းစေတီပင်ဟာ တစ်ဥလုံး မြေကြီး ထဲကိုမြှုပ်ထားမိလို့ ပုပ်သွားတယ်။ တန်ခိုးကြီးသောဂမုန်းဖြစ်ကြောင်း ကိုလည်း ကျွန်တော် ယုံကြည်နေတယ်။ ခင်ဗျားတို့ကိုပြောရမှာ အားနာ လို့။ ကျွန်တော် တခြားမှာရှာနေတယ်။ ဘယ်မှာမှ မတွေ့ပါဘူး" ဟု အရိပ်အမြွက်ပြောလိုက်ပါသည်။

"ကျွန်တော် ထပ်ပေးလိုက်ပါ့မယ်ဆရာ... အားမနာပါနဲ့၊ ယူသာ သွားပါ။ ကျွန်တော်က ဂမုန်းပင်ကို လိုက်ရှာဖွေနေတဲ့လူဖြစ်လို့ ကိုယ် ချင်းစာတတ်ပါတယ်။ ဂမုန်းပင်ဟာ နတ်ရှိပုံရတယ် ဆရာရဲ့။ လိုချင် မိလျှင် အငမ်းမရ ဖြစ်တတ်တယ်။ ကျွန်တော်လည်း လိုချင်တဲ့ဂမုန်းပင် မရလို့ မနေတတ် မထိုင်တတ် မျောက်မီးခဲကို ကိုင်မိသလို ဖြစ်ပေါင်း များလှပါပြီဆရာ။ ကျွန်တော့်ရဲ့ ဂမုန်းစေတီအိုးကြီးကို မြင်နေရတာဟာ ထမင်းဆာနေတဲ့လူရှေ့မှာ ထမင်းပွဲကြီးမြင်နေရသလို ဖြစ်နေပြီ။ ခွဲပေး ရမှာ နှမြောတော့ နှမြောတာပေါ့ဆရာ။ နှမြောပေမယ့်လည်း ပေးရမယ့် လူကျတော့ ပေးရမှာပဲပေါ့။ ကျွန်တော် နှမြောတာက တခြားအပင်တွေ ကျန်နေတော့ ခဏကလေးနဲ့ ပြေပျောက်သွားမှာပါ။ ဆရာ့မှာသာ ဂမုန်း ပင်မရမချင်း စိတ်ဆင်းရဲနေရမှာ တွက်ကြည့်လျှင် ခဏသာ နှမြောရ

မယ့်လူက ပေးသင့်ပါတယ်" ဟု ပြောပြီး တစ်ပင်ခွဲ၍ပေးလိုက်ပါသည်။

ဘယ်နေရာမှာမဆို တွက်ချက်ပြီး ပြုလုပ်ဆောင်ရွက်လေ့ရှိသော မိတ်ဆွေကို ကျေးဇူးတင်ရုံမျှမက အံ့သြချီးကျူးလျက်ပြန်လာပြီး စိုက်ထားလိုက်ပါသည်။

ဂမုန်းစေတီ ထပ်မံရရှိချိန်ကစပြီး ကိုယ်ရောစိတ်ပါ ပေါ့ပါးလျက် စိတ်ထဲမှာကြည်လင်ပြီး ပျော်ရွှင်၍နေပါသည်။ အလုပ်အကိုင် အကြံအစည်ဟူသမျှမှာလည်း အိမ်မှုကိစ္စမှစပြီး အဖုအထစ်မရှိ ချောချောမောမော ပြေပြေပြစ်ပြစ်ရှိလှပါသည်။ တိုက်ဆိုင်၍လား မပြောတတ်ပါ။ ကျွန်တော်၏အိမ်မှာ သုံးပင် လေးပင်မျှဖြစ်ပြီး အဖူးတိုင်ကလေးတွေ တက်လာ၍ အပွင့်ဖြူဖြူကလေးတွေ လှကလှနှင့်။ ရက်တရက်လည်း ကျမသွားပါ။ အတော်ကြာအောင် ခံပါသည်။

ဥလိုလို ဘုကြီးမှ အစို့ကလေးထွက်ပြီး အပင်ဖြစ်လာပါသည်။ အပင်ဘဝမှာ အတော်ကြာအောင်နေပြီး အောက်လက်များကျသွား၍ အရွက်သစ် ထပ်မထွက်တော့သောအခါ အရွက်က ၄ ရွက် ၃ ရွက် ၂ ရွက် နည်း၍နည်း၍လာပြီး တစ်ရွက်မျှမကျန်သောအခါ ငှက်ပျောဖူးလို ထိပ်ချွန်ချွန်နှင့် စေတီပုံဖြစ်၍နေလျက် ၎င်းစေတီအရင်းနားမှ အတက်ပေါက် အပင်ဖြစ်၊ နောက်ဆုံးတော့ ပထမစိုက်ထားသော စေတီကြီးမှ စေတီရံကလေးလို ဖြစ်၍လာပါသည်။

ဂမုန်းစေတီပင် ပွင့်နေသောအချိန်တွင် စိတ်ပျော်ရွှင်ကြည်နူးမှုများစွာရလျက် မိတ်ဆွေခင်ပွန်းကောင်းအသစ်များစွာ တိုးတက်ပြီးလျှင် မမျှော်လင့်သောအရပ်မှ ပစ္စည်းဥစ္စာကလေးများ အတော်များများရရှိ၍ လာတတ်ပါသည်။ အတော်များများဆိုသည်မှာ ကျွန်တော်တို့ အခြေအနေ အလုပ်အကိုင် အကြံအစည်အလိုက် အခါတိုင်းရနေကျထက် ပိုမို၍ရသည်ကို အတော်များများရရှိသည်ဟု ရေးသားရခြင်းဖြစ်ပါသည်။

ညောင်ပင်ကိုင်းများ ခေါင်းပေါ်ကျ၍ ဆင်က "တစ်ထွာလောက် ခေါင်းပြိသွားတယ်" ဟုပြောဆိုရာ ကမျင်းနီက "ကျုပ်လည်း တစ်ထွာ လောက် ပြိသွားတယ်" ပြောလျှင် ဆင်က ရယ်မောလျက် "မင်းက မွှားစိနကလေး။ ဘယ်လိုလုပ်ပြီး တစ်ထွာတောင် ပြိရသလဲ" ဟု ရယ် မောပြောဆိုပါသည်။ ကမျင်းနီက "ဆင်းလည်း ဆင်အထွာနဲ့၊ ကမျင်းနီ မှာလည်း ကမျင်းနီအထွာနဲ့" သူ့အထွာနှင့်သူပြိသလို ကမျင်းနီအထွာ နှင့် ပြိခြင်းဖြစ်ပါသည်။ အလုပ်အကိုင်ကြီးသမားတွေလို ကြီးကြီးကျယ် ကျယ်တော့ မရပါ။ ဆင်အထွာနှင့်၊ ဆင်လို အပြိမကြီးကြောင်း ဆိုလို ပါသည်။

ဂမုန်းစေတီအကြောင်း ဤမျှ ရှည်ရှည်လျားလျား စာမျက်နှာ အကုန်ခံပြီး ရေးသားနေရခြင်းမှာ ၎င်းဂမုန်းစေတီအတွက် ကျွန်တော် အမြတ်နိုးဆုံး အနှစ်သက်ဆုံးဖြစ်ခြင်း၊ ဂမုန်းစေတီပင်အတွက် ဝမ်းသာ ကြည်နူးမှုတွေကို ခံစားရသလို ဝမ်းနည်းကြေကွဲဖွယ်ရာတွေကိုပါ တွေ့ ကြုံရခြင်း၊ သူတစ်ပါးတို့၏အတွေ့ကို သုတေသနလုပ်ရသည်ထက် ကိုယ်တွေ့သုတေသန ကိုယ်တိုင်အဖြစ်အပျက်ကများခြင်းတို့ကြောင့် ဖြစ်ပါသည်။

နွေရာသီရောက်သောအခါ သစ်ပင်များကို နေရိပ်ရာသို့ ရွှေ့ ပြောင်းလေ့ရှိရာ အထူးသဖြင့် အမြတ်တနိုးထားသော အပင်များကို ပိုမို ၍ အရိပ်ကျရာသို့ ပြောင်းရွှေ့သဖြင့် ဂမုန်းစေတီကိုလည်း အရိပ်များများ ကျရာသို့ ပြောင်းရွှေ့လိုက်ပါသည်။

ဂမုန်းပင်တွေကို ရေလောင်းရင်း အပုပ်နံ့ကလေးရလာပါသည်။ အပုပ်နံ့ရှိရာသို့ လိုက်လံစုံစမ်းရာ ဂမုန်းစေတီတစ်ပင် ပုပ်နေသည်ကို တွေ့ရလျက် သစ်ပင်ပုပ်သော အနံ့မဟုတ်။ အတော်အခံရခက်သည့် တိရစ္ဆာန်သတ္တဝါအကောင်များ သေသောအခါ နံသည့် အပုပ်နံ့မျိုးပင်

ဖြစ်ပါသည်။

"ပုပ်တဲ့အပင်ကို ယူပစ်လိုက်လျှင် ကျန်တဲ့အပင်ရှိသေးတာပဲ။ ၄ ပင်တောင် ပွားနေသားပဲ" ဟု စိတ်ကိုဖြေရသော်လည်း တစ်ပင်ပြီး တစ်ပင် ၄ ပင်စလုံး ပုပ်ကုန်ပါသည်။ ကျွန်တော် စိတ်မကောင်းဖြစ်ပုံ တော့ ပြောဖွယ်ရာပင် မရှိတော့ပါ။ "ကံများ ငှက်ပျံသလို အစုလိုက် အပြုံလိုက် ပျံတတ်တယ်။ အကုသိုလ်ဟာလည်း အစုလိုက် အပြုံလိုက် လာတတ်တယ်" ဟူသော ကျွန်တော် ငယ်စဉ်ကဖတ်ခဲ့ဖူးသည့် စာများ အတိုင်း အလုပ်အကိုင် အကြံအစည်ကလေးတွေ ချောချောမောမော မဖြစ်။ အဖုအထစ်တွေ တွေ့ရ၊ နေမကောင်း ထိုင်မသာများရနှင့် ဖြစ်၍ လာပါသည်။

တစ်နေ့တွင် ကျွန်တော် အလေးအမြတ် ယုံကြည်ကိုးကွယ်သော ဆရာတော်တစ်ပါး ကြွရောက်၍လာသဖြင့် ဂမုန်းစေတီပင်တွေ အလိုလို ပုပ်ကုန်၍ ဝမ်းနည်းပက်လက်ဖြစ်ရကြောင်းကို လျှောက်ထားမိပါသည်။

"သူ့ဟာသူ အရှေ့ဘက်ထိပ်မှာနေတာ အကောင်းသားနဲ့၊ မင်းက အနောက်ဘက်ရွှေ့၊ လှေကားအတက်အဆင်းနား လာထားတော့ ပုပ် ကုန်တာပေါ့" ဟုပြောမှ လှေကားနားမှာ အရိပ်များရ၍ လှေကားနားသို့ ရွှေ့မိသဖြင့် ကျွန်တော်၏ စေတနာမှာ ဝေဒနာဖြစ်ရပုံကို နောင်တရ၍ မဆုံးအောင်ရှိမိပါသည်။

ထိုဆရာတော်ကြီးကပင် "ဂမုန်းစေတီကိုတော့ ရအောင် ထပ်မံ ပြီး ရှာစိုက်ဦး။ ဂမုန်းများများစိုက်တဲ့လူမှာ ဂမုန်းစေတီပင် ရှိသင့်တယ်။ ထိခိုက်ပျက်စီးတတ်တဲ့ ဂမုန်းများကို မတော်တဆ စိုက်ပျိုးမိလျှင် ဒီဂမုန်း စေတီက ကာကွယ်နိုင်တယ်" ဟု ထပ်မံအမိန့်ရှိသွားပါသေးတယ်။

တိုက်ဆိုင်ပုံက ဂမုန်းစေတီပင် မရှိသည့်အချိန်မှာ တန်ခိုးကြီး သော ဂမုန်းပင်များ ပထမတွဲတွင် ရေးသားဖော်ပြခဲ့ဖူးသည့်အတိုင်း ဂမုန်း

နန်းထိုင် ဂမုန်းပင်ကို သုတေသန ကိုယ်တွေ့စိုက်ပျိုး၍ကြည့်ချိန်နှင့် ဆုံစည်း၍နေပြန်သဖြင့် နန်းထိုင်ဘီလူးဂမုန်းက သူ၏အစွမ်းသတ္တိရှိသမျှကို မွှေနှောက်၍သွားသည်တို့ကို လက်တွေ့ခံစားလိုက်ရခြင်းပင် ဖြစ်ပါသည်။

ဆရာတော် ပြန်ကြွသွားသောအခါ ယခင်ကလိုပင် အပြင်းအထန် ဂမုန်းစေတီပင် ရှာရပြန်ပါသည်။ ယခင်ကအတိုင်းပင် ဂမုန်းမိတ်ဆွေထံကို မပြောသေးဘဲ တခြားမိတ်ဆွေများထံတွင် ရသော်ရငြား စုံစမ်းမေးမြန်းရှာဖွေရာ ပုပ္ပားက ဘုရားဖူး၍ပြန်လာသူ မိတ်ဆွေတစ်ယောက်မှာ စေတီဂမုန်းသုံးပင်ပါလာသည်ကို တွေ့ရပါသည်။

ကျွန်တော် ထိုမိတ်ဆွေအိမ်သို့ ရောက်ချိန်မှာ ပုပ္ပားမှပြန်လာကာစ ဂမုန်းပင်တွေကို မစိုက်ရသေးခင် "ကျွန်တော့်ကို တစ်ပင်ပေးပါ" ဟု တောင်းယူခဲ့ရမှာ မကောင်းတတ်သဖြင့် ထိုမိတ်ဆွေအိမ်မှာရှိလျှင် အချိန်မရွေး ရနိုင်သားပဲဆိုသောသဘောဖြင့် စိတ်ကိုထိန်းသိမ်း၍ ပြန်ခဲ့ပါသည်။

ကျွန်တော်၏ဇနီး ဆရာမက "ကနေ့ မျက်နှာတယ်ရွှင်ပါကလား။ ညွှန့်ပါ ဝမ်းသာရအောင် ပြောပြစမ်းပါဦး" ဟု မေးမြန်းပါသည်။

"ငါ့ဆီက ပတ္တမြားဂမုန်းပင်ပေးလိုက်လို့ အပွင့်ပွင့်ပြီး ထီပေါက်သဖြင့် ဘုရားဖူးသွားကြတဲ့ မိတ်ဆွေတွေ ပြန်လာကြပြီကွ" ဟု အားရဝမ်းသာပြောမိပါသည်။

"ဩော် ဟုတ်လား၊ ဘုရားတွေနဲ့အောင် ဖူးပြီး ပြန်ရောက်လာတာ တွေ့ရလို့ အမျှတွေ အများကြီးဝေလိုက်တာ အမျှတွေရလာလို့ ဝမ်းသာလာတာလား" ဟု နောက်ပြောင်၍နေပါသည်။

"အမျှတွေရလာလို့ မဟုတ်ဘူး။ ပုပ္ပားက ဂမုန်းစေတီပင် သုံးပင်ပါလာတယ်။ သူ့ဆီမှာရှိလျှင် နှစ်ပင်ရှိ တစ်ပင်ရနိုင်တယ်။ ငါ့ဆီက

နှစ်ပင်ရှိရင်လည်း သူ့ကို တစ်ပင်ခွဲပေးခဲ့တာ" ဟု ဝမ်းသာအားရ ပြောမိပါသည်။

"ကိုကိုကလည်း တစ်ခါတည်း ယူခဲ့ရောပေါ့။ တော်တော်ကြာ တခြားလူတွေက ယူသွားလို့ တစ်ပင်တည်းကျန်နေလျှင် မရဘဲနေဦးမယ်။ ကိုယ်ကတော့ သူလိုချင်သမျှ ပေးနေတာပဲ" ဟုပြောပါသည်။

"တစ်ပင်တည်းကျန်ရင်လည်း ပွားတော့မှ ယူရမှာပဲ။ ရောက်လာရောက်လာချင်း တောင်းရမှာ ပါးစပ်က မထွက်ရက်ပါဘူး။ ငါ့အိမ်က အပင်တွေ ပုပ်ကုန်တာ သူ မသိရှာလို့ပါ။ သိရင်လည်း မတောင်းပေမယ့် ပေးလိုက်ရှာမှာပဲ။ ရိုးသားသာ မုတ်ပါကွာ" ဟု ပြောပြရပါသည်။

"ငါဟာ ဂမုန်းစေတီရတော့မယ်" ဟု စိတ်ထဲမှာ အတော်ကြည်နူးနေလျက် ၁၀ ရက်ခန့်ကြာသောအခါ အိမ်မှာ အိုးအသစ်တစ်ခုကိုပြင်ပြီး မြေကြီးများထည့်ထားသဖြင့် ကျွန်တော်၏ဇနီး ဆရာမက "နှုတ်ခမ်းနာနဲ့ မုန့်ဆီကြော် တည့်မှ တည့်ပါ့မလားဆိုတာလို အပင်မရခင်က အိုးကို ပြင်နေရမလား" ဟု ပြောရာ "ပုပ်သွားတဲ့အိုးထဲကို ထပ်မစိုက်ချင်လို့ အိုးအသစ် မြေအသစ် ဂမုန်းပင်အသစ်နဲ့ မင်္ဂလာရှိသွားအောင် စိုက်ပြီးလျှင် မဟာသမယသုတ်ကို အမြန်ပြန်ရွတ်လိုက်မယ်" ဟုပြောပြီး ဂမုန်းယူရန်သွားပါသည်။

ထိုမိတ်ဆွေ၏အိမ်သို့ရောက်သောအခါ ရှမ်းပြည်မှယူလာသည့် ကြာပွင့်ကလေးလိုအရွက်တွေ မြေကြီးမှာကပ်ပြီးနေသော ဂမုန်းပင်ကိုပြ၍ "ဆရာ ယူမလား" ဟုပြောပါသည်။

"ကျွန်တော် အဲဒီအပင်ကို မလိုချင်ပါဘူး။ ကျွန်တော် လိုချင်တာက ဂမုန်းစေတီပင်ပဲ။ ကျွန်တော် ဟိုနေ့တုန်းက အားနာလို့မပြောတာ။ ကျွန်တော့်ရဲ့ ဂမုန်းစေတီပင်တွေ ပုပ်ကုန်လို့ ဂမုန်းစေတီပင်ကို အပြင်းအထန်မရလျှင် မနေနိုင်အောင်ကို လိုချင်နေတယ်" ဟု ပြောပြရပါသည်။

"ဖြစ်မှ ဖြစ်ရလေ ဆရာရယ်။ ဟိုနေ့က တစ်ခါတည်းယူသွားရော ပေါ့။ ဆရာ့အိမ်မှာရှိတယ်ဆိုပြီး မပေးလိုက်တာ။ ပုပ်ကုန်ကြောင်း ပြော ရောပေါ့ဆရာရယ်" ဟုပြောပါသည်။

"ဒီမှာရှိရင် ဘယ်တော့ယူယူရတာပဲဆိုပြီး မပြောခဲ့တာ။ ကနေ့ ရက်ရာဇာလည်းကျ၊ အမြိတ္တစုတ်ရက်လည်းကျလို့ ကနေ့စိုက်ရအောင် အခုလာယူတာပဲ။ သစ်ပင်စိုက်တာကို ရက်ကောင်းရက်မြတ် ရွေးစိုက် မှ ထူးထူးခြားခြား အကျိုးပေးတတ်တယ်လို့ ဆရာကြီးက ပြောသွားဖူး တယ်။ ကျွန်တော် အရင်ရက်ရွေးပြီး မစိုက်ခဲ့ဘူး" ဟု ပြောပြမိပါသည်။

"ဆရာ့ကို အပြောရခက်လိုက်ဟာဆရာ။ ဆရာ့ကို ဂမုန်းစေတီ မပေးနိုင်တော့ဘူး။ ဆရာ အလွန်လိုချင်နေတာမပေးနိုင်လို့ စိတ် မကောင်းပါဘူး။ ဂမုန်းစေတီတန်ခိုးကြီးတယ် မကြီးတယ်လို့လည်း မသိ ပါဘူး။ ဆရာလိုချင်တာ မပေးရလို့ စိတ်မကောင်းတာပါ" ဟု ပြောပြ ပါသည်။

ကျွန်တော်တော့ ခဲလေသမျှ တကတည်း အခြေမလှတာကြောင့် ညြော်... သဲရေကျဖြစ်ရလေတော့သတည်း– ဆိုတဲ့ ဆရာတော် သာယာ ဝတီ ဦးညေယျတရားလို မငိုမိရုံရှိအောင် မျက်နှာပျက်မိပါသည်။

"ဒါလောက် အဖိုးတန်တယ်လည်းမထင်လို့ တစ်ပင်ကို နှစ်ကျပ် ဆီ ပေးခဲ့ရတာမို့ ခပ်ပေါ့ပေါ့ဆဆပဲ စိုက်ထားလိုက်တာ။ သုံးပင်စလုံး ပုပ်ကုန်တယ်ဆရာ" ဟု ပြောပါသည်။

"ခင်ဗျားတို့ ဘယ်နေရာမှာ စိုက်သလဲ၊ ဘယ်လိုစိုက်သလဲ" ဟု မေးမြန်းရာ "ဟောဒီနေရာမှာစိုက်တယ်။ မြေကြီးထဲမှာမြှုပ်ပြီး စိုက်ထား လိုက်တာပဲဆရာ။ နောက်တော့ ရေလောင်းရင်း ပုပ်စော်နံလို့လိုက်ရှာ တော့ ဂမုန်းစေတီပင်တွေ ပုပ်နေတာ တွေ့ရတာပဲ။ တယ်ပြီးတော့လည်း မနမြောလှပါဘူး။ အခု ဆရာလိုချင်တယ်ဆိုလို့ မပေးရတာတစ်ခုပဲ

စိတ်မကောင်းပါ" ဟု ပြောပြပါသည်။

"ခင်ဗျားတို့စိုက်တာက အပင်ကို မြေကြီးထဲမြှုပ်စိုက်တယ်၊ စင်လည်းမရှိဘူး။ စိုက်တဲ့နေရာကလည်း လူသွားလမ်းဘေးမှာ ပုပ်ကုန်တာတောင် နည်းသေးတယ်။ ကျွန်တော်ကလည်း မပြောပြခဲ့မိဘူး" ဟု ကရုဏာဒေါသောနှင့် အပြစ်တင်မိပါသည်။

"ပုပ်ကုန်တာ မနည်းပါဘူးဆရာ။ သုံးပင်စလုံး အခွံတောင် မကျန်တော့ပါဘူး။ ဆရာကလည်း စောစောကပြောသွားရောပေါ့။ ဘယ်ဂမုန်းပင်ဟာ တန်ခိုးကြီးတယ်၊ သေသေချာချာစိုက်ရမယ်လို့။ အခုတော့ ဆရာက တန်ခိုးကြီးတဲ့ဂမုန်းကျ ခပ်ဖုံးဖုံးကလေးထားတော့ ဘယ်သိပါ့မလဲ" ဟု ကျွန်တော့်ကိုပင် ပြန်၍အပြစ်တင်နေကြပါသည်။

"ကျွန်တော် မပြောတောင်ဗျာ... ဂမုန်းစေတီဆိုတဲ့နာမည်ကြည့်ရုံနဲ့ ရိုရိုသေသေစိုက်ပျိုးပြုစုဖို့ကောင်းပါတယ်။ ကိုင်း ကျွန်တော် အခုပြောခဲ့မယ်။ ဂမုန်းစေတီဟာ ကျွန်တော်တွေ့ဖူးသမျှ စိုက်ဖူးသမျှ ဂမုန်းပင်တွေထဲမှာ အထူးခြားဆုံး အလေးဂရုအပြုဆုံး၊ အနှစ်သက်ဆုံး၊ အလိုချင်ဆုံး ဂမုန်းပဲ။ ရှာ၍ရရင် ကျွန်တော့်ကို အရင်လာပေးကြပါ" ဟု ပြောဆိုမြည်တွန်၍ ပြန်ခဲ့ပါသည်။

အိမ်ကိုရောက်၍ ဂမုန်းပင်မပါလျှင် ကျွန်တော်၏ ဇနီးဆရာမက ဆီး၍အပြစ်တင်မည်ကိုတွေးတောရင်း အတော်စိတ်မောမိပါသည်။ လမ်းကျတော့ မထူးပါဘူးလေ၊ မရလျှင် ရသတချိုင်ဆိုသလို ပထမ–ဒုတိယနှစ်ကြိမ်တိုင်တိုင် ပေးလိုက်သူ ဂမုန်းမိတ်ဆွေအိမ်ကို သွားရောက်တောင်းယူရန် ဆုံးဖြတ်လိုက်ပါသည်။

"ဆရာ ဘယ်ကလှည့်လာသလဲ။ ဆရာ့ရဲ့မျက်နှာကို ကြည့်ရတာဟာ စိတ်မကောင်းစရာတစ်ခုခု တွေ့ကြုံနေရတဲ့ မျက်နှာမျိုးပဲ။ ကျွန်တော်တို့ကို ပြောဆိုတိုင်ပင်နိုင်ပါတယ်။ ကျွန်တော်တို့ ကူညီနိုင်တဲ့ကိစ္စဆို

လျှင် အချိန်အခါမရွေး ကူညီရန် အသင့်ရှိနေပါတယ်။ အားမနာပါနဲ့ ပြောသာပြောပါ" ဟု ရေလာမြောင်းပေး မေးရှာပါသည်။

ကျွန်တော် အနည်းငယ် အားတက်လာပြီး "ခင်ဗျားကို ကျွန်တော် မပြောတော့ပါဘူးဆိုပြီး တခြားမှာလိုက်ရှာနေတာ ကြာပြီကစပြီး ဂမုန်းပင်ကို လေ့ကားနားရွှေ့ထားမိလို့ ပုပ်သွားပုံ၊ ရလိမ့်မယ်သေချာပေါက် သွားယူတာ မရခဲ့ရပုံ" တို့ကို အစအဆုံး နုတ်မောင်းပျံက ဇာတ်ကြောင်း ပြန်ပါသည်။ ဆိုသလို ဇာတ်ကြောင်းပြန်လိုက်ပါသည်။

"ဆရာ့မှာလည်း ဂမုန်းပင်စိုက်လို့ စိတ်ကြည်နူးရတာ အကျိုးခံစား ရတာထက် ဂမုန်းပင်ရအောင် ရှာရလို့ ပူပန်ရတာ ဂမုန်းပင်ပုပ်သွားလို့ ဝမ်းနည်းပက်လက်ဖြစ်ရတာတွေက များနေပြီဆရာ။ အဲဒါ ဂမုန်းပင်ကို ဝါသနာပါမိလို့ တွေ့ကြုံခံစားရတာတွေပဲ။ ဘယ်ဂမုန်းပင်ဖြစ်ဖြစ် ရမှ ရစေ၊ မရမနေမရှာနဲ့ ဆရာ။ ထိုက်လျှင် ကြံဖန်ပြီး ရလာလိမ့်မယ်။ သေသွားရင်လည်း အလွန်မပူပန်နဲ့ ဆရာ။ ငါနဲ့မထိုက်လို့ သေသွား တာပဲလို့ အသင့်အတင့်သဘောထားပါ။ ဂမုန်းပင်မပြောနဲ့၊ ဆရာပါ သေရဦးမှာပဲ" ဟု ပြောပြပါသည်။

"အလွန်ပြတ်ပြတ်သားသား ပြောတတ်လို့ ခင်ဗျားကို ကျွန်တော် သဘောကျပါတယ်။ ခင်ဗျား ပြောတဲ့အတိုင်း နောက်တစ်ခါသေသွား ရင်တော့ မပူပန်တော့ဘူး။ ခင်ဗျားကိုလည်း မတောင်းတော့ပါဘူး။ ဒီ တစ်ခါတော့ စေတီတစ်ပင်ကို ကျွန်တော့်ပေးပါဦး" ပြောလျက်တောင်း ရာ အရွက်တုံးပြီး သူတစ်ပါးတို့ ဥခေါ်နေသောအပင်နှင့် အရွက်ဘဝမှ ရှိနေသော အပင်တစ်ပင် နှစ်ပင်ပြူး နုတ်၍ပေးလိုက်ပါသည်။

ယခုပုံတွင်ပါရှိသောအပင်မှာ နောက်ဆုံးစိုက်ပျိုးပြုစုထားသော ကျွန်တော်၏အိမ်မှ ဂမုန်းစေတီပင်ဖြစ်ပါသည်။ ဂမုန်းစေတီပင်ရောက် ရှိလာမှ ကိုယ်ရောစိတ်ပါ ကြည်လင်ရွှင်ပျစွာ အလုပ်အကိုင်အကြံအစည်

များ ချောမော၍လာပါသည်။

ဥပမာ– အိမ်ကို ရေဘုံပိုင်သွယ်သည့်ကိစ္စ၊ ရေလောင်းအိမ်သာပြု လုပ်သည့်ကိစ္စများမှာ ချောမောစွာ ပြီးစီးခြင်းပင်ဖြစ်ပါသည်။

"ရေဘုံပိုင်သွယ်သည့်ကိစ္စ ငွေရှိလျှင်ပြီးတာပဲ။ စာအုပ်ထဲမှာ ထည့်ရေးရမှာလား" ဟု ပြောလိုက ပြောနိုင်ပါသည်။ သို့သော် ပေ ၁၀၀၀ ကျော် ပိုက်လုံးများကို အစိုးရဈေးနှုန်းနှင့် လက်ကားသမဝါယမ ဆိုင်က ရအောင်ဝယ်ရသည်မှာ မလွယ်လှပါ။ ပေ ၂၀၀၊ ပေ ၃၀၀ သာရလွယ်လျှင် ရလွယ်မည်ဖြစ်ပါသည်။

ကျွန်တော် သင့်ဘဝမင်္ဂလာဇင်းမှာ ဂမုန်းဆောင်းပါးများကို ရေးရာမှ တန်ခိုးကြီးသောဂမုန်းပင်များ စာအုပ်အဖြစ် ထွက်လာခြင်းပင် ဂမုန်းပင် များတန်ခိုးကြောင့် ထွက်လာသည်ဟု ယူဆရမလိုပင်ဖြစ်ပါသည်။

ဂမုန်းပင်များကို စိမ်းစိမ်းစိုစို တွေ့မြင်ကြည့်ရှုပြုစုရသဖြင့် စိတ် ကြည်နူးလျက်ရှိကြောင်းကို တင်ပြလိုက်ရပါသည်။

ကျွန်တော်တော့ မဟာသမယသုတ်ကို ဂမုန်းစေတီစိုက်ပြီးရက်မှ စ၍ ရွတ်ဖတ်ပါသည်။ သည်နောက် မကြာမကြာရွတ်ပါသည်။ ဂမုန်း စေတီစိုက်ပျိုးသူများ မဟာသမယသုတ် မှန်မှန်ရွတ်ဆိုကြရန် တိုက်တွန်း နှိုးဆော်လိုက်ရပါတော့သည်။

●

## (၁၂) ဆရာကြီးဂမုန်း

ဆရာကြီးဂမုန်းကို ဂမုန်းမိတ်ဆွေတစ်ယောက်အိမ်မှ အပင်ကလေးတစ်ပင်ရရှိ၍ စိုက်ပျိုးထားရာ အိုးနှင့်ပြည့်အောင် ပွားများ စည်ကားလျက်ရှိပါသည်။

စိုက်ထားသည်မှာ ၄ နှစ်ခန့်ရှိပြီဖြစ်သော်လည်း တစ်ခါမှ အပွင့်မပွင့်သေးပါ။ အပင်မှာ ဘုရားများ ကျောင်းများမှာ စိုက်ပျိုးလေ့၊ စိုက်ပျိုးထရှိသော လေးကျွန်း ကြာခိုင်ပန်းပင်နှင့် တူပါသည်။ အပွင့်ပွင့်လျှင်လည်း လေးကျွန်းကြာခိုင်လိုပွင့်ကြောင်း ပြောပါသည်။

မကြာသေးမီက နာမည်ကြီး မြန်မာဆေးဆရာကြီးတစ်ယောက်အိမ်သို့ ရောက်ရှိသွားရာ ၎င်းဂမုန်းပင်များ ပွင့်၍နေသဖြင့် "ဆရာ... ဒါ ဘာဂမုန်းပင်ခေါ်သလဲ။ ဘယ်လိုတန်ခိုးရှိသလဲ" ဟုမေးမိပါသည်။

"အဲဒါ ဆရာကြီးဂမုန်းပင်ခေါ်တယ်ကွ။ တို့ငယ်စဉ်အရွယ်တုန်းက အထက်မြန်မာပြည်ဆရာကြီးတွေထံ ပညာ လိုက်၍ဆည်းပူးရှာဖွေစဉ်အခါက ဆရာကြီးတွေရဲ့အိမ်မှာ အဲဒီဂမုန်းပင်တွေ စိုက်ထားကြတယ်။ အဲဒီဂမုန်းပင်ဟာ မကောင်းဆိုးဝါးတွေကို နိုင်တယ်" ဟု ပြောပြ

ပါသည်။

"ကျွန်တော့်ရဲ့အိမ်မှာလည်း မိတ်ဆွေတစ်ယောက်ကပေးလို့ စိုက်ထားတာရှိတယ်ဆရာ။ အပင်ကတော့ စည်ကားတယ်။ အပွင့်ကတော့ တစ်ခါမှ မပွင့်သေးဘူး။ လေးနှစ်လောက်ရှိပြီ၊ ပွင့်အောင် ဘယ်လိုလုပ်ရမလဲဆရာ" ဟု ထပ်မံမေးမြန်းမိပါသည်။

"မင့်ဂမုန်းပင် တောဝင်နေလို့ မပွင့်တာဖြစ်မှာပေါ့။ ခွဲပြီး တခြားစီစိုက်၊ ဒါမှမဟုတ်လျှင်လည်း အိုးပြောင်းပြီးတော့ စိုက်လိုက်ပေါ့။ ပွင့်လာပါလိမ့်မယ်" ဟု စိတ်ပါလက်ပါ ပြောပြပါသည်။

မေးချင်သည့်စကားတွေက များနေ၍ "တောဝင်နေတယ်ဆိုတာ ဘာလဲ" ဟု မမေးခဲ့မိပါ။ ခွဲ၍လည်း မစိုက်။ အိုးလည်းမပြောင်းရသေး၍ အပွင့်လည်း မပွင့်သေးပါ။ ပုံတွင်ပါသည့်အတိုင်းပင်ဖြစ်ပါသည်။

"ဆရာ ပယောဂနိုင်တယ်ဆိုတာက အပင်က အလိုလိုနိုင်နေတာလား၊ တခြားအစီရင်တွေ ပြုလုပ်ရသေးသလား" ဟု ထပ်မံမေးမြန်းရာ "အစီအရင် ပြုလုပ်ဖို့မလိုဘူးကွ။ အပင်ကိုက နိုင်နေတာ အပင်ကိုက တန်ခိုးကြီးတယ်၊ အရှိအသေတော့ ကြိုက်တယ်" ဟု ပြောပါသည်။

"အပွင့်ပွင့်လာတော့ ဘယ်လိုထူးခြားသလဲဆရာ" ဟု ထပ်မေးရာ "အပွင့်ပွင့်တာက စိတ်ပျော်ရွှင်လို့ ပွင့်တာပေါ့ကွ။ အပွင့်ပွင့်တဲ့အခါမှာ အခါတိုင်းထက် စီးပွားဥစ္စာလာဘ်လာဘ တိုးတက်တတ်တယ်။ အခုလည်း ငါ့အပင်တွေ ပွင့်နေလို့ ငါ့မှာ အခါတိုင်းထက် [illegible]နေတယ်" ဟု ပြောပါသည်။

"ဆရာကြီးက ခုတင်ကတော့ ပယောဂနိုင်တယ်ပြောလို့ ကျွန်တော်က ပေါ့ပေါ့ဆဆအောက်မေ့ပြီး ပယောဂနိုင်တာလောက်နဲ့တော့ စိုက်မထားဘူး။ နတ်ပစ်မယ်လို့ အောက်မေ့နေတာ။ ပွင့်လျှင် လာဘ်လာဘပေါများတယ်ပြောပြန်တော့လည်း နတ်၍မပစ်ရက်အောင် ဖြစ်



ဆရာကြီးဂမုန်း

သွားပြန်တယ်ဆရာ" ဟုပြောပြမိပါသည်။

"အေး... အကာအကွယ်တို့၊ လာဘ်လာဘတို့၊ ပီယတို့ဆိုတာဟာ တစ်ခုနဲ့တစ်ခု မကင်းရာ မကင်းကြောင်းတွေပေါ့ကွာ။ အဲဒီအပင်စိုက်ထားလျှင် အိမ်မှာ ဆရာကြီးတစ်ယောက်ကို ကိုးကွယ်ထားရတာနဲ့တူလို့ ဆရာကြီး [illegible]ကွ။ ဆရာကြီးတစ်ယောက်ဆိုလျှင် အဘောက်ဘက်က အစွမ်းသတ္တိတော့ ရှိတာပေါ့ကွ။ နုတ်တော့ မပစ်ပါနဲ့။ ငါ့ဆီကို လာပို့ပါ" ဟု ပြောပြပါသည်။

ထို့နောက် ဆရာကြီးက ဆက်၍ "မင်းအပင်ကို ရှိရှိသေသေ သန့်သန့်ရှင်းရှင်း အမွှေးနံ့သာကလေး ဖျန်းပေးလိုက်။ အပွင့် ပွင့်လာပါလိမ့်မယ်။ အပွင့် ပွင့်လျှင် အကျိုးခံစားရမှာပေါ့" ဟု ပြောပြလိုက်ပါ

သည်။

"အမွှေးနံ့သာလည်း မပက်ဖျန်းမိပါ။ တစ်ခါတစ်ခါ ကျွန်တော်၏ ဇနီးဆရာမက အမွှေးနံ့သာရည်နှင့်ပက်ဖျန်းတတ်ရာ အဖြူစက်တွေအရွက်မှာ စွန်းထင်နေသဖြင့် ရေလောင်းရုံနှင့် မပျောက်သောကြောင့်အဝတ်နဲ့ ပွတ်ဖျက်ရပါသည်။

"ဂမုန်းပင်တွေမှာ အဖြူစက်တွေ မျက်စိထဲကြည့်မရလို့ မပက်ဖျန်းပါနဲ့"ဟု ဆရာမကို ပြောထားရပါသည်။ တချို့ အဖိုးတန်သောဂမုန်းပင်ပေါက်စကလေးကို အရိုအသေလွန်ပြီး ရေမွှေးနှင့်လောင်း၍သေသွားကြောင်းကိုပင် ကြားဖူးပါသည်။

တခြားမိတ်ဆွေတစ်ယောက်၏တိုက် လသာဆောင်မှာ ဆရာကြီးဂမုန်းတွေ ပွင့်နေတာ တွေ့ရပြန်၍ "ဒီမှာတော့ အားလုံးပွင့်နေကြတယ်။ လုလိုက်တာ၊ ကျွန်တော်၏အိမ်မှာ မပွင့်ဘူး။ ဘယ်လိုလုပ်ရမလဲ။ ပွင့်လျှင် ငွေရတတ်တယ်ပြောတာ ဟုတ်သလား" ဟု မေးမိပါသည်။

"ဆရာ့အပင်ဟာ စိုက်တာမကြာသေးလို့ မပွင့်တာဖြစ်ပါလိမ့်မယ်။ ဒီအပင်မျိုးက အရိုးရင့်မှ ပွင့်တတ်တယ်။ ပွင့်ရင် တစ်နည်းနည်းနဲ့ငွေရတတ်တာတော့ မှန်တယ်ထင်တာပဲ။ ကျုပ်မှာ အဲဒီအပင် ပွင့်လာမှရစရာရှိတာကလေးတွေ ချောချောမောမော ရလာတယ်ဗျာ" ဟု ပြောပြပါသည်။

"စိုက်တာမကြာသေးလို့ မပွင့်တာဆိုတော့ ဘယ်လောက်ကြာမှပွင့်တတ်သလဲ" ဟု ထပ်၍မေးရာ "တစ်နှစ် နှစ်နှစ်လောက်ကြာမှ ပွင့်တတ်တယ်" ဟု ပြောပြပါသည်။

"ဒါဖြင့် စိုက်တာမကြာလို့ မပွင့်တာမဟုတ်ဘူး ထင်တယ်။ ကျွန်တော်စိုက်တာ လေးနှစ်–ငါးနှစ်လောက်ရှိသွားပြီ။ မပွင့်ချင်သေးလို့ မပွင့်သေးတာဘဲထင်တယ်" ဟု ပြောပြမိပါသည်။

နောက် တခြားမိတ်ဆွေတစ်ယောက်အိမ်မှာ ၎င်းအပင်မျိုးတွေ့ရသဖြင့် "ခင်ဗျား ဒီအပင်က တစ်ခါမှ မပွင့်သေးဘူးလား" ဟုမေးမြန်းကြည့်ရာ တစ်ခါမှ မပွင့်သေးကြောင်း၊ ၎င်းအပင်ကို စိုက်တာ ၁၀ နှစ်ခန့်ရှိမည်ထင်ကြောင်း၊ ပွင့်သည့်အပင်မျိုး ဟုတ်မည်မထင်ကြောင်း၊ ပွင့်ချင်လျှင် ပွင့်လောက်ပြီဖြစ်ကြောင်း ပြောပြပါသည်။

ထိုမိတ်ဆွေက ၁၀ နှစ်လောက်ကြာပြီ၊ မပွင့်သေးဟု ပြောမှ ကျွန်တော် ၄ နှစ် ၅ နှစ် မပွင့်သေးသည်မှာ မထူးဆန်းဟု တွေးတောမိပါသည်။

ထူးဆန်းချက်တစ်ခုက ၎င်းဆရာကြီးဂမုန်းပင် ပွင့်နေသော မြန်မာဆေးဆရာကြီးနှင့် မိတ်ဆွေတစ်ဦးတို့မှာ အလုပ်အကိုင် အကြံအစည်လာဘ်လာဘများလျက် စီးပွားဥစ္စာတိုးတက်၍နေပြီး ၎င်းဆရာကြီးဂမုန်းပင် မပွင့်ဘဲနေသော မိတ်ဆွေ၏အိမ်မှာ အလုပ်အကိုင် အကြံအစည်အပေါက်အလမ်းမတည့်ခြင်းပင် ဖြစ်ပါသည်။

အပွင့် ပွင့်နေကြသည့် ဆရာကြီးအိမ်နှင့် မိတ်ဆွေတစ်ဦး၏အိမ်မှာ အမွှေးနံ့သာများ ဖျန်းပက်ထားကြလျက် ကျွန်တော်၏အိမ်နှင့် တခြားအပွင့်မပွင့်သော မိတ်ဆွေအိမ်မှာ အမွှေးနံ့သာ မပက်ဖျန်းကြပါ။ 'အမွှေးနံ့သာ ကြိုက်တယ်ဆိုတာ' ဟုတ်လေမလားဟု စဉ်းစားမိပါသည်။

ကျွန်တော်၏ဝါသနာနှင့် ကျွန်တော်၏ဝါဒကတော့ အပင်ကိုသန့်သန့်ရှင်းရှင်း စည်ကားအောင်ပြုထားလျက် မြတ်စွာဘုရား၏ ဂုဏ်တော်ပရိတ်တော်များကို များများရွတ်ဖတ်ခြင်းပင်ဖြစ်ပါသည်။ အပင်ကိုရှိခိုးနေခြင်းတော့ ဝါသနာ[illegible]ကြောင်း မပြုလုပ်ကြောင်း တင်ပြလိုက်ရပါသည်။

●

# (၁၃) ဆရာမကြီးဂမုန်း

ငှင်းဆရာမကြီးဂမုန်းကို ကျွန်တော်၏ ဂမုန်းမိတ်ဆွေတစ်ယောက်ထံမှ ပေးလိုက်၍ နုတ်ယူလာရာ ကြက်သွန်နီဥလို ဥပါရှိ၍ လာပါသည်။ စိုက်ထားပြီးမှ အရွက်တွေကျသွားကာ ရက်အတော်ကြာမှ အရွက်ထွက်၍ အပင်ပေါက်လာပါသည်။

ကျွန်တော်၏အိမ်၌ရှိသော အပင်မှာ မပွင့်သေးပါ။ ကျွန်တော်၏ မိတ်ဆွေအိမ်မှာ အပွင့်နီနီ ပွင့်နေသည်ကို တွေ့မြင်ရလျက် အရွက်အနားမှာ နီရောင်သန်းနေပါသည်။

တစ်နေ့တွင် ကျွန်တော်၏ဇနီးဖြစ်သူ ဆရာမနှင့် တစ်ကျောင်းတည်း အတူလုပ်သော လက်ထောက်ကျောင်းဆရာတစ်ယောက်၏ ဇနီးဖြစ်သူ ဆရာမတစ်ယောက်မှာ ဂျင်မခါနာဆေးရုံတွင် မီးဖွားခါနီး ကြန့်ကြာနေသည်ဟု ပြောပါသည်။

ကျွန်တော်၏ဇနီးဆရာမနှင့် အတူလုပ်သော ဆရာမတစ်ယောက်က ငှင်း၏အိမ်တွင် ဆရာမကြီးဂမုန်းပင်ရှိကြောင်း၊ ငှင်းဆရာမကြီးဂမုန်းရွက်ကို ချေပြီး အရည်ညှစ်၍ ဗိုက်ကိုလူးပေးလျက် "ဆရာမကြီးကို

အပ်ပါတယ်။ အမြန်ဖွားမြင်အောင် ပြုလုပ်ပေးပါ" ဟုပြောလျှင် အမြန်ဖွားမည်ဖြစ်ကြောင်း ပြောသည်ဟု ဆိုပါသည်။

တခြားဆရာမများက "ဆရာမဟာ ဟုတ်မှလည်း လုပ်ပါ။ သေချာရဲ့လား" ဟု ပြောဆိုကြသောအခါ "သေချာပါတယ်။ မကြာခင်က ဆရာမတစ်ယောက်မှာ သားဦးကလေး အဖွားခက်နေလို့ ဒီဆရာမကြီးဂမုန်းကို အပ်လိုက်တာ ချက်ချင်းဖွားတာပဲ။ ကိုယ်ဝန်ဆောင်မိန်းမပေါင်းများလှပါပြီ။ ဒီဆရာမကြီး ဂမုန်းနဲ့ပဲ လွယ်လွယ်ကူကူဖွားကြတယ်။

ဒီဂမုန်းပင်ကို ကျွန်မတို့ အဒေါ်အပျိုကြီးတစ်ယောက်က အိပ်မက်အရ ရရှိထားလို့ ငါ့အပျိုကြီးမို့ အသုံးမလိုဘူး။ နင်တို့ယူထားကြလို့" ပြောဆိုကြောင်း ကျွန်တော်၏ဇနီးဆရာမက ကျွန်တော့်ကို တစ်ဆင့်ပြောပြပါသည်။

"ဒါဖြင့် ဒီဂမုန်းပင်ကို တောင်းပေးစမ်းပါကွာ။ ငါစိုက်ထားပြီး သုတေသနပြုချင်ပါတယ်" ဟု ပြောမိပါသည်။

ထိုလက်ထောက်ကျောင်းဆရာ၏ ဇနီးမှာ တိုက်ဆိုင်၍လား မသိ၊ ခဲရာခဲဆစ် ခွဲ၍ဖွားရမလိုဖြစ်နေရာမှ ၎င်းဆရာမကြီးဂမုန်းကို အပ်လိုက်သောအခါ မခွဲရဘဲ လွယ်လွယ်ကူကူ အမြွှာနှစ်ယောက် ဖွားမြင်သည်ဟု ဆိုပါသည်။

ကျွန်တော်၏ဝါသနာမှာ မည်သည့်ကိစ္စမဆို မြန်မြန်ထက်ထက် လက်တွေ့စမ်းသပ်လိုစိတ်ရှိသဖြင့် "တောင်းပေးပါ–တောင်းပေးပါ" ဟု အတန်တန် ထပ်ကာထပ်ကာ အတောင်းခိုင်းမိပါသည်။

သွားတောင်းတိုင်း "အပင်ငယ်သေးလို့ ခွဲလိုက်လျှင် သေသွားမယ်။ ဥတစ်ဥထဲကပေါက်နေတဲ့အပင်တွေဖြစ်နေလို့ စောင့်ပါဦး" စသည်ဖြင့် လေးခါ ငါးခါထက်မနည်း ရက်ရွှေ့နေပါတော့သည်။



ဆရာမကြီးဂမုန်း

"ဒါလောက် ရက်ဆွဲနေသည်မှာ ပေးရမှာနမြောလို့ မပေးချင်လို့ တောင်းတဲ့လူ မေ့ပျောက်သွားအောင် ရက်ဆွဲပြီး ထားလေသလား" ဟု ထင်မှတ်မိပါသည်။

မေ့ဖို့ကား ခဲယဉ်းလှပါသည်။ ဤသို့ ထူးထူးခြားခြားဂမုန်းမျိုးကို ကျွန်တော် ဘယ်တော့မှ မေ့မသွားတတ်ပါ။ ထပ်မံ၍ အတောင်းခိုင်းပြန်ရာ အတက်ကလေးတစ်ခုရရှိ၍လာပါတော့သည်။ ကျွန်တော်၏ ဇနီးဆရာမယူလာသော ဆရာမကြီး ဂမုန်းအတက်ကလေးကို ကြည့်ရှုလိုက်ရာ ပုံတွင်ဖော်ပြထားသော ကျွန်တော်၏ဂမုန်းမိတ်ဆွေတစ်ယောက်

ထံမှရရှိထားသည့် ဂမုန်းပင်နှင့်တူ၍နေပါတော့သည်။

'မီးဖွားလွယ်သည်' ဟု ပြောဆိုယူဆနေသော ဆရာမကြီးဂမုန်းပင်မှာ ၎င်းဂမုန်းပင်ဖြစ်ကြောင်း သိရှိရသည့်အချိန်မှစ၍ မီးဖွားခါနီး ကိုယ်ဝန်ဆောင်မိန်းမများကို သတိထား၍ စောင့်ကြည့်နေမိပါသည်။

အခန့်သင့်ပင် ဆေးရုံမသွားဘဲ အိမ်တွင်မီးဖွားမည့် မိန်းမတစ်ယောက် ဝမ်းနာနေကြောင်း သိရှိရ၍ ၎င်းဆရာမကြီးဂမုန်းရွက်ကိုပေးပြီး နည်းလမ်းနှင့်အပ်ပုံကို ပြောပြလိုက်ပါသည်။ တိုက်ဆိုင်၍လား မသိ၊ ဆေးရုံသို့ ဆရာမကိုသွားခေါ်သူနှင့် ဆရာမကလေးရောက်ရှိလာသောအခါ လူနာမှာ လွယ်လွယ်ကူကူနှင့် မီးဖွားပြီးဖြစ်၍နေပါသည်။

နောက်တစ်ယောက် စမ်းကြည့်သောအခါမှာလည်း ယခင်မိန်းမအတူပင် ဆေးရုံမှ ဆရာမ မရောက်ခင် လွယ်လွယ်ကူကူနှင့် မီးဖွားပြီးဖြစ်၍နေပြန်ပါသည်။

တိုက်ဆိုင်၍ဖြစ်သည်ကား မှန်ပါသည်။ မြန်မြန်မီးဖွားမည့်သူတွေကိုမှ ၎င်းဆရာမကြီးဂမုန်းကို စမ်းသပ်အပ်နှံမိကြပုံကိုပင် စာဖတ်ပရိသတ်များသို့ ဗဟုသုတအဖြစ် တင်ပြလိုက်ရပါတော့သည်။

●

## (၁၄) ရှင်ပုံဂမုန်း

မကြာသေးမီအချိန်က ကျွန်တော်သည် ကိစ္စတစ်ခုဖြင့် ကျွန်တော်နှင့် ပြောမနာ–ဆိုမနာ လွန်စွာခင်မင်ရင်းနှီးမှုရှိသည့် မိတ်ဆွေတစ်ယောက်၏ နေအိမ်သို့ ရောက်ရှိသွားပါသည်။

ထိုဂမုန်းမိတ်ဆွေ၏ ဇနီးမှာ ဂမုန်းပင်တွေကို စိုက်ပျိုးပြုစု၍ထားပါလျက် မသန်စွမ်း မစည်ကားဖြစ်နေ၍ "ကျွန်မအပင်တွေ စည်ကားလာအောင် ဘယ်လိုလုပ်ရမလဲ" ဟု ကျွန်တော့်ထံ အကြံဉာဏ်တောင်းဖူးပါသည်။

"စည်ကားလာတဲ့နည်းတော့ရှိတယ်။ လုပ်နိုင်ပါ့မလား။ တခြားတော့မဟုတ်ပါဘူး။ ဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပြီး ရေလောင်းပေးဖို့ပါပဲ။ အလွတ်မရခင် စာအုပ်ကိုကြည့်ပြီးရွတ်ဆိုပါ။ နောင်ရလာတော့ အလွတ်ရွတ်ဆိုပြီး လောင်းပါ" ဟု အကြံပေးလိုက်မိပါသည်။

"ရွတ်ဖတ်ပါမည်" ဟုပြောသဖြင့် ဓာရဏပရိတ်တော်စာအုပ်ကို ပေးလိုက်ပြီး ရွတ်ပုံ၊ ဖတ်ပုံ၊ အဖြတ်အတောက်တို့ကိုပါ သင်ကြားလျက် ယုံယုံကြည်ကြည်ရွတ်ဖတ်ရန်ကိုလည်း မှာကြားပြောဆိုလိုက်ပါသည်။

ကျွန်တော်က ထိုအကြောင်းကိုသတိရ၍ "ဓာရဏာပရိတ်ကို ရွတ်ဖတ်ရဲ့လား။ ဂမုန်းပင်တွေ စည်ကားရဲ့လား" ဟုမေးရာ ဓာရဏာပရိတ်ကို အမြဲရွတ်ဖတ်သဖြင့် အလွတ်ပင်ရနေပြီဖြစ်ကြောင်း၊ ဂမုန်းပင်တွေလည်း စည်ကားနေပြီဖြစ်ကြောင်းကို ပြောပြပါသည်။

မြတ်စွာဘုရားသခင်သည် ညီတော် မင်းနန်ကို ဇနပဒကလျာဏီမင်းသမီးနှင့် လက်ထပ်မည့်ဆဲဆဲ သပိတ်ကိုထမ်းပြီးလိုက်ပို့ရန် ခေါ်ယူထားကြောင်း၊ နတ်သမီးကိုပြလျက် "နတ်သမီးကိုလိုချင်လျှင် ဒီဂါထာကိုရွတ်ပါ" ဟု ကမ္မဋ္ဌာန်းပေးကြောင်း၊ နတ်သမီးကိုလိုချင်၍ ဂါထာရွတ်ရာမှ ကမ္မဋ္ဌာန်းသဘောကို နားလည်သဘောပေါက်ပြီး ရဟန္တာဖြစ်သွားကြောင်းနှင့် နတ်ကညာတွေ့တာနှင့် ဘဒ္ဒါကိုမေ့သွားကြောင်း ငယ်စဉ်က လူကြီးမိဘများ ပြောကြားဖူးသည်ကို ပြန်လည်သတိရမိပါသည်။

ဂမုန်းပင်တွေ စည်ကားလိုသောစိတ်ဖြင့် ဓာရဏာပရိတ်တော်ကို ရွတ်ဖတ်ရာမှ ဓာရဏာပရိတ်တော်ကို အလွတ်ရနေပြီပင်ဖြစ်ရာ ဓာရဏာပရိတ်တော်၏ အနက်အဓိပ္ပာယ်သဘောသဘာဝတို့ကို သိမြင်၍လာပါက ဂမုန်းပင်များ စည်ကား၍လာသည်ထက် အဆပေါင်းများစွာသာသော လောကသံသရာအကျိုးစီးပွား များပြားလာတော့မည်မှာ အမှန်ဖြစ်သဖြင့် ဂမုန်းပင်ကိုအကြောင်းပြု၍ ရရှိသောအကျိုးတရားများပင်ဖြစ်ပါတော့သည်။

ကျွန်တော်သည် ဂမုန်းပင်များကို စတင်စိုက်ပျိုးစဉ်က စိမ်းစိမ်းစိုစို စိတ်ကြည်နူးမှုရစေရန်ကိုသာ ရည်ရွယ်ခဲ့သော်လည်း စိုက်ပျိုးပြုစုရင်းနှင့် ဂမုန်းပင်များ၏ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းပုံတွေကို တွေ့ကြုံမြင်များသဖြင့် ရေးသားတင်ပြရခြင်းပင်ဖြစ်ပါသည်။

ဂမုန်းပင်များကို ယုံကြည်နေသဖြင့် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ယုံကြည်ကိုးစားမှုမလျော့ဘဲ တိုးတက်၍ပင် ယုံကြည်



ရှင်ပျံဂမုန်း

ပါသည်။ ပုံတွင်ပါရှိသော ရှင်ပျံဂမုန်းပင်မှာ ဂမုန်းမိတ်ဆွေတစ်ယောက် ထံမှရရှိလျက် အမွှန်အမြတ် လေယာဉ်ပျံဖြင့်သွားရောက်၍ ရှာဖွေထားရကြောင်း ပြောပြပါသည်။ ပြောက်ကလေးဂမုန်းပင်၏ အရွယ်ပုံသဏ္ဍာန်အတိုင်း အရွက်တွင် အဖြူပြောက်ကလေးများမပါဘဲ အရွက်ရိုးတံတစ်လျှောက်မှာ အဖြူစင်းကလေးသာ ပါရှိပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေတစ်ယောက်အိမ်မှာ ပြောက်ကလေးဂမုန်းနှင့်ရော၍ တစ်အိုးထဲ အတူတကွပူးပေါင်းပြီးလျှင် အဖိုအမသဘောမျိုး စိုက်ထားသည်ကို တွေ့ရလျက် အပင်အရွယ်ချင်းမှာလည်း အတူတူ

လိုပင်ဖြစ်ပါသည်။

ကျွန်တော်၏အိမ်ကို ရောက်ခါစက လန်းလန်းဆန်းဆန်း စိုစို ပြည်ပြည်ပင်ဖြစ်လျက် ထိုအချိန်အခါက ကျွန်တော်သည် ဂမုန်းပင်ကို ရိုရိုသေသေထားရကောင်းမှန်း ယခုလောက်မသိသေးသဖြင့် ရွှေ့ရင်း ပြောင်းရင်းနှင့် အဝတ်လှန်းသော ကြိုးတန်းအောက်သို့ ရောက်ရှိ၍သွား ရာ ထိုရောက်ရှိသောရက်မှာပင် ရှင်ပျံဂမုန်းပင်မှာ မရွှင်မလန်း ညှိုးနွမ်း ပျော့ခွေသေတော့မည့်အသွင် အရွက်များငိုက်၍ကျလာသဖြင့် ဘယ်လို လုပ်ရမှန်းမသိ မကြံတတ် မစည်တတ်ဖြစ်၍သွားပါသည်။

အဝတ်လှန်းသည့် တန်းအောက်သို့ရောက်ရှိနေ၍များလားဟု စဉ်းစားမိပြီး တန်းအောက်မှထုတ်ယူ၍ နံ့သာအမွှေးရည်ကလေးများနှင့် မြတ်စွာဘုရားသခင်၏ ဂုဏ်တော်တို့ကို ရွတ်ဖတ်ပက်ဖျန်းလိုက်ရာ ခဏ ချင်းပင် အံ့ဩလောက်အောင် လန်းဆန်း၍လာပါသည်။ ထိုနေ့မှစ၍ အဝတ်လှန်းသောကြိုးတန်းများကို ဂမုန်းပင်များ၏အနီးမှ ဖြုတ်ယူလျက် လွတ်ရာဝေးရာ တစ်နေရာသို့ ရွှေ့ပြောင်းလိုက်ရပါသည်။

တစ်နေ့တွင် ကျွန်တော်၏အိမ်သို့ ကျွန်တော်နှင့် အလွန်ခင်မင် သည့် မိတ်ဆွေတစ်ယောက် အလည်လာရင်းနှင့် ရှင်ပျံဂမုန်းပင်ကိုကြည့် လျက် "ကျွန်တော့်အိမ်မှာလည်း အဲဒီဂမုန်းမျိုးရှိတယ်။ ကျွန်တော်တို့က အစိုးရတိုက်ခန်းအောက်ထပ်မှာနေရတော့ အပေါ်ထပ်ကလူတွေ တက် တဲ့ ဆင်းတဲ့လှေကားအောက်မှာ ထားမိတယ်။ အရွက်တွေညှိုးခြောက် ကုန်လို့ အိမ်ဦးခန်းကို ရွှေ့ထားလိုက်တော့ တဖြည်းဖြည်းနဲ့ လန်းဆန်း စိုပြည်စည်ကား၍လာတယ်" ဟုပြောပြပါသည်။

"အမွှေးနံ့သာရည်ကို မြတ်စွာဘုရားရဲ့ ဂုဏ်တော် ၉ ပါးနဲ့ ၉ ခေါက်မန်းပြီး ပက်ဖျန်းလိုက်ရင် ချက်ချင်းလန်းလာမှာပေါ့ဗျာ" ဟု ပြောပြမိပါသည်။

အမှန်မှာ ကျွန်တော်ပက်ဖျန်းစဉ်က ဘယ်နခေါက်ရွတ်မိသည်ကို မမှတ်မိပါ။ ပိုပိုမိုမို ဂုဏ်တော် ၉ ပါး ၉ ခေါက်ဟု ပြောလိုက်ရခြင်းပင် ဖြစ်ပါသည်။ ထို့ထက်ပို၍ များများရွတ်နိုင်လျှင် မြတ်စွာဘုရားဂုဏ်တော်ကို ရွတ်နိုင်သမျှ အကျိုးများမည်ပင်ဖြစ်ပါသည်။

ကျွန်တော် သတိထားမိသလောက်မှာ ငှင်းရှင်ပျံဂမုန်းပင်အရွက်များ တောက်ပြောင်၍ ထူးထူးခြားခြားအရောင်ထွက်ပြီးလာချိန်ရက်များမှာ စိတ်ပျော်ရွှင်စွာနှင့် လာဘ်လာဘများစွာတို့ကို ရရှိတတ်ပါသည်။

အရွက်မှာ ရှိုးရှိုးမှန်တန်းနေသော ရက်များတွင် မှန်မှန်ပင် အကျိုးပေးတတ်လျက် အရွက်ညှိုးနွမ်း၍နေသော ရက်များတွင် အနည်းငယ်ညှိုးနွမ်းလျှင် အနည်းငယ်စိတ်ပူပန်စရာ တွေ့ကြုံရတတ်လျက် များစွာညှိုးနွမ်းလျှင် စိတ်ပူပန်စရာများစွာတို့ကို တွေ့ကြုံရတတ်ပါသည်။

ကျွန်တော်သည် ဆရာကြီးဂမုန်းအကြောင်းတွင် အပင်အရွက်များအမွှေးနံ့သာကွက်တွေထင်နေလျှင် မကြည့်တတ်ဟု ရေးခဲ့သည့်အတိုင်း နံ့သာရေကို ရံဖန်ရံခါမှသာ ပက်ဖျန်းမိသော်လည်း ဂုဏ်တော်ပရိတ်တော်များကိုတော့ ညစဉ်ညတိုင်းပင် တစ်ညမပြတ် ဂမုန်းပင်အားလုံးအတွက် ဂမုန်းခြံအတွင်းမှ သွားလာလှည့်ပတ်ရွတ်ဖတ်ပြီးမှသာ အိပ်ရာသို့ဝင်လေ့ရှိပါသည်။

တစ်ညတွင် ဂမုန်းခြံအတွင်းသို့ သွားလာလှည့်ပတ်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်ပွား သရဇ္ဈာယ်ရင်း ဂမုန်းပင်များ၏အခြေအနေကို ကြည့်ရှုနေကျ ကြည့်ရှုလျက် အထူးသဖြင့် ရှင်ပျံဂမုန်းပင်ကို ကြည့်ရှုခဲ့ပါသည်။

ထိုညက ညဥ့်ဦးပိုင်းမှာ မိုးရောလေပါ အတော်ပြင်းထန်လျက် အိပ်ပျော်နေစဉ် အိပ်မက်ထဲတွင် ရှင်ပျံဂမုန်းပင် အရှေ့ဘက်သို့ စောင်း၍လဲနေသည်ကို တွေ့မြင်ရပါသည်။

အိပ်ရာမှနိုးသောအခါ အိပ်မက်ကို သတိရသဖြင့် "ငါ မအိပ်ခင်က ကြည့်ခဲ့သေးတာပဲ။ လဲမနေပါဘူး သေချာအောင် ထကြည့်ဦးမှပါ" ဟု အောက်မေ့လျက် အိပ်ရာမှထပြီး မီးကိုဖွင့်၍ တံခါးလှပ်ပြီး ခြံထဲသို့ ဆင်းကြည့်ရှုရာ အိပ်မက်ထဲတွင်တွေ့ရသည့်အတိုင်း ထူးဆန်းစွာ တွေ့မြင်ရသဖြင့် ထူ၍ပေးရပါသည်။ ရှင်ပျံဂမုန်းမှာ တန်ခိုးကြီးသော ဂမုန်းပင်တစ်မျိုးဖြစ်သည်ဟု မှတ်ချက်ချလျက် အထူးဂရုစိုက်၍ ပြုစုလျက်ရှိပါတော့သည်။

●

## (၁၅) ရှင်သီဝလိဂမုန်း

ရတနာသုံးအင် ဂမုန်းပင် ဦးတင်ယှက်ပါသား...၊

ဥပ္ပဒ္ဒဝေ–ဘေးညစ်တေရှောင်လေဝေးဝေးရှား...၊

အထက်ပါ သံပေါက်ကဗျာမှာ မြန်မာပြည်တွင် နေတစ်ဆူ လတစ်ဆူဖြစ်တော်မူသော ပထမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ သီသကောဝါဒကျမ်းမှဖြစ်ပါသည်။

ပထမရွှေကျင် ဆရာတော်ဘုရားကြီး နေတစ်ဆူ လတစ်ဆူဖြစ်တော်မူကြောင်းနှင့်ပတ်သက်၍ မင်းတုန်းပိုင်နန်းအရ၊ စန်းထတဲ့ရွှေကျင်၊ ရဟန်းများ ပရမေသခင်မှာ နေပြအင်တနှုန်း အစရှိသည့် ရွှေကျင်ဆရာတော်ဘုရားကြီးကို နေမင်းနှင့် ဥပမာပြုရေးစပ်သော ငယ်စဉ်ကရရှိသည့် တေးထပ်ကို သတိရမိပါသည်။

အထက်ပါပထမရွှေကျင်ဆရာတော်၏ သံပေါက်ကဗျာကလေးကို တွေ့ရခြင်းဖြင့် ရှေးပညာရှိများ ဂမုန်းပင်ကို အလေးအမြတ်ပြုကြောင်း ထင်ရှားသိသာနိုင်ပါသည်။

ယခုထင်ရှားရှိသော ဆရာတော်ကြီးတချို့မှာလည်း ဂမုန်းပင်

အကြောင်း ကောင်းစွာနားလည်ကြကြောင်းကို မကြာမီက ကျွန်တော်၏ ဂမုန်းပင်များကို လာရောက်ကြည့်ရှုတော်မူသော လောကီ လောကုတ္တရာ စွယ်စုံရ ဆရာတော်ကြီးတစ်ပါးကို ထောက်ရှု၍သိနိုင်ပါသည်။

ပုံတွင်ဖော်ပြထားသော ဂမုန်းပင်ကို ကျွန်တော်၏ ဂမုန်းမိတ်ဆွေ တစ်ယောက်၏အိမ်မှ ရရှိခြင်းဖြစ်ပါသည်။ ကျွန်တော်၏ မိတ်ဆွေ တစ်ယောက်က ၎င်းအိမ်မှာ အရွက်တွေ အဝါစင်းကလေးတွေပါရှိပြီး အရွက်အောက်ဘက်က အညိုရောင်ပါရှိလျက် အရွက်ထိပ်က ဘဲဥပုံ ဝိုင်းဝိုင်း ရှင်သူငယ်ဂမုန်းတစ်မျိုး ရှိထားကြောင်း၊ အတော်ရှားပါး ကြောင်း၊ တန်ခိုးရှိကြောင်းတို့ကို ပြောဆိုသဖြင့် ကျွန်တော်၏ ဂမုန်း မိတ်ဆွေအိမ်သို့ ခေါ်သွားရပါသည်။

ကျွန်တော်၏ဂမုန်းမိတ်ဆွေအိမ်မှ ဂမုန်းပင်များကို ပြသရာ ကြည့် ရှုပြီး သူ၏အိမ်မှာရှိသော ရှင်သူငယ်ဂမုန်းမှာ ထိုအပင်မျိုးဖြစ်ကြောင်း ပြောပြသဖြင့် ထိုအပင်ကို ကျွန်တော်၏ဂမုန်းမိတ်ဆွေထံမှ တောင်းယူ ခဲ့ပြီး ကျွန်တော်၏အိမ်၌ စိုက်ပျိုးပြုစုထားခြင်းဖြစ်ပါသည်။

တချို့က ကျားဂမုန်းဟူ၍လည်းကောင်း၊ မဟူရာဂမုန်းဟူ၍လည်း ကောင်း၊ သက်တံရှင်သူငယ်ဟူ၍လည်းကောင်း၊ တိမ်ကြားရှင်သူငယ် ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆို၍နေကြလျက် ကျွန်တော့်ကိုပေး လိုက်သော ဂမုန်းမိတ်ဆွေကလည်း "အမျိုးမျိုးခေါ်ကြတာပဲ" ဟုသာ ပြောနိုင်ပါသည်။

ဆရာတော်ဘုရားက "ရှင်သီဝလိဂမုန်းကွ၊ ရိရိသေသေထား၊ ဒီအတိုင်း အကျိုးမပေးလှပေမယ့် ရှင်သီဝလိဂါထာ ၁၀ ခေါက်ရွတ်ပြီး ရေလောင်းဆုတောင်းလျှင် အကျိုးပေးတတ်တယ်" ဟု အမိန့်ရှိပါသည်။

"တပည့်တော်တို့ ရှင်သီဝလိရယ်လို့ သိနေတာက တခြားတစ်ပင် ရှိနေပါတယ်။ ရှင်သီဝလိဂါထာက ၁၀ ပုဒ်တောင်ရှိနေတော့ ၁၀ ခေါက်



ရှင်သီဝလိဂမုန်း

ဆိုလျှင် အတော်အချိန်ကုန်သွားပါလိမ့်မယ်" ဟု လျှောက်ထားမိပါသည်။

"၁၀ ပုဒ်ရှိပေမယ့် ၁ ပုဒ်ထဲရွတ်လျှင် ပြီးပါတယ်။ မင်းရေးယူထားပါ" ပြော၍ ရေးယူထားလျက် ဆရာတော်ပြန်မကြွခင်မှာပင် ရအောင်ကျက်ထားလိုက်မိပါသည်။

လာဘီန မုတ္တမော ထေရော၊ သီဝလိက္ကတိဝိဿုတော။

သော ရဟော ပစ္စယာဒီနံ၊ သဒါသောတ္ထိ ကရောတုမေ။

ယောထေရော၊ အကြင်မထေရ်သည်၊ လာဘီနံ၊ လာဘ်များသော သူတို့ထက်၊ ဥတ္တမော၊ ကဲလွန်တော်မူ၏၊ သီဝလိ ဣတိ၊ သီဝလိမထေရ် ဟူ၍လည်း၊ ဝိဿုတော၊ ကျော်ကြားတော်မူ၏။ ပစ္စယာဒီနံ၊ ပစ္စည်း

လေးပါးတို့ဖြင့် ပူဇော်ခြင်း၊ ရှိခိုးခြင်းတို့ကို၊ ရဟော၊ ခံတော်မူထိုက်၏။ သောထေရော၊ ထိုရှင်သီဝလိမထေရ်သည်၊ မေ၊ အကျွန်ုပ်အား၊ သဒ္ဒါ၊ အခါ ခပ်သိမ်း၊ သောတ္ထိ၊ ချမ်းသာခြင်းကို၊ ကရောတု၊ ပြုပါစေသတည်း။

ဆရာတော် ပြန်ကြွသွားသောအခါ ရှင်သီဝလိဂါထာကို ၁၀ ခေါက်ရွတ်၍ ရှင်သီဝလိဂမုန်းပင်ကို ရေလောင်းပါသည်။ တိုက်ဆိုင်၍လားမသိ။ ရလိမ့်မည်မထင်၊ မျှော်လင့်ချက်လုံးဝမထားသော လာဘ်လာဘများရရှိ၍လာပါသည်။

ထိုဂမုန်းပင်ကို ကျွန်တော်ပေးထားသော အလုပ်အကိုင် အတော်ကြီးကျယ်စွာပြုလုပ်နေသည့် မိတ်ဆွေရင်းတစ်ယောက်ကို သတိရသဖြင့် ၎င်း၏အိမ်သို့သွားပါသည်။ ထိုမိတ်ဆွေအိမ်မှာ တရိုတသေပြုစုထားသဖြင့် အတော်ပွားများနေ၍ နှစ်အိုး – သုံးအိုးပင် ခွဲ၍စိုက်ထားပြီးဖြစ်ပါသည်။ ထိုမိတ်ဆွေအား ဆရာတော်ပြောပြသောအစီရင်ကိုပြောပြလျက် ရှင်သီဝလိဂါထာ ပါဠိရော အနက်ပါ ရေး၍ ပေးခဲ့ပါသည်။

ထိုမိတ်ဆွေ မကြာခင် ကျွန်တော်၏ထံသို့ လာရောက်လျက် ရှင်သီဝလိဂါထာကို ၁၀ ခေါက်ရွတ်ပြီး ရှင်သီဝလိဂမုန်းပင်ကို ရေလောင်းလိုက်တာ ထူးထူးခြားခြား အကျိုးပေးကြောင်း အလွန်ယုံကြည်သွားပြီဖြစ်ကြောင်း၊ ၁၀၀ဝိ ပေးဝယ်တောင် ရောင်းမည်မဟုတ်ကြောင်းကို ပြောပြပါသည်။

ထိုမိတ်ဆွေ ပြန်သွားသောအခါ ကျွန်တော် ရှင်သီဝလိဂမုန်းပင်ပေးထားဖူးသည့် တခြားမိတ်ဆွေအမျိုးသမီးတစ်ယောက်ကို သတိရသဖြင့် ထိုအမျိုးသမီးထံသို့ သွားရောက်ပြန်ပါသည်။ ထိုအမျိုးသမီးမှာ အလုပ်အကိုင် အကြံအစည်ကြီးကျယ်လှသူမဟုတ်၊ အသင့်အတင့်ရောင်းဝယ်စားသောက်နေသူ အိမ်ထောင်မရှိသော အမျိုးသမီးဖြစ်ပါသည်။

ထိုအမျိုးသမီး၏ အိမ်သို့ရောက်လျှင် ကျွန်တော် ပေးထားသော ဂမုန်းမှာ ရှင်သီဝလိဂမုန်းပင်ဟုခေါ်ကြောင်း၊ ၎င်းရှင်သီဝလိဂမုန်းပင်ကို ရှင်သီဝလိဂါထာ ၁၀ ခေါက်ရွတ်ပြီး ရေလောင်းလျှင် ထူးထူးခြားခြား အကျိုးပေးတတ်ကြောင်းတို့ကို ပြောပြလျက် ရှင်သီဝလိဂါထာ ပါဠိရော အနက်ပါ ရေးသားပြီး ရွတ်ပုံ ဖတ်ပုံ အဖြတ်အတောက်ပါ ဌာန်ကရိုဏ်းကျအောင်သင်ကြားခဲ့လျက် အနက်ကိုရွတ်ဖို့မလို၊ သဘောသိအောင်ရေးပေးခဲ့ခြင်းဖြစ်၍ ပါဠိကို ၁၀ ခေါက်ရွတ်ပြီး လောင်းရန် သေချာစွာမှာကြား၍ ပြန်ခဲ့ပါသည်။

မကြာခင် ထိုအမျိုးသမီး ကျွန်တော်၏ထံသို့ လာရောက်လျက် ဆရာပြောကြားသွားသည့်အတိုင်း ရှင်သီဝလိဂမုန်းပင်ကို ဆေးဆိုင်မှာ ယူသွားပြီး ရှင်သီဝလိဂါထာကို ၁၀ ခေါက်ရွတ်၍ ရေလောင်းကြောင်း၊ အခါတိုင်းရက်များမှာထက် ထူးခြားစွာရောင်းရကြောင်း၊ ဈေးရောင်း၍ ကောင်းတာထက် မျက်နှာပွင့်လန်းမှုက ပိုမိုနေကြောင်း၊ ချစ်သူခင်သူ မြတ်နိုးသူ ပိုးပန်းသူ လွန်စွာများလှကြောင်း၊ ငယ်ငယ်အရွယ်ကောင်းချိန်ကပင် ယခုလောက်ချစ်ခင်စွဲလမ်းသူ မများခဲ့ကြောင်း၊ အတော်သတိထား၍ ရှောင်ရှားနေရကြောင်းတို့ကို ပြောပြပါသည်။

အထက်ပါရေးသားခဲ့သော အကြောင်းများမှာ ရှင်သီဝလိဂါထာကို ရွတ်ပြီး ရှင်သီဝလိဂမုန်းပင်ကို ရေလောင်းသည့်အချိန်၊ ဓာတာစန်း လဂ်တက်လာသည့်အချိန်၊ အကျိုးပေးမည့်အချိန်နှင့် တိုက်ဆိုင်နေ၍လည်း ဖြစ်နိုင်ပါသည်။

ငယ်စဉ်က ဖတ်ကြားခဲ့ဖူးသော သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲတွင် မုံရွာသီရိမာလာက လျှောက်ထားသဖြင့် မုံရွာဇေတဝန်ဆရာတော်ကြီးက ရှင်သီဝလိဂါထာကို ယုံယုံကြည်ကြည်နှင့် ရွတ်ဆိုသူများ မုချလာဘ်လာဘများမည်ဖြစ်ကြောင်း ကျမ်းဂန်အကိုးအကားပေါင်းများစွာ

နှင့် ဖြေကြားထားခဲ့သည်များကို သတိရမိပါသည်။

ရှင်သီဝလိဂမုန်းပင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်တွေကို ဖြည့်ကျင့်ဆည်းပူးခဲ့သဖြင့် မြတ်စွာဘုရားသခင်လက်ထက်အခါ လာဘ်များသည့်အရာမှာ ဧတဒဂ်ထားတော်မူရသည့် ရှင်သီဝလိရဟန္တာကို ကြည်ညိုစွာ ရွတ်ဆိုလျှင် မုချအကျိုးပေးမည်ဖြစ်ပါသည်။

ရှင်သီဝလိဂမုန်းပင်ရှိလျှင် မေ့လျော့မှုမရှိ၊ မှန်မှန်ရွတ်ဆိုမိတတ်သည်မှာ ကိုယ်တွေ့ဖြစ်ကြောင်းကို ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

●

## (၁၆) မယ်တော်ကြီးဂမုန်း

ပုံတွင်ပါရှိသော ဂမုန်းပင်ကို ရန်ကင်းမြို့ရှိ ဂမုန်းမိတ်ဆွေတစ်ယောက်ထံမှ ရရှိခဲ့လျက် ရှင်သီဝလိဂမုန်းခေါ်ကြောင်း ပြောပြလိုက်ပါသည်။ ရှင်သီဝလိဂမုန်းဟု အခေါ်များလျက် တချို့က ရစ်ဂမုန်းဟူ၍လည်းကောင်း၊ တချို့က အိမ်စောင့်ဂမုန်းဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြပါသည်။ အရွက်အစိမ်းမှာ အဖြူစင်းကလေးတွေရှိပြီး အရွက်ပေါ်တွင် အစိမ်းကို နီရောင်သမ်းလျက် အောက်ဘက်က နီညိုရောင်ဖြစ်ပါသည်။

အပင်ငယ်ငယ်မှာ နီနီရဲရဲ အဖြူစင်းကလေးတွေနှင့် လွန်စွာလှလျက် ပင်စည်မရှိ ဒေါင်းဂမုန်းရွက်လို တစ်ရွက်ချင်းထွက်၍လာတတ်ပြီး ဒေါင်းဂမုန်းလောက် အရွက်အနံမကြီး၊ ရှည်မျောမျောရှိ၍ ကျက်သရေရှိသော ဂမုန်းတစ်မျိုးဖြစ်ပါသည်။ စိုက်ပျိုးပြုစုသူလည်း လွန်စွာပေါများပါသည်။

ကျွန်တော့်ကို ဂမုန်းပင်များစွာပေးသော ဂမုန်းမိတ်ဆွေ၏အိမ်သို့ ယခင်အင်္ဂလိပ်ခေတ်က တောမှာ သူကြီးလုပ်ခဲ့သူတစ်ယောက် ဂမုန်းပင်

များကို လာရောက်ကြည့်ရှုကြောင်းပြောပါသည်။

ထိုသူကြီးဟောင်းက "မယ်တော်ကြီးဂမုန်းအစစ် ရှိရဲ့လား" ဟုမေးသဖြင့် ပြည်လုံးချမ်းသာဂမုန်းပင်ကို မယ်တော်ကြီးဂမုန်းပင်ခေါ်ကြကြောင်း ပြောပြရာ "မဟုတ်သေးပါဘူး" ပြော၍ လိုက်ကြည့်ပြီး "တွေ့ပြီ... ဒါ မယ်တော်ကြီးဂမုန်းပဲ" ဟု ပြောသည်ဟုဆိုပါသည်။

၎င်းကဆက်လက်၍ အင်္ဂလိပ်ခေတ် တောသူကြီးဘဝနှင့် တိုက်နယ်ချယ်ယာမင်လုပ်နေချိန် ၎င်းထံမှ လက်မှတ်မယူဘဲ နွားတွေကိုသတ်ရန် ၎င်းမသိအောင် ညအချိန် မောင်းသွားကြရာ အိပ်မက်ထဲမှာ ရင်ကွဲထမီနှင့် ဂမုန်းပင်ထဲကထွက်လာပြီး "နွားတွေသတ်ဖို့ မောင်းသွားကြပြီ" ဟု ပြောကြောင်း၊ အိပ်ရာမှထ၍ သေနတ်နှင့်လိုက်သွားပြီး ငွေတောင်းခဲ့ကြောင်းတို့ကို ဂမုန်းမိတ်ဆွေမှတစ်ဆင့် သိရှိရပါသည်။

မကြာမီက လာရောက်သော ဂမုန်းမိတ်ဆွေတစ်ယောက်ကလည်း ၎င်းအပင်ကို မယ်တော်ကြီးဂမုန်းဆိုပြီး မယ်တော်ကြီးပွဲပြင်၍ ပူဇော်ပသစိုက်ပျိုးရန် ဆရာကြီးတစ်ယောက်က ညွှန်ကြားသဖြင့် စိုက်ရကြောင်း ပြောပြပါသည်။

တခြားဂမုန်းမိတ်ဆွေတစ်ယောက်ကလည်း "မယ်တော်ကြီးဂမုန်းပင်ဆိုသည်မှာ မှန်ကန်ကြောင်း၊ ၎င်းအပင်ကို ရှင်သူငယ်ဂမုန်းပင်တွေနှင့် ရောစိုက်မိသဖြင့် အမွှေးတိုင်ထွန်းတိုင်း လက်မောင်းကို မီးနဲ့ထိုးမိသဖြင့် အနာပင်ဖြစ်နေကြောင်း၊ မယ်တော်ကြီးမို့ ရှင်သူငယ်တွေနဲ့ မနေလိုကြောင်း" အမာရွတ်ကိုပြ၍ပြောပါသည်။

ပထမပိုင်းက နာမည်တွေများသော်လည်း ယခုနောက်ပိုင်းမှာ "မယ်တော်ကြီး–မယ်တော်ကြီး" ဟု အပြောများလာလျက် စိုက်ပျိုးသူများမှာလည်း လက်တွေ့တစ်နည်းမဟုတ်တစ်နည်း ယုံကြည်ဖွယ်ရာကိုယ်တွေ့တော်တော်များလာသဖြင့် စိုက်ပျိုးသူအတော်ပိုမိုလာပါသည်။



မယ်တော်ကြီးဂမုန်း

၎င်းမှာ အပင်စည်ကားလျက် သိုက်သိုက်ဝန်းဝန်းရှိသော ဂမုန်းပင်ဖြစ်၍ အကာအရံသဘောဖြင့်လည်းကောင်း၊ ခြံစောင့်ဂမုန်းအခေါ်အဝေါ်ကြောင့်လည်းကောင်း၊ ရှင်သီဝလိအခေါ်အဝေါ်ကြောင့်လည်းကောင်း၊ ကျွန်တော်၏အိမ် ထိပ်ဆုံးအတန်း ရှင်သူငယ်တွေထဲမှာ ရော၍စိုက်ထားပါသည်။

လက်ကိုတော့ မီးလောင်မခံရဖူးသေးပါ။ ကျွန်တော်က တစ်ပင်ချင်း အမွေးတိုင်လည်း တစ်ခါမှ မထွန်းမိပါ။ ဤမျှများပြားသည့်အပင်တွေကိုလိုက်၍ မထွန်းနိုင်၊ ကျွန်တော်၏ဇနီးဆရာမက အားလုံးအတွက်

အိမ်ရှေ့မှာ ထွန်းထားတတ်ပါသည်။

အလွန်စည်ကားသောအပင်ကြီးမှာ ရှင်သူငယ်ဂမုန်းတွေကြားမှာ တစ်ရွက်ချင်းခြောက်၍လိုက်သဖြင့် ယခု တခြားမှာရွှေ့ထားလိုက်တော့မှ ပြန်၍စည်ကားစပြုလာပြီမှာ လက်တွေ့ဖြစ်နေ၍ မယ်တော်ကြီးဂမုန်းဟု ယူဆလျက် မယ်တော်ကြီးဂမုန်းဟု တင်ပြလိုက်ရပါသည်။ ထူးထူးခြားခြားအကျိုးပေးပုံကလေးတွေကို ချန်လှပ်၍ထားခဲ့ရပါသေးသည်။

●

# (၁၇) ခတ္တာဖြူဂမုန်း

ခတ္တာဖြူဂမုန်းအပင်ကို ဂမုန်းမိတ်ဆွေတစ်ယောက် နုတ်ယူလာပြီး (မင်းသားကြီးဂမုန်းပင်)ဟုပြောလျက် အိမ်သို့လာရောက်ပေးပို့ပါသည်။ အဖိုးတန်အောင် မင်းသားကြီးဟုခေါ်နေကြသော်လည်း ခတ္တာမှာ ခတ္တာသာဖြစ်၍ ငယ်စဉ်ကပင် ခတ္တာအမျိုးမျိုးကို မြင်ဖူးနေသဖြင့် အဖြူပွင့် ပွင့်သောကြောင့် ခတ္တာဖြူဟုပင် ရေးလိုက်ပါသည်။

ပုံတွင်ပါရှိသည့်အတိုင်း ကိုယ်ရံကြီးဂမုန်းပင်အနေအထားမျိုး ကိုယ်ရံကြီးဂမုန်းလောက် အပင်မကြီး၊ အရွက်မထွား၊ အပွင့်က သင်းသင်းပျံ့ပျံ့မွှေးပါသည်။

ရှေးရေးဂမုန်းကျမ်းတချို့မှာ ခေတ္တာဖြူပင်စိုက်ထားလျှင် ရန်သူရန်မပြုနိုင်၊ တန်ပြန်ပြီးသည်ဟု တွေ့မြင်ဖတ်ရှုရဖူးပါသည်။ ကိုယ်ရံကြီး၊ မင်းသားကြီးတို့ အနွယ်ထဲကဖြစ်၍ အကွယ်အကာရမည်ဟု ယုံကြည်မှုရှိ၍နေပါသည်။

ရန်မပြုနိုင်ခြင်း၊ တန်ပြန်ကောင်းခြင်းများကို စိတ်ထဲမှ ယုံကြည်နေသော်လည်း လက်တွေ့သုတေသနပြုလုပ်ရန် မလွယ်ကူသောကိစ္စ

ဖြစ်၍နေပါသည်။ ကျွန်တော် ပထမစာအုပ်တွင် နန်းထိုင်ဘီလူးဂမုန်း အကြောင်းကိုရေးရင်း မင်းသားကြီးဂမုန်း တန်ခိုးကြီးပုံတို့ကို ဖော်ပြခဲ့ဖူးပါသည်။

ဂမုန်းပေါင်းများစွာကို နှစ်ပေါင်းများစွာက လေ့လာစိုက်ပျိုးလာခဲ့သည်ဆိုသော ဂမုန်းမိတ်ဆွေတစ်ဦး ကျွန်တော်မရှိချိန် လာရောက်ပြီး "မင်းသားကြီးလည်း အစတော့ကောင်းတယ်၊ အညီအဟောက်နဲ့ နံလျှင် ဘီလူးစိတ်ပေါက်ပြီး လူကို ဒုက္ခပေးတတ်ကြောင်း" ပြောသွားသည်ဟု ကျွန်တော်၏ဇနီးဆရာက တစ်ဆင့်ပြောပြပါသည်။

ပေါရိသာဒဇာတ်၊ ဇယဒိသဇာတ်တို့ကို ထောက်ရှုလျှင် ၎င်း၏ စကားများ စဉ်းစားစရာဖြစ်ပါသည်။ ကျွန်တော်သည် ဘီလူးဂမုန်းရော၊ မင်းသားကြီးဂမုန်းပါ မစိုက်ပျိုးတော့ဘဲ သေသေချာချာ အပြစ်ကင်းသော စိတ်ချရသည့် ဂမုန်းများကို စိုက်ပျိုးပါတော့သည်။

အပြစ်ကင်းသော ဂမုန်းပင်များကို စိုက်ပျိုး၍ ဂမုန်းပင်၏အကျိုးကို များစွာခံစားနေရသူများမှာ ရတနာသုံးပါးတို့ကို များစွာဆည်းကပ်သူ၊ ပရိတ်တော် ဂုဏ်တော်များကို များစွာရွတ်ဖတ်သူ၊ ကိုယ်ကျင့်တရား လွန်စွာကောင်းမွန်သူများ ဖြစ်ကြပါသည်။ ဂမုန်းပင်များကို စိုက်ထားသော်လည်း ရတနာသုံးပါးကို ဆည်းကပ်ခြင်းမရှိသူ၊ ပရိတ်တော် ဂုဏ်တော်များကို ရွတ်ပွားသရဇ္ဈာယ်ခြင်းမရှိသူ၊ ကိုယ်ကျင့်တရားမကောင်းမွန်သူများမှာ ဂမုန်းပင်၏အကျိုးကျေးဇူးကို ခံစားရမည်မဟုတ်ပါ။

အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံပြီးလျှင် အလုပ်အကိုင် အကြံအစည် ကြီးကျယ်စွာ ကြံစည်ကြသူများမှာ အလုပ်အကိုင်အလျောက် အကျိုးပေးနေကြပါသည်။

အလုပ်အကိုင် အကြံအစည် ကြီးကျယ်စွာပြုလုပ်လိုသော စိတ်မရှိသူ၊ လောဘတရားကို ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းပြီး အေးအေး



ခတ္တာဖြူဂမုန်း

မှန်မှန်နေလိုသူတို့မှာ အထက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံသော်လည်း ကြီးကျယ်စွာ စီးပွားဥစ္စာချမ်းသာမည်မဟုတ်ပါ။ အေးအေးချမ်းချမ်း ကျန်းကျန်းမာမာနှင့် နေထိုင်သွားရုံလောက်သာ အကျိုးခံစားကြရမည် ဖြစ်ပါတော့သည်။

# (၁၈) ကျီးဖို ကျီးမ ဂမုန်း

ကျီးဖိုဂမုန်းနှင့် ကျီးမဂမုန်းမှာ ရန်ကင်းမြို့ ကျွန်တော်၏ ဂမုန်း မိတ်ဆွေတစ်ဦးထံမှ ရရှိခဲ့ပါသည်။ ကျီးဖိုမရရှိခင် လွန်ခဲ့သော နှစ်အတော်ကြာကာလပင် ကျီးမပင်ကို ရရှိခဲ့သဖြင့် ကျီးအဖိုရှိမှန်း မသိပါ။ ကျွန်တော်၏ ဂမုန်းမိတ်ဆွေက ကျီးဂမုန်းဟုပြောပြီးပေးလိုက်သောကြောင့် ကျွန်တော်ကလည်း ကျွန်တော်၏မိတ်ဆွေများကို ကျီးဂမုန်းပင်ဟုသာပြော၍ ပေးလိုက်ပါသည်။

ကျွန်တော်၏မိတ်ဆွေများလည်း ကျီးဂမုန်းဟုပင် စိုက်ပျိုးထားကြလျက် ၎င်းတို့မှတစ်ဆင့်ပေးသူများကိုလည်း ကျီးဂမုန်းဟု ပြော၍ ပေးနေကြပါသည်။

၎င်းကျီးမပင်မှာ ဒေါင်းဂမုန်းအရွက်မျိုး၊ ဒေါင်းဂမုန်းရွက်၏ လေးပုံတစ်ပုံခန့်သာရှိ၍ ဒေါင်းဂမုန်းလို တစ်ရွက်လျှင် တစ်ပင် မြေကြီးက ထွက်လာခြင်းမျိုးမဟုတ်ဘဲ အကိုင်းအခက်ကလေးများထွက်၍ အကိုင်းအခက်ကမှ အရွက်ထွက်ပြီး ပွင့်သောအခါ အကိုင်းအခက်များကပင် ပွင့်ပါသည်။ အရွက်ကျောရိုးဘေးမှာ အစိမ်းပေါ်တွင် အဝါ

ကလေးများရှိပါသည်။

ငင်းအပင်ကို ကျီးဂမုန်းပင်ဟုခေါ်နေရာမှ ကျီးမဟု ပြောင်း၍ ခေါ်ရခြင်းမှာ ၎င်းဂမုန်းမိတ်ဆွေ၏အိမ်မှပင် ကျီးဂမုန်းတစ်ပင် ထပ်မံရရှိပြန်သဖြင့် ပထမရသော ကျီးဂမုန်းပင်၏ အပင်ပုံသဏ္ဍာန်နှင့် အရွက်ပုံသဏ္ဍာန်ချင်းတူညီလျက် ပထမအပင်ထက် အရွက်အနည်းငယ်ကြီးပြီး ရှည်လျားသဖြင့် နောက်ရသော ကျီးကို ကျီးဖို၊ ပထမရသော ကျီးကို ကျီးမဟု ကျီးဖို ကျီးမ ခေါ်ဝေါ်သမုတ်ရခြင်းဖြစ်ပါသည်။

နောက်ရသော ကျီးဖိုမှာ အရွက်အရင်းနားမှာ အနက်ကလေးများပါရှိလျက် ဘွားခနဲကြည့်လျှင် ကျီးဖို ကျီးမ အတူတူပင်ထင်မှတ်ရလျက် သေချာစွာကြည့်မှ အဖိုတွင် အရွက်အပေါ်မှာ အနက်ပါရှိ၍ အမ၏ အရွက်အပေါ်မှာ အဝါပါရှိခြင်းက ကွဲပြားနေပါသည်။

ယခု ကျွန်တော် ကျီးမဟု ခေါ်ဝေါ်ရေးသားနေသော ပုံတွင်ပါရှိသည့် အပင်ကို ကျွန်တော်တို့ရပ်ကွက်ရှိ ဂမုန်းမိတ်ဆွေများက ဒေါင်းရာဇာဟူ၍လည်းကောင်း၊ ဒေါင်းမင်းဟူ၍လည်းကောင်း ခေါ်ဝေါ်၍နေကြပါသည်။ ဒေါင်းပင်နှင့် နည်းနည်းမှမတူပါ။ ဒေါင်းဂမုန်းသည် အပင်ရင်း မြေကြီးထဲမှထွက်ပြီး အပွင့်ပွင့်လျက် ကျီးဂမုန်းသည် အပင်အထက်ပိုင်းမှ ဖြူဖြူကလေးတွေပွင့်ပါသည်။

ဒေါင်းအဖို ဒေါင်းအမနှင့် ဘယ်လိုမှ ဆက်စပ်၍မရသောအပင်ကို ဒေါင်းမင်း ဒေါင်းရာဇာဟု ခေါ်ဝေါ်ပြောနေကြသည်မှာ လုံးလုံးယုတ္တိမရှိဟု ယူဆမိပါသည်။

နောက်တွင် ဖော်ပြရေးသားမည့် ကျီးမင်းဂမုန်းမှာ ကျီးဖို ကျီးမဂမုန်းများထက် အရွက်ကြီးပြီး ရှည်လျားလျက် အသွေးအရောင် ပိုမိုလှပသဖြင့် ကျီးမင်းဟုခေါ်သည်မှာ အလွန်သဘာဝကျသည်ဟု ထင်မိပါသည်။

ဒေါင်းမင်း ဒေါင်းရာဇာဟု တချို့ခေါ်နေသော ကျီးမဂမုန်းမှာ ဒေါင်းဖို ဒေါင်းမများထက် အရွက်မကြီးရုံမဟုတ်။ အဆမတန်ငယ်နေပြီးလျှင် ဒေါင်းဖို ဒေါင်းမများထက် ပိုမို၍ မလှပပါဘဲလျက် ဒေါင်းမင်း ဒေါင်းရာဇာဟု ခေါ်ဝေါ်ကြသည်မှာ မသင့်လျော်လှဟု သဘောရပါသည်။

အလုပ်အကိုင် အကြံအစည် အလွန်ဟန်ကျ၍နေသော မိတ်ဆွေတစ်ဦး၏အိမ်မှာ ကျီးဖိုပင်နှင့် ကျီးမပင် နှစ်မျိုးတို့ကို ဘုရားစင်အနီးရှိ ပေါ်လစ်သုတ်ထားသော ကျွန်းသားစားပွဲကြီးအပေါ်တွင် ဒန်ခွက်များခံ၍ ရိုသေစွာစိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။

ကျီးဂမုန်း အဖိုအမကို ထိုမျှရိုသေစွာထားရှိသောအိမ်ကို ကျွန်တော် မတွေ့ဖူးခဲ့သဖြင့် အလွန်ထူးဆန်းအံ့ဩမိလျက် ထိုမိတ်ဆွေအား အကျိုးအကြောင်းကို မေးမိပါသည်။ ထိုမိတ်ဆွေက ပြန်လည်ပြောပြသောစကားများကို စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် နည်းယူလိုသောသူများရှိက နည်းယူဖွယ်ရာကောင်းပါသည်။

"ဒီလိုဗျ... ဒီကျီးအဖိုပင်နဲ့ အမပင်တို့ကို ကျွန်တော် ရိုရိုသေသေ ပြုစုယုယနေတာက အကြောင်းရှိတယ်။ ဂမုန်းပင်ကို ဘုရားစင်အနီး အမွန်အမြတ် တင်ထားပေမယ့် ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်ရာသဘောမျိုးနဲ့ တင်ထားတာမဟုတ်ပါဘူး။

ကျွန်တော်တို့ မင်္ဂလာဦး မင်္ဂလာဆောင်ပြီး မကြာခင်ပဲ လွတ်လွတ်လပ်လပ် အိမ်ခွဲနေတော့မယ်ဆိုတော့ ကျွန်တော့်ဇနီးရဲ့အဖေ ကျွန်တော့်ယောက္ခမကြီးက 'မင်းတို့ အိမ်ခွဲနေကြတော့မယ်ဆိုလျှင် ဟောဒီ ကျီးဂမုန်းအဖိုပင်နဲ့ အမပင်ကိုခွဲယူသွားပြီး ငါ့လို ရိုရိုသေသေနဲ့ သန့်သန့်ရှင်းရှင်းစိုက်ပျိုးပြုစုကြ။ ငါ့လို ရိုရိုသေသေ မပြုစု မယုယလိုလျှင်တော့ ယူမသွားကြနဲ့' လို့ ပြောပြီးပေးလိုက်လို့ 'ပြုစုယုယပါ့မယ်' ဝန်ခံ



ကျိုးပိုဂမုန်း

ပြီး ယူခဲ့ရပါတယ်။

"ကျွန်တော့်ရဲ့ယောကျ္ခမကြီး ပြောပြတဲ့စကားတွေကို ဆရာ့ကို ပြောပြရဦးမယ်။ ဆရာ အားရဲ့မဟုတ်လား။ အားရင် ဖြည်းဖြည်းပေါ့။ ရှည်တော့ အတော်ရှည်တယ်" ဟုပြောပါသည်။

"ခင်ဗျားယောက္ခမပြောတဲ့စကားဆို ရှေးစကားပေါ့။ ကျွန်တော်က ရှေးစကားဆိုရင် အလွန်မှတ်သားချင်ပါတယ်။ ဘယ်လောက်ရှည်ရှည် ဆုံးမှပဲပြန်မယ်။ ပြောသာပြောပါ" ဟု အားရဝမ်းသာ တိုက်တွန်းမိပါသည်။

"ရှေးစကားမှ ရှေးစကားအစစ်ပေါ့။ ကျွန်တော့်ယောက္ခမပြော လိုက်တာက သူ့စကားမဟုတ်ဘူး။ သူ့ယောက္ခမကြီးရဲ့စကားကို တစ်ဆင့် သူ့သမက်ဖြစ်တဲ့ ကျွန်တော့်ကို ပြန်လည်ပြောပြလိုက်တာ ဆရာရဲ့" ဟု ထပ်မံပြောဆိုပါသည်။

"ဟာ... မကြားရခင်က အလွန်ကြားချင်လှပြီ။ ခင်ဗျားရဲ့ ယောက္ခမရဲ့ ယောက္ခမကပြောလိုက်တဲ့ စကားဆိုတော့ ရှေးမီနောက်မီ ကျွန်တော်တို့ မြန်မာရှင်ဘုရင်ကို မီလိုက်တဲ့သူ ပြောထားခဲ့တဲ့စကားမို့ ပိုမိုကြားချင်လှပါတယ်။ ကျွန်တော်က အဲဒီလို ဗဟုသုတများ ကြားရ မယ်ဆိုလျှင် ထမင်းမစားဘဲ နားထောင် မှတ်သားတတ်တဲ့ ဝါသနာရှိပါ တယ်။ ပြောသာပြောပါ" ဟု ထပ်မံတိုက်တွန်းမိပါသည်။

"ကျွန်တော့်ရဲ့ယောက္ခမကြီး ပြောပြလိုက်တာက ဒီလိုဗျ။ ငါလည်း အဲဒီကျီးဖိုပင်နဲ့ ကျီးမပင်ကို မင်းလို အိမ်ခွဲစက ငါ့ရဲ့ ယောက္ခမ ကြီးက ပေးလိုက်တာပဲ။ မင့်ကိုငါပြောသလို ရိုရိုသေသေ ပြုစုယုယနိုင် မှ ယူရမယ်လို့ပြောပြပြီး အဲဒီကျီးဖို ကျီးမ ဂမုန်းနှစ်ပင် စည်ကားပွားများ လေ၊ မင်းတို့ဇနီးမောင်နှံမှာ စီးပွားဥစ္စာ သားသမီးရတနာများ တိုးတက် ပွားများလေရှိလိမ့်မယ် တဲ့။

"အေး... ငါ့ယောက္ခမကြီးက မြန်မာရှင်ဘုရင် သီပေါလက်ထက် က မီလိုက်ပြီး ဗေဒင်ကျမ်း ဆေးကျမ်းတွေကို လွန်စွာကျွမ်းကျင်မှုရှိ လျက်၊ အတိတ်နိမိတ်တွေကိုလည်း လွန်စွာယုံကြည်မှုရှိတယ်။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတယ်တဲ့။ ကမ္ဘာဦးက ကျွန်း ကြီးလေးကျွန်းလုံးမှာ ကျွန်းဦးသစ်ပင်လေးပင်ရှိသတဲ့။

"အရှေ့ကျွန်းမှာ ကျွန်းဦးသစ်ပင်က ကုက္ကိုပင်ရှိတယ်၊ ဒါပေမဲ့ ကုက္ကိုကျွန်းလို့မခေါ်ဘဲ ပုဗ္ဗဝိဒေဟကျွန်းရယ်လို့ အမည်တွင်တယ်တဲ့။ အနောက်ကျွန်းမှာ ထိန်ပင်ရှိပေမယ့် အပရဂေါယာကျွန်းလို့ ခေါ်တယ်



ကျိုးမဂမုန်း

တဲ့။ မြောက်ကျွန်းမှာ အလိုရှိရာရနိုင်တဲ့ ကျွန်းဦးပဒေသာပင်ရှိပေမယ့် ပဒေသာကျွန်းလို့မခေါ်ဘဲ ဥတ္တရကုရုကျွန်းလို့ ခေါ်တွင်ကြတယ်တဲ့။ တို့တောင်ကျွန်းမှာတော့ ကျွန်းဦး ဇမ္ဗုသပြေပင်ရှိလို့ ဇမ္ဗူဒီပါလက်ယာ တောင်ကျွန်းရယ်လို့ သစ်ပင်ရဲ့နာမည်ကိုစွဲပြီး ခေါ်လာတယ်တဲ့။

"မင်္ဂလာဆောင် မင်္ဂလာဦးများမှာ အတိတ်နိမိတ်ကောင်းတို့က

အရေးကြီးတယ်။ တို့မြန်မာရှင်ဘုရင်များလက်ထက်က ထိုးကွင်းမင်ကြောင်မပါတဲ့လူကို အိမ်မိုးခေါင်ပေါ်တောင် တက်ပြီးအမိုးမခံဘူး။ ပေါင်ဖြူဆိုရင် သတ္တိမရှိတဲ့လူ၊ မိန်းမလိုလူပဲ၊ နိမိတ်မရှိဘူးလို့ ယူဆကြတယ်တဲ့။

မင်္ဂလာဆောင်မှာ ယခုလို ကော်ဖီတွေ၊ ကိတ်မုန့်တွေ မကျွေးဘဲ လက်ဖက်တို့၊ မုန့်ဖက်ထုပ်တို့ကို ကျွေးတယ်တဲ့။ လက်ဖက်ကိုကျွေးတာက ဇနီးမောင်နှံ ဘက်မိအောင်လို့၊ မုန့်ဖက်ထုပ်ကို ကျွေးတာက ပစ္စည်းဥစ္စာအထုပ်ထုပ်မိအောင်လို့ နိမိတ်ယူပြီး ကျွေးကြတာတဲ့။ မင်္ဂလာမရှိတဲ့စကားများကိုလည်း မပြောရဘူးတဲ့။

အေး... မင်္ဂလာဆောင်ကို ဖိတ်တာတောင် လက်ဖက်စားကြွကြပါလို့ ဖိတ်ရသတဲ့။ ဆွေမျိုးသားချင်းထဲက လက်ဖက်မစားဘဲနေသူရှိလျှင် ဒီမင်္ဂလာဆောင်ကို သဘောမတူဘူးဆိုတဲ့ အထိမ်းအမှတ်ပဲတဲ့။ အကယ်၍ အကြောင်းမညီညွတ်ကြလို့ ဇနီးမောင်နှံ ကွဲကွာကြရင်လည်း သဘောတူ လက်ဖက်စားပြီး ကွာကြတာပဲ။ ဒါပေမဲ့ သုံးနှစ်သုံးမိုး လေ့လာပြီးမှယူကြတာမို့ ကွဲကွာတဲ့ဇနီးမောင်နှံ ရှားပါးလှပါတယ်တဲ့။ ဒါကြောင့်မို့လို့ ရှေးလူကြီးများက 'လင်မယားဆိုတာ လက်ဖက်တစ်ရိုးခြားတာပါကွာ' လို့ ပြောလေ့ရှိကြတာပေါ့တဲ့။

အဲဒီလိုအကြောင်းတွေကြောင့် အတိတ်ကောင်း နိမိတ်ကောင်းယူပြီး မင်းတို့ဇနီးမောင်နှံ ရာသက်ပန်ကြီးပွားကြဖို့ ကျီးဂမုန်းအဖိုနဲ့ အမစုံတွဲပေးလိုက်တယ်။ အဲဒီကျီးဂမုန်းအဖိုနဲ့အမ စည်ကားလေ– ကြီးပွားလေနေမှာပဲလို့ ပြောလိုက်တယ်။

"အဲဒီတုန်းအခါက ယောက္ခမကို ငါက ပြန်ပြောမိတာလေး သတိရသေးတယ်ကွာ။ 'တခြားကျီးပါတာတစ်ခုခုကိုမပေးဘဲ ကျီးဂမုန်းကိုပေးရသလား။ ဂမုန်းက မုန်းပါနေတော့ မုန်းသွားဖို့ နိမိတ်သဘောကို

မသက်ရောက်ဘူးလား' လို့ မေးခဲ့မိတယ်။

"ဂမုန်းဆိုတာ သာမညသစ်ပင်မဟုတ်ဘူး။ တောဟောင် ထူထပ်ရာက နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်နေတဲ့အပင်ကွ။ အဖိုနဲ့ အမတွဲပြီးပေးလိုက်တော့ မမုန်းတော့ဘူးပေါ့။ ဂမုန်းပင်တိုင်းမှာ အဖို အမရယ်လို့ ရှိကြတယ်။ လူတွေက ဂမုန်းပင်တိုင်းရဲ့ အဖိုအမကို မသိကြလို့ တချို့တစ်ပင်တည်းစိုက်နေကြတာ။ အမှန်တော့ အဖို အမတွဲပြီး စိုက်ပျိုးမှ ကြီးပွားမယ်' တဲ့။

သူပြောတာတွေကတော့ အများကြီးပါပဲ။ ငါလည်း အကုန်မမှတ်မိတော့ဘူး။ သူပြောလိုက်တဲ့အတိုင်း ကျီးဖို ကျီးမ ဂမုန်းနှစ်ပင်ကို ပြုစုလာတာ သူတို့နှစ်ပင် စည်ကားသလို တို့နှစ်ယောက်လည်း စည်ကားပွားများတာပဲ။

သုံးနှစ်လောက်အတွင်းမှာ အတော်စည်ကားလှပတယ်။ သုံးနှစ်လောက်ကြာတော့ မြေကြီးဟာ ဩဇာဓာတ်ကုန်ခန်းပြီး အပင်ကလည်း အိုလာတော့ မြေကြီးတွေကျပ်ပြီး အပင်တွေ ရော်လာတယ်။ အဲဒီအခါမှာ တို့ဇနီးမောင်နှံဟာလည်း စီးပွားဥစ္စာ တိုးတက်မှုနည်းပါးပြီး အနည်းအကျဉ်း စိတ်အနှောင့်အယှက်ကလေးတွေ တွေ့ကြုံလာကြတယ်။

အဘိုးကြီးထံသွားပြီး အကျိုးအကြောင်းကိုပြောပြ၊ အကြံဉာဏ်တောင်းရတာပေါ့။ အဘိုးကြီးက 'အိုးအသစ်ဝယ်ပြီး မြေအသစ်နဲ့ ပြောင်းစိုက်။ အခက်အလက်တွေလည်း ဖြတ်ပစ်လိုက်။ ပြန်စိုက်တဲ့အခါမှာသာ ယံဒုန္နိမိတ္တံဆိုတဲ့ ပုဗ္ဗဏှသုတ်ပရိတ်တော်ကို နာနာရွတ်လိုက်။ နောက်လည်း ရေလောင်းတိုင်း ယံဒုန္နိမိတ္တံကိုရွတ်ပြီး ရေလောင်းပေးဖို့ မှာလိုက်တယ်။ ငါလည်း မှာတဲ့အတိုင်းပဲလုပ်လိုက်တာ အပင်နှစ်ပင်ဟာ ယခင်ကထက် ပိုမိုပြီးစည်ကားလာတယ်။ တို့ဇနီးမောင်နှံမှာလည်း ယခင်ကထက် အဆပေါင်းများစွာ တိုးပွားလာတယ်။ ပထမသုံးနှစ်တုန်းက ယံဒုန္နိ

မိတ္တံ့ကို မရွတ်ခဲ့ရဘူး။ တစ်ခါပြန်စိုက်တော့မှ ရွတ်ရတယ်။ ပထမပေးစဉ်က မေ့များနေလို့ မပြောလိုက်တာလားလို့ အောက်မေ့ပြီး အကျိုးအကြောင်းကို သွားမေးရတာပေါ့။

"အဘိုးကြီးက 'အေး အမှန်ကတော့ ဘယ်ဂမုန်းပင်မှ မဖြတ်ကောင်းဘူး။ မဖြတ်ဘဲထားတော့လည်း ကြည့်မကောင်း ရှုမကောင်းဖြစ်လာတယ်။ ဒါကြောင့် ဘေးဥပဒ်မဖြစ်နိုင်အောင် ယံ့ဒုန္နိမိတ္တံ့ အမြဲရွတ်ဖို့မှာရတာ။ ပထမ ၃ နှစ်ကထက် ပိုပြီးတိုးတက်ကြီးပွားတယ်ဆိုတာကတော့ ဘယ်ဂမုန်းပင်မျိုးမဆို စိုက်ပြီးလို့ ၃ နှစ်ကြာမှ အစောင့်အရှောက်ရောက်လာတာပဲကွ" ဟု ပြောလိုက်တယ်။

"အေး... တို့ဇနီးမောင်နှံမှာတော့ အဲဒီကျီးဂမုန်း အဖို အမနှစ်ပင်ကို ပြုစုရင်း မပူပန် မကြောင့်ကြဘဲ အလုပ်အကိုင်အကြံအစည် ဟန်ကျလာကြတာပဲ။ ဒါကြောင့် မင်းတို့ဇနီးမောင်နှံလည်း တို့လိုဟန်ကျပါစေလို့ မိဘတို့ဝတ္တရားအတိုင်း ကောင်းရာညွှန်ကြားပြီး အမွေအနှစ်အဖြစ်ပေးလိုက်တာပဲ။ မင်းတို့သားသမီးတွေလက်ထက်ကျတော့လည်း ဒီလိုတစ်ဆင့်ပြောပြ ပေးအပ်ကြဦးပေါ့ကွာလို့ ပြောပြီး ပေးလိုက်တာပဲ။

ကျွန်တော်တို့ဇနီးမောင်နှံလည်း ယောက္ခမကြီးပြောလိုက်တဲ့အတိုင်း ဂမုန်းပင်ကို ပြုစုလာတာ ၂ နှစ်ခွဲလောက်တော့ရှိပြီး ယောက္ခမကြီးရဲ့စကားအရဆိုလျှင် သုံးနှစ်ကျော်တဲ့အခါ ပိုပြီးကြီးပွားမှာပေါ့ဗျာ" ဟု ယုံကြည်မျှော်လင့်စွာ ပြောကြားပါသည်။

"ဟာ... ခင်ဗျား အခုပြောတာတွေဟာ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်တော် တစ်လုံးမကျန် မှတ်ထားလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သဘောမကျတာတွေလည်းပါတယ်။ ဆိုပါတော့ ထိုးကွင်းမင်ကြောင်မပါလို့ အိမ်ခေါင်မိုးပေါ် မတက်ရဘူးဆိုတာမျိုးပေါ့ဗျာ။ ထိုးကွင်းမင်ကြောင်ရှိမှ သတ္တိရှိတယ်ဆိုတာတော့လည်း ကြိုက်ကြိုက်ပဲ။

နေရာတွေအများကြီး စုတ်တွေနဲ့ထိုးထားတာ အတော်သတ္တိရှိမှ ခံနိုင်မယ်။

ပြီးတော့ မင်္ဂလာရှိအောင် ကျီးဂမုန်း အဖိုအမပင် ပေးလိုက်တယ်ဆိုတော့ ကျီးဂမုန်းက ယပင့်နဲ့ ကျီးတာပဲ။ ကြီးပွားတာက ရရစ်နဲ့ ကြီးတာဖြစ်နေတယ်။ တကယ်လို့ မင်္ဂလာဦးမှာ မင်္ဂလာယူလျှင် ချမ်းသာကြီးဂမုန်းကို ပေးသင့်တယ်" ဟုပြောမိပါသည်။

"ဒါတော့ ဆရာ... မင်္ဂလာ အတိတ်နိမိတ်ယူတဲ့နေရာမှာတော့ ယပင့်တွေ ရရစ်တွေလိုက်မနေဘဲ အသံထွက်ကိုလိုက်ပြီးတော့ နိမိတ်ယူကြတာပါပဲ။

ညောင်ကန်ဆရာတော် ဦးဗုဓ် မမွေးဖွားခင် ၎င်း၏အမေ ဗိုက်ကို ကျီးနားတယ်။ ဖွားပြီး ပုခက်ထဲအိပ်နေရာမှ ပုခက်ကြိုးတန်းပေါ်မှာ ကျီးနားတယ်။ သာမဏေဘ၀မှာ ဆွမ်းစားနေရာ ဦးခေါင်းပေါ် ကျီးနားတော့ ဆရာတော်ကြီးတွေက ပညာဉာဏ်ကြီးမားလိမ့်မယ်လို့ နိမိတ်ဖတ်ကြတယ်" ဟု ပြန်လည်ပြောပြပါသည်။

"ဟုတ်တယ်ဗျို့၊ ကျီးအကြောင်းတော့ ခင်ဗျားပြောလို့ သဘောကျသွားပြီ။ သုံးနှစ်ရှိမှ အစောင့်ရောက်တယ်ဆိုတာ ကျွန်တော်တို့ လက်တွေ့က တချို့ဂမုန်းပင်များမှာ ၃ ရက်အတွင်းမှာပင် ထူးထူးခြားခြား အကျိုးပေးကြတယ်။ အဲဒီလို ကိုယ်တွေ့သမားတွေကြောင့် ဒါလောက်လူတွေ စိတ်ဝင်စားကြတာပဲ။ တိုက်ဆိုင်လို့လည်းဖြစ်နိုင်တာပေါ့ဗျာ" ဟု ပြောမိပါသည်။

"ဒါကတော့ဗျာ ကျီးဂမုန်းအဖိုပင်နှင့် အမပင်ကို အကြောင်းပြုပြီး များသောအားဖြင့် အဘိုးကြီးက ပြောလိုက်တာနဲ့တူပါတယ်။ အထူးတန်ခိုးကြီးတဲ့ဂမုန်းပင်များမှာတော့ ၃ နှစ်ကြာမယ်မဟုတ်ပါဘူး။ ရှေ့က ဂမုန်းပင်ယူလာ၊ နောက်က ငွေပေးမယ့်လူပါလာတာပဲလို့ တိုက်ဆိုင်

တဲ့လူတွေလည်း ရှိကြသေးတာပေါ့ဗျာ” ဟုပြောပြပါသည်။

ကျွန်တော် ထိုမိတ်ဆွေ၏အိမ်မှ ပြန်လာပြီးနောက် ကျီးဂမုန်းပင် အဖိုနှင့်အမကို နီးကပ်စွာထားပြီး ပြုစုယုယခဲ့လျက် ထိုမိတ်ဆွေလို အိမ်ပေါ်စားပွဲပေါ်ကိုတော့ တင်မထားပါ။ ကျီးဂမုန်းအဖိုအမကြောင့်လား၊ တခြားဂမုန်းပင်များကြောင့်လား၊ တိုက်ဆိုင်လို့လားတော့ မပြောနိုင်။ ပြုစုယုယချိန်ကစပြီး ယခင်လများကထက် လာဘ်လာဘများ၍လာပါသည်။ ကျီးဂမုန်းအဖြူပွင့်ကလေးတွေ ပွင့်သောအခါ ဧည့်သည်များများလာလျက် လာဘ်လာဘများများရတတ်ပါသည်။

ရှေးလူကြီးများကလည်း “ကျီးသာရင် ဧည့်သည်လာတတ်တယ်” ပြောခဲ့ကြလျက် ကျွန်တော်တို့ တကယ်လက်တွေ့မှာလည်း ကျီးသာလျှင် ဧည့်သည်လာတတ်ပါသည်။

ကျွန်တော် ကျီးဖို ကျီးမ တွဲ၍ပေးလိုက်သော မိတ်ဆွေတစ်ဦးက “ဟာ... ဆရာ မပြောခင်ကတည်းက ဆရာ ဂမုန်းပင်ပေးလိုက်ကတည်းက ကျွန်တော် မြတ်မြတ်နိုးနိုးပြုစုစိုက်ပျိုး၍ ရိုရိုသေသေထားပါတယ်။ စကားစပ်မိလို့ ဆရာ့ကို ပြောရဦးမယ်။ ဆရာ့ထံမှ ကျီးဂမုန်း အဖိုနဲ့ အမနှစ်ပင်ယူလာပြီး စိုက်ပျိုးတဲ့ညက ကျွန်တော်၏အိမ်ထဲမှာ လူနှစ်ယောက်ဝင်လာတယ်လို့ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သေချာစွာကြည့်လိုက်တော့ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်နေတယ်။ ဆွေမျိုးထဲက တစ်ယောက်ယောက် မိန်းမခိုးလာတာလားလို့ သေသေချာချာ အနားသွားကြည့်တော့ ဘယက်တန်ဆာတွေ နတ်ဝတ်နတ်စားတွေနဲ့ဖြစ်ပြီး ကျီးဖို ကျီးမ အပင်နားမှာ ပျောက်သွားတယ်။

“အဲဒီအိပ်မက် မက်ပြီးကတည်းက အဲဒီကျီးဖို ကျီးမအပင်ဟာ တန်ခိုးကြီးတယ်၊ အစောင့်ရှိတယ်လို့ ယူဆပြီး ပြုစုယုယခဲ့တယ်။ အိပ်မက်အကြောင်းကို ဆရာကလွဲပြီး ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး”

"ဘာဖြစ်လို့ အိပ်မက်ကို မပြောတာလဲဗျ" ဟုမေးမြန်းမိပါသည်။

"တခြားလူတွေက ဂမုန်းရှူး၊ ဂမုန်းကို စိတ်စွဲလို့ အိပ်မက်တွေတောင် မက်တယ်ဟု ပြောမှာကို မခံချင်လို့ဗျ။ အဲဒီဂမုန်းရှူးလို့ သူတစ်ပါးကိုပြောတဲ့လူတွေက ယုံကြည်မိတော့ သူတစ်ပါးထက် ကဲသေးတတ်ဆရာ" ဟု ပြောပြပါသည်။

ကျွန်တော်၏မိတ်ဆွေထံမှ ကြားခဲ့ရသမျှ စကားများတွင် ကျွန်တော် သဘောအကျဆုံး အနှစ်သက်ဆုံးမှာ ဂမုန်းပင်ကို ဖြတ်တဲ့အခါ ယံဒုန္နိမိတ္တံ စသည့် ပုဗ္ဗဏှသုတ် ပရိတ်တော်ကို ရွတ်ရမည်ဆိုသော စကားပင်ဖြစ်ပါသည်။

ကျွန်တော်တော့ ကျီးဂမုန်းကို ဖြတ်မှမဟုတ်၊ တခြားအမြင်မတော်သည့်ဂမုန်းပင်များကို ဖြတ်မိလျှင်လည်း ပုဗ္ဗဏှသုတ်ပရိတ်တော်ကို ရွတ်ဖတ်မိပါတော့သည်။

●

# (၃၉) ဣန္ဒြာသယကျီးမင်း

ကျီးမင်းဂမုန်းမှာ ကျွန်တော်၏အိမ်တွင်ရှိသော ဂမုန်းပင်များတွင် နောက်ဆုံးလိုလိုရောက်သော ဂမုန်းဖြစ်၍ ၎င်းကျီးမင်းဂမုန်း ရရှိသည်မှာ မကြာလှသေးသော်လည်း ကျီးမင်းဂမုန်းအကြောင်းကို ကြားဖူးနေသည်မှာ ကြာလှပြီဖြစ်ပါသည်။

ခပ်စောစောအချိန်ကပင် ဂမုန်းမိတ်ဆွေတစ်ယောက် ကျွန်တော်၏ထံမှ ငှက်ပျောရှင်သူငယ် အသေးစားကလေးတစ်ပင် လာ၍တောင်းသဖြင့် ပေးလိုက်ရာ ၎င်း၏အိမ်ကိုလာရောက်လျက် "ကြိုက်ရာဂမုန်းပင်ကိုယူပါ" ဟု ပြောပြပါသည်။

၎င်းဂမုန်းမိတ်ဆွေ၏ညီဖြစ်သူက "ဆရာ... သူ့အိမ်ကိုသွားပြီး ကျီးဂမုန်းပင်ကို ယူထားပါ၊ အလွန်လှပါတယ်" ဟု ပြောပါသည်။

"ကျီးဂမုန်း အဖို အမ နှစ်မျိုးလုံး ကျွန်တော့်ထံတွင်ရှိပြီးသားပဲ၊ မလိုချင်ပါဘူး။ ကျွန်တော်ကတောင် သူတစ်ပါးကို ပေးနေသေးတယ်" ဟု ပြောမိပါသည်။

"ဆရာ့အိမ်မှာရှိတဲ့ ကျီးဂမုန်းမျိုးမဟုတ်ဘူး။ ရွှေကျီးတဲ့ဆရာ...

အလွှန်လှပါတယ်" ဟုပြောပါသည်။ ထိုအချိန်က ကျီးမင်းမခေါ်ကြသေးဘဲ ရွှေကျီးဟု ခေါ်ကြပါသည်။

ကျွန်တော်လည်း ထိုမိတ်ဆွေ၏အိမ်ကို ယနေ့ထိသွား၍ မယူဖြစ်သေးပါ။ တခြားပြည်လုံးချမ်းသာဂမုန်း၊ အင်းဂမုန်းများအကြောင်းကို သင့်ဘဝမဂ္ဂဇင်းတွင် ဆောင်းပါးရေးချိန်ကစပြီး ပြည်လုံးချမ်းသာ အင်းဂမုန်းများ စိုက်ပျိုးသူများလာသဖြင့် ဈေးကောင်း၍လာပါသည်။ ပြည်လုံးချမ်းသာဂမုန်း၊ အင်းဂမုန်းတို့နှင့်အတူ ဝယ်ယူစိုက်ပျိုးနေကြသော ဂမုန်းပင်မှာ ယခုရေးသားသည့်စာအုပ် ကျောဘက်ပါ ဣစ္ဆာသယကျီးမင်း ဂမုန်းဖြစ်ပါသည်။

ကျွန်တော်၏စိတ်ထဲမှာ ပြည်လုံးချမ်းသာဂမုန်း၊ အင်းဂမုန်းတို့ အကြောင်း စာအုပ်မှာဖတ်ကြရသဖြင့် အဖိုးပေး၍ ဝယ်သူများရှိနေသည်မှာ မဆန်းလှသော်လည်း ကျွန်တော်၏အိမ်တွင်မရှိသေး။ စာမရေးရသေးသော ဂမုန်းပင်ကို မရမက လိုက်လံဝယ်ယူနေကြသည်မှာ ဆန်း၍နေပါသည်။

"ဒီကျီးမင်းဂမုန်းပင်ဟာ တစ်နည်းနည်းနဲ့တော့ ထူးခြားမှုရှိလို့ တန်ခိုးကြီးလို့ဖြစ်မှာပဲ။ လူတွေဟာ တိုက်ဆိုင်မှုတစ်ခုခုမရှိလျှင် နာမည်မကြီးတတ်ဘူး။ တိုက်ဆိုင်သူများလျှင် များများနာမည်ကြီးတတ်တယ်။ ငါလည်း ကျီးမင်းဂမုန်းပင်ကို ရအောင်ရှာ၍ စိုက်ပျိုးပြီး သုတေသနပြုလုပ်မယ်" ဟု ဆုံးဖြတ်လိုက်မိပါသည်။

ငွေနှင့်ဝယ်ယူနေကြသောအချိန်သို့ ရောက်ရှိနေပြီဖြစ်၍ ကျွန်တော့်ကို လာယူပါ၊ ပေးပါ့မယ်ပြောသော ဂမုန်းမိတ်ဆွေ၏အိမ်သို့ မသွားတော့ပါ။ ကျီးဂမုန်း စတင်ရောင်းချသော ဆရာကြီး၏အိမ်သို့ ကျီးဂမုန်းဝယ်ရန် ရောက်သွားပါသည်။ နေ့လယ်တွင်ရောက်ရှိသွားရာ ဆရာကြီးကို မတွေ့၊ ၎င်း၏သားသမီးများနှင့်တွေ့ရ၍ ဆရာကြီး အပြင်



ဣက္ကာသဃဂမုန်း

ခဏာထွက်သွားကြောင်း၊ မကြာခင်လာမည်ဖြစ်ကြောင်း ပြောပြပါသည်။

"ကျွန်တော် ကျီးဂမုန်းတစ်ပင်လိုချင်ကြောင်း" ပြောသဖြင့် ကျီးဂမုန်းပင်အိုးများကိုပြလျက် ငါးဆယ်–တစ်ရာ–နှစ်ရာ စသဖြင့် အပင်အနည်းအများကို လိုက်၍ပြောပါသည်။

ကျွန်တော်က "ဈေးအနည်းဆုံးအပင်ပြပါ" ဟုပြောသဖြင့် အရွက်တစ်ရွက်သာပါရှိသော ဂမုန်းပင် အိုးပုံ့ကလေးကိုပြလျက် "ဒီအပင်

ကလေးကိုတော့ ၂၅ိ နဲ့ရောင်းမည်" ဟု အဖေက ပြောဖူးကြောင်း ပြောပြပါသည်။

"ဒါဖြင့် ကျွန်တော် ညနေမှ တစ်ခေါက်လာခဲ့မယ်" ဟုပြောပြီး ပြန်ခဲ့ပါသည်။

ကျွန်တော်၏စိတ်ထဲတွင် "ဝေးလှတာမှမဟုတ်ဘဲ။ ညနေတစ်ခေါက်သွား၍ ဆရာကြီးနှင့်တွေ့လျှင် ၂ဝိ နှင့်ရချင်လည်းရမယ်။ ၅ိ သက်သာလည်းမနည်းဘူး" ဟုတွက်၍ပြန်လာခြင်းဖြစ်လျက် ငွေပေးမဝယ်ရဖူးတော့ နှမြောမိပါသည်။

ညနေတစ်ခေါက်သွားတော့ ဆရာကြီးနှင့် တွေ့ကြုံသဖြင့် "လျှော့ပါဦး" ပြောရာ "ကလေးတွေပြောပြီးဖြစ်နေ၍ ၂၅ိ နဲ့ရောင်းပါ့မယ်။ ၃၅ိ ပေးမယ့်လူရှိပါတယ်။ ၃ ရက်လောက်ကြာလျှင် ယူမယ်ပြောပါတယ်" ဟုဆိုသဖြင့် "ငါမဝယ်လည်း တခြားလူဝယ်သွားမှာပဲ" ဟု အောက်မေ့ပြီး ကျီးမင်းဂမုန်းတစ်ရွက်ထဲပါရှိသော အပင်ကို ငွေ ၂၅ိ နှင့် ဝယ်ရပါသည်။

ကျွန်တော်၏စိတ်ထဲ၌ "တစ်ရွက်ပါသော ဒီ သားခန့်လေးမည့် အပင်ကလေးကို ၂၅ိ ပေးရသည်မှာ ငွေနဲ့နှိုင်းချင်းပေးရရုံမက ၂၅ ဆမျှ ပေးရတာပဲ" ဟု တွက်ကြည့်မိပါသည်။

"ဆရာ ဒီဂမုန်းပင်တွေ ဆရာ့ရဲ့အိမ်က အများဆုံးရောင်းနေတယ်။ ဘယ်မှာသွားရှာသလဲ" ဟုမေးမိရာ...

"ဂမုန်းရတဲ့နေရာကို ခင်ဗျားလိုက်ခဲ့ပါပြောလျှင် ၁၀၀ိ ပေးတောင် လိုက်မှာမဟုတ်ပါဘူး။ သင်္ဘောတစ်တန်၊ မော်တော်ဘုတ်တစ်တန်၊ လှေတစ်တန်၊ ခြေထောက်နှင့်တစ်တန်၊ ချောင်းကြို မြောင်းကြားကို သက်စွန့်ကြိုးပမ်းသွားရောက်ရတယ်။ ငွေနဲ့ မရောင်းရလို့ သူတို့ကြိုက်မယ့် အဝတ်အထည်တွေယူသွားပြီး လဲခဲ့ရတယ်" ဟု ပြောပြပါ

သည်။

"ဆရာကြီး အဲဒီကျီးမင်းဂမုန်းရဲ့ တန်ခိုးကိုတော့ ဆရာကြီး ပြော မပြနိုင်ဘူးလား။ ဘယ်လိုထူးခြားမှုရှိပါသလဲ။ လှတော့ အတော်လှ တယ်၊ လှတာသက်သက်နဲ့တော့ ဒါလောက် လူတွေလိုက်ဝယ်နေကြ မယ် မဟုတ်ဘူးထင်မိပါတယ်" ဟု ဆရာကြီးထံ စုံစမ်းမိပါသည်။

"ဟာ... လှလို့ ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော် အဲဒီကျီးမင်းဂမုန်း ပင်တွေကို စယူလာတုန်းအခေါက်က အပင်တွေ ငှက်ပျောဖက်နဲ့စည်း၊ အပေါ်က ထန်းရွက်နဲ့ကို စည်းလာတာ နေပူမိမှာစိုးလို့။ အပင်ကို အပေါ် မခံခဲ့ဘူး။ သင်္ဘောပေါ်ကလူတွေဟာ ထိုင်ပြီး ကျွန်တော့်ကို ရှိခိုးကြ တယ်။ အဲဒီအခေါက်တုန်းက အိမ်ကိုသာရောက်ရော တစ်လမ်းလုံးလူ တွေက သိပ်ထူးခြားပြီး ရိုသေကိုင်းညွတ်ကြတယ်" ဟု ပြောပါသည်။

ထိုမျှနှင့်ပင် ထိုဆရာကြီးထံမှ ကျီးဂမုန်းပင်ကိုယူ၍ ပြန်လာခဲ့ လျက် ပါလာသောအိုးပုံကလေးနှင့်ပင် အတော်ကြာအောင်ထားပြီးမှ အိုးအသစ်တစ်လုံးတွင် ပြောင်းရွှေ့ရပါသည်။ ယခုအခါ အတော်စည် ကားပွားများ၍ အတော်ဝေဝေဆာဆာ လှလှပပဖြစ်လျက် အတော် ကျက် သရေရှိနေပြီဖြစ်ပါသည်။

တစ်နေ့တွင် အလုပ်အကိုင် အကြံအစည် တိုးတက်အောင်မြင် လျက် အတော်ငွေရမှန်နေသော မိတ်ဆွေတစ်ယောက် ကျွန်တော်၏အိမ် သို့ လာရောက်သဖြင့် "ကျွန်တော့်မှာ တစ်ရွက်တည်းသာပါရှိတဲ့ ကျီး ဂမုန်းပင်ကို ၂၅ ပေး၍ဝယ်ခဲ့ရကြောင်း" ပြောမိပါသည်။

ထိုမိတ်ဆွေက "ကျွန်တော် တစ်အိုးကို ၁၀၀ ပေး၍ဝယ်ထား ကြောင်း၊ ဆရာ့အပင်ကို ရောင်းလျှင် ၇၅ ပေးမည်ဖြစ်ကြောင်း၊ အလွန် တန်ခိုးကြီးသောအပင်ဖြစ်ကြောင်း" တို့ကို အားပါးတရပြောပြပါသည်။

"ခင်ဗျားမှာ အဲဒီကျီးမင်းဂမုန်းပင်ဟာ ဘယ်လိုထူးခြားတယ်ဆို

တာ အပိုမပါဘဲ အရင်းအတိုင်း ပြောပြစမ်းပါ။ တစ်ဆိတ်ကို တစ်အိတ် ဖြစ်အောင်၊ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပုံကြီးချဲ့ပြီးတော့ မပြောပါနဲ့။ တိတိကျကျ မှန်မှန်ကန်ကန်ပြောပြပါ။ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်မို့ ခင်ဗျားပြောတာကို ကျွန်တော့်ကိုယ်တွေ့လို သဘောထားပါ့မယ်" ဟု စုံစမ်းမေးမြန်းမိပါသည်။

"မချဲ့ပါဘူး ဆရာ... ကျွန်တော် အမှန်အတိုင်းပြောပါမယ်။ ကျွန်တော်က ဂမုန်းပင်ကို ဝါသနာမပါဘူး။ ကျွန်တော့်မယားက ယုံကြည်တယ်။ တိတ်တိတ်ဝယ်စိုက်တယ်။ ကျွန်တော်ကသိတော့ ငါက အလုပ်ကို ကြိုးကြိုးစားစားလုပ်ရတယ်။ နင်က ငါ အလုပ်လုပ်လို့ရတာကို နင်ဂမုန်းပင်စိုက်လို့ ရတယ်အောက်မေ့နေတယ်။ နင်တို့မိန်းမတွေ သူများပြောရင် ယုံလွယ်တယ်လို့ ဆူပူကြိမ်းမောင်းမိခဲ့ပါတယ်။

"တစ်နေ့တော့ သူ ဂမုန်းပင်ယူလာတယ်။ အဲဒီနေ့မှာပဲ ကျောက်ထုပ်တစ်ခုကို အထုပ်လိုက်လာရောင်းလို့ ဝယ်လိုက်တယ်။ ကျွန်တော်က ပန်းထိမ်ထောင်ထားတယ်။ ကျောက်ထုပ်ရောင်းတဲ့လူပြန်သွားတော့ ကျောက်ဝယ်မယ့်သူရောက်လာတယ်။ အဲဒီအထုပ်ထဲက ကျောက်တစ်လုံးကို ကျောက်ထုပ်တစ်ခုလုံးဝယ်တဲ့ဈေးနဲ့ ရောင်းလိုက်ရတယ်။ ကျန်တဲ့ ကျောက်တွေအားလုံး အမြတ်ဖြစ်နေတယ်။ ကျွန်တော်၏ အိမ်မှာ အဲဒီအချိန်က ကျီးမင်းဂမုန်းအပင်ကလေးတစ်ပင်သာရှိသေးတယ်။ ဒီကနေ့နောက်ထပ်ငွေတစ်ရာရလျှင် တစ်ရာပေးရမယ်ပြောတဲ့ ကျီးမင်းအိုးကို သွားဝယ်မယ်လို့ မိဋ္ဌာန်လိုက်တယ်။ နောက်ထပ် ကျောက်တစ်လုံး တစ်ရာနဲ့ရောင်းရလို့ ကျွန်တော် ကျီးမင်းတစ်အိုးကို တစ်ရာနဲ့ ဝယ်လိုက်တာပဲ။

"အဲဒီကျီးမင်းဂမုန်းအိုး တစ်ရာနဲ့ဝယ်ပြီးတဲ့အချိန်မှာ ကျွန်တော်ငွေရပုံတွေကို ဆရာ့ပြောရလျှင် ကုန်နိုင်မယ်မထင်တော့ဘူး။ အလုပ်

သမားတွေက စိန်ကလေးတွေ အထုပ်လိုက် ကောက်ရလာတယ်။ ကျွန်တော့်မယားထံ ၁ဦ နဲ့ လာရောင်းလို့ ၁ဦ နဲ့ဝယ်လိုက်တယ်။ ရောင်းစားတော့ ၁၂၀ဝိ ရတယ်။ အခါတိုင်း ရွှေထည်၊ စိန်ထည်တွေ ရောင်းဖို့ လုပ်ထားရင် ၁၀ ရက် တစ်လကြာမှ ဝယ်သူတွေ့တယ်။ အခုလုပ်ထားလို့ မပြီးခင် လာဝယ်ကြတယ်။ ငွေကို ကြိုတင်ပေးထားတာပဲ။ မိတ်ဆွေတစ်ယောက်က ရင်းဖို့ နှီးဖို့လုပ်ချင်တာလုပ်ပါဆိုပြီး ငွေ ၅၀ဝဝိ လာအပ်သွားတယ်။ အရင်းငွေအတွက်ကလည်း မပူရတော့ ပြိုင်ဝယ်ရင် ကျွန်တော်ရတယ်။ ပြိုင်ရောင်းရင် ကျွန်တော် ရောင်းရတယ်။ ဒါထက် အကျိုးပေးတာ ထင်ရှားတာ၊ ထူးခြားတာ ဘယ်မှာရှိသလဲ။ ဟောဒီမှာကြည့်ပါ။ ကျီးမင်းဂမုန်းရွက်ကလေးကိုဖြတ်ပြီး အိတ်ထဲမှာ ဆောင်ထားတယ်။ သူပါလျှင် ပြောလို့ဆိုလို့ ရောင်းလို့ဝယ်လို့ ကောင်းတယ်" ဟု ကျီးမင်းရွက်တစ်ရွက်ကို ထုတ်ပြပါသည်။

ကျွန်တော်၏စိတ်ထဲတွင် "ထိုမိတ်ဆွေတော့ အမှန်အကျိုးပေးနေတာပဲ။ အဲဒီကျီးမင်းဂမုန်းကြောင့်ပဲလား၊ တခြားဂမုန်းတွေကြောင့်ပဲလား" ဟု စဉ်းစားမိပါသည်။

စိတ်ထဲမှာ မကျေမနပ်နှင့်ပင် နောက်တစ်နေ့ ကျီးဂမုန်းများစွာရှိသော အိမ်တစ်အိမ်သို့ မယောင်မလည် ရောက်ရှိသွားပါသည်။

"ကျီးမင်းဂမုန်းဝယ်ရအောင် လာတာလား၊ ရောင်းမစားပါဘူး။ ကျွန်တော်၏အိမ်မှာ တခြားဂမုန်းပင်လည်း မရှိပါဘူး။ အလကားလည်း မပေးပါဘူး" ဟုပြောပါသည်။

"ကျွန်တော် တောင်းဖို့ ဝယ်ဖို့လာတာမဟုတ်ပါဘူး။ ဘယ်လိုထူးခြားသလဲ သိချင်လို့လာတာပါ" ဟု မှန်ရာကိုပြောလိုက်ပါသည်။

"တခြားလူတွေတော့ မသိဘူး။ ကျွန်တော်တော့ အဲဒီဂမုန်းပင်စိုက်ပြီးတဲ့ ၃ နှစ်အတွင်းမှာ အိမ်အပိုင်သုံးလုံးဖြစ်လာတယ်။ အိမ်သုံးလုံး

က အိမ်လခနဲ့ပဲ လုလုစားသွားနိုင်ပါပြီ။ ကျုပ် အရင်က ဆေးဆရာလုပ်၊ ဆေးရောင်းတယ်။ အခု မလုပ်တော့ဘူး” ဟုပြောပါသည်။

ကျွန်တော်၏စိတ်ထဲတွင် ဆရာဝန်တွေ ခေတ်စားနေသော ရန်ကုန်မြို့ကြီးမှာ မြန်မာဆေးဆရာတစ်ယောက် အိမ်သုံးလုံး တိုက်ခံအိမ် တစ်လုံးပါ ပိုင်ဆိုင်နေသည်ကို အံ့ဩမိပါသည်။

ထိုဆရာကြီး၏အိမ်က ပြန်ပြီးလာသည့်အချိန်မှစ၍ ကျီးမင်း ဂမုန်းပင်သည် တန်ခိုးကြီးသော ဂမုန်းပင်ဖြစ်ကြောင်း ကောင်းစွာယုံ ကြည်လာပါပြီ။ ယုံကြည်ရခြင်း၏အကြောင်းမှာ နောက်ဆုံးစုံစမ်းသော အိမ်၌ တခြားမည်မည်ရရ နာမည်ကြီးဂမုန်းမရှိဘဲ ကျီးမင်းဂမုန်းတစ်ခု တည်းကိုသာ ရိုရိုသေသေ ယုံယုံကြည်ကြည် စိုက်ပျိုးပြုစုထားလျက် ကြီးပွားပြီး ရပ်ကွက်ကောင်းကောင်းမှာ အိမ်ကောင်းကောင်း သုံးလုံး ပိုင်ဆိုင်နေသည်ကို တွေ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်၏စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေခြင်းတစ်ခုမှာ ကျွန် တော် ငယ်စဉ်က သံဒိဋ္ဌလက်ရိုးတွက်ပြီး ဗေဒင်သင်ကြားဆည်းပူးနေ သော ဆရာတော်ကြီးကျောင်းသို့ ရှင်သီဝလိပုံတော်ကားချပ် ရောင်းချ သူတစ်ယောက် လာရောက်ပြီး ဥပုသ်သည်များကို ကားချပ်ရောင်းချရင်း ‘ရှင်သီလဝိပုံတော်ကို ကိုးကွယ်ကြပါ၊ ရှင်သီဝလိပုံတော်ကို ကိုးကွယ် သူများ လာဘ်လာဘပေါများ၍ လူချစ်လူခင်ပေါများပြီး အလုပ်အကိုင် အကြံအစည်များ ထမြောက်အောင်မြင်ပါလိမ့်မည်” ဟု အာဘောင် အာရင်းနှင့် ပြောဟောလျက်ရှိပါသည်။

ကျွန်တော်တို့ဆရာတော်ဘုရားကြီးက သူ၏ရှေ့တွင် လူတတ် ကြီးလုပ်ပြီး ကျယ်လောင်ကျယ်လောင်ပြောဆိုနေသည်ကို နားကြားပြင်း ကပ်ဟန်ရှိလျက် “ဒီမယ် ဒကာကြီး၊ ရှင်သီဝလိကားချပ်ကို ဝယ်သူတွေ ဒကာကြီးပြောသလို ချစ်သူခင်သူများ၊ လာဘ်လာဘများမှာ အမှန်ဖြစ်

လျှင် အခုလို ကားချပ်တစ်ခု ဝယ်ယူကိုးကွယ်ပူဇော်သူထက် ဒကာကြီးတို့လို အထမ်းနဲ့ ကားချပ်တွေလည်ပြီး ရောင်းနေတဲ့လူအဖို့မှာ ချစ်ခင်သူတွေ၊ လာဘ်လာဘတွေ များလွန်းလို့ ထားစရာတောင် နေရာရှိမှာမဟုတ်တော့ဘူးပေါ့ ဒကာကြီး" ဟု ဝင်ရောက်အမိန့်ရှိလိုက်ရာ ရှင်သီဝလိကားချပ်ရောင်းချသူ ငြိမ်ကျသွားသည်ကို သတိရလျက် အခုလည်းကျီးမင်းဂမုန်းကို စတင်ရောင်းချခဲ့သူ ဆရာကြီးမှာ ကြီးကြီးကျယ်ကျယ်အကျိုးမပေး၊ ရရစားစား ဝါးဝါးမျိုမျိုဖြစ်နေပုံကို မစဉ်းစားတတ်အောင်ဖြစ်၍ "သူ့အိမ်မှာ အမြပင်လေးအိုးငါးအိုးရှိနေတာ သူ့မှာ ပို၍အကျိုးပေးသင့်သည်မဟုတ်လား" ဟု မရှင်းဘဲဖြစ်၍နေမိပါသည်။

တစ်နေ့တွင် ကျွန်တော် ချစ်ခင်မြတ်နိုးအားကိုး ယုံကြည်ဆုံးသောငယ်ဆရာဖြစ်သည့် မန္တလေးတောင်မှ ဆရာအောင် ကြွရောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုကာ

"ဝမ်းသာလိုက်တာ ပြောမပြနိုင်ဘူးဆရာ။ ကျွန်တော့်စိတ်ထဲမှာ ဆရာသာ ဒီတစ်ခါရောက်ရှိလာလျှင် ဟောဒီဂမုန်းပင်ကိုပြပြီး ဘယ်လိုအကျိုးပေးနိုင်သလဲ၊ ဘယ်လိုတန်ခိုးရှိသလဲ မေးမယ်လို့ အောက်မေ့ထားတယ်။ ကျွန်တော့်မှာ တစ်ရွက်တည်းပါတဲ့အပင်ကို ၂၅ နဲ့ဝယ်ထားရတယ်။ ကျွန်တော်တို့ ကျီးမင်းဂမုန်းလို့ ခေါ်နေကြတာပဲ ဆရာ" ဟု ခရီးရောက်မဆိုက် အသိချင်ဆုံးကို ပြောမေး မေးမိပါသည်။

ဆရာသည် သူ၏ဝါသနာအတိုင်း ပြုံးရုံမျှပြုံးလျက် အလွန်တည်ငြိမ်အေးမြသော မျက်နှာအလွန်ချိုသာသော အသံဖြင့် "တပည့်နဲ့ ဆရာဟာ တစ်ခါတုန်းက ချင်းတွင်းမြစ်ညာတင်–သင်တော အုပ်မ၊ မောက်ကတော်၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ခန္တီး စသည်တို့ကို လှည့်ပတ်သွားလာ ဆေးမြစ်ရှာစဉ်က မင်းကင်းနယ် ချောင်းစပ်တစ်ခုမှာ တွေ့ရတဲ့ ဂမုန်းပင်ပေါ့။ တပည့်ကငယ်လို့ မမှတ်မိတာပဲ။ တခြားဂမုန်းပင်

တွေဟာ ပုပ္ပားတောင်၊ ဖိုးဝန်းတောင်၊ အလောင်းတော်ကဿပ စတဲ့ တောင်ပေါ် တောင်အဆင်း တောင်ခြေရင်းတွေမှာ ပေါက်လေ့ရှိသော်လည်း အဲဒီဂမုန်းပင်က ချောင်းစပ်ကမ်းစပ်မှာမှ ပေါက်လေ့ရှိတယ်။ ဆရာတွေအများကြီးလိုက်ပြီး ရှာနေကြတာပေါ့။

"အဲဒီဂမုန်းကို ရှေးဆရာကြီးများက အလိုရှိရာပြီးနိုင်တယ်ဆိုပြီး 'ကလ္ပဿသယဂမုန်း' လို့ခေါ်တယ်။ ဆရာသိန်–ဆရာငယ်ကလေးများပင် အဲဒီဂမုန်းပင်ကိုစိုက်ထားရင် ဆရာကြီး သမားကြီးဖြစ်လာတယ်။ ဆရာသမားမဟုတ်သူများ ယုံယုံကြည်ကြည် ရိုရိုသေသေ မြတ်မြတ်နိုးနိုးနဲ့ စိုက်ပျိုးပြုစုထားလျှင် မိမိတို့လုပ်ငန်းနဲ့ စပ်ဆိုင်ရာများမှာ တိုးပွားအောင်မြင်လျက် လုပ်ငန်းအလိုက် တိုးတက်တတ်တယ်" ဟု ပြောပြပါသည်။

"ဒီဂမုန်းပင်ဟာ တန်ခိုးကြီးတယ်လို့တော့ ဆရာနဲ့ မတွေ့ခင်ကပင် ကျွန်တော် ယုံကြည်ပြီးဖြစ်ပါတယ်။ ကျွန်တော် စိတ်ထဲရှုပ်နေတာက အဲဒီဂမုန်းပင်ကို စတင်ရောင်းချတဲ့ ဆရာ မချမ်းသာမကြီးပွားတာကို" ဟု လိုရင်းကို ထပ်မံမေးမြန်းမိပါသည်။

ဆရာသည် ယခင်ကထက် ပြုံးရယ်လျက် "တပည့်တို့ဟာ လူအများနဲ့ ဆက်ဆံပေါင်းသင်းဖူးနေတာပဲ။ တစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆက်ဆံတဲ့အခါမှာ ကျေးရှိသေ၊ ဘုတ်ရှိသေ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့စကားများလို ဆက်ဆံကြမှ တစ်ဦးအပေါ်မှာ တစ်ဦးက ယုံကြည်မှုရှိမှ အထင်ကြီးမှသာ ပြန်လည်ကျေးဇူးပြုမှာပဲ။ တစ်ဦးကို အထင်သေး၊ အမြင်သေးဖြစ်၍ ယုံကြည်မှုမရှိလျှင် အထင်သေးခံရသူက ပြန်ပြီး ကျေးဇူးပြုဦးမှာတဲ့လား။ လိုရင်းကိုပြောရလျှင် ဂမုန်းပင်ကို အထင်အမြင်သေးလို့ ဂမုန်းပင်ကပေးမယ့် အကျိုးကျေးဇူးကို မစောင့်ဘဲ ရောင်းချစားသူအဖို့ ဘယ်မှာချမ်းသာကြီးပွားမှာလဲ။ ဂမုန်းပင်ကို ရောင်းစားနေသူ မချမ်းသာ မကြီးပွားတာနဲ့တော့ ဂမုန်းပင် တန်ခိုးမရှိဘူးလို့မထင်နဲ့ တပည့်"

ဟု အေးဆေးစွာပြောပြသည်ကို နားထောင်နေမိပြီး

"ဆရာ... အခုတော့ ဂမုန်းပင်ဟာ ကုန်ပစ္စည်းတစ်ခုလို ဖြစ်နေပြီ။ ဘယ်သူမှ အလကားမပေးကြတော့ဘူး။ ရောင်းဝယ်နေကြပါပြီ။ ဂမုန်းပင်ကို အလကားတောင်းတဲ့လူဟာ စော်ကားတဲ့လူလိုဖြစ်နေပါပြီ။ အမှန်အတိုင်းဝန်ခံရလျှင် ကျိုးဂမုန်းပင်ကို ၂၅ ပေးဝယ်ရတာ့ အဲဒီ ၂၅ အစားပြန်ရအောင်လို့ ကျွန်တော်၏အိမ်မှာရှိတဲ့ ပြည်လုံးချမ်းသာ အပင်ကလေးတစ်ပင်ကို ၂၅ နဲ့ရောင်းချပြီး အပင်ချင်းလဲယူတဲ့အထိမ်းအမှတ် အာပတ်လွတ်လုပ်ထားမိတယ်ဆရာ။ ဒီလိုမှမလုပ်လည်း ကိုယ်လိုချင်တဲ့ အပင်ရမှာမဟုတ်တော့ဘူး။ အိမ်ကငွေနဲ့လည်း မဝယ်နိုင်ဘူးဆရာ။ မလုပ်သင့် မလုပ်ထိုက်ဘူးဆိုရင်လည်း နောက်နောင် မလုပ်ပါဘူးဆရာ" ဟု ဝန်ခံပြောဆိုမိပါသည်။

"ဂမုန်းပင် ရောင်းစားပုံချင်းတူပေမယ့် စေတနာချင်းမတူသေးဘူးတပည့်။ စီးပွားဖြစ် လိုက်လံဝယ်ယူ ကူးသန်းရောင်းချနေတာနဲ့ အိမ်မှာ ပွားများနေလို့ တခြားသူတွေ အကျိုးခံစားရပါစေဆိုတဲ့ စေတနာနဲ့ လှူရန် တန်းရန် ငွေအနည်းငယ်ယူပြီးပေးတဲ့ လူဟာ စေတနာချင်းက လွန်စွာကွာခြားတယ်။ စေတနာဟံဘိကမ္မံဝေ ကမ္မံဝဒါမိလို့ တို့ဘုရားဟောခဲ့သားပဲ။ မတရားလောဘကြီးတဲ့ လူတွေ ငွေရဖို့လောက်သာ သဘောထားတဲ့လူတွေမှာသာ နစ်နာပျက်စီးတတ်တယ်" ဟု ပြောပါသည်။

ကျွန်တော်၏ကျိုးဂမုန်းပင်မှာ ပွား၍လာပြီဖြစ်သဖြင့် တချို့က "ရောင်းပါ မျှပါ။ အိုးပို့ပေးပါမည်။ ငွေပေးထားပါမည်" ပြောကြသော်လည်း ဆရာအောင်ပြောသွားသည့်စကားများကြောင့် "မရောင်းချတော့ပါ" ဟု ဆုံးဖြတ်၍ထားလိုက်ပါသည်။

ဆရာအောင်ပြောသည့် လုပ်ငန်းအလိုက် အကျိုးပေးတတ်သည်

ဆိုသောစကားအတိုင်း ကျွန်တော် တွေ့သမျှမှာ လုပ်ငန်းအလိုက် အောင်မြင်တိုးတက်၍နေကြပါသည်။ ကျွန်တော်ကိုယ်တိုင် ကျွန်တော်၏လုပ်ငန်းအလိုက် အောင်မြင်တိုးတက်လျက်ရှိနေပါသည်။

ဆရာအောင်ပြောပြသော ဣစ္ဆာသယနှင့် ကျွန်တော်တို့ ခေါ်ဆိုနေကြသော ကျီးမင်းကိုပေါင်းစပ်ပြီးလျှင် ဣစ္ဆာသယ ကျီးမင်းဂမုန်းဟူ၍ ရေးသားတင်ပြလိုက်ရခြင်းပင်ဖြစ်ပါတော့သတည်း။ ဤသည်တို့ကား စိုက်သင့်သောဂမုန်းပင်များအကြောင်းပင် ဖြစ်ပါသည်။

●

## (၂၀) ပေဒါဂမုန်း

ကျွန်တော်သည် ယခင်က မဂ္ဂဇင်းများတွင် သစ်ပင်က သတ္တဝါတွေကို ဖမ်းယူစားသောက်တတ်သည်ဆိုသော 'သားစားသစ်ပင်များ' အကြောင်းကို ဖတ်ရှုဖူးပါသည်။

လွန်ခဲ့သောနှစ်အတော်ကြာက ကျွန်တော်၏ဂမုန်းမိတ်ဆွေအိမ်တွင် အရွက်ထိပ်ဖျားမှာ ဘူးကလေးနှင့် အလွန်လှပသော ဂမုန်းပင်တစ်ပင်ကို တွေ့ရှိရပါသည်။

"ဒီအပင်က အရွက်ဖျားမှာ ဘူးကလေးတွေပါရှိလို့ ဘူးဂမုန်းလို့ ခေါ်တာပဲဆရာ။ ထူးတော့ အတော်ထူးတယ်။ အဲဒီဘူးကလေးတွေထဲ ပိုးကောင်ကလေးတွေ ဝင်သွားလျှင် ဘူးကလေးပိတ်သွားပြီး ပြန်မထွက်နိုင်တော့ဘူး။ အဲဒီဘူးကလေးကို ခွဲကြည့်လျှင် ပိုးကောင်သေကလေးတွေ ဘူးတစ်ဝက်လောက်ရှိနေတတ်တယ်" ဟု ပြောပါသည်။

ကျွန်တော်က "ကာလီဒါသဝတ္ထုထဲက ကြာပန်းအတွင်း ပိတုန်းဝင်နေပြီး ကြာပန်းပိတ်သွားလို့ ပိတုန်းမထွက်နိုင်တာနဲ့ဘဲ မိုးမရွာ လေမတိုက်ဘဲ ကြာပန်းလှုပ်နေတာမျိုးဖြစ်မှာပေါ့။ အထဲကို တစ်ခုခုဝင်စား



ပေဒါဂမုန်း

နေရင် မထွက်နိုင်လို့နဲ့ တူပါတယ်” ဟု ပြောမိပါသည်။

“ဟာ... ဘယ်ဟုတ်မလဲ ဆရာ။ ဟိုမှာက နေပူလို့ ကြာပန်းပိတ်သွားတာ မတော်တဆပဲ။ အခု ဘူးဂမုန်းပင်က ပထမ ခပ်စေ့စေ့နေတယ်။ ပိုးကောင်ကလေးတွေ အနားကိုရောက်လာမှ အပေါက်ကလေးကားကျယ်လာပြီး ပိုးကောင်ဝင်သွားတော့မှ သေသေချာချာကြီး မထွက်နိုင်အောင် ပိတ်သွားတာ တမင်ဖမ်းစားနေတာ ဆရာ” ဟုပြောပါသည်။

“ဒါဖြင့် အတော်ထူးဆန်းတာပဲ။ ပွားလျှင် ကျွန်တော့်ကိုပေးပါဗျာ။ ကျွန်တော် သုတေသနလုပ်ကြည့်ချင်လို့ပါ။ ကျွန်တော်ဖြင့် တစ်ခါ

မှ မတွေ့ဖူးပါဘူး" ဟု ပြောဍ်ပြန်ခဲ့ပါသည်။

နောက်အတော်ကြာ၍ ထိုဂမုန်းမိတ်ဆွေ၏အိမ်သို့ တစ်ခေါက် ရောက်ရှိသောအခါ တခြားကို ရောက်သွားပြီဖြစ်ကြောင်း ပြောပါသည်။

"ခင်ဗျား ကျွန်တော့်ကို ပွားရင်ပေးပါ။ ကျွန်တော်စိုက်ပြီး သုတေသန လုပ်ချင်လို့ပါ ပြောထားသားပဲဗျာ။ ကျွန်တော့်ကို ပေးရောပေါ့" ဟု အပြစ်တင်မိပါသည်။

"ဆရာ သုတေသနမလုပ်ရတာ ကံကောင်းတာပေါ့။ ကျွန်တော့် အိမ်မှာ အဲဒီဘူးဂမုန်းပင် ကြာကြာနေမသွားပါဘူး။ သူ ရှိနေချိန်မှာ ကျွန်တော်တို့ အလုပ်အကိုင်ပျက် အကြံအစည်ပျက် အတော်ဒုက္ခခံလိုက် ကြရတယ်" ဟု ပြောပါသည်။

"ကျွန်တော်ကလည်း သူ ဘယ်လိုဒုက္ခပေးတတ်တယ်ဆိုတာ လက်တွေ့စမ်းသပ်ချင်လို့ စိုက်ပျိုးချင်တာပဲဗျ" ဟု ပြောမိပါသည်။

"ကျွန်တော်က ပေးလိုက်တဲ့အိမ်မှာလည်း ရန်ဖြစ်ကြ၊ အမှုအခင်း ဖြစ်ကြနဲ့။ ဒုက္ခတွေ ပင်လယ်ဝေသွားတာပဲ။ အခုတော့ အဲဒီဘူးဂမုန်းပင် ကို ဖျက်ဆီးဖျောက်ဖျက်ပစ်လိုက်ကြပြီတဲ့။ အဲဒီအပင်မရှိတော့လည်း အေးချမ်းသွားကြတာပဲ။ ကျွန်တော်လည်း အဲဒီအပင်မရှိတော့မှ ဟန်ကျ လာတယ် ဆရာ။ ဒီအပင်ကို စမ်းမကြည့်ချင်ပါနဲ့။ နန်းထိုင်ဘီလူးထက် ဆိုးတယ်" ဟု ပြောပါသည်။

"ခင်ဗျားရခဲ့တဲ့ဆီကို ပြောစမ်းပါဗျာ။ အဲဒီကို ကျွန်တော် သွားပြီး စုံစမ်းမေးမြန်းပါဦးမယ်" ဟုပြောသဖြင့် ၎င်းအပင်ကို ရရှိခဲ့သော ဆရာ ကြီး၏နေအိမ်သို့ ညွှန်ကြားပြောပြလိုက်ပါသည်။

ထိုဆရာကြီးနှင့်တွေ့ကြုံသောအခါ "ဘူးဂမုန်းပင် မရှိတော့ဘူး လား။ ကျွန်တော်စိုက်ပျိုးပြီး ဘယ်လိုတန်ခိုးရှိတယ်၊ ဘယ်လိုအကျိုးပေး တတ်တယ်ဆိုတာကို လက်တွေ့သုတေသနပြုချင်လို့ ကျွန်တော့်ကို

တစ်ပင်ပေးပါ။ ရောင်းလျှင်လည်း ဝယ်ပါမယ်” ဟု ပြောဆိုမိပါသည်။

“မဝယ်လည်း မဝယ်ချင်၊ မစိုက်လည်း မစိုက်ချင်ပါနဲ့ဗျာ။ ကျုပ်မှာ အဲဒီဘူးဂမုန်းပင် နှိပ်စက်သွားတာပေါ့။ အဲဒီအပင်ရှိနေတုန်းမှာ ကျုပ်သား ဓားထိုးမှုဖြစ်လို့ အထိုးခံရသူကို သေတမ်းစစ်ချက်တောင် ယူထားရတယ်။ ကျုပ်လည်း ရှိသမျှပစ္စည်းတွေကုန်သွားတာပဲ။ ဘူးဂမုန်းမဟုတ်ပါဘူးဗျာ။ ဘီလူးဂမုန်းအစစ်ပါပဲ။ ဘယ့်နှယ် ဒီဘူးကလေးတွေက ပိုးကောင်တွေ ဖမ်းယူစားသောက်နေတာပဲ။ ကျုပ်မိတ်ဆွေတစ်ယောက်အိမ်မှာတော့ အဲဒီဘူးတွေကို ဖြတ်ဖြတ်ပစ်တယ်။ သူ့အိမ်မှာတော့ အခုထိ ကြီးကြီးကျယ်ကျယ် မထိခိုက်သေးဘူး။ ကံကောင်းတုန်းမို့ မထိခိုက်သေးတာဖြစ်ချင်လည်းဖြစ်မှာပဲ။ ဘူးကလေးတွေက ထိခိုက်နေတာမို့ ဘူးမရှိလို့ မထိခိုက်တာဖြစ်ချင်လည်းဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် မစိုက်တာကောင်းပါတယ်” ဟုပြောပြလိုက်ပါသည်။

ကျွန်တော်၏စိတ်ထဲတွင် ကိုယ်တွေ့စိုက်ပြီး စမ်းကြည့်မည် ခဲထားသည့်ကြားမှ ဆရာကြီးက ဒီဂမုန်းပင်ရှိတုန်း သူ့သား ဓားထိုးမှုဖြစ်တယ်ပြောလိုက်တော့ တွန့်သွားမိလျက် ဒီဂမုန်းပင် ရှာမရတာ ငါ့ကံမညံ့သေးလို့ပဲလားဟု အောက်မေ့မိပါသည်။

ရာထူးဂုဏ်သိန်ကြီးမားလှသော ပုဂ္ဂိုလ်ကြီးတစ်ယောက်၏အိမ်မှာ ၎င်းဘူးဂမုန်းပင်မှာ ဘူးကလေးတွေ အမှတ်မထင်တွေ့မြင်ရသဖြင့် “ဟာ ဒီအပင်တွေကို ဘယ်ကရပြီး ဘယ်သဘောနဲ့ စိုက်ထားတာပါလိမ့်” ဟု စဉ်းစားအံ့သြမိပါသည်။

“ဒီအိမ်မှာ ဒီဂမုန်းပင်မျိုး ယခင်က မရှိပါဘူး။ ယခုမှရောက်နေတယ်။ သတိပေးရရင်ကောင်းမလား။ ယုံရင်တော်ရဲ့။ သတိပေးတာကို မယုံရင် လူလည်လုပ်တယ်ဆိုပြီး အမုန်းခံရမှာလား” ဟု ချိန်ဆ၍နေမိပါသည်။ သတိပေးချိန်မရ ချိန်ဆစဉ်းစား၍နေချိန်မှာပင် ထိုပုဂ္ဂိုလ်ကြီး

ဘေးဒုက္ခတွေ့ကြုံသွားပါတော့သည်။

ယခင်က အရွက်ဖျားတွင် ဘူးကလေးများပါရှိသဖြင့် ဘူးဂမုန်းဟု ခေါ်တွင် သုံးနှုန်းခဲ့ကြသော်လည်း ယခုရောင်းချနေသူများက "မဗေဒါ သူရေခပ်လို့ သောင်စပ်မှာနေခို၊ ရွှေဘူးညှိုရေမဝင်လို့" ဆိုတဲ့သီချင်း အတိုင်း ဘူးမှ ဗေဒါသို့ပြောင်း၍ ဘူးဂမုန်းကို ဗေဒါဂမုန်းဟု ပြောဆို ရောင်းချ၍နေကြပါသည်။

ယခုရေးသားဖော်ပြခဲ့သူများမှာ ၎င်းဗေဒါဂမုန်းစိုက်ချိန် ဒုက္ခ ရောက်ကြသည်မှာတော့ အမှန်အတိုင်းပင်ဖြစ်ပါသည်။ ဘူးဂမုန်းကြောင့် ဒုက္ခရောက်ခြင်းမဟုတ်၊ တိုက်ဆိုင်မှုကြောင့်ဖြစ်သည်ပင်ထားဦး။ သတ္တဝါကလေးတွေ ဖမ်းစားနေသည့် အကုသိုလ်ပင်ဖြစ်နေသဖြင့် မစိုက် သင့်သော ဂမုန်းပင်များတွင် ထည့်သွင်းဖော်ပြရခြင်းပင်ဖြစ်ပါတော့ သည်။

●

## (၂၁) ဆင်စွယ်ဂမုန်း

ငှင်းဂမုန်းပင်ကို ကျွန်တော်၏ မိတ်ဆွေတစ်ယောက်အိမ်မှာ တွေ့မြင်ရလျက် "တောင်းမယ် တောင်းမယ်" နှင့် မတောင်းဖြစ်ဘဲ နေပါသည်။ ငှင်းမိတ်ဆွေများ ရပ်ကွက်ဖျက်သည့်အထဲတွင်ပါရှိသွားသဖြင့် မတောင်းလိုက်ရဘဲရှိပါသည်။

ရန်ကင်းမှ ဂမုန်းမိတ်ဆွေတစ်ယောက်ကို ကျွန်တော် စိုက်ချင်သည်ဟုပြောသဖြင့် "ကျုပ်မှာတော့ မရှိဘူး။ ကျုပ်မိတ်ဆွေတစ်ဦးအိမ်မှာ အချောင်းငါးဆယ်လောက်ရှိတယ်။ တောင်းပေးမယ်" ဟုပြောပါသည်။

တစ်နေ့တွင် ထိုမိတ်ဆွေတွင်ပါရှိလာသဖြင့် ငှင်းဒန့်သလွန်သီးတောင့်လို ဂမုန်းပင်ကို သေချာစွာ အိုးတစ်လုံးနှင့် စိုက်ပျိုးထားလိုက်ပါသည်။ ကျွန်တော်၏အိမ်မှာ အတော်ကြာသည်အထိ အပင်မပေါက်ဘဲ ခပ်ခွေခွေပင်နေပါသည်။ ရင်းနှီးသူဂမုန်းမိတ်ဆွေများက "မစိုက်ပျိုးပါနဲ့၊ အရွက်မပါတဲ့ ဂမုန်းပင်၊ အင်္ဂါမစုံ နိမိတ်မကောင်းပါဘူး ဆရာ၊ နုတ်၍ပစ်လိုက်ပါ" ဟု အတန်တန်ပြောကြပါသည်။

ကျွန်တော်က "အရွက်မပါပေမယ်လို့ ကျွန်တော့်မိတ်ဆွေအိမ်မှာ အပွင့်တော့ ပွင့်တာတွေ့ရတယ်ဗျ။ လှက လှပါဘိနဲ့။ ကျွန်တော် မနုတ်သေးဘူး။ စုံစမ်းရဦးမယ်ဗျာ" ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။

တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ကြာသော်လည်း ကျွန်တော်၏အိမ်တွင် မပွားသေး။ ထိခိုက်မှုကြီးကျယ်စွာ မတွေ့ရသေးပါ။ တစ်ပင်တည်းစိုက်ထားသည့်အတိုင်းပင် ရှိနေပါသည်။

တချို့လူများကလည်း ၎င်းဆင်စွယ်ဂမုန်းပင်သည် အကွယ်အကာရကြောင်း၊ ပစ္စည်းဥစ္စာကို စောင့်ရှောက်ပေးကြောင်း၊ စိုက်သင့်ကြောင်း ပြောကြပါသည်။ တချို့ကလည်း "ဒီဂမုန်းပင်က နည်းနည်းကြမ်းတမ်းကြောင်း၊ တစ်ခါတစ်ခါတွင် တဒုန်းဒုန်းကြားရကြောင်း" ပြောကြပါသည်။

ကျွန်တော်၏အိမ်တွင် သုံးနှစ်အထိ အပင်လည်းမပွား၊ လှုပ်လှုပ်ရှားရှားလည်းမရှိ၊ ဘေးဥပဒ်တစ်စုံတစ်ရာလည်း မတွေ့ရ။ ဘာမှကောင်းကျိုး ဆိုးကျိုး အကဲမခတ်နိုင်အောင်ဖြစ်၍ မစိုက်ပျိုးသင့်၊ စိုက်ပျိုးသင့် မစဉ်းစားတတ်အောင် ဖြစ်၍နေမိပါသည်။

"ငါ့အိမ်ကအပင်တော့ အကဲခတ်လို့မရတော့ဘူး။ တခြားအိမ်တွေကိုလိုက်ပြီး သုတေသနပြုလုပ်ဦးမယ်" ဟု စဉ်းစားမိပါသည်။

ကျွန်တော်၏မိတ်ဆွေက ကျွန်တော်၏အတွက် တစ်ပင်တောင်းပေးသော အချောင်း ၅၀ ကျော်ရှိသည့်အိမ်သို့ ပထမစုံစမ်းရာ ရန်အလွန်များလျက် တစ်ရပ်ကွက်လုံးနှင့်မတည့်ဘဲနေသူဖြစ်ကြောင်း သိရှိရပါသည်။

နောက် တခြားအိမ်တစ်အိမ်မှာ ဆင်စွယ်ဂမုန်းပင်တွေ တော်တော်များများပွားနေတာ တွေ့မြင်ရသဖြင့် ၎င်း၏အိမ်အနီးမှာရှိသော ကျွန်တော်၏မိတ်ဆွေအိမ်သို့ ဝင်၍စုံစမ်းရာ "ဒီလူနဲ့ အမူအခင်းနဲ့ ပြတ်လှ



ဆင်စွယ်ဂမုန်း

တယ်မရှိပါဘူး။ တစ်မှုမဟုတ် တစ်မှုဖြစ်နေတာပဲ" ဟု ပြောပြလိုက်ပါသည်။

နောက် ကျွန်တော်၏ဂမုန်းမိတ်ဆွေတစ်ယောက် လာရောက်လျက် "ကျုပ်တို့ရပ်ကွက်မှာ အတော်ထင်ရှားတဲ့ လူတစ်ယောက်ဟာ အဲဒီဆင်စွယ်ဂမုန်းပင်တွေကို စိုက်ထားပြီး အခု အပင်တွေ သန်စွမ်းပွားများလည်းလာရော အမှုအကြီးအကျယ်တွေ့တယ်။ သူ ကိုးကွယ်တဲ့

ဆရာတော်တစ်ပါးက ဒီကောင်တော့ ဒီဆင်စွယ်ဂမုန်းပင်တွေစိုက်လို့ ဆင်ထိုးတာပဲ။ အနွယ်တွေနဲ့ ကွမ်းရွက်လို ဆင်ဂမုန်းကနင်းတယ်။ ဆင်စွယ်က ထိုးတယ်" ဟု ဆိုကြောင်း ပြောပြပါသည်။

ဆင်စွယ်ဂမုန်း ရန်များတတ်ကြောင်းကို ကျွန်တော် ယုံကြည်မှု ရှိသွားပါပြီ။ မနတ်သေးဘဲ ပို၍သေချာအောင် ကျွန်တော် အလေးအမြတ်ပြုသည့် ဆရာကြီးသုံးပါးမှ တစ်ပါးပါးကို စောင့်မျှော်နေမိပါသည်။ သုံးရက်ခန့်ကြာသောအခါ ရန်ကုန်မြို့၏အနီးအနားမှာရှိသော ဆရာကြီးတစ်ပါး ပေါ်ပေါက်၍လာပါသည်။

"ဆရာ ဒီဂမုန်းပင်ဟာ စိုက်ကောင်းရဲ့လား" ဟုမေးမြန်းရာ "အင်း... စိုက်ကြတာပါပဲ။ အပင်မစည်ကား မပွားများသေးခင် ဘာမှမဖြစ်ဘူး။ အပင်တွေ စည်ကားပွားများလာလျှင်တော့ ရန်အနှောင့်အယှက်များတတ်တယ်" ဟုပြောပြပါသည်။

"ကျွန်တော်လည်း တခြားအိမ်တွေမှာ စုံစမ်းတော့ ရန်များတာတွေ့ရှိလို့ ရန်များတတ်တယ်လို့ ယူဆထားပါတယ်။ ကျွန်တော့်အိမ်က အပင်ဟာ မစည်ကား မပွားများ၊ ရန်လည်းမတွေ့ရလို့ နုတ်ပစ်ရကောင်းလေမလား။ ဒီအတိုင်းထားရရင်ကောင်းမလားလို့ စဉ်းစားနေတုန်း ဆရာရောက်လာတာပဲ။ ဒီလိုဆိုတော့ ထားဖို့မလို၊ နုတ်ပစ်လိုက်ရန်သာ ရှိတာပေါ့ဆရာ" ဟု ပြောမိပါသည်။

"အေး... မင့်အိမ်မှာ သူ့ထက်တန်ခိုးကြီးတဲ့ ဂမုန်းပင်တွေရှိနေလို့ အထူးသဖြင့် ဂမုန်းစေတီပင်ကရှိနေလို့ မစည်ကား မပွားများဘဲ ရန်မရှိတာပါကွာ" ဟုပြောပြီး "ကိစ္စရှိသေးတယ်" ပြော၍ပြန်သွားပါသည်။

၄င်းဆရာကြီးသည် အသက်ကြီးပြီး အလွန်စိတ်မြန်လျက် တစ်ခါတစ်ခါရောက်ရှိလာတတ်ပြီး ခဏကလေး မြန်မြန်ပြော မြန်မြန်ပြန်သွား

တတ်သောအလေ့ရှိပါသည်။

ကျွန်တော်သည် ၎င်းဂမုန်းပင်ကို နုတ်ယူ၍ အမိုက်ကားပေါ် တင်လိုက်ပါသည်။ ယခင်ပထမ စာအုပ်ရေးစဉ်က မကောင်းကျောင်းပို့ ဆိုသော စကားအတိုင်း မကောင်းသည့် ဂမုန်းပင်တွေ ကျောင်းကိုပို့ ကြောင်း ရေးခဲ့ပါသည်။

မိတ်ဆွေတစ်ယောက်က ကျောင်းမှာ ဘုန်းတော်ကြီးတွေသာ နေ တာမဟုတ်၍ ကျောင်းကိုမပို့သင့်ကြောင်း၊ ပြန်ယူ၍ဖျက်ဆီးပစ်သင့် ကြောင်း စာဖြင့်ရေးသားမေတ္တာရပ်သဖြင့် ကျောင်းသို့ပို့ပြီး ကုမုဒ်ကြာ၊ ဖော်မတို့ကိုပါ ဘုန်းတော်ကြီးလျှောက်ပြီး ပြန်ယူလျက် အမှိုက်ကား ပေါ်သို့ တင်လိုက်ရပါသည်။

၎င်းဆင်စွယ်ဂမုန်းပင် နုတ်ပစ်ပြီးမှ မိတ်ဆွေတစ်ယောက်က ၎င်း ဆင်စွယ်ဂမုန်းပင်ကို ဒန့်သလွန်သီးလို အပိုင်းအပိုင်းဖြတ်ပြီး ဟင်းချက် ၍စားလျှင် ချောင်းဆိုးသွေးပါရောဂါ ပျောက်ကင်းကြောင်း ပြောပြပါ သည်။

ထိုမိတ်ဆွေကပင် နောက်တစ်ခါတွေ့သောအခါ အရင်တစ်ခါ ချောင်းဆိုးသွေးပါပျောက်ဖူးလို့ ချောင်းဆိုးသွေးပါရောဂါသည်များကို ချက်ကျွေးပြန်ရာ မပျောက်တော့ကြောင်း ပြောပြပါသည်။

မိတ်ဆွေတစ်ယောက်က ၎င်းဂမုန်းကို ထုချေအရည်ညှစ်ပြီး ထည့် လျှင် နားပြည်ယိုပျောက်ကင်းကြောင်း ပြောပါသည်။

ကျွန်တော်၏ သဘောအရ အသက်ရှင်လျက်နေသမျှ အေးအေး ချမ်းချမ်းနေထိုင်လိုသဖြင့် ရန်များတတ်သော ဂမုန်းဖြစ်သည်ဟု ယုံ ကြည်မှုရှိနေသောကြောင့် ၎င်းဆင်စွယ်ဂမုန်းကို မစိုက်သင့်သောဂမုန်း များတွင် ထည့်သွင်း၍ဖော်ပြရခြင်းဖြစ်ပါသည်။

ဇေဒါဂမုန်းကဲ့သို့ အပင်လှလျှင် "ရန်များတာလောက်နဲ့တော့ စိုက်

မှာပဲ" ဟုဆိုနိုင်သော်လည်း အပင်ကလည်း မလှ၊ ရန်လည်းများတတ်
သဖြင့် ၎င်းဆင်စွယ်ဂမုန်းကို စိုက်ရန်မသင့်ဟု ယူဆမိပါသည်။

●

## စာဖတ်သူများသို့

တန်ခိုးကြီးသောဂမုန်းပင်များ၏အကြောင်းကို ဒုတိယတွဲအဖြစ်ဖြင့် ဆက်လက်ရေးသား၍လာခဲ့သည်မှာ အတော်ရှည်လျား၍ လာခဲ့ပြန်ပါပြီ။ တန်ခိုးကြီးသောဂမုန်းပင်များကလည်း ရေးသားဖော်ပြ၍ပင် မကုန်နိုင်အောင်ရှိပါသည်။

ဖားဂမုန်းကျောပေါက်၊ ပါးစပ်ပေါက်၊ ဖင်ပေါက်၊ လိပ်ဂမုန်း၊ လိပ်မသွားဂမုန်း၊ လိပ်မွေ့ဂမုန်း၊ ဂမုန်းကိန္နရာအဖို အမ၊ ဓလာရကျေးမင်းဂမုန်း၊ ဂမုန်းကျော်ကြီး၊ ဂမုန်းကိုယ်တိုးကြီး၊ ဂမုန်းစပါးတိုး၊ ဂမုန်းကညာ၊ ဂမုန်းကုမာရီ၊ ဂမုန်းဒေဝီ၊ ဂမုန်းတိမ်ပြာ၊ ဂမုန်းတိမ်နီ၊ ဂမုန်းပြည်ကျော်၊ ဂမုန်းထိပ်ဆောင်း၊ ဂမုန်းရန်ကုန်၊ ဂမုန်းရန်နိုင်၊ ဂမုန်းဒသဂီရိ၊ ဂမုန်းရွှေဝါ စသည်ဖြင့် နာမည်ကျော်ကြား ဂမုန်းပင်များ ရေးသားရန်ကျန်ရှိ၍နေပါသေးသည်။

ကျန်ရှိနေသော ဂမုန်းပင်တချို့မှာ ကျွန်တော်၏အိမ်တွင် အဆင်သင့်ရှိပြီးဖြစ်လျက် တချို့ဂမုန်းပင်များကို လိုက်လံရှာဖွေဆဲဖြစ်ပါသည်။

စာတွေ့ ငါတွေ့ အတွေ့နှစ်လီ စာအတွေ့ထက် ငါတွေ့ သာသည်ဟု နိုင်ငံကျော်ဓမ္မကထိကတစ်ပါး ဟောကြားသည်ကို နာဖူးပါသည်။ ဝိပဿနာတရားကို အားထုတ်လျက်ရှိကြသော ယောဂီပုဂ္ဂိုလ်

များက ပြောလေ့ရှိသည်မှာ စာတွေ့သမားထက် ကိုယ်တွေ့အားထုတ်သူများက ပိုမို၍ သဘောပေါက်လွယ်သည်ဟု ဆိုကြပါသည်။

ဥပမာပြရလျှင် ရှေးရေးကျမ်းများ၌ "ဂမုန်းနီသည် ဖလတ္တာနီကဲ့သို့ရှိသည်။ သန္တာနီကဲ့သို့ရှိသည်" ဟု တွေ့ရှိရရာ ဖလတ္တာနီ သန္တာနီတို့ကို မတွေ့မြင်ဖူးသော ကျွန်တော်တို့လိုလူများမှာ အတော်ခက်ခဲသွားပါတော့သည်။

ဤစာအုပ်သည် စာအတွေ့ထက် ကိုယ်တွေ့များကို ဦးစားပေး၍ ရေးသားထားသောစာအုပ်ဖြစ်ပါသည်။ သို့ရာတွင် စာလွတ် ပေလွတ်ထင်မိထင်ရာ အတ္တနောမတိဖြင့် ရေးသားခြင်းမျိုးမဟုတ်ပါ။

ကျွန်တော်သည် ငယ်စဉ်အခါ ဘုန်းကြီးကျောင်းသားဘဝမှာ ပေစာ၊ ပုရပိုက်စာတွေအကြားတွင် ကြီးပြင်းလာခဲ့လျက် ကျွန်တော်ကိုယ်တိုင်ပင် ကညစ်တစ်ချောင်းနှင့် ပေစာရေးအလုပ်ကို လုပ်ကိုင်လာခဲ့သူတစ်ယောက်ဖြစ်၍ ရှေးဟောင်းပေစာ၊ ပုရပိုက်စာအများအပြား ဖတ်ကြားမှတ်သားလေ့လာလိုက်စားခဲ့သူတစ်ယောက်ဖြစ်ကြောင်း တင်ပြရပါသည်။

စာအုပ်တွင် တချို့နေရာများ၌ ဖော်ပြထားသည့် ကျွန်တော် လွန်စွာ အလေးအမြတ် အားကိုးအားထားပြုသော ဆရာတော်ကြီးတစ်ပါးနှင့် ဆရာကြီးသုံးပါးတို့မှာလည်း စာပေကျမ်းဂန်တို့ကို လွန်စွာ ကျွမ်းကျင်တော်မူကြလျက် ထုံးလိုချေ၊ ရေလိုနှောက်ခဲ့ကြသူများ ဖြစ်တော်မူကြပါသည်။ ဆရာတော်တစ်ပါးနှင့် ဆရာကြီးသုံးပါးတို့၏ စာတွေ့ကိုယ်တွေ့ အမိန့်အဆိုတို့နှင့် ကျွန်တော်၏ကိုယ်တွေ့ ကျွန်တော်၏ မိတ်ဆွေများကိုယ်တွေ့တို့ကို ပေါင်းစပ်ရောမွှေလျက် ထွက်ပေါ်၍လာသော စာအုပ်ဖြစ်ကြောင်း ဖော်ပြရပါသည်။

ပထမတွဲတွင် ဂမုန်းကို အားကိုးကြီး အလုပ်အကိုင်ကို ပေါ့လျော့

•

၍ မနေကြရန်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်ကြရန်တို့ကို တိုက်တွန်း ရေးသားခဲ့ပြီးပင်ဖြစ်ပါသည်။ ယခုစာအုပ်တွင် ထပ်မံတိုက်တွန်းရပြန်ပါ သည်။ တချို့သူများမှာ မိုးလင်းလျှင် ဂမုန်းပင်ရှိရာများကို လှည့်လည် လျက် ဂမုန်းပင်များကို ဝယ်ပြီး ဖြတ်တောက်စိုက်ပျိုး၍ အမြတ်တင် ရောင်းချနေကြပါသည်။ မိမိတို့အလုပ်များကို ဂရုမစိုက် စိတ်မဝင်စားဘဲ ဂမုန်းပင်များနှင့် အချိန်ကုန်နေကြသူများအတွက်မှာမူ ပျက်စီးရာ ပျက် စီးကြောင်းလမ်းသို့ ရှေးရှုသွားရောက်နေကြသူများပင်ဖြစ်ပါသည်။

ကျွန်တော် ဂမုန်းစာအုပ်ရေးသားခြင်းမှာ ဂမုန်းပင်များကို ရတနာ သုံးပါးကဲ့သို့ မှီခိုအားထား ကိုးကွယ်ဆည်းကပ်နေကြရန် ထိုင်၍ရှိခိုး ကြရန် ရေးသားခြင်းမဟုတ်ပါ။ ဂမုန်းပင်များကို စိုက်ပျိုးပြီး ကိုယ်ကျင့် တရားကောင်းမွန်စွာနှင့် ရတနာသုံးပါး၏ ဂုဏ်တော် ပရိတ်တော်တို့ကို ယုံကြည်စွာ ရွတ်ဆိုကြရန်ဖြစ်ပါသည်။

ကိုယ်ကျင့်တရား များများကောင်းမွန်ပြီး ရတနာသုံးပါး၏ ဂုဏ် တော် ပရိတ်တော်တို့ကို များများယုံကြည်စွာ ရွတ်ဆိုနိုင်သူများမှာ မိမိတို့ အလုပ်အကိုင်၊ အကြံအစည်တို့တွင် များစွာချောမောပြေလည်မည်ဖြစ်ပါ သည်။

နည်းနည်း ကိုယ်ကျင့်တရားကောင်း၍ နည်းနည်းသာ ရွတ်ဆို နိုင်သူများ နည်းနည်းမျှပင် အကျိုးခံစားရမည်ဖြစ်လျက် ကိုယ်ကျင့်တရား မရှိသူ၊ ရတနာသုံးပါး၏ ဂုဏ်တော်ပရိတ်တော်တို့ကို မယုံကြည်သူများ အတွက် ဂမုန်းပင်ပေါင်း ၁၀၀၀ ကျော် စိုက်ထားသော်လည်း အချည်း နှီးပင်ဖြစ်၍ လုံးဝအထောက်အပံ့ရမည်မဟုတ်ပါ။ အလုပ်အကိုင် အကြံ အစည်မရှိသူ၊ ပေါ့လျော့သူ၊ ဝီရိယမရှိသူ၊ ပျင်းရိသူများ ရေသာခိုသူ များအဖို့မှာလည်း မည်မျှတန်ခိုးကြီးသော ဂမုန်းပင်များကမှ ကြီးပွား ချမ်းသာအောင် ပြုလုပ်ပေးနိုင်မည်မဟုတ်ကြောင်း ထပ်လောင်း၍ သတိ

ပေးရပါတော့သည်။

ခိုးယူရောင်းချသော ဂမုန်းပင်များကို စိုက်ပျိုးမိလျှင် ကြိုဟ်ဆိုးဝင်ပြီး ပျက်စီးတော့မည်ဟု ပထမတွဲ၌ ကျွန်တော် ရေးသားဖော်ပြခဲ့ပါသည်။ ယုံကြည်မှုရှိ၍ စိုက်ပျိုးပြုစုထားကြသူတို့ထံမှ ရောင်းချသူနည်းပါးလှသဖြင့် ဝယ်ယူစိုက်ပျိုးကြသူများမှာ ခိုးယူရောင်းချသူတို့ထံမှသာ လွယ်ကူစွာနှင့် ဝယ်ယူရရှိတတ်သည်က လွန်စွာများ၍နေပါသည်။

ဂမုန်းပင်ကို အစဉ်အလာစိုက်ပျိုးလာသူတို့ထံမှ သေချာစွာ စုံစမ်း၍ ဝယ်ယူကြသူများမှာပင်လျှင် ခိုးယူလာသူများက အစဉ်အလာ စိုက်ပျိုးသူများထံသို့ နားလည်မှုဖြင့်ပို့သ၍ ထားကြသော ဂမုန်းပင်များနှင့် တွေ့ကြုံဆုံစည်းမိတတ်ကြပါသေးသည်။

ကျွန်တော် နေထိုင်သည့်လမ်းမှာ ဂမုန်းပင်စိုက်ပျိုးပြုစုသူ လွန်စွာများပြားသော လမ်းတစ်ခုဖြစ်လျက် ဂမုန်းပင် အခိုးမခံရသူ မရှိသလောက် ဖြစ်နေသဖြင့် ခိုးယူရောင်းချသော ဂမုန်းပင်များကို ဝယ်ယူစိုက်ပျိုးမိသူတို့ များလှပြီဖြစ်ကြောင်း သိသာနိုင်ပါသည်။

ဂမုန်းပင် စိုက်ပျိုးကြသော ဂမနဗန္ဓဝေ အဆွေခင်ပွန်းကောင်းတို့သည် ကိုယ်ကျင့်တရားကောင်းစွာထားကြလျက် ဂုဏ်တော်ပရိတ်တော်များကို များစွာရွတ်ဖတ်ကြ၍ မိမိတို့၏ အလုပ်အကိုင်များကို မပေါ့မဆကြိုးစားလုပ်ကိုင်ကြပြီးလျှင် ရေသာခို၊ အချောင်သမား အမြတ်ကြီးစားဝိသမလောဘစိတ်များကို ရှောင်ရှားကြရန် တိုက်တွန်းရင်း တန်ခိုးကြီးသောဂမုန်းပင်များအကြောင်း ဒုတိယတွဲကို ရပ်နားလိုက်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ။*

*ဆရာက*

*၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ*

## ဓာရဏာပရိတ်တော်၏ အကျိုးတရား

ဤဓာရဏာပရိတ်တော်သည် မိုးကြိုးလောင်မီး၊ ဥပဒ္ဒွေဒကကံ၊ မကောင်းသော ဘေးရန်တို့ကို တားမြစ်နိုင်၍ အကုသိုလ် ဒုစရိုက်တရား နည်းပါးခြင်း၊ ကုသိုလ် သုစရိုက်တရား ပွားများခြင်း၊ ကောင်းမြတ်သော ဣဋ္ဌမင်္ဂလာ စီးပွားဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး တိုးတက်ခြင်း၊ မဖြစ်သေးသော စီးပွားဥစ္စာ ရတနာတို့သည် တစ်နေ့တခြား တိုးတက်ခြင်း၊ ဖြစ်ပြီးသော စည်းစိမ်ဥစ္စာရတနာတို့သည် မဆုတ်ယုတ်ခြင်း၊ ဂမုန်းပင်နှင့် တခြားသစ်ပင်များ စိုက်ပျိုးသူတို့မှာ ၎င်းပရိတ်တော်ရေဖြင့် သစ်ပင်များကို ပက်ဖျန်းထားပါမူ အသီးအနှံ၊ အကိုင်းအခက်၊ အရွက်တို့ကို ပိုးမွှားတိရစ္ဆာန်တို့သည် မဖျက်ဆီးနိုင်ခြင်း၊ မြေဩဇာတက်ခြင်း၊ အသီးအနှံ အရွက်အပွင့် အကိုင်းအခက်တို့ကို ကောင်းမွန်သန်စွမ်းခြင်း စသော အကျိုးတရားများကို ဖြစ်ထွန်းစေနိုင်ပါသည်။ ယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါ။ ၎င်းပရိတ်အညွှန်းကို ကျယ်ဝန်းမည်စိုးသောကြောင့် အကျဉ်းချုပ်၍ရေးလိုက်ရပါသည်။

အထူးမှာ– မိမိအတွက် (မေ) အခြားသူအတွက်(တေ) မိဘဆွေမျိုးအတွက်(အမှာကံ) အားလုံးအတွက် (တုမှာကံ) ထည့်၍ရွတ်ဆိုပါ။

●